# လရောင်ကျူးရင့်

## သူနဲ့ ကျွန်တော်ရဲ့ အမှတ်တရ



Modern Digital Art : Wai Yan (2009)

## အခန်း(၁)

မိုးတွေသဲကြီးမဲကြီးရွာနေသဖြင့် ပြတင်းတံခါးတွေလိုက်ပိတ်ရတာပင် အဆင်မပြေ။ တံခါးအားလုံး ပိတ်ပြီးသည်နှင့် ရင်ဘတ်မှာလည်း မိုးတွေစိုရွှဲနေပြီဖြစ်၏။

"ဟာ..မမကလည်း အလင်းလိုက်ပိတ်မှာပေါ့၊ မိုးရေတွေစိုကုန်ပြီ.."

"အံမယ်..အံမယ် အားလုံးပြီးနေမှ.."

"မဟုတ်ပါဘူး..မမကလည်း.."

အလင်းက ရယ်ကျဲကျဲနှင့်အဆင်း ပခုံးလေးကိုဖက်လိုက်၏။ အဆင်းက သူ့လက်ကိုဖယ်ချပစ်ကာ..၊

"မဖက်နဲ့ ပခုံးကို.."

"ဘာဖြစ်လို့လဲ.."

"ယောက္ခမနိုင်တယ်တဲ့.."

အလင်းက အဆင်းမျက်နှာလေးကို မှုန်ကုတ်ကုတ်နှင့်ပြန်ငုံ့ကြည့်သည်။ အဆင်းက ပြုံးနေ၏။

"ဘာယောက္ခမလဲ..ဘယ်သူက ယောက်ျားယူခိုင်းလို့လဲ၊ မမနော်..သွေးတိုးစမ်းပြီး ထည့်ထည့်ပြောနေတာ မသိဘူးမှတ်လို့လား၊ ဘယ်ကောင်မှမယူရဘူး..ဘယ်သူနဲ့မှလဲ သဘောမတူဘူး.."

"အံမယ်..သူ့ကျတော့ မိန်းကလေးသူငယ်ချင်းတွေ ပွထလို့၊ ဘယ်နေ့ဘယ်ကောင်မလေးနဲ့ ကြိုက်သွားမလဲမသိ.."

"မသိရင်မပြောနဲ့လေ..သူငယ်ချင်းမိန်းကလေးရှိတာနဲ့ပဲ ကြိုက်ရရောလား၊ အလင်းလည်း မိန်းမမယူဘူး..မမလည်း မယူရဘူး၊ ဒါပဲ.."

"ကိုယ့်ကိုယ်ကိုပဲထိန်းစမ်းပါ အလင်းရယ်..မင်းဒီနှစ် ဆယ်တန်းကျလို့မဖြစ်ဘူး၊ ချာတိတ်မလေးတွေ နဲ့ စာကျက်ဝိုင်းဆိုပြီးတော့ ဂိမ်းဆော့နေတာတွေလျှော့.."

နောက်ထပ်တစ်မိုးသည်းလာတော့ စကားပြောလို့မရတော့ပေ။ အဆင်းကတံခါးပေါက်ရှိသမျှကို လိုက်စစ်နေသလို အလင်းက ဘေးကတကောက်ကောက်ပါနေ၏။ ညဘက်ဆိုဖခင်ဖြစ်သူဦးထက်ခိုင်က အမြဲတမ်း ညဥ့်နက်မှပြန်လာသည်။

အဆင်းက ပွဲရုံငယ်လေးတစ်ခုမှာ လက်ထောက်မန်နေဂျာမို့ ပါလာသည့်စာရင်းဇယားတွေလုပ်နေရင်း ဖခင်ကိုစောင့်၏။ အလင်းကတော့ ကျောင်းသားဖြစ်သည့်အပြင် လူငယ်ပီပီ လွတ်လွတ်လပ်လပ်ပဲနေသည်။ သူငယ်ချင်းဆို ယောက်ျားလေးမိန်းကလေး အများကြီးရှိသ

လောက် ဘယ်သွားသွားဘာလုပ်လုပ် တရုန်းရုန်း စကြည့်တာထက် လွတ်လပ်ပေ့ါပါးနေကြတာပဲ များနေသည်။

ထို့ကြောင့် ဒီနှစ်ဆယ်တန်းကိုမအောင်မှာ အဆင်းကစိုးရိမ်နေခြင်းဖြစ်၏။ မိသားစုသုံးယောက်မှာ နှစ်ယောက်က အလုပ်လုပ်နေကြသောလည်း တစ်ယောက်အတွက်ပံ့ပိုးနေရတာက မနည်းမနောမို့ အိမ်မှာသိပ်တော့ မပြည့်စုံပေ။ ပြီးတော့ ဦးထက်ခိုင်က ကားပွဲစားဖြစ်သည်။ အလုပ်အကိုင်မကောင်းသည့်အခါ အိမ်ခြံမြေထဲလည်း ဝင်ပါရသည်။ ကျောက်သံပတ္တမြားအရောင်းအဝယ်ဘာဖြစ်ဖြစ် ဦးထက်ခိုင်ပါသည်။

လူတစ်ယောက်မှာ အတော်ဆုံးအကောင်းဆုံးဆိုတာ တစ်ခုပဲရှိတတ်ကြပေမယ့် ဦးထက်ခိုင်ကတော့ ဘယ်နေရာ ဘယ်မည်ဖြစ်ဖြစ် မသိတာမတတ်တာမရှိ။ မှင်မောင်းလည်းကောင်းသည်။ ဥပမိရုပ်ဖြောင့်သည်။စကားပြောပြီဆို တစ်ဖက်သားငိုင်ကျသွားလောက်အောင် စည်းရုံးနိုင်စွမ်လည်းရှိ၏။

ထိုအခါဦးထက်ခိုင် ဘာပဲဝင်ပြောပြော။ ဘယ်နေရာမှာပဲဝင်ပါပါ ဘေးဖယ်ခံလိုက်ရတယ်ဆိုတာ မရှိခဲ့ပေ။ သို့သော်ဦးထက်ခိုင် ဘယ်နေရာမှာဘယ်လိုတော်ပါသည်ဟု ပြောစရာတော့မရှိပါ။ သိတာတတ်တာတွေ ဟိုစပ်စပ်ဒီစပ်စပ်များလွန်းတော့ ဘယ်နေရာမှာမှ ထူးချွန်ပြောင်မြောက်မလာဘဲ ဟိုဒီပြေးလွှားရင်းနဲ့ သာ ရုန်းကန်နေရခဲ့၏။

နောက်ထပ် ဆိုးတာတစ်ခုက စားကျက်လုသည်၊ ဘာညာစသော ရန်ပွဲတွေကလည်း ခဏခဏ။ ဖြစ်ပြီဆို အဆင်းပဲပြေးလွှားဖြေရှင်းရသည်။ အချောအလှသရဖူဆောင်းလောက်အောင်လုပသော အဆင်းသည် ချောလို့လှလို့ နာမည်ကြီးတာထက် ‘ကောင်မလေးကြောင့် လျှော့ပေးလိုက်တာ’ဆိုသည့် လူတွေများလာသောကြောင့် ဂုဏ်သတင်းကြီးခဲ့ရတာဖြစ်၏။

ဘာပဲဖြစ်ဖြစ် ဦးထက်ခိုင်က စာရိတ္တဖောက်ပြားသူမဟုတ်ပေ၊ ဒီသား ဒီသမီးအတွက်သာ အရာရာအဓိက ထားခဲ့သူဖြစ်သည်။ ဆိုးတေသည်မဟုတ်သော်လည်း မလိမ္မာသေးတာက အလင်းပဲဖြစ်၏။ အသုံးအစွဲလည်း မလျှော့၊ စာကို အပတ်တကုတ်ကြိုးစားပါဆိုလည်း မရ၊ သူ့မှာသိပ်လည်း လေးနက်မှုဆိုတာ မရှိသလောက်ပဲ ဖြစ်နေသည်။

အလုပ်စားပွဲမှာ ပြန်ထိုင်လိုက်ပြီး မစဲနိုင်သည့်မိုးကို နားစွင့်နေမိ၏။ နာရီကြည့်လိုက်တော့ ညကိုးနာရီခွဲနေပြီ.. ၊

“မမ..”

“ဟင်..”

“မေးစရာရှိလို့ မှန်မှနဖြေမလား..”

“ကိုယ့်ဟာကိုယ် စားသွားကျက်ကွာ..မမေးနဲ့..”

“မမေးနဲ့ဆိုလို့ကို မေးချင်တာ..”

ကုလားထိုင်က တစ်ယောက်ထိုင်လေးပဲရှိတာမို့ အလင်းကပခုံးချင်းတိုက်၊ ကိုယ်နဲ့တိုက်၍ ဖွတ်ဝင်ထိုင်သည်။

“ဟဲ့..ဟဲ့ ဩော် အလင်းရယ်..”

လူက ပြုတ်ကျလုလုဖြစ်သွားသဖြင့် ကိုင်ထားသည့်ဘောလ်ပင်ကို ချထားလိုက်ကာ ခုံပြောင်းထိုင်ဖို့ အဆင်းက ထ၏။

"ဒီမှာပဲထိုင်ပါ မမကလည်း.."

အလင်းက အဆင်းခါးလေးကိုဖက်ထားလိုက်ပြီး ဝင်းနုသောပခုံးစွန်းလေးမှာ သူ့မေးဖျား ချိတ်ကာ..၊

"ကျွန်တော့်အစ်မက တော်တော်လှတာပဲ.."

"မဖားနဲ့..လကုန်ခါနီး လက်ထဲမှာတစ်ပြားမမရှိဘူး.."

ဒီလိုပဲ ပွတ်သီးပွတ်သပ်ဆိုးနေကျမို့ အဆင်းကမဲ့ရွဲ့နေ၏။ မီးရောင်အောက်မှာ ဝင်းသန့်သော ပါးပြင်လေးတွေက ကြည်နေသည်။ ထူခဲနေသည့်မျက်တောင်တိုစိပ်စိပ်လေးတွေက လည်း နက်မှောင်နေသည်။

အဆင်းတစ်ကိုယ်လုံးမှာ ဆံပင်ရှည်တွေကအလှဆုံးဖြစ်သည်။ သိပ်အရှည်ကြီး မဟုတ်ပါ။ တင်ပါးမထိတထိပဲရှိသည်။ သို့သော် အနက်ရောင်မဟုတ်ဘဲ သဘာဝအတိုင်းကြေးနီ ရောင်သမ်းနေသည့် ဆံနွယ်တွေက အုပ်ခဲပျော့နွဲ့နေသည်။ ရှေ့မှာဆံမြိတ်ပါးလေးတွေ ခပ်ဝဲဝဲချ ထားတော့ ယဉ်တာလေးပေါ်မှာ နုသစ်သည့်မျက်နှာလေးက သိပ်ပြင်စရာမလိုဘဲ လှနေ၏။

အလင်းက အဆင်းမျက်နှာကို ဘေးတိုက်ကနေသေချာ ကြည့်ရယ်ကာ.. ၊

"မမကို မေးစရာရှိတယ်.."

"လာပြန်ပြီ.."

"အဲ့ဒါခဏနားပါဦး.."

အဆင်းက စာရင်းဖိုင်ကို ဖွင့်လိုက်သဖြင့် အလင်းကပြန်ပိတ်ပစ်သည်။ နောက်ထပ်ဖွင့် လိုက်မှာစိုးကာ အဆင်း လက်ကိုပါဆုပ်ကိုင်ထားလိုက်ပြီး.. ၊

"ဦးဇင်လင်းအောင်ဆိုတဲ့လူကြီးကို မမကစဉ်းစားမယ်လို့ ပြောလိုက်တယ်ဆို.."

"ဘာဖြစ်လဲအဲ့ဒါ.."

"ဒီလူကြီးက ချောတာပဲရှိတာ..အသက်ကြီးပါပြီဗျာ၊ ဖေဖေကလဲဘာမှန်းမသိဘူး..သူ့အ သိုင်းအဝိုင်းက လူတွေဆို သူ့အရွယ်တွေပဲရှိမှာပေါ့၊ မမ လုံးဝမယူရဘူး.."

အဆင်းက အလင်းလက်ကလေးကိုဖယ်ချပြီး ထဖို့ပြင်သည်။ အလင်းက ဖွတ်ဖက် ထား၏။

"မမ ဖေဖေနားပူလို့ နားအေးအောင်ပြောလိုက်တာ မဟုတ်လား..ဟင် ပြောစမ်းပါ.."

"ဩော်..ကြိုက်လို့တော့ ဟုတ်ပါ့မလားအလင်းရယ်၊ ဦးဇင်လင်းအောင်ကို ဖေဖေကြွေး ပေးစရာတွေ အများကြီးရှိတယ်လေ..ပြီးတော့ အဲ့ဒီလူက နားလည်တတ်တယ်၊ ဖေဖေ့ဆီက ရစရာရှိလို့ မမကိုတောင်းတာ မဟုတ်ဘူး..အဘက်ဘက်ကစဉ်းစားကြည့်တော့ ရွေးခြယ်သင့် နေတာတော့ အမှန်ပဲ.."

"တော်ပါဗျာ..ဒါပဲ.."

အလင်းက ဆတ်ခနဲထရပ်ကာ နဖူးကနေဆံပင်ထဲတိုးဝင်သွားသည့် လက်ကို လွှဲခါပစ်လိုက်၏။

"ယောကျ်ားတွေ ငွေကျပ်ကျပ်ရှာနိုင်ပြီဆိုရင် ဒီလိုဘက်မှာအောင်မြင်မှုတွေ ရသွားကြတာပဲ..မမက ခပ်ညံ့ညံ့မိန်းမလည်း မဟုတ်ဘူး၊ ခုမှ အသက်နှစ်ဆယ်ကျော်ပဲရှိသေးတာ.. ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်နေပြီ၊ အားကိုးထိုက်တဲ့ယောကျ်ားဆိုတဲ့ ခေါင်းစဉ်ကြီးနဲ့ ယောကျ်ားမရှာစမ်းပါနဲ့.."

"အလင်းရယ်..မဟုတ်တာလေးကို ဒေါသထွက်နေပြန်ပြီ၊ ရွေးခြယ်သင့်တယ်လူလို့ ပြောတာလေ..သူ့ကိုပဲ ရွေးလိုက်ပြီလို့ မမပြောမိလို့လား.."

"ပြောလို့လည်းမရဘူး..မမကို ယောကျ်ားမယူရဘူးလို့ ကျွန်တော်ပြောပြီးသားနော်၊ ကျွန်တော်လည်းမယူဘူးဆိုတာ မမယုံချင်ယုံ မယုံချင်နေ..ကျွန်တော်မယူဘဲနဲ့ မမ မယူရဘူး.."

"ဟင်း.."

အဆင်း သက်ပြင်းချပစ်လိုက်ရင်း အလင်းမျက်နှာကိုပဲ မော့ကြည့်နေမိတော့သည်။ ဆယ်တန်းကျောင်းသားတဲ့၊ သူ့ကိုယ်သူ တက္ကသိုလ်ကျောင်းသားကြီးနဲ့ တူလောက်အောင် မြင့်မားထွားကျိုင်းနေပြီဆိုတာရော သိရဲ့လား.. ၊

ခုထိ လိုချင်တာကို မရမကပူနေတုန်း။ ဖြစ်ချင်ပြီဆို ဇွတ်.. ၊

"မယူဘူး..ဘယ်ယောကျ်ားမှမယူဘူး၊ ရှင်လေးကိုပဲ မိန်းမရတဲ့အထိ ကလေးပါလိုက်ထိန်းပေးဦးမယ်.. ကျေနပ်ပြီလား.."

အလင်း မျက်မှောင်ကြုတ်မပြေပါ။ ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်တွေထည့်လိုက်ပြီး ခပ်လှုပ်လှုပ် ပြန်လျှောက်လာကာ.. ၊

"နောက်တစ်ခုမေးဖို့ ရှိသေးတယ်.."

"ခက်တော့တာပဲ အလင်းရယ်..ဒီမှာလည်း ဘာမှမလုပ်ရဘူး၊ သွား နောက်မှမေး..ဖေဖေပြန်လာရင် ရပ်စောင့်နေရဦးမယ်၊ ဧည့်ခန်းက သွားစောင့်နေ.."

"မလိုပါဘူး..ဖေဖေလာရင် ဒီလိုပဲလှမ်းခေါ်နေကျဟာ.."

"အို ဒီည မိုးတွေသည်းနေတာ..ခေါ်ရင်ကြားချင်မှ ကြားမှာပေါ့.."

"မမ.."

အဆင်းပြောတာကို ဂရုမစိုက်ဘဲ အလင်းကစားပွဲခုံဘေးမှာ ကိုယ်ကိုကိုင်း၍ လက်ထောက်လိုက်ကာ..၊

"မမနဲ့ကျွန်တော် မောင်နှမမဟုတ်ဘူးဆိုတာ တကယ်လား.."

"ဟင်.."

အဆင်းမျက်နှာလေးပျက်သွားသည်။ ဒီကိစ္စတွေကို အစဖော်ပေးလိုက်တဲ့သူ တစ်ယောက်ကြောင့် သတိရတိုင်း မေးနေခဲ့တာ စိတ်ညစ်စရာကောင်းလှသည်။ ပတ်ဝန်းကျင်ရဲ့ ပါးစပ်တွေ ကြောက်စရာကောင်းတာကို သိပေမယ့် တစ်နေရာပြီးတစ်နေရာ ပြောင်းရွှေ့လာခဲ့တဲ့အထိ တကောက်ကောက်လိုက်ပြောနေနိုင်တာကတော့ လွန်သည်။

"မမပြောလေ.."

"အဓိပ္ပါယ်မရှိတာတွေကွာ.."

ပြော၍ စကားဖြတ်လိုက်တာနှင့် အဆင်းထရပ်လိုက်သည်။ အလင်းက အဆင်းခြေလှမ်း ပြင်သည့်ဘက် မှာ လိုက်ပိတ်ထားလိုက်ကာ.. ၊

"ဆီးသီးရောင်းတဲ့ လူကြီးတစ်ယောက်ကပြောတာ..မင်းတို့ဒီမှာလာနေတာ ငါမသိဘူး တဲ့၊ ကိုထက်ခိုင်ဆီကို အလည်လာရဦးမယ်တဲ့.."

အဆင်း မျက်မှောင်လေးကြုတ်၍ နားစွင့်နေ၏။ ဒါဘယ်သူဖြစ်နိုင်သလဲ ဆိုသည့်အ တွေးက ခေါင်းထဲမှာ ယောက်ယက်ခတ် ပြေးလွှားနေခဲ့သည်။

"သူပဲမေးတာ..မင်းက'နေသဏ္ဍာန်လင်း'မဟုတ်လားတဲ့.."

မေးပြီး ရယ်ချလိုက်တာ အလင်းခုထိမျက်စိထဲက မထွက်ပေ။ သူခေါင်းညိတ်လိုက်ကာမှ လူကြီးက ခေါင်းညိတ်လို့မပြီးနိုင်.. ၊

"ဟုတ်ပါတယ်..ဒီနာမည်တွေကိုပေးတုန်းက ငါတို့မင်းအဖေကို ဝိုင်းရယ်ခဲ့ကြသေးတာ၊ လူပုံကကြမ်းပုံကြမ်းတမ်းနဲ့ သူများကလေးတွေကို ကောက်မွေးစားပြီး ကြင်နာလိုက်တာ တန်ခါနေတာပဲ..နာမည်ပေးဖို့ကို ဟိုစာအုပ်ထဲလှန်ရှာ၊ ဒီစာအုပ်ထဲပြေး ကြည့်နဲ့..မင်းတို့ နှစ်ယောက်ကို အတူတူတစ်ပြိုင်တည်း ကောက်ရလာတာပဲ၊ ဒါပေမယ့် မင်းကို မင်းအစ်မ ကအရင်မွေးစားတာ၊ မင်းက သုံးနှစ်သားလောက်..အဲ ဟုတ်ပါတယ် သုံးလေးနှစ်ပေါ့၊ ကောင်မလေးက မင်းထက်လေးငါးနှစ်ကြီးမယ်ထင်တယ်..မင်းတို့ကိုမောင်နှမလို့သတ်မှတ် ပြီး နာမည်တူတွေပေးတော့ အထူးအဆန်းတွေမို့လို့ နားထဲမှာစွဲနေတာ..မင်းက နေသဏ္ဍာန်အလင်း၊ ကောင်မလေးက လသဏ္ဍာန်အဆင်း ဟုတ်တယ်နော်.."

ပြောနေသည့်လူကြီးဟာ ဒီနောက်ကြောင်းတွေကို သူသိစေချင်လို့ ပြောပြနေတာလား။ ဖေဖေတို့ဖုံးဖိထားမှန်းသိလို့ တမင်ဖော်ကောင်လုပ်လိုက်တာလား။ ဘာလဲတော့မသိ။ ပတ်ဝန်း ကျင်မှာလူတွေလည်းရှိသည်။ သူ့ဘေးမှာ သူငယ်ချင်းနှစ်ယောက်ပါ၏။

အားလုံးရှေ့မှာ တကယ့်အတွင်းရေးကိစ္စတွေကို မိတ်ဆွေချင်းနှုတ်ဆက်စကား ပြောတာ မျိုး ပွင့်ပွင့်လင်းလင်းကြီး ပြောခဲ့တာဖြစ်သည်။

"ငါတို့လည်း ဒီဘက်ကိုပြောင်းလာတာ မကြာသေးဘူးကွ..မိတ်ဟောင်း ဆွေဟောင်း တွေရှိတော့ ကောင်းတာပေါ့ကွာ.."

ဘယ်လိုမျက်နှာကြီးနဲ့ ဘာတွေပြောလိုက်ပါသည်ဆိုတာကို ကုန်စင်အောင်မပြော ပေမယ့် အနည်းအကျဉ်းပြောပြလိုက်တာနှင့် အဆင်းက နားလည်သွားသည်။

"အဲ့ဒီလူကြီးနာမည်က ဘယ်သူတဲ့လဲ.."

"ဦးချွန်.."

အဆင်း နှုတ်ခမ်းလေး တင်းခနဲစေ့သွား၏။ ဖေဖေ ညည်းညည်းညူညူပြောဖူးသည့် နာမည်တစ်ခုကို နားထဲမှာ စွဲနေဆဲဖြစ်သည်။

"ဖိုးချွန်ဆိုတဲ့ကောင် နာမည်နဲ့လိုက်ပါတယ်ကွာ..ကလေးချင်းရန်ဖြစ်အောင် မြောက်ထိုး ပင့်ကော်ချွန်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ ဟိုလင်မယားထဲဝင်ပါ ဟိုသားအမိမတည်အောင်

လိုက်ပြော..ဒီလိုကောင်မျိုးကျတော့ ရေကလည်းမကြီးဘူး၊ ဝင္ငလည်တာလည်းမရှိဘူး.. ဘယ်လိုလုပ် ဆင်ခြင်တော့မလဲ..”တဲ့.. ၊

ဒီနာမည်ကို အဆင်းငယ်ငယ်ကတည်းက ကြားဖူးနေတာပါ။ အလင်းက အရွယ်ငယ်သေးတော့ ဒီအချိန်မှာ မမှတ်မိနိုင်။ သူမက အားလုံးကို သတိရနေဆဲဖြစ်သည်။ အဓိကက သူမရဲ့ဘဝ ‘မြင်သာ’ဆိုသော စာလုံးရေးရေးလောက်သာ ထင်နေသည့်ခပ်နဲ့နဲ့ဆိုင်းဘုတ်လေးရှိသော ရွာကလေးတစ်ရွာရယ်၊ ဆင်းရဲချို့တဲ့သော မိသားစုရယ်၊ ဒါပေမယ့် အဆင်းနဲ့သက်ဆိုင်ခဲ့တာက အဖေတစ်ယောက်ပဲရှိသည်။

မိထွေးရယ် ဖအေတူမအေကွဲ မောင်နှမသုံးယောက်ရယ်၊ ထိုမိသားစုထဲမှာ ကျီးကန်းအုပ်ထဲမှာ ဗျိုင်းဖြူလေးတစ်ကောင်ရှိနေသလို ဖွေးဖွေးနုနုလေးနှင့်တင့်တယ်နေသော အဆင်းကို မိထွေးက ဘယလိုမှမရှုဆိတ်ပေ။ အဲ့ဒီအချိန်မှာ အဆင်းနာမည်က ‘မမိုးတိမ်’ ဖြစ်သည်။

“မိမိုးတိမ် လာစမ်း..”

“မိုးတိမ်မ..လာစမ်း ဒီကို..”

စသဖြင့် ဒီနာမည်ကိုပဲ မုန်းတီးစွာခေါ်တတ်သည့်အပြင်.. ၊

“မိုးတိမ်တွေရှိရင် ကောင်းကင်အလှပျက်တာပဲရှိတယ်..ဘာကျက်သရေမှ မရှိဘူး၊ မုန်တိုင်းဆိုတာလည်း တိမ်တွေ အရောင်ပြောင်းခြင်းတစ်မျိုးပဲ..ကျွန်မတို့အိမ်မှာ ရှင့်သမီးရှိနေလို့ လာဘ်ပိတ်တာ၊ ကောက်စိုက်ပါလား ပျိုးနုတ်ပါလားဆို၊ ဘယ်သွားသွားမင်းသမီးရုပ်နဲ့..ဘယ်သူကခိုင်းချင်မှာလဲ..”

ပြောစရာဖြစ်လာတာက မောင်နှမတွေအလုပ်လုပ်ကြပြီဆို အရွယ်လေးတွေမလောက်လေးမလောက်စားပေမယ့် သူ့အရွယ်နဲ့သူ ငွေရအောင်ရှာနိုင်သည်။ အမြဲတမ်း ကျန်ကျန်နေတဲ့သူက မိုးတိမ်ပဲဖြစ်သည်။ အရပ်လေးရှိပေမယ့် ဖြူဖြူနွဲ့နွဲ့ပျော့ပျော့ ဖြစ်သည်။ ပြီးတော့ အားလုံးထဲမှာ အငယ်ဆုံး.. ၊

‘အငယ်ဆုံးလေးပဲ နေပါစေ’လို့ ခွင့်လွှတ်တဲ့မျက်လုံးနဲ့ ကြည့်ဖို့က သူကကိုယ့်အမေမှမဟုတ်ဘဲ။ ငယ်ငယ်က မေမေပြောပြသည့် ပုံပြင်ထဲကလို မိုးတိမ်ဘဝက တစ်ထပ်တည်းဖြစ်ခဲ့၏။ ပုံပြင်ထဲမှာတော့ မောင်နှမနှစ်ယောက်ကို ဖခင်ဖြစ်သူက တောကြီးမျက်မည်းထဲ ညာခေါ်သွားပြီး စွန့်ပစ်ခဲ့သည်။ ဒါပေမယ့် သံယောဇဉ်မကုန်တော့ ‘အဖေ့ကွမ်းတံတွေးထွေးရာအတိုင်း ကြည့်လိုက်ခဲ့’လို့ တံတွေးထွေးခဲ့ဖော်ရသေးသည်။

ဖေဖေကတော့ ရန်ကုန်မြို့လယ်ခေါင်မှာ မိုးတိမ်ကိုစွန့်ပစ်ခဲ့တာ ခုချိန်ထိအစအနပင် မတွေ့ရတော့ပါ။ဈေးသည်တွေမြင်တော့ ဗိုက်ဆာသည်။ စားစရာပိုက်ဆံမပါသဖြင ကြော်နံ့လှောင်နံ့တွေနဲ့ ဝေးတဲ့ဘက်ကို ကွေ့ရှောင်ထွက်ခဲ့၏။ လူတွေများများစည်ကားလျှင် ပို၍အားငယ်လာသလို ခံစားလာရသောကြောင့် လူနည်းစုဘက်ကိုပဲ သွားခဲ့သည်။

ထိုအခါသူမရောက်သွားခဲ့သည်က ကန်တော်ကြီးစောင်းဆိုသည့် လူသူကင်းရှင်းသောကမ်းစပ်နားကို ဖြစ်လေသည်။ ကမ်းစပ် သစ်ပင်အုပ်အုပ်ကြီး၏ မြစ်ခွဆုံထဲမှာကော်ဇော လှလှလေး ခင်းလျက် စားစရာတွေအစုံအလင်နှင့် သန့်စင်ချောမွေ့နေသော ကလေးတစ်ယောက်ကို သူမလှမ်းမြင်လိုက်ရ၏။

လူငယ်လေးက ဖြန့်ခင်းထားသည့်မုန့်တွေကို တစ်ခုပြီးတစ်ခုနှိုက်စားနေရင်း သူမခပ်လှမ်းလှမ်းမှာ ရပ်ကြည့်နေတာကိုလည်း မကြာမကြာမော့ကြည့်သည်။ ဘေးပတ်ဝန်းကျင်မှာ လူကြီးသူမဘယ်သူ့ကိုမှလည်း မတွေ့။ အကြာကြီးကြာအောင် ကြည့်နေပေမယ့် ဘယ်သူမှ ရောက်လာတာလည်း မမြင်.. ၊

မိုးတိမ်က အနားတိုးသွားကာ.. ၊

"မောင်လေး..မောင်လေးရဲ့ဖေဖေနဲ့မေမေတို့ရော.."

မိုးတိမ် မေးလိုက်မှ စားသောက်နေသည့်တလှုပ်လှုပ်ပါးစပ်လေးက ရပ်တန့်သွား၏။ သူမကိုမော့ကြည့်ပြီး ဟိုဒီလိုက်ရှာသည်။ ခေါင်းတစ်ဖက်လည်သွားအောင် လိုက်ကြည့်ပြီးမှ..၊

"ကြီးကြီးမှမရှိတော့ဘူး.."

ဟုရေရွတ်ရင်း အလန့်တကြားလေး ထရပ်ရှာသည်။ ဘဝအခြေအနေခြင်းက ကွာခြားနိုင်သော်လည်း စွန့်ပစ်ခံရပုံချင်းတူ၏။ တစ်ရက်တည်းတစ်ချိန်တည်း စွန့်ပစ်ခံကြရကာ အုပ်ထိန်းသူတွေ ထိန်းကျောင်းတွေ့ ဆုံပေးတာမဟုတ်ဘဲ ဒီနေရာမှာ နှစ်ယောက်လာဆုံမိကြတာကလည်း တိုက်ဆိုင်လွန်းပါသည်။

ကလေးက ငိုသည်။ လေးနှစ်ကျော် ငါးနှစ်လောက်ပေမယ့် သူမနှင့်စာလျှင်တော့ ကလေးပဲဖြစ်သည်။ ထိုအချိန်မှာကတည်းက ဒီကောင်လေးကို အကြင်နာပိုခဲ့ရတာ မိုးတမ်ပဲဖြစ်၏။

"တိတ်..မောင်လေးမငိုနဲ့၊ လာ..ဒီနားမှာ မောင်လေးမေမေတို့ကို မမတို့လိုက်အော်ခေါ်ကြမယ်၊ မမ အော်ပေးမယ်သိလား.."

နှစ်ယောက်စလုံးက လူမမယ်တွေပဲရှိသေးသည်။ ဦးထက်ခိုင်နှင့်တွေ့ဆုံမိကြတော့ မိုးတိမ်က သူမတို့ ဘာဖြစ်လာသည့်ကို သေချာပြောပြနိုင်သည်။ အလင်းကတော့ ငိုမဲ့မဲ့လေးသာ..၊

"လူလေးနာမည် ဘယ်လိုခေါ်လဲ.." မေးတော့.. ၊

"နေမဝင်.."

ဟု တုံးတိတိဖြေသည်။ ဦးထက်ခိုင်က သူတာဝန်ကျသည့်အချိန်မှာ တိုက်ဆိုင်စွာ ဆုံဆည်းလာခဲ့သဖြင့် သူနဲ့ရေစက်ဆုံခြင်းဟု သတ်မှတ်၏။ ကလေးတွေကို နာမည်တွေပြောင်းပစ်လိုက်ပြီး မွေးစားခဲ့သည်။ ထို့နောက်မှာတော့ သူကိုယ်တိုင်ပန်းခြံစောင့်မလုပ်တော့ဘဲ ပိုက်ဆံရရေးအတွက် ဘာမဆိုဝင်လုပ်၊ ဝင်ပါနှင့် ဟိုစပ်စပ် ဒီစပ်စပ်ဖြစ်လာ၏။

ဦးထက်ခိုင်သည် ကလေးမရှိခဲ့သော မုဆိုးဖိုတစ်ယောက်ဖြစ်ကာ ကလေးနှစ်ယောက်ကို နှစ်သက်လိုလားစွာ မွေးစားခဲ့သည်။ သို့သော် ထိုကလေးနှစ်ယောက်ကလည်း မောင်နှမ မဟုတ်ခဲ့ပေ.. ၊

"ဒုံး..ဒုံး.."

"ဟော.."

ဘာဖြေမလဲလို့ စောင့်တဲ့သူကစောင့်သည်။ အဆင်း မဖြေနိုင်ဘဲတွေးလို့ကောင်းနေတုန်း အိမ်ရှေ့တံခါးထုသံကြီးကြောင့် နှစ်ယောက်စလုံး ဆတ်ခနဲဖြစ်သွားကြသည်။

"လာပြီဖေဖေ.."

အလင်းပြေးထွက်သွားပြီး တံခါးဖွင့်လိုက်သည်။ ပျဉ်တံခါးနှစ်ချပ်ကို အကုန်မဖွင့်ရသေးဘဲ ဦးထက်ခိုင်က တိုးတိုက်ဝင်သည်။ ပြီးတော့ သူကိုယ်တိုင်ကမန်းကတန်းပြန်လှည့်ပိတ်၏။

"အပြင်မီးတွေပိတ်လိုက် သားငယ်..မြန်မြန်.."

"ဗျာ.."

အလင်း ကြောင်တောင်တောင်ပြန်မေးစဉ် ဦးထက်ခိုင်က သူပဲမီးပြေးပိတ်ကာ.. ။

"လာ..လာ.."

အလင်း လက်ကိုဆွဲ၍ အထဲဝင်လာခဲ့သည်။

"ဖေဖေ.."

အထဲကထွက်လာသည့် အဆင်းကိုပါ ပြန်တွန်းထည့်ကာ အတွင်းတံခါးကိုထပ်ပိတ်သည်။

"ဘာဖြစ်လာတာလဲ..ဖေဖေ.."

အဆင်း မျက်လုံးပြူးလေးနှင့်မေးရင်း အထဲကမီးချောင်းကို သူမပဲသွားပိတ်သည်။ ပြီးမှ အတွင်းမီးရောင်ပြာလဲ့လဲ့လေးကို ဖွင့်သည။

"သမီးထင်တယ်..ဖေဖေ ဦးစိန်လုံးတို့နဲ့ ပြဿနာဖြစ်လာတာမဟုတ်လား.."

"ဟုတ်တယ်.."

ဦးထက်ခိုင်က စာကြည့်စားပွဲကုလားထိုင်မှာ ပက်ခနဲထိုင်ချလိုက်၏။

"ဘာဖြစ်လာတာလဲမမေးနဲ့..ဒီလူတွေ ဖေဖေ့လိုပဲ ဘယ်အလုပ်ဖြစ်ဖြစ် သူတို့နဲ့ကင်းတာသိပ်မရှိဘူး.. သူတို့အုပ်စုတောင့်တော့ ဖေဖေက မှန်မှန်မှားမှားရှောင်ရတာပဲ..ခုကိစ္စက.."

ဆက်ပြောမည်ပြင်ပြီးမှ ဦးထက်ခိုင်ရပ်တန့်သွားသည်။ အပြင်ကိုနားစွင့်ကြည့်သလို မျက်မှောင်ကြုတ်၍ ငြိမ်သက်နေရင်း.. ။

"ခုကိစ္စကတော့ ဖေဖေလွန်သွားတယ်ထင်တယ်.."

ဟု နောင်တရသံကြီးနှင့် တိုးတိတ်စွာပြောသည်။ အဆင်းမျက်နှာလေး ပျက်လျက်.. ။

"ဘာတွေဖြစ်လာလို့လဲဖေဖေရယ်..ဖေဖေ ဘာလုပ်ခဲ့တာလဲဟင်၊ အဲ့ဒီလူကြီးက အပေါင်းအသင်းတွေ အကုန်လုံးကလည်း လူမိုက်တွေချည်းပဲ..တကယ့်နာမည်ကြီး.."

"ဟုတ်တယ်..ဖေဖေကလည်း ခဏခဏရှောင်တိမ်းနေရတဲ့ နာကြည်းချက်တွေနဲ့ သူတို့လို့ဝှက်ထားကြတဲ့ ကိစ္စတစ်ခုကို ဖော်ကောင်လုပ်ခဲ့မိတယ်.."

"ဟင်.."

အဆင်း မျက်လုံးပြူးသွားသည်။ ဘာပဲဖြစ်ဖြစ် ဒါဟာလူမှုရေး၊ စီးပွားရေး ဘယ်ဘက်ကဖြစ်ဖြစ် စည်းကမ်းမဲ့ခြင်းပဲဖြစ်သည်။ တစ်ပါးသူအပေါ် မကောင်းကြံခြင်းလည်း မည်၏။ အလင်းကတော့ လူငယ် ပီပီ အဆင်းတွေးမိတာမျိုးလို မဟုတ်၊ အဆင်းလိုလည်း မမျှသိပ်နိုင်..၊

"အဲ့ဒီဆိုရင် ဖေဖေညစ်ခဲ့တာပေါ့.."

ဦးထက်ခိုင် ခေါင်းမခါခဲ့ပါ.. ။

"ဖေဖေရာ..ဖေဖေပြောတော့ ကိုယ့်ဘက်ကမှန်နေဖို့ပဲ လိုတာဆို၊ ကိုယ်မှန်နေရင် ဘာဖြစ်ဖြစ် ရင်ဆိုင်ရဲတယ်ဆို.."

"ဟုတ်တယ်သား..အခု ဖေဖေရင်မဆိုင်ရဲလို့ ပြေးခဲ့ရတာပဲ၊ ဒါပေမယ့် ရင်ဆိုင်ရဲတဲ့ အမှန်တရားတွေ ရှိနေတုန်းကလည်း ဖေဖေသူတို့ကို ရှောင်ခဲ့ရတာပဲ..အဲ့ဒါတွေကြောင့် ခုလို မှားကုန်တာ.."

"ဘာပဲဖြစ်ဖြစ်ဖေဖေရာ..မကောင်းမှန်းသိရက်နဲ့ လုပ်ပစ်ခဲ့တာ ဖေဖေကလွန်တာပဲ.."

"အလင်း.."

အဆင်း ခေါ်လိုက်တော့ အလင်းကဘုကြည့်ကြည့်၏။

"မှားခဲ့ပါတယ်လို့ ဖေဖေပြောနေတဲ့ဟာ..ဘာဖြစ်လို့ထပ်ပြီး အပြစ်တင်နေရတာလဲ.."

"အပြစ်တင်တာမဟုတ်ဘူးလေ..ကိုယ်သာမမှားဘူးဆိုရင် အလင်းဒီလတံခါးပိတ်ပြီး ပုန်းနေမှာမဟုတ်ဘူး၊ လူလူချင်း ရှောင်နေဖို့ကိုမလိုဘူး..ဖေဖေအခု ဘာပြဿနာဖြစ်လာတာလဲ.."

ပြောနေရင်း အလင်းက ပိတ်ထားရသည့်တံခါးကို လျှောက်သွားပြီးတက်ခေါက်သည်။ ဖအေကရော အစ်မကရော ချစ်နေကြသည်မို့ တစ်ခါတလေ လူဆိုးလေးလို့ခေါ်ရလောက်အောင် ဆိုးသည်။ သူ့ကိုယ်သူ လည်း ခုချိန်ထိ 'အလင်း'လို့ ထည့်ပြောနေတုန်းဖြစ်သည်။

ကျွန်တော်လို့ပြောတာက ရှားရှားပါးပါးပင်။ စိတ်တိုလာပြီဆို ဟောဟောဒိုင်းဒိုင်း ထဖြစ်တတ်တာ ဘယ်သူမှမသိနိုင်။ ထိုအခါများမှာ မသိသလို၊ ဆိုးသလိုလုပ်နေခဲ့တာတွေ အကုန်ပျောက်၏။ သူ့စကား၊ သူ့အယူအဆတွေမှာ မသိတာ၊ မတတ်တာဘာမှမရှိ။ ခုလည်း တစ်ယောက်တည်းဒေါသတွေထွက်နေတာ တဖြည်းဖြည်း အရှိန်တက်လာ၏။

"ဖေဖေပြောလေ..ဘာဖြစ်လာတာလဲ၊ ဒီလူတွေက အုပ်စုလိုက်တောခွေးတွေလို လိုက်နေရအောင် ဒါ တောကြီးမျက်မည်း မဟုတ်ဘူး.."

"အလင်း..တိုးတိုးပြောစမ်း.."

အဆင်းက အလင်းဘေးကိုလျှောက်သွားပြီး လက်မောင်းကိုဆောင့်ဆွဲ၍ ခပ်ကြိတ်ကြိတ် ဆူသည်။ ပြီးမှ ဒီဘက်ပြန်လှည့်ကာ.. ၊

"ဖေဖေ..ဘောင်းဘီအနားမှာ မိုးတွေစိုနေတယ်မဟုတ်လား၊ ပုဆိုးသွားလဲလိုက်ပါဦး.. ပြီးမှအေးဆေး ပြောကြတာပေါ့.."

"ပြောမှဖြစ်မယ်သမီး..အေးဆေးနေလို့မရဘူး၊ ဖေဖေတို့ ဒီကနေ အမြန်ဆုံးပြောင်းရွှေ့ကြမှဖြစ်မှာ.."

"ဟင်.."

"ဟုတ်တယ်..ဖေဖေ့ကြောင့် သူတို့မနည်းမနောဆုံးရှုံးသွားတာ၊ ဒီတစ်ခါရှောင်နေ လွှဲနေရုံနဲ့ မပြီးနိုင်ဘူး.. သူတို့ဒီညမဟုတ်လည်း နောက်နေ့တွေမှာ လိုက်လာကြမှာပ.."

"ဖေဖေရယ်..ဉပဒေနဲ့ငြိစွန်းအောင် လုပ်ကိုင်နေကြတာလည်းမဟုတ်ဘဲနဲ့ ဒီလောက်တောင်ဖြစ်ခဲ့သလား.."

"ကိုယ်ကမဟုတ်ပေမယ့် သူတို့ကငြိစွန်းတာတွေ လုပ်နေကြတာ..အဲ့ဒါကိုဖေဖေက ဖော်လိုက်တာလေ.."

အလင်းမျက်နှာကို အဆင်းဖျတ်ခနဲကြည့်သည်။ အလင်းက ဦးထက်ခိုင်ကိုပဲ မကြည့်မလင စိုက်ကြည့်နေ၏။ ထိုစဉ် အိမ်ရှေ့မျက်နှာစာဘက်မှ ဒုန်းခနဲမြည်သံကြီးထွက်ပေါ်လာ၏။

ဦးထက်ခိုင် ကိုယ်ကြီးမတ်သွားသည်။

"ဒုန်း.."

နောက်ထပ် မြည်သံထွက်လာလျှင် အလင်းတက်ခေါက်ကာ.. ။

"လူပါးဝလို့.."

"အို့အလင်း.."

"ဒုန်း.."

အဆင်းဆွဲလို့ မရတော့ပေ။ တံခါးကို ဒုန်းခနဲဆွဲဖွင့်ကာ အလင်းပြေးထွက်သွား၏။

"သား..လူလေး.."

"အလင်း..ပြောနေတယ်နော်."

"ဖယ်စမ်းပါဗျာ..ကြောက်နေရင် ပိုဆိုးလာမှာ၊ ဒီလူတွေက ဘာမို့လို့လဲ.."

အဆင်းက ဆွဲ၊ ဦးထက်ခိုင်က ဆွဲနှင့် အလင်းအရှေ့တံခါးကို ဖွင့်ဖို့ဘယ်လိုမှ တိုးမရဘဲဖြစ်သွား၏။

"ဒီကောင်တွေ ခြောက်ယောက်လောက်ရှိတယ်သား..မိုက်ရူးရဲမလုပ်စမ်းပါနဲ့ကွာ၊ မင်းကို ငါမွေးထားတာ လူမိုက်လုပ်ခိုင်းဖို့ မဟုတ်ဘူး..မိဘဆိုတာ သားသမီးအတွက် ရင်ဆီးခံကြတာသာရှိတာ၊ တွန်းလွှတ်ပြီး သေတွင်းထဲပို့တာ မရှိဘူးကွ.."

"ဘာဆိုင်လဲဖေဖေ..ဒီသုံးယောက်ပဲရှိတာ ဘယ်သူဘာပြဿနာပဲဖြစ်ဖြစ် ဘယသူကဖြစ်ဖြစ် ရှင်းပေးခွင့်ရှိတယ်..ဖယ်ပါမမရာ.."

"အို..မသွားရပါဘူးလို့ဆိုမှ.."

"ဒီလောက်မင်းဖြစ်နေရင် ဖေဖေပဲသွားရှင်းလိုက်တော့မယ်.."

"ဖေဖေ.."

အဆင်း အဖေ့ကိုဆွဲရ၊ အလင်းကိုဆွဲရနှင့် အရှုးတစ်ပိုင်းဖြစ်နေသည်။ မနိုင်မနင်းဖြစ်လာတော့ မျက်ရည်တွေ မလွယ်တတ်ပါဘဲ ငိုချင်လာ၏။

"ဘယ်သူ့ကိုမှ ပြောလို့မရတော့ဘူး..အဆင်းကိုလည်း သနားကြပါဦး.."

အဆင်း၏ငိုသံလေးကြောင့် အလင်း၏ရှုန်းဖယ်ခြင်းတွေ ရုတ်ခြည်းငြိမ်ကျသွား၏။ ဦးထက်ခိုင် တံခါးကိုလှမ်းကိုင်ပြီးသည့် လက်ကပြန်ပြုတ်ကျလေသည်။

"ဒီလောက် သွေးဆူနေကြတဲ့လူတွေကို ထွက်တွေ့တော့ကိုယပဲ နာမှာပေါ့ဖေဖေ .. သူတို့တောင်မှ အထဲကို ဝင်မစရဲဘူး၊ စိန်ခေါ်ထုတ်ဖိုလည်း မဖြစ်နိုင်လို့ထွက်လာအောင် ရန်စနေတာကို သူတို့ဆင်တဲ့အကွက်ထဲ ဘာဖြစ်လို့ ဝင်မှာလဲ..ပြဿနာတစ်ခုကို နေရာတကာ

ဓားကိုဓားချင်း လှံကိုလှံချင်းယဉ်ဖို့ မလိုပါဘူး၊ အဆင်းတို့ တိုင်ပင်ဆွေးနွေးဖို့ အချိန်ရှိပါသေးတယ်.."

နောက်ထပ်ခြံပြင်ကနေ တစ်စုံတစ်ရာနှင့် လှမ်းပစ်သံလည်းထွက်မလာတော့ပေ။ အလင်းမှုန်ကုပ်ကုပ်ကြီးနှင့် ငြိမ်ကျသွား၏။ ဦးထက်ခိုင်ကလည်း နောက်ပြန်လှည့်သွားသည်။

မနက်ဖြန်ဆိုသော အချိန်မှာ ဘာတွေဖြစ်လာနိုင်မလဲ.. ၊

## အခန်း(၂)

ဒီနေ့မှ အလပ်ထဲမှာစာရင်းဇယားတွေ ရှုပ်ကာ အိမ်ပြန်နောက်ကျနေသည်။ ပြန်လို့ရပြီဆိုတော့လည်း လာကြိုမယ့်သူကို ထိုင်စောင့်မနေချင်တော့ပေ။ ထို့ကြောင့် တစ်ယောက်တည်း ထပြန်လာခဲ့တာဖြစ်သည်။ ညဘက် မိုးချုပ်စပေမယ့် လူပြတ်တဲ့နေရာတွေက ပြတ်သည်။

ဒီနေ့အလင်းကျူရှင်လည်းမရှိပေ။ ဖေဖေလည်း အိမ်မှာပဲရှိသည်။ တစ်ယောက်ယောက်တော့ လိုက်လာမှာပဲဟုတွက်ကာ လမ်းမှာဆုံမိမည်ထင်ခဲ့သဖြင့် ရှေ့ကိုမျှော်ကြည့်လိုက်၊ ခပ်သုပ်သုပ်လျှောက်လိုက်။ ဒီဘက် လမ်းချိုးတွေမှာ ကားသွားကားလာကလည်း ပြတ်နေသောကြောင့် စိုးရိမ်စိတ်တွေဖြစ်လာခဲ့မိသည်။

"ဟိတ်..နေဦး.."

ထိတ်လန့်နေတုန်းမို နောက်ကအသံကြောင့် ကြက်သီးတွေဖျန်းခနဲ ထသွားသည်။

"ဟိတ်..ပြောနေတာမကြားဘူးလား.."

ပြောရင်း ပြေးလိုက်လာကြ၏။ လှည့်ကြည့်လိုက်တော့ ယောကျ်ားကြီးလေးယောက် ရပ်ပစ်လိုက်သည့် ကားပေါ်ကနေ ဆင်းပြေးလာကြတာဖြစ်သည်။ ချက်ချင်းအဆင်း၏ တစ်ဖက်တစ်ချက်မှာ ဝိုင်းရံလိုက်ကြပြီး ဖြစ်ကာ.. ။

"ဘယ်မှာလဲ..နင့်အဖေ.."

အဆင်း၏ရှေ့မှာ ခါးထောက်ရပ်လိုက်ပြီးမေးသူက ဦးစိန်လုံးပဲဖြစ်၏။ အခြားသော လူဆိုးတွေလို မုတ်ဆိတ်ပါးမြိုင်းမွေး ဘာမှမရှိသည့်အပြင် မျက်ခုံးနေရာတွေမှာလည်း ပြောင်းသလင်းခါနေ၏။ နှာခေါင်းက ပြားပြားတိုတိုဖြစ်ကာ ပြာမည်းသောနှုတ်ခမ်းထူးကြီးနှင့် မျက်လုံးမည်းများကြောင့်သာ မျိုးရိုးမပျက်ခဲ့ခြင်း ဖြစ်၏။

ထိုမျက်နှာကြီးထဲမှာ မျက်လုံးကြီးတွေ ဝင်းဝင်းလက်လက်နှင့် တော်တော်ကြည့်ရဆိုးနေခဲ့သည်။ အားလုံးလူ လေးယောက်ဖြစ်ကာ အသက်ခပ်ရင့်ရင့် ဗလ ကောင်းကောင်းတွေဖြစ်၏။

လေးယောက်စလုံးကို ခပ်ရဲရဲဝေ့ကြည့်က စိတ်ထဲကကြောက်ရွံ့ခြင်းကိုမပေါ်လွင်အောင် အဆင်းမျက်နှာကို တည်တင်းနေအောင်ပြင်သည်။ ကိုင်ထားသည့်ဆွဲခြင်းကို မသိမသာဖိဆုပ်ထားမိပြီး.. ၊

"ဖေဖေ..ခရီးထွက်သွားတာနှစ်ရက်ရှိပြီ.."

"ဘာ.."

ဦးဟာနူး ယမ်းပုံမီးကျဖြစ်သွားသည်။

"အဓိပ္ပါယ်မရှိတာတွေ လာမပြောနဲ့..ဒီကပြဿနာတွေကို မဖြေရှင်းဘဲ ဒီလိုသာ ထွက်ပြေးလို့ကတော့ အရိုးတခြား အသားတခြားတောင်ဖြစ်သွားဦးမယ်..ဟာနူးကို ဘာကောင်မှတ်နေလို့လဲ၊ ဟွန်း..နင့်အဖေကြောင့် ငါ့မှာ ငါးရာကျော်ဖိုးလောက်ပစ္စည်းတွေ ပါသွားတယ်၊ အဲ့ဒါကို သူပြန်မပေးလို့ လုံးဝမရဘူး..မရရတာယူမှာပဲ၊ မရှိရှိတာပေးရမယ်..အိမ် ခြံ အတွင်းပစ္စည်း၊ အဲဒါမှ မပြည့်နိုင်ရင် သမီးကိုသိမ်းမယ်.."

"ရှင်မမိုက်ရိုင်းနဲ့.."

"ဟား ဟား ဟား..နင့်အဖေက အရင်ယုတ်မာတာလေ၊ မဆိုင်တဲ့အပေါက်က ဂလိုင်ခေါက်တော့ ခေါက်တဲ့သူဆီမှာ လူစုမှာပေါ့.."

ပြောနေရင်း အဆင်းတစ်ကိုယလုံးကို ခြေဆုံးခေါင်းဆုံးကြည့်၏။ သိပ်မလင်းပေမယ့် မှောင်မိုက်နေတာလည်း မဟုတ်သည်မို့ ဆံပင်တွေနောက်မှာစုစည်းကာ ဖေဒါရောင်ဝတ်စုံလေးနှင့် အဆင်း၏ပုံရိပ်လေးမှာ အကွေ့အဝိုက်ကောက်ကြောင်းတွေ ထင်းနေသည်။

ဘေးက ရယ်သံသဲ့သဲ့တွေထွက်လာလျက် မသတီစရာစကားသံတွေလည်း ရောထွေးပါလာ၏။ ရှက်သည့်စိတ်နှင့် အဆင်းတစ်ကိုယ်လုံး ရှိန်းဖိန်းထူပူသွားသည်။

"ဟား ဟား ဟား..ဒီနည်းနဲ့ ငါ့ရင်ပူတာတွေကို ဖြေသိမ့်ရမယ်ဆိုလည်း မဆိုးပါဘူး၊ ဘာတဲ့..ခုခေတ် လူငယ်တွေပြောတာ.."

"ရေရေလည်လည် လန်းတယ်ဆိုတာ.."

"အေး..ဟုတ်သားပဲ၊ ဟား ဟား.."

"လူယုတ်မာတွေ.."

အဆင်း မျက်လုံးထဲမှာ ရှက်ခြင်းမှလွဲ၍ ဘာမှမမြင်တော့ပေ။ ကိုင်ထားသည့်ဆွဲခြင်းနှင့် အားရှိပါးရှိ လွှဲရိုက်ပစ်လိုက်၏။

"ဖြန်း.."

"အား.."

မစာမနာစိတ်ကူးယဉ်ပြီး ပြောချင်တိုင်းပြောနေကြသည်မို့ ရိုက်ချက်ကို အားလုံးသတိလက်လွတ်ခံလိုက်ကြရ၏။ မျက်နှာတစ်ခြမ်းကို ပြင်းထန်စွာထိခတ်ကာ ဘေးလူ၏မေးဖျားကိုပါ ဆက်တိုက်ဆွဲချသွား၏။ ဆွဲခြင်း၏ရိုက်ချက်ကြောင့် လူနှစ်ယောက်ဒယိမ်းဒယိုင်ဖြစ်ကုန်ရင်း ညည်းသံတွေထွက်လာကြသည်။

"အံမာ..နင်ကလား.."

"တစ်ခါတည်း ဆွဲသိမ်းပစ်မယ်.."
"အို..လွှတ်.."
"ခွေးကောင်မလေး.."
လေးယောက်စလုံး အဆင်းဆီကိုသဲကြီးမဲကြီး ပြေးကပ်ကြသည်။ ထိုစဉ် စက်ဘီးတစ်စီးသည် အရှိန်နှင့် ပြေးဝင်လာကာ ဘေးစွန်ကလူကို ဒုန်းခနဲပစ်ဆောင့်၏။
"ဒုန်း.."
"အား.."
"ဟာ.."
အတိုက်ခံရသည့်လူက လန်ထွက်သွားကာ ဘေးလူကိုပါချိတ်မိပြီး ဗုန်းခနဲလဲကျသွား၏။ ထို့အတူ စက်ဘီးစီးသည့်လူသည် လူရောစက်ဘီးရော မလှမ်းမကမ်းလဲကျသွားပြီး..၊
"အလင်း.."
အဆင်းဝမ်းသာအားရ လှမ်းအော်မိ၏။ အစတည်းက ပြင်ဆင်လာသူမို့ အလင်းက စက်ဘီးကို လွှတ်ပြီး လွတ်အောင်ရှောင်ထွက်သည်။ ထို့ကြောင့် သူဘာမှမဖြစ်ဘဲ အဆင်းဆီကိုပြေးလာသည်။
"ခွပ်.."
"အင့်.."

အဆင်းကို မရမကဆွဲချုပ်ဖို့ ကြိုးစားနေသည့်လကြီးမျက်နှာ လည်ထွက်သွားသည်။ ချုပ်နှောင်မှုက လျော့ရိလျော့ရဲဖြစ်သွားတော့ အဆင်းဆောင့်ရုန်းကာ ဒဏ်ရာနှင့်ငိုက်ကျသွားသည့် မျက်နှာကိုပဲ လက်ပြန်ထပ် ရိုက်ပစ်လိုက်၏။
လေးယောက်မှာ သုံးယောက်စလုံးပွဲဦးထွက် ခံလိုက်ရသဖြင့် အသိုက်ပျက်သွားသည့်ငှက်တွေလို ဖြစ်ကုန်ကြသည်။ နောက်တစ်ယောက်က ဗလကောင်းကောင်းထွားထွားကြီးမို့ အလင်းအတွက် အဆင်းစိတ်ပူ သွားမိသည်။
"ငနာလေးတွေ မှတ်လောက်အောင် ပညာပေးလွှတ်လိုက်စမ်း.."
ဦးဟာနူး လမ်းပေါ်ကနေမထနိုင်သေးဘဲ ဒေါသတကြီးကြိမ်းဝါး၏။ ထိုစကားသံ၏နောက်မှာ ဓားရောင်ဝင်းခနဲ လက်သွား၏။
"အလင်း..အလင်းသူတို့မှာ ဓားနဲ့.."
"ဟေ့..ရပ်လိုက်ကြစမ်း.."
အဆင်းကလည်း လှမ်းအော်သည်။ ခပ်လှမ်းလှမ်းဆီမှာ ဦးထက်ခိုင်၏အော်ဟစ်သံကြီးလည်း ပျံ့လွင့် ရောက်ရှိလာ၏။ အလင်းလှည့်လိုက်တော့ ဓားကိုသူကရုတ်တရက် ငေးခနဲဖြစ်ကာ ဦးထက်ခိုင်ဆီကို လှည့်ကြည့်၏။ ပြီးမှ အဆင်းထံသို့ပဲ ဦးတည်ကာ.. ၊
"ဟိတ်လူကြီး.."
အလင်း စိုးရိမ်စိတ်နှင့် ဓားသမားဆီပြေးဝင်သည်။ ကိုယ်လုံးချင်းပစ်တိုက်လိုက်ပြီး ဓားကိုင်လက်ကို တအားရိုက်ထုတ်ပစ်လိုက်၏။ ဓားသည် လက်ခနဲလွင့်ထွက်သွားကာ.. ၊

"ဒုတ်.."
"အား.."
အော်သံနက်ကြီးထွက်လာကာ အားလုံးကြက်သေသေသွားကြသည်။ ဦးဟာနူးသည့် သူ့ဘေးကလူထံမှ အော်သံကြီးကြားကာ အလန့်တကြားလှည့်ကြည့်လိုက်လျှင် ဓားရိုးတစ်ဆုံးထိ စိုက်ဝင်လျက် ကွေးကောက် လဲကျသွားသောလူနှင့် ဘေးကိုရောက်လာသည့် ဦးထက်ခိုင်.. ।
"ထက်ခိုင်..မင်း.."
ဦးထက်ခိုင် တအံ့တသြကြီးဖြစ်နေရာမှ ဆတ်ခနဲခေါင်းညိတ်လိုက်၏။
"ဟုတ်တယ်..ဘာဖြစ်လဲ၊ ဒါမငေးတို့ စတာပဲ..အေး အစက မင်းတို့မှာငွေတွေပဲဆုံးရှုံးတာ၊ အခု ငါထပ်ဖော်လိုက်ရင် ထောင်တန်းကျတဲ့အထိ ဖြစ်ကုန်မှာပဲ..ဘယ်လိုလဲ.."
"မင်း..မင်းသတ်လိုက်တာပဲ၊ မင်း.."
ဦးဟာနူး လူမိုက်လုပ်စားနေပေမယ့် လူသတ်တဲ့အထိတော့ မကြုံခဲ့ဖူးထင်သည်။ လူးလဲထရပ်၍ ယိမ်းယိုင်သွားခြင်းကလည်း ဂရုမစိုက်ဘဲနောက်ကို အထိပ်တလန့်ဆုတ်နေ၏။ ကျန်သည့်လူတွေကတော့ ကားဆီကို ပြေးကုန်ကြပါပြီ.. ।
ရှုပ်ထွေးကုန်သည့်အခြေအနေထဲမှာ လူတွေရယ်၊ ဓားရယ်ရှုပ်ယှက်ခတ်လျက် ညအမှောင်ထဲမှာ ပျောက်ကွယ်နေခဲ့၏။ တုံးလုံးငြိမ်သက်နေပြီဖြစ်သည့် လူသေကောင်နှင့် သူတို့သုံးယောက်တည်း ကျန်ခဲ့သည်တွင်..၊

## အခန်း(၃)

"ဒီစာမေးပွဲမဖြေတော့လည်း ဘာဖြစ်လဲ..ကျွန်တော် မနေခဲ့နိုင်ဘူး.."
"အလင်း.."
မျက်ရည်တွေစို့ရွှဲနေသော မျက်နှာလေးမှာ နီရဲညိုမောင်လျက်ရှိကာ နှုတ်ခမ်းသားလေးများပင် တုန်နေသည်။ အလင်းကလည်း ဘာမှထပ်မပြောပေမယ့် အမိန့်ကိုတော့ မနာခံနိုင်သည့်အဖြေအား မျက်ဝန်းများနှင့် ပေးခဲ့၏။
"ငါတို့မှာအခု ဖေဖေမရှိတော့ဘူး..သေဆုံးခဲ့တာမဟုတ်ပေမယ့် နှစ်ပေါင်းများစွာ ခွဲခွာနေကြရမှာ၊ ဖေဖေ မရှိတော့ရင် မင်းရဲ့မိဘကငါပဲ..မင်း ငါ့ရဲ့စကားကို ခုတည်းက တော်လှန်ပြောဆိုနေမယ်ဆိုရင်.."
"တော်လှန်တာမှမဟုတ်တာ..မမက ကျွန်တော့်ထက်အကြီးဆိုပေမယ့် ငါးနှစ်လောက်ပဲကြီးတာ၊ ပြီးတော့ မိန်းကလေး..အဖေမရှိရင် သားကအားပဲမမ၊ အဖေ့နေရာကို သားကယူရမှာပဲ..မိန်းကလေးဆိုတာ ဦးစားပေးအဆင့်မှာပဲ ရှိရမယ်..မမ ဦးမဆောင်ပါနဲ့.."

"တော်စမ်းကွာ.."

အဆင်းအော်ပစ်လိုက်ပေမယ့် ငိုသံကြောင့်ဩနေသည့်အသက တိုးတိတ်ဝင်သွား၏။ အလင်းကို အလွယ်တကူပြောဆိုနားချဖို့ မလွယ်မှန်းအစတည်းက သူမသိသည်။ ဒါပေမယ့် စာမေးပွဲကြီးတွေဖြေခါနီးနေပြီ ဖြစ်သည့် ဒီပညာရေးကြောင့် လက်ထိတ်တန်းလန်းနှင့် ဖေဖေ့ခများ နောက်ဆံတငင်ငင်နှင့်မှာလို့မဆုံး.. ၊

"ဒီအပြစ်ကြွေးက မဆပ်လို့မရဘူးသမီး..သူတို့ရဲ့ပြစ်ချက်ကို ကိုယ်ကပြန်ထောက်ပြီး အချင်းချင်း ကြိတ်ဖြေရှင်းလိုက်ကြတာ လွယ်ပေမယ့် ရေရှည်မှာ ဒီ့ထက်အများကြီး ပိုရှုပ်လာဦးမှာ..ဒါကြောင့် ကိုယ်ပြုတဲ့အပြစ်ကို ကိုယ်ပဲခံရမယ်၊ သမီးမောင်လေးကို သမီးဂရုစိုက်..သမီးနဲ့သားကို ဘွဲ့ရပညာတတ်ကြီးတွေဖြစ်လာစေချင်တဲ့ဆန္ဒ ဖေဖေ့မှာ ဘယ်လောက်ပြင်းပြခဲ့တယ်ဆိုတာ သမီးတို့လည်းသိတယ်..

..အဲ့ဒီတော့ အငယ်ကောင်ကို ဒီစာမေးပွဲတော့ဖြေပါစေ..ဘွဲ့ရအောင် ပညာတတ်အောင်ဆိုတာကတော့ သမီးတစ်ယောက်တည်း အင်အားနဲ့မလွယ်ဘူးဆိုတာ ဖေဖေနားလည်ပါတယ်၊ သူကိုယ်တိုင် လိုချင်ပြီးကြိုးစားမှဖြစ်မှာ..ဘာပဲဖြစ်ဖြစ် ဆယ်တန်းစာမေးပွဲကို အောင်ထားရမယ်၊ ဖေဖေခုလို ဖြစ်သွားတာနဲ့ သားသမီး တွေ ဝါးအစည်းပြေသလို လေလွင့်ပျက်စီးကုန်ကြတာ မကြားပါရစေနဲ့.."

စကားတွေအများကြီးပြောနေပြီး တစ်ခုကိုခဏခဏမှာသည်။ ထိုစကားဟာ အလင်း၏ပညာရေးရယ်၊ အလင်းရဲ့ဘဝ လေလွင့်ပျက်စီးမသွားဖို့ရယ်၊ ထို့ပြင် အလင်းမကြားနိုင်သည့်ကာလလေးမှာ ပြောသွားခဲ့တာ ရှိသေးသည်။

"အငယ်ကောင်က ဖွတ်တရွတ်ဆန်တာတွေရှိတယ်..ပြီးတော့ သမီးကိုလည်း သိပ်ချစ်တယ်၊ ဖေဖေတို့က ဖုံးဖုံးဖိဖိ နေခဲ့ကြပေမယ့် သမီးနဲ့သူမောင်နှမအရင်းမဟုတ်ဘူးဆိုတာလည်း သူသိနေတာကြာပြီ..တစ်နေ့နေ့မှာတော့ သမီးကိုသူဖွင့်မေးလာလိမ့်မယ်၊ အဲ့ဒီနေ့ဟာ သမီးကသူစိမ်းပြင်ပြင် ခွဲထွက်သွားမယ့်နေ့လား..စိမ်းပေမယ့် ကြင်နာမပျက်ပါဘူးဆိုတာကို ပြလာမယ့်နေ့လား..ဘာဖြစ်မလဲဆိုတာ မသေချာဘူး၊ ပြောချင်တာက သမီးက သည်းခံခွင့်လွှတ်ဖို့ပဲ..တကယ်ဆိုရင် သမီးကိုယ်တိုင်ချစ်ခင်ကြင်နာပြီး သမီးရင်ခွင်ထဲမှာ ထည့်ပိုက်ထားခဲ့တာပါ၊ ဖေဖေက သမီးတနှစ်ယောက် ကြင်နာခဲ့ကြပြီးမှ ဆုံခဲ့တဲ့သူ..အဲ့ဒီတော့ သမီးကပဲသည်းခံနားလည်ရမယ်.."

ဖေဖေ့ မှာကြားချက်တွေကို သတိရလာရင်း မျက်ဝန်းဆီမှာမျက်ရည်တွေ ပြည့်သိပ်လာခဲ့သည်။ ထိုမှလွန်၍ ပြိုဆင်းမလာရအောင် မျက်နှာမော့၍ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ပစ်လိုက်မိ၏။ ဘဝဟာ နနေနဲ့ နေလို့မရ။ ဒီနေ့ဒီအချန်မှစ၍ ရှေ့မှာတိုက်ပွဲဝင်ရတော့မှာဖြစ်၏။ အဆင်းမျက်နှာလေးပေါ်က ခံစားချက်တို့ကို အလင်းကမမှိတ်မသုန် စိုက်ကြည့်နေခဲ့သည်။

ဝမ်းနည်းကြေကွဲ၍ ကျလာသည့်မျက်ရည်၊ အနိုင်မခံအရှုံးမပေးလိုသော သူရဲကောင်း၏မာနမျိုးနှင့် ထိုမျက်ရည်ကို တိုက်ဖျက်ဖယ်ရှားနေခဲ့သော မျက်တောင်ဖျားတို့ထက်က ခါးသီးခြင်းများ.. ၊

အလင်း၏နှုတ်ခမ်း လွန့်ခနဲမဲ့ကျသွား၏။

"ဦးစီးဦးဆောင်နိုင်ခြင်းမှာ အသက်အရွယ်နဲ့မဆိုင်ဘူးဆိုတာ မမသိပါတယ်.."

အလင်းကပြန်စသည်။ အဆင်းက ဒေါသပြင်းစွာလှည့်ကြည့်၏။

" အလင်း ... မင်းက ယောကျာ်းဆိုတဲ့မာနန ငါ့ကို ခြေရာတိုင်းတာလား.."

"ယောကျာ်းမာနက ဟုတ်တယ်..ခြေရာတိုင်းတယ်ဆိုတာတော့မဟုတ်ဘူး၊ မမက ရန်ကုန်ဆင်းပြီး အလုပ်လုပ်မယ်၊ ကျွန်တော်က ဒီမှာပခုံးပေါ်အိတ်တင်ပြီး နေခဲ့ရမှာလား.."

"နေခဲ့ရမှာပေါ့ကွ..မင်းက ပခုံးပေါ်လွယ်အိတ်တင်ရမယ့်အရွယ်ပဲ.."

"ကျွန်တော်ကတော့ အဲ့ဒီလိုမြင်တာမဟုတ်ဘူး.."

အလင်းမျက်နှာက မမြင်ဘူးခဲ့သော အေးစက်တင်းမာခြင်းမျိုးနှင့် မျက်နှာနုနုမှာ နီရဲလျက်ရှိသည်။ စားပွဲပေါ်မှာရှိနေသည့် ပိုက်ဆံအထပ်လိုက်နှင့် ခရီးဆောင်အိတ်ကို မဲ့ရွဲ့စွေစောင်း၍ လှည့်ကြည့်ကာ.. ၊

"ဖေဖေမရှိတော့ဘူး..ငါလူကြီးပဲဆိုပြီး မမတစ်ယောက်တည်း စိတ်ကြိုက်ဆုံးဖြတ်ထင်သလိုလုပ်..သွားတော့မယ်ဆိုမှ ငါသွားတော့မယ်၊ ဒါကို သုံးဖို့ယူထားဆိုပြီး ပိုက်ဆံချပေးပြီး နှုတ်ဆက်တယ်..ကျွန်တော့်ကို ကလေးလို ခွေးလို မမသဘောထားတာ.."

"မင်း မစော်ကားနဲ့နော်အလင်း.."

အဆင်းမျက်ရည်ကျခဲ့လေသည်။ ရင်ထဲမှာ ဒီလိုမရှိခဲ့ရိုး အမှန်ပါ။ ချစ်လွန်းလို့ မပူလောင်စေချင်တာ၊ ဆင်းရဲဒုက္ခဆို ကိုယ်သာစုပြုံယူထားပြီး မောင်လေးပဲကောင်းစားပါစေဆိုတဲ့ စိတ်မျိုးတစ်သက်လုံးထားလာခဲ့တာ.. ၊

အလင်းကလည်း ဒါကိုမသိလို့မဟုတ်ပါ။ အဆင်းကို သူ့ရှေ့မှာဒိုင်းတစ်ခုလို ကာကွယ်မထားစေချင်တာ ဖြစ်သည်။ အကြီးဆိုပေမယ့် အဆင်းကမိန်းကလေး။ ပြီးတော့ ဆွဲဆောင်နိုင်စွမ်းသော အလှအပတွေနှင့် အလွန်အန္တရာယ်ကြီးသည်ဟု သူမြင်သည်။ ဘာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်၏ ဦးဆောင်မှုနောက်မှာ သူမနေချင်ပေ.. ၊

အဆင်းနဲ့အလင်း ပဋိပက္ခက တော်တော်နှင့်ငြိမ်းချမ်းဖွယ်မြင်.. ၊

"ဖေဖေနဲ့ငါ မင်းအတွက်ဘယ်လောက်ဂရုစိုက်ခဲ့..အားထားခဲ့သလဲ၊ အခုဖေဖေထောင်ကျခဲ့တာကရော ဘယ်သူ့အတွက် အနစ်နာခံခဲ့တာလဲ.."

"ကျွန်တော်သိတယ် မမ.. အဲ့ဒါကသပ်သပ် ဘာမှမဆိုင်ဘူး၊ မမနဲ့ကျွန်တော် ဖေဖေနဲ့ ကျွန်တော်တို့ ဘာမှမဆိုင်ဘူးဆိုတာ သိပြီးကတည်းက မှီခိုချင်တဲ့စိတ် ကျွန်တော့်မှာလုံးဝ မရှိတော့တာ.."

အဆင်း ဟင်ခနဲဖြစ်သွားခဲ့သည်။ မုံရွာကနေ မိုးကုတ်ကိုပြောင်းလာခဲ့ရသည့် နှစ်များဆီသို့စိတ်က ပြန်ရောက်သွား၏။

"ရန်ကုန်မှာ ဖေဖေနဲ့အတူအလုပ်လုပ်ကြတဲ့ ကိုမိုးဦးတို့လင်မယား သမီးရယ်.. ကလေးရှေ့မှာ ဖော်ကောင် လုပ်လိုက်ကြတယ်၊ ဖေဖေလည်း ရန်ကုန်မှာတည်းက သားသမီးအရင်းမဟုတ်ဘူးလို့ ဘယ်သူပြောတာမှ မကြိုက်လို့ ပြောမယ့်သူမရှိအောင် မုံရွာထိပြောင်းလာခဲ့တာကို ဒီလူတွေသိတယ်ဆိုပြီး ရုတ်တရက်မတားဆီး လိုက်နိုင်ဘူး.."

"ဒါမသိလို့ပြောတာ မဖြစ်နိုင်ဘူးဖေဖေ..တမင်စိတ်ပုတ်ပြီး ဖော်လိုက်တာ၊ မေင်လေး အခု သိသွားပြီ လား.."

"မကြားအောင်တော့ ဖေဖေဝင်ထိန်းလိုက်တာပဲ..ဘာမှတော့ မမေးဘူး၊ ဒါပေမယ့် ကြားမယ်ထင်ပါတယ်.."

ဖေဖေရှုံ့မဲ့ညည်းတွားခဲ့ဖူးသည်။ ထိုစဉ်ကဆို အလင်းငါးတန်းပဲရှိသေးသည်။ နောက်ထပ် မေ့မေ့ပျောက်ပျောက်ဖြစ်ခဲ့ကြပြီး ခုနစ်တန်းနှစ်မှာ ဒီလိုပဲအစဖော်မယ့်သူတွေနဲ့ ဆုံခဲ့ပြန်သည်။ ထိုစဉ်ကလည်း ဒီလိုပါပဲ စသလိုနောက်သလိုနှင့် ပြောသွားခဲ့ကြတာ အကုန်လုံးပေါ်၏။

အလင်းကတော့ ဘာမှမမေးခဲ့ပါ။ တစ်ခါတစ်ခါမေးဖူးတာရှိသော်လည်း မရမက ထိခိုက်ခံစားပြီး မေးတာမဟုတ်။ ခုတစ်ခါ ဦးချုန်ကြီးပြောသွားတာနဲ့ဆို သုံးကြိမ် တိတိရှိပြီဖြစ်၏။ အလင်းဘာတွေ ထပ်ပြောလာဦးမည်ဆိုတာကို အဆင်းမျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေခဲ့မိသည်။

"သားသမီးက မိဘကိုမှီခိုတယ်ဆိုတာ သဘာဝကျပါတယ်..မမပြောသလို ကလေးငယ်လူမမယ် ပခုံးပေါ်လွယ်အိတ်ချိတ်တဲ့အရွယ် ပညာမဆုံးသေးတဲ့ကာလတစ်လျှောက်လံးဗျာ အဲ့ဒါကကြားလို့လည်း ကောင်းတယ်လေ..ကျွန်တော်တို့က ဘာတော်လို့လဲ၊ အထူးသဖြင့် ကျွန်တော်က မမှီခိုသင့်တဲ့ကောင်..ဖေဖေကအသက် ကြီးပြီ၊ မမက မိန်းကလေး.."

"စကားတွေ အကြာကြီးမပြောနဲ့အလင်း..မင်းရဲ့ပညာရေးကို ဖေဖေတဖွဖွမှာခဲ့လို့ ငါပြောနေတာ၊ ဒီ စာမေးပွဲကို လုံးဝအပျက်ခံလို့မဖြစ်ဘူး..မင်းဖြေရမယ်.."

"ကျွတ်.."

အလင်းကျွတ်ခနဲစုပ်သပ်ကာ ကြိမ်ကုလားထင်မှာ ပစ်စလက်ခတ်ထိုင်ချလိုက်၏။

"ပညာတတ်ဖြစ်တော့ ဘဝမှာဘာတွေထူးခြားလာမှာလဲ..ကျွန်တော်က ဆရာဝန်၊ အင်ဂျင်နီယာကြီး ဖြစ်လာလောက်အောင်ရော တော်နေလို့လား.."

"ဘာဖြစ်ဖြစ် မင်းပါးစပ်ပိတ်ပြီး နာခံမလား..ငါ့ကို အတိုက်အခံလုပ်နေမှာလား.."

အလင်းက ထိုင်လျက်ကနေ စူးစူးရဲရဲမော့ကြည့်၏။

"မနာခံရင် မမဘာလုပ်မှာလဲ.."

အဆင်းမျက်နှာမှာ မီးပွားတစ်စလွင့်တက်လာသည်နှင့်တူကာ.. ၊

"စေတနာကိုစော်ကားတဲ့ လူတစ်ယောက်အတွက် နောက်ဘယ်တော့မှမင်းအကြောင်း ငါ့ခေါင်းထဲ မထည့်တော့ဘူး.."

"နာခံလိုက်တော့ရော.."

"မင်းဒီစာမေးပွဲဖြေရမယ်..ပြီးတော့မှ ငါတရန်ကုန်မှာပြန်ဆုံမယ်.."

အသံမထွက်သော်လည်း ဟွန့်ခနဲမဲ့ပစ်လိုက်သည့် နှုတ်ခမ်းမဲ့မဲ့နှင့် အလင်းက မျက်နှာလွှဲသည်။

"ဒီငွေနဲ့မင်းလောက်ပေါတယ်..ဖေဖေ့အတွက်လည်း ဘာမှခေါင်းထဲမထည့်နဲ့၊ ငါ့ကိုလည်း မပူနဲ့..ရန်ကုန်ဟာ ငါနဲ့သိပ်တော့ မစိမ်းပါဘူး၊ ပြီးတော့ ဖေဖေဆက်သွယ်ခင်းထားတဲ့

လူတွေလည်းရှိတယ်..အဲ့ဒီတော့ ငါတို့တွေမခွဲချင်ဘဲ ခွဲနေကြတာကို သတိရတိုင်းမင်းစာကြိုးစားပါ.."

မျက်နှာလွှဲထားသည့် အလင်း၏မေးရိုးတစ်ဖက်စီမှာ တင်းခနဲတင်းခနဲ လှုပ်ခတ်နေကြတာကို အဆင်း မြင်သည်။ ခေါင်းမခါသော်လည်း မနာခံချင်တာကို သိနေ၏။

ဒါပေမယ့် ဒီလိုလုပ်ကြဖို့သာရှိရာ.. ၊

## အခန်း(၄)

"မင်းဘာလုပ်မှာလဲ.."

"အိမ်ပြန်မှာပေါ့.."

ရာဇာ မျက်နှာရှုံ့တွတွဖြစ်သွား၏။ စာမေးပွဲနောက်ဆုံးနေ့ ပြီးဆုံးသွားခြင်းမှာ ထမ်းရွက်ထားရသည့် လေးလံသောအထုပ်အပိုးကြီးတစ်ခု ပြုတ်ကျသွားသလို အားလုံးရင်ထဲမှာ ပေါ့ပါးလန်းဆန်းနေကြသည်။ ဖြေနိုင်တာ မဖြေနိုင်တာ အသာထား၊ စာမေးပွဲပြီးသွားပြီဆိုသည့် လွတ်လပ်ခြင်းအရသာက ဘာနဲ့မှမတူ..၊

စာမေးပွဲပြီးတာနှင့် လည်ကြပတ်ကြမည်။ စားသောက်ပျော်ရွှင်ကြမည်။ ဒီရက်ကလေးမှပဲ ကိုယ့်အိမ်တွေမှာ အခွင့်အရေးရကြတာဖြစ်၏။ အဖော်ညှိလို့မရသည်မို့ အလင်းကိုသူတို့မကြည်မလင်ဝိုင်းကြည့်ကာ..၊

"အိမ်မှာဆူမယ့်ပြောမယ့်သူ မရှိဘဲ သူကပြန်ဖို့ပြင်နေသေးတယ်.."

"အေးလေ..အိမ်မှာမင်းတစ်ယောက်တည်း မဟုတ်လား၊ ငါတို့သာဆို ဒီလိုနေ့မျိုးမှာ.."

"မင်းတို့ဘာသာ လိမ့်ချင်ရာလိမ့်ကြ.."

အလင်းက စကားမဆုံးခင် ဖြတ်ပြောလိုက်ပြီး အုတ်ခုံလေးကနေထရပ်လိုက်သည်။ မင်းဆက်က ထိုင်နေရာမှ သူ့လက်ကိုဆွဲထားလိုက်ကာ.. ၊

"မျက်နှာကြီးက ဘာဖြစ်နေတာလဲ..မဖြေနိုင်လို့လား.."

"ဟွန့်.."

အလင်းက မချိုမချဉ်ပြုံးပြီး ပြန်ငုံ့ကြည့်၏။

"မလုပ်ချင်လို့ မလုပ်တာဘဲရှိတယ်..မလုပ်နိုင်လို့ လက်လျှော့တာ မရှိသေးဘူး.."

"အဲ့ဒါဆို ပျော်ပျော်ပါးပါးကဲရမှာပေါ့..အိမ်မှာနောက်ဆံတင်းစရာ ဘာမှမရှိဘဲနဲ့.."

"လာပြန်ပြီ.."

အလင်းက မင်းဆက်ကိုင်ထားသည့်လက်ကို ခါချပစ်လိုက်ကာ.. ၊

"အိမ်မှာဘယ်သူမှရှိမနေတဲ့ ကိစ္စကို ဘာဖြစ်လို့ထည့်ထည့်ပြောနေတာလဲ..ညစ်နေတာအဲ့ဒါပဲ.."

“ဘာ..”

မင်းဆက်အံ့သြသည့်မျက်နှာကြီးနှင့် ရာဇာကိုလှမ်းကြည့်၏။ ရာဇာက မတ်တပ်ကနေ လက်ပိုက်၍..၊

“သူများတွေဆို အိမ်မှာလူကြီးမရှိကြရင် လွတ်လပ်ပြီဆိုပြီး ကဲကြ ပျော်ကြနဲ့..”

“ငါကတော့ မပျော်ပါဘူး..တစ်ယောက်မှမရှိဘဲ ငါတစ်ယောက်တည်း ဘယ်တုန်းကမှ နေတတ်ခဲ့တာ မဟုတ်တော့ နေမထိထိုင်မသာကြီး..အထူးသဖြင့် ငါ့ကိုအရမ်းဂရုစိုက်တဲ့ မမကို သတိရတယ်..”

ပြောနေသည့်မျက်နှာက ရွာချတော့မည့်မိုးသားများလို ညိုလျက်မြေပြင်ကို အဓိပ္ပါယ်မဲ့စွာ ငုံ့ကြည့်နေခဲ့သည်။ စာမေးပွဲမဆိုင်ခင် သုံးလနီးပါးကတည်းက ထွက်သွားခဲ့တာ ရက်ကိုးဆယ်မပြည့်တတ်သေးပေမယ့် မိနစ် နာရီတွေနဲ့တွက်ကြည့်တော့ နည်းသလား.. ၊

စားရေးသောက်ရေးအတွက် ထမင်းဟင်းရောင်းသည့်အိမ်က ခေါင်းရင်းမှာကပ်လျက်ရှိသောကြောင့် သုံးလစာ အဆင်းပေးသွားသည်။ အဝတ်အစားလျှော်ဖွတ်ဖို့ ပင်မင်းနှင့် ဆက်သွယ်ပေးထားခဲ့ပြီး လက်ထဲမှာ ငွေတွေလည်း ထည့်ပေးခဲ့၏။ ဒီငွေတွေက ခြံနဲ့အိမ်ကို ရောင်းလိုက်သည့်ငွေတွေပဲဖြစ်သည်။

“မင်းစာမေးပွဲပြီးတဲ့နေ့မှာ ငွေအကြေချေလိမ့်မယ်..အဲ့ဒါကိုယူပြီး မင်းထွက်လာခဲ့တော့၊ အားလုံးဟာ ဖေဖေဖြစ်စေချင်တဲ့အတိုင်းပဲ..တို့မောင်နှမ ဒီကနေထွက်ခဲ့ပြီးတာနဲ့ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်ကြ ရတော့မယ်..မင်းက ကျောင်းသားဆိုတော့ စာပဲကြိုးစားပါ..” တဲ့.. ၊

တစ်ယောက်တည်းတွေးမိပြီး ဘယ်သူမှမမြင်ဘဲ ခပ်ရိရိမဲ့ပစ်မိ၏။ ဖြေစေချင်လွန်းတဲ့ စာမေးပွဲ၊ ကြိုးစားစေချင်လိုက်တဲ့ ဒီစာတွေ၊ ခုကြိုးစားလို့ပြီးသွားပြီ။ ရည်ရွယ်ချက်က ဒီမှာပဲ ပြည့်စုံပြီဟု အက်ဒစ်နဲ့အပြည့်အစုံ ထွက်၏။

“အလင်း..”

ရာဇာက အလင်းထိုင်ခဲ့သည့် ဘေးစွန်းမှာဝင်ထိုင်လိုက်ပြီး အလင်းမျက်နှာကို မော့ကြည့်သည်။

“မင်းရုပ်ကြီးက ဘာလဲကွာ..ဘာကိုမကျေမနပ်ဖြစ်နေတာလဲ..”

“ဘာမှမဟုတ်ဘူး..ငါပြန်တော့မယ်..”

“မင်းတကယ်မလိုက်ဘူးလား..”

“အင်း..”

ခပ်ပြတ်ပြတ်ပြောပြီး သူလှည့်ထွက်လာခဲ့ပေမယ့် မပြတ်နိုင်သည့်သူတွေက နောက်က လိုက်ခဲ့ကြကာ..၊

“အလင်း..မင်းအဖေအတွက် စိတ်ညစ်နေတာလား..”

သူဘာမှ ပြန်မဖြေပါ.. ၊

“ဆောရီးကွာ..အဲဒါကိုမေ့သွားလို့ပါ၊ မင်းမမက ရန်ကုန်သွားတော့ ဘာမှမဆက်သွယ်ဘူးလား..”

ဘေးမှာ ခြံရံ၍လိုက်ပါလာကြသည့် ရာဇာတို့ကို အလင်းကဟိုဘက်ရော ဒီဘက်ရော ဘယ်ပြန်ညာပြန် လိုက်ကြည့်ပြီး မျက်မှောင်ကြုတ်၏။

"ဆောရီးဆိုပြီး ဘာလို့ထပ်မေးနေတာလဲကွ..မပြောချင်လို့ မပြောတာကို.."

သုံးယောက်သား ခြေလှမ်းတွေဦးတည်ချက်မဲ့နေဆဲ အနားကနေ ကားတစ်စီးကပ်မောင်းသွားကာ..၊

"ဖြန်း.."

"ဟာ.."

"သွားပါပြီကွာ.."

ရေဗွက်ထဲမှ ရေတွေက အဖျားစွန်းကနေပါလာသည့် ရာဇာ့ကိုယ်တစ်ခြမ်းကို ပေါင်းတင ပေးသွားလေသည်။ ဒီဘက်မှာ ကောလုနီးပါးဖြစ်နေသည့် အင်းကြီးရှိနေကာ လမ်းမအလယ်မှာ ရေဗွက်တစ်ဗွက်လာဖြစ်နေသည်။

ဒီအင်းနဲ့ ဒီအိုင် သက်ဆိုင်တာမဆိုင်တာတော့မသိပေ။ ဒီအင်းကလည်း ကောသွားတဲ့အထိ မဖြစ်သေးသလို ဒီနေရာမှာလည်း ဒီရေဗွက်အိုင်က အမြဲတမ်းလိုလိုရှိနေခဲ့၏။ ဗွက်ကို အရှိန်မသတ် ကွေ့မရှောင်ဘဲ ဒီတိုင်းနင်းဖြတ်သွားသည့် ကားကလွန်သွားပြီးမှ နောက်ပြန်ဆုတ်လာသည်။ ရေဗွက်၏ ထိပ်နားမှာပြန်ရပ်ပြီး တံခါးတစ်ဖက်ပွင့်သွား၍.. ၊

"ဆောရီးဟာ.."

ဆံပင်ဆံတို အရပ်မြင့်မြင့်နှင့် မော်ဒယ်လ်ကိုယ်လုံးလေးလိုရှိသော မိန်းကလေး တစ်ယောက် ကားပေါ်က ဆင်းလာသည်။ ဝတ်ထားတာက အနီရဲရဲ ကားကအနီနှင့်သူမဆင်းလာတော့ ပတ်ဝန်းကျင်မှာနေနှစ်စင်း တစ်ပြိုင်တည်း မွန်းတည့်နေသလိုဖြစ်သွား၏။

"ဒရိုင်ဘာပါသားနဲ့ ငါကားမောင်းချင်တာနဲ့ မကျွမ်းမကျင်မောင်းလာတာ..တော်တော်ပေသွားလား ဟင်.."

ရာဇာ့ကိုကြည့်ဖော်တော့ရသည်။ ဒါပေမယ့် 'ပေသွားလား'လို မေးတာက အလင်းကိုပဲဖြစ်၏။ တစ်ကိုယ်လုံး ရွှံ့မတတ်ဖြစ်သွားသည့်လူကို ကျော်ပြီးအစက်အပျောက်လောက်ပဲ စဉ်တဲ့လူကိုသွားမေးတော့ ရာဇာ ဒေါပွသွား၏။

"ဒီမှာ ပေကျံကုန်တာက ငါရယ်.."

ဟု ဖြောင်ပဲပြောပစ်လိုက်သည်။ သူမကို မသိဘဲနေမလား။ မိုးကုတ်မြို့မှာ အချမ်းသာဆုံးသူဌေးသမီး 'မနတ်နွယ်'.. ၊

နာမည်ကတော့ မဟာဆန်ပါသည်။ လူကပိန်ရှည်ရှည်ပုံပန်းမကျ။ အတော်ဆုံးအခန်းမှာရှိနေပြီး အ ညံ့ဆုံးအခန်းမှာနေသည့် အလင်းကိုမှ သဘောကျနေခဲ့သည်။ အနားမှာ မိဘပဲပါပါ။ သူ့ဘက် ကိုယ့်ဘက်သူ ငယ်ချင်းတွေ ဘယ်လောက်ရှိနေနေ အလင်းကိုမုန့်လာကျွေးတာ၊ ပြုံးရယပြတာ၊ ပြောခ|င်တာရှိပြီဆို တွေ့သည့်နေရာမှာ စကားဝင်ပြောတတ်တာကအစ သူမလောက်ပွင့်လင်းတဲ့မိန်းကလေး ရှာမှရှားပါ.. ၊

ခုရော သူမခြေလှမ်းလာတာ မသိမသာလေးမဟုတ်။ ရာဇာပြောလိုက်မှ မျက်လုံးက ပြန်လှည့်လာကာ.. ၊

"နှစ်ယောက်စလုံးကိုမေးတာပါ..မိုးနတ်က အလင်းနဲ့ပဲရင်းနှီးတာ၊ အဲ့ဒါကြောင့် သူကို မေးလိုက်သလို ဖြစ်သွားတာ..ဆောရီးနော်၊ တောင်းပန်ပါတယ်..မိုးနတ်ဘာလုပ်ပေးရမလဲ ဟင်.."

"ရပါတယ်.."

ရာဇာ့ရဲ့'ရပါတယ်'အသံကြီးက အီလည်လည်နှင့်။ မကျေလည်သေးတာက သိသာနေ၏။ ကျေလည်ပါ့မလား။ 'မိုးနတ် ဘာလုပ်ပေးရမလဲ'ဆိုပေမယ့် ဘာလုပ်လို့ရတော့မှာလဲ.. ၊

စနိုးမ.. သံပရာခြမ်းစနိုးဟု စရင်လည်း နည်းနည်းမှမကြိုက်။

"မနေ့တစ်နေ့ကမှ ကြော်ငြာတဲ့ပစ္စည်းနာမည်ကို ငါကခိုးမှည့်စရာလား..ငါက နှစ်ပေါင်း များစွာကတည်းက လူလောကကြီးထဲကိုရောက်နေတဲ့'မိုးနတ်နွယ်'တဲ့။ ဒါဆို နာမည်သုံးလုံးကို အဖျားစွတ်ပြီး 'မိုး'လို့ ပြောလည်းရသည်။ 'နွယ်'လို့ သုံးလို့လည်းရ၏။ ပြောပုံက သူမကို သူမ'မိုးနတ်'က တဲ့.."

မိုးနတ်ဖြစ်ဖြစ် မြေကြီးနတ်ဖြစ်ဖြစ် ပုံစံအရတော့ ဘာနတ်မှမဖြစ်ထိုက်တာ သေချာသည်။ အလင်းကတော့ မိန့်မိန့်ကြီးပြုံးပြနေကာ.. ၊

"ဘာမှမှ လုပ်ပေးလို့မရတော့တာ..ရပါတယ် မိုးသွားပါ.."

"အားနာလိုက်တာအလင်းရယ်..ဩော် ဒီကသူ့ကရော နော်.."

မလွှဲမရှောင်သာ သူ့ဘက်လှည့်လာတော့ ရာဇာက ဗွက်တွေစိုသွားသည့်ခါးစောင်းကနေ ပုဆိုးထိ ဆောင့်အောင့်ပုတ်ချရင်း ...

" သူကျေနပ်ဖို့ပဲလိုတာပါ ..."

ဟု ထပ်ရွဲ့ပြောသည်။ ပြီးတော့ရှေ့ဆက်လျှောက်သွား၏။ ထိုအခါ ရာဇာနဲ့မင်းဆက် တို့ကို မိုးရဲ့ဒရိုင်ဘာ ကဆင်း၍တောင်းပန်ပြန်သည်။မိုးက အလင်းဘေးကမခွာသေး။

" အလင်း ဖြေနိုင်လားဟင် "

" ဖြေနိုင်ပါတယ်၊ နင်ရော..."

"ဖြေနိုင်တယ်၊ ဒါပေမယ့် မေမေတို့ကမန္တလေးကို လွှတ်နေတယ်ဟာ၊ အဲဒီမှာ ဘကြီး၊ ဦးလေးတွေရှိတယ်လေ၊ ငါကလည်း ဆေးတက္ကသိုလ်ထိမှန်းထားတော့ တကယ်လို့ ဆေးဝင် တယ် ဆိုရင်တော့သွားရမှာပဲ..."

" ဒါကောင်းတာပဲ၊ ဘာဖြစ်လို့လဲ.."

သူတို့စကားရပ်ပြောနေတာကို ပေစောင်းစောင်းနှင့်လှမ်းကြည့်ပြီး မင်းဆက်တို့က မစောင့်ဘဲ ဆက်သွားကြသည်။ အလင်းကလှမ်းမြင်ပေမယ့် မိုးက သူ့ကိုပဲကြည့်၍...

"မန္တလေးမှာတော့ မနေချင်ပါဘူး အလင်းရယ်၊ ဦးလေး ဘကြီးလူပျိုကြီးတွေန ဘယ်လောက်စိတ်ညစ်ဖို့ကောင်းလဲ၊ ဒီကို ခဏလာတာတောင်မှ ကိုယ်ကျပ်ဝတ်ရင် ဝတ်ပြန်ပြီ၊ ဘောင်းဘီဝတ်တော့ ဝတ်လို့နဲ့ မပြန်မချင်း ခေါင်းကိုမဖော်ရဲအောင် ချုပ်ချယ်သွားတာ၊

ရန်ကုန်မှာဆိုတော်သေးတယ်.. အဲဒီမှာကျတော့ ဒေါ်လေး အရင်းကြီးရှိတယ်၊ သူကမုဆိုးမလေ၊ သမီးနှစ်ယောက်နဲ့နေတာ၊ မိန်းကလေးအဖော်တွေနဲ့ ပျော်ဖို့ကောင်းမှာ..."

အလင်းက ပြုံး၍ခေါင်းညိတ်၏။ ကိုယ်ရန်ကုန်ကိုသွားတော့မှာ ဖြစ်တဲ့အကြောင်းကိုတော့ မပြောဘဲနေလိုက်သည်။ အကြောင်းအရာတွေအများကြီးထပ်ပါလာမှာစိုးလို့ပါ။

"ပြီးတော့လေ ဒီမှာလို သူငယ်ချင်းဟောင်းတွေနဲ့ပဲ အတူတွဲသွားရရင်တော်ဦးမှာ..."

ဟု ခပ်တိုးတိုးပြောပြီး သူ့ကို သေချာပြန်ကြည့်ကာ....

"နင် ဘယ်လိုင်းလောက်ဝင်မယ်ထင်လဲဟင်၊ ကိုယ်ဖြေခဲ့တာကိုသိမှာပေါ့၊ ဒီဘယ်နှလုံးလောက်မှန်းလဲ"

အလင်းကအသံထွက်အောင်ရယ်လိုက်၏။

"ဘယ်နှလုံးမှ မပါနိုင်ဘူးလို့ မှန်းထားတာပဲ၊ အောင်ဖို့တောင်မှ နှစ်ဆယ်ရာနန်းလောက်ပဲဖြစ်မယ်..."


အလင်းမျက်နှာကိုစိုက်ကြည့်ပြီး 'ညာပြောနေတာပါ'ဟု ပြောချင်သည့် မျက်ဝန်းလေးတွေက မျက်စောင်းထိုးပြီးသားဖြစ်သွားသည်။

"အပိုတွေ သိပ်ပြောတာပဲ၊ ဟွန်း....ငါသွားမယ်နော်၊ညကျရင် ငါဖုန်းခေါ်လိုက်မယ်၊ နင်လာကိုင်သိလား"

ဘာဆိုင်လို့လဲ။ အိမ်မှာလည်းဖုန်းမရှိ၊ အိမ်နားကဖုန်းနံပါတ်ကိုရောသူမက သိလို့လား။ သူ့မျက်နှာကို ကြည့်ပြီး မိုးက အားပါးတရပြုံးလျက်...

"သွားမယ်၊ ဆက်ဆက်လာကိုင်နော်..."

ဟု သမင်လည်ပြန် လှည့်အော်သွားသည်။ မလှပေမယ့် မိုးကချစ်ဖို့တော့ကောင်း၏။



## အခန်း(၅)

အထုပ်ကို ပခုံးကနေ ဒီတိုင်းဖြုတ်ချလိုက်ပြီး တစ်အိမ်လုံးကိုလှည့်ပတ်ကြည့်သည်။ ကြည့်နေရင်း ဆက်တီခုံမှာ ဝင်ထိုင်လိုက်၏။

" ဆယ့်ငါးသုံးဆယ်ဆိုတော့ ပေလေးဆယ်၊ ရှစ်ဆယ်လောက်တော့ မကျယ်ဘူးပေါ့ "

" မကျယ်တာမဟုတ်ဘူး၊ ကျဉ်းကို ကျဉ်းနေတာ..."

အလင်းကကဲ့ရဲ့တာကို အဆင်းကအပြုံးမပျက်နှင့် ခေါင်းညိတ်သည်။ ခရီးရောက်မဆိုက်သောက်ရအောင် ယူလာသည့် မစ်ရှိတ်ကိုအလင်းရှေ့မှာချပေးရင်း ဝင်ထိုင်လိုက်ကာ...

"ကျဉ်းတာပဲရတာပေါ့မောင်လေးရယ်၊ ရန်ကုန်မှာဝယ်ရတဲ့အိမ်ဈေး ၊ခြံဈေးနဲ့ နယ်မှာပေါက်ဈေးက အရမ်းကွာတာ..."

" ဟုတ်ပါတယ်၊ ဒါပေမယ့် အိမ်ကလဲသိပ်မကောင်းဘူး.."

"သြော်... တစ်ထပ်ပျဉ်ထောင်နဲ့တော့မယှဉ်နဲ့လေ၊ပြီးတော့ တို့ကဘာမှသယ်ပိုးလာတာလဲမဟုတ်ဘူး၊ အိမ်ထောင်ပရိဘောဂလဲထည့်ရသေးတယ်၊ဒါတောင် ပြည့်စုံဖို့ အများကြီး လိုသေးတာ..."

အဆင်းကဧည့်ခန်းထဲမှာထားသည့် ရှိုးကေ့စ်ဗီရိုလေးတွေရယ်၊ တီဗွီ၊အောက်စက် တွေရယ်ကို ဝေ့ကြည့်ပြီး ဆက်ပြော၏။

"နောက်ဖေးမှာလဲအပြည့်ထုတ်ထားတာပဲ ဝင်လဲကြည့်ပါဦး ဆရာရယ်၊ ဒီလောက်မကျဉ်းပါဘူး ပြီးတော့ မမတစ်ခု စဉ်းစားထားတယ်.."

"ဘာလဲ... "

အလင်းက နာနတ်သီးမစ်ရိုတ်ကို တစ်ဝက်ကျအောင်မော့ပစ်လိုက်ပြီးမှပြန်ချသည်။ မမသူ့အနားရှိနေသမျှ ဒီတိုင်းပါပဲ၊ အအေးလိုတယ် အပူလတယ် ပူဆာဖို့မလို။

ထမင်းဟင်း၊သရေစာဆိုတာလည်း အလုပ်ထွက်သွားရင်တောင် အဆင်သင့် ယူစားရုံပဲဖြစ်ဖို့ အားလုံးပြင်ဆင်ပေးသွား၏။ ထို့ကြောင့် မမအနားမှာမရှိလျှင် သူမနေတတ်။

"ပြောလေ မမ "

"မင်း ဒီမှာပဲနေလေ၊ မမအခုအလုပ်လျှောက်ထားတဲ့ စက်ရုံကြီးမှာဘော်ဒါရှိတယ်၊ မိန်းကလေးတွေချည်း ပဲရှိတာ၊တို့လဲ ပြဿနာမရှိဘူး၊မင်းလဲ ဒီမှာကျယ်သွားတာပေါ့..."

"လုပ်ပြန်ပြီဗျာ၊ ကျဉ်းရုံမကလို့ ကျောချင်းပဲကပ်အိပ်ရအိပ်ရ ခွဲမနေနိုင်ဘူး..."

"ခုနကတော့ ကျဉ်းလို့ကျပ်လို့ဆိုပြီး..."

"အခု မကျဉ်းတော့ဘူး..."

လင်းက မစ်ရိုတ်ကို အကုန်မော့ပြီး ဖန်ခွက်ကိုမချသေးဘဲ မှုန်ကုပ်ကုပ်ကြည့်၍...

"မမကရော ကျွန်တော်ကအိမ်ကျဉ်းတယ်ပြောလို့ ဒီစိတ်ကူးပေါ်တာလား၊ ပြောရခက်နေတာကို ကျွန်တော့် စကားနဲ့လိုက်ပြီး ပြောခွင့်ရသွားတာလား..."

"ဘယ်လို..."

"မမကိုယ်တိုင် ကျွန်တော့်ကို ခွဲထုတ်ချင်နေတာလားလို့မေးတာ..."

"မဟုတ်တာ အလင်းရယ်၊ ရောက်လာတာနဲ့ မတည့်အောင် အရင်စပြောတော့တာပဲ၊ မင်း ဟိုကအိမ်ဖိုးအကျေချေလိုက်တဲ့ ငွေထဲက သုံးလိုက်မိတာရှိသေးလား..."

ဒီလိုမေးရကောင်းလားဆိုသည့်အကြည့်တွေ စူးခနဲရောက်လာ၏။ပြီးတော့ အိတ်ကိုမျက်လုံးစွေကြည့်ကာ....

"အဲဒီထဲမှာ အကုန်ပါတယ်၊ အစည်းလိုက်ပဲ၊ မမပေးထားခတဲ့ငွေတွေတောင်မကုန်သေးဘူး..."

" မသုံးဘူးဆိုပြီးတာပဲ၊ ဘာဖြစ်သွားတာလဲ မျက်နှာက..."

အလင်း၏ ရှုရှုတည်တည်မျက်နှာကပြေကျမသွားပေ။ သူဌေးဇင်လင်းအောင် ဆိုသည့်လူကြီးက စီးပွားရေးလက်တံရှည်သည်။မိုးကုတ်၊ မန္တလေး၊ ရန်ကုန် ဌာနနယ်ပယ်တွေမှာ ချဲ့ထွင်ထားသည့် စီးပွားရေးလုပငန်းတွေက ပွထနေ၏။

ခုလည်း မမ ရန်ကုန်ကိုရောက်သွားပြီး သိပ်မကြာခင်မှာ ဒီလူကြီးရန်ကုန်ရောက်သွားပြီဆိုသည့်သတင်းကို သူကြားလိုက်ရ၏။ လူတွေသတိမထားမိကြပေမယ့် ဒီလူကြီး မမ ရှိတဲ့နောက်လိုက်တာမှန်း သူကတော့ သိသည်။ မမနဲ့ဆုံပြီးကြပြီလား၊ မဆုံရသေးဘူးလား၊ ဒါမှမဟုတ် အခု မမအလုပ်လုပ်နေသည့်စက်ရုံဆိုတာကရော ဒီလူကြီးရဲ့အင်ပါယာမှ လွတ်ရဲ့လား။

ရင်ထဲမှာ မေးခွန်းတွေ တစ်ခုပြီးတစ်ခုဖြစ်နေသည်။ ဘာမှလဲဖွင့်မမေးချင်။ သို့သော်...

"အလင်း..."

သူအသံတိတ်သွားတော့ အဆင်းကပြန်ခေါ်၏။ မထူးဘဲ မျက်လွှာပင့်ကြည့်လိုက်မိသည်။

" မမ အခုအလုပ်လုပ်တာ ဘယ်စက်ရုံလဲ သိလား..."

"ဘယ်သိမလဲ..."

"သရီးစတားမှာလေ၊ မောင်နှမသုံးယောက်ပိုင်တဲ့စက်ရုံကြီး၊ အဲဒီမှာ တို့က လက်ထောက်မန်နေဂျာ ရတာ..."

ပြောပြရင်း ပီတိတွေဝေနေသည့်မျက်နှာကို အလင်းက မျက်မှောင်ကြုတ်ကြည့်နေ၏။

"မိုးကုတ်က ပွဲရုံလေးမှာ မန်နေဂျာလုပ်ခဲ့တဲ့သူမို့လို့ ဒီရာထူးကိုတန်းရတာ၊ လစာလဲကောင်းတယ် သိလား..."

"မိုးကုတ်မှာ မန်နေဂျာလုပ်ခဲ့ဖူးတာ ပြောတိုင်း သူတို့က ယုံတာပဲလား..."

မေးလိုက်တော့ အဆင်းကရယ်သည်။

"မယုံဘဲနေမလား၊ မောင်နှမသုံးယောက်ထဲမှာ အကြီးက အစ်မနှစ်ယောက်၊ အငယ်ဆုံးက ဦးဇင်လင်းအောင်ပဲလေ..."

အသံကအကျယ်ပေမယ့် အလင်းမျက်နှာ တင်းပြတ်သွားပုံမှာ အပြင်းစားဒေါသတွေပြည့်လျှံနေခဲ့သည်။ လျော့ရိလျော့ရဲထိုင်နေရာမှ ကိုယ်ကမတ်သွားကာ..."

" နေပါဦး မမနဲ့ ဒီလူကြီးက မိုးကုတ်ကနေ အတူတူချိန်းပြီးမှ ထွက်လာကြတာလား..."

"မဟုတ်တာကွာ၊ ဒီမှာ ကိုယ့်သောကနဲ့ကိုယ်ဥစ္စာ၊အဲဒီစက်ရုံဝင်ဖြစ်တာလဲ သတင်းစာထဲမှာကြော်ငြာတွေ့လို့ ကိုယ့်ဘာသာသွားတာ၊ ဦးဇင်လင်းနဲ့မဆုံဖြစ်ခင်တုန်းက ရိုးရိုးစာရေးမပဲ ရတယ်လေ..."

"အဟွန်း...ဒီလောက်ကြီးကျယ်ခမ်းနားတဲ့လုပ်ငန်းကြီးက တစ်ဦးတစ်ယောက်ကို အုန်းလီးချန့်စ် ပေးပစ်လိုက်တာ လွယ်သားးပဲ၊ သမာသမတ်ကျပါပေတယ်"

လှောင်ရယ်နေသည့်မျက်နှာကို အဆင်းက မကျေမနပ်လေးကြည့်သည်။ ဒီလူကြီးကို အစတည်းက မကြည်လင်ခဲ့သည်မို့ ဒါကိုပြောလိုက်တာနှင့် အလင်းအခုလိုပဲဖြစ်သွားမှာကို သိပြီးသားပါ။

ဘာပဲဖြစ်ဖြစ်လက်ထပ်ခွင့်တောင်းခဲ့ဖူးတာပဲရှိသည်။ ခုချိန်ထိကိုယ့်အပေါ်မှာ ဘာတစ်ခုမှ မရိုးသားခဲ့တာမရှိ၊အခွင့်အရေးလည်းမယူ။

သူ့အစ်မတွေကလဲ ခင်ခင်မင်မင်ရှိကြသည်။

"ကိုဇင့်ကို ရန်ကုန်မှာလာထိုင်ဖို့ခေါ်တာ လုံးဝမရခဲ့ဘူး၊ ခုမှ ဘယ်လေတိုက်လို့လွင့်လာသလဲမသိပါဘူး ညီမကို ဘယ်လိုအရည်အချင်းရှိကြောင်းပြောပြပြီး လက်ထောက်မန်နေဂျာရာထူးခန့်ဖို့ကို သူ့ဘာသာပဲဆုံးဖြတ်တာ၊ ညီမက တော်လဲတော်ပါတယ်၊ တို့တွေက မိုးကုတ်မှာမွေးပေမယ့် ရန်ကုန်မှာကြီးခဲ့ကြတာလေ၊ ညီမနဲ့ ကိုဇင်က တစ်မြို့တည်းသားတွေဆိုတော့ အဆင်ပြေတာပေါ့..."

ဟု ပြောပြီး နေဖို့အဆောင်ဆိုတာတောင်မှ သီးသန့်တိုက်ခန်းလေးသပ်သပ်ပေးသည်။ အလုပ်သမားတွေအဆောင်နဲ့ တဆက်တည်းပေမယ့် ဘေးထောင့်ခန်းဖြစ်ကာ မြင်ကွင်းလဲရှင်းသည်။ အခန်းကလဲကျယ်သည်၊ အထဲမှာ အသုံးအဆောင်ပရိဘောဂတွေလဲရှိ၏။

"ဒါ အရင်မန်နေဂျာနေသွားတာလေ၊နိုင်ငံခြားသွားမယ်ဆိုပြီးလစ်သွားတာ ပြန်ကိုမလာတော့ဘူး၊ ညီမ ဒီမှာပြောင်းနေလို့ရတယ်၊ အချိန်မရွေးပြော..."

လို့ လမ်းဖွင့်ပေးထားခဲ့တာ ကြာပါပြီ။ ဒါပေမယ့် ကိယ့်ဝင်းနဲ့ ကိုယ့်ခြံနဲ့နေမှ အခြေအမြစ်တစ်ခု ထူထောင်နိုင်ခြင်းမည်မှာဖြစ်သည်။

ကိုယ့်အိမ်ရှိနေမှတော့ ဘာလို့သွားနေရမှာလဲ။ အိမ်ဘေးက ခြောက်တန်းကောင်မလေးကိုစာပြပေးရင်း ညအိပ်ဖို့ပါ သူ့မိဘတွေကိုပြော၍ ခေါ်ထားလိုက်ကာ ဘာမှပူစရာမလို။ အလင်းကိုဒီမှာတစ်ယောက်တည်း နေဖို့ ပြောမိတာကလည်း ခုမှပေါ်လာတဲ့စိတ်ကူးပါပဲ။

သို့သော် စက်ရုံပိုင်ရှင်က ဦးဇင်လင်းအောင်မှန်းသိလိုက်သည်နှင့် အလင်း၏ဒေါသတွေက ပိုမိုထကြွလာကာ.. ၊

"မမက အဲ့ဒီမှာသွားနေချင်တာ ဒါကြောင့်လား.."

"လုပ်ပြီကွာ..သွားနေချင်တယ်ပဲဖြစ်ရသေးတယ်၊ မင်း ညည်းတွားနေတာ မကြားချင်လို.."

"ဟွန့်.."

နှုတ်ခမ်းကို အကျဉ်းတန်အောင် မဲ့ရွဲ့ပစ်လိုက်ပြီး အလင်းနေရာမှထရပ်သည်။ မတ်တပ်ရပ်ပြီးမှ အဆင်းကို ပြန်ငုံ့ကြည့်၍.. ၊

"ကျွန်တော်အလုပ်လုပ်မှာ..ဟိုမှာတည်းက စီစဉ်လာပြီးသား.."

"ဟင်..ဘာလုပ်မှာလဲ.."

"ပွဲစား.."

"အံမယ်.."

အဆင်းက ချစ်စနိုးမျက်နှာလေးနှင့် ရယ်ရင်း ထရပ်လိုက်သည။ အလင်းကတော့ ချစ်စနိုးကြည့်သည်လို့ မမြင်ပေ.. ၊

"မမ ဘာရယ်တာလဲ.."

"အလင်းရယ်..ဘာလဲ ကားပွဲစားလား၊ ကားပွဲစားဆိုတာ ကားအကြောင်းနားလည်နေမှဖြစ်တာ.."

"ဘာလို့နားမလည်ရမှာလဲ..မမထွက်သွားပြီးတည်းက ကျွန်တော်ဘော်ဒီရုံမှာ သွားနေတာ၊ သင်ချင်လွန်းလို့တော့ မဟုတ်ဘူး..အိမ်မှာတစ်ယောက်တည်းဖြစ်သွားတော့ မနေတတ်လို့ အဲ့ဒီမှာသူငယ်ချင်းကလည်း ခေါ်လို့လေ.."

"မင်းဆက်တို့ညီအစ်ကိုလား.."

"အင်း.."

"ဟုတ်လား..မမက ကိုယ့်မောင်လေးကို ကလေးလို့ပဲမြင်နေလို့ပါ၊ အထင်သေးလို့မဟုတ်ဘူး..ဒါပေမယ့်ကွာ ပွဲစားဆတာလည်း သူ့ဟာနဲ့သူ Group ရှိတယ်၊ မောင်လေးတစ်ယောက်တည်း ဝင်ကြဲလို့မရဘူး..အန္တရာယ်များတယ်လို့လည်း မမပြောဖူးတယ်၊ တခြားအလုပ်လုပ်ပါလား..မမရှာပေးမယ်လေ၊ ကုမ္ပဏီတို့ စက်ရုံတို့.."

"တော်ပါဗျာ..ထမင်းချိုင့်လေးဆွဲပြီး တစ်နေကုန်ကျုံးလုပ်၊ သူများထိုင်ပါဆိုမှ ထိုင်ရ..စားပါဆိုမှစားရ၊ လုံးဝစိတ်မဝင်စားဘူး.."

"ဟုတ်တယ်..ဝန်ထမ်းတွေလည်း နိုင်ငံတော်ကပေးတဲ့လစာယူပြီးရင် တာဝန်ကျေအောင်လုပ်ရတာပဲ၊ ပုဂ္ဂလိက လုပ်ငန်းတွေမှာလည်း ဒီလိုပဲပေါ့..ပညာသင်ကြတာ ဘာလဲ၊ ဘဝအတွက် အာမခံချက်ရဖို့ပဲလေ.. ပညာမတတ်တဲ့လူတွေလည်း ငွေရဖို့ရှာကြတာပဲ၊ အလကားရတာ ဘာမှမရှိဘူး.."

"ရှိရှိ မရှိရှိ သူများလက်ညှိုးထိုးခိုင်းတာ ဘယ်တော့မှမလုပ်ဘူး..မမကြည့်နေပါ၊ ကျွန်တော်လုပ်တဲ့အလုပ်ဟာ ဘယ်တော့မှ ဝေလေလေဖြစ်မသွားစေရဘူး.."

အလင်းအထဲကိုဝင်သွားတော့ ဒီတိုင်းရပ်ကျန်ခဲ့ရင်း အဆင်းမျက်နှာလေးငိုင်သွားသည်။ မောင်နှမနှစ်ယောက်၏ ဆက်ဆရေးဟာ ဖေဖေထောင်ကျခဲ့ပြီးတဲ့ တစ်ဆစ်ချိုးမှာ ဘာဖြစ်လို့ဒီလိုကြီး ပြောင်းလဲသွားခဲ့တာလဲ..၊

အလင်းကလည်း ဘာဖြစ်ဖြစ်မနာခံချင်၊ ပြောလိုက်သမျှ အကောင်းထင်တာ သိပ်မရှိတော့ စကားပြောတိုင်းလည်း အဆင်မပြေ။

ကိုယ်ကတော့ မောင်လေးရယ်လို့ ဘယ်သောအခါမှအပြစ်မြင်ခဲ့တာ မရှိပါ.. ၊

## အခန်း(၆)

"အဆင်း ခုမှပြန်မှာလား.."

"ဟုတ်ကဲ့.."

ဦးဇင်လင်းအောင်က ဒီဘက်ကိုပြန်လျှောက်လာပြီး ဘေးမှာယှဉ်ရပ်ကာ.. ၊

"ဘာဖြစ်လို့နောက်ကျမှ ထွက်လာတာလဲ..ကိုယ်ကမင်းပြန်သွားပြီ မှတ်နေတာ.."

"မနက်က နောက်ကျမှရောက်တော့ အလုပ်ပုံသွားတယ်လေ..တစ်နေ့တာ တစ်နေ့ဖြတ်ချင်တာနဲ့ ပြီးမှပဲ ထလာခဲ့တာ.."

"ဩော်..အဆင်းရယ်၊ အလုပ်တွေပုံသွားတာက ဂျာကြီးခွင့်ယူထားလို့ နှစ်ယောက်စာလုပ်နေရတာ မဟုတ်လား..ကူညီသလိုပဲ ဖွဲ့လုပ်သွားလို့ရတာပဲဟာ၊ ဒီအချိန်ကျမှ ကားကျပ်မှာပေါ့..ကိုယ့်ကားနဲ့ လိုက်ခဲ့လေ.."

"ဟင့်အင်း..ရပါတယ်.."

ထပ်ခေါ်မလို့ပါးစပ်ပြင်ပြီးမှ မခေါ်ဘဲနေလိုက်သည်။ အဖြူရောင်ပေါ်မှာ အပြာပွင့်လေးတွေပါသည့် ဝတ်စုံနှင့် အပေါ်ကစက်ရုံတံဆိပ်နှင့် ကုတ်အင်္ကျီအပြာလေး ထပ်ဝတ်ထားသည့် အဆင်း၏ ထင်းရှင်းနေသော အလှတရားတို့ကို ဝေ့ခနဲတော့ ကြည့်မိသည်။

ကိုယ်ကြွရွယ်ထားသည့် ပန်းကလေးတစ်ပွင့်ပါ။ ခလည်း သူမျှော်လင့်ချက်တွေ အများကြီးနှင့် ရူးသွပ် ရပြန်ပြီ။ ဒါပေမယ့် မစရဲ မပြောရဲ။ ကိုယ်လည်း အသက်ကြီးတယ်ဆိုပေမယ့် ကိုယ့်ဘေးမှာမိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့သူပါ။ ဒါပေမယ့် စိတ်ဝင်စားနေမိတာက သူမကိုပဲဖြစ်နေခဲ့သည်။ ဘယ်လိုလုပ်မလဲ..၊

သူငေးကြည့်နေတုန်း အဆင်းမျက်နှာလေး သူ့ဘက်လှည့်လာကာ.. ၊

"ဦးဇင်လင်း မလေးသွားမလို့ဆို.."

"အင်း..အစက ဟုတ်တယ်၊ ခုမသွားဖြစ်တော့ဘူး.."

"ဘာဖြစ်လို့လဲ.."

'မင်းရှိနေလို့'ဟု ပြောလိုက်ချင်ပေမယ့် သူခေါင်းခါရုံပဲ ပြလိုက်၏။ စက်ရုံကနေတစ်ကွေ့ကျော်မှာ ကားမှတ်တိုင်ရှိနေသဖြင့် အဆင်းဖြည်းဖြည်းလျှောက်သွားတဲ့အတိုင်း သူလည်း ယှဉ်တွဲပါလာခဲ့၏။ ခြေလှမ်းတိုင်းမှာ အဆင်းရဲ့မေတ္တာကိုရဖို့ ဘယ်လိုကြိုးစားရမလဲဆိုသည့် စိတ်ကူးတွေနှင့် လေးကန်ဖင့်နွဲ့နေခဲ့၏။

ဩော်..လူတွေက စကြသေးသည်။ 'ဒီလောက်ချမ်းသာပြီး ဥစ္စာပေါ ရုပ်ချော ပညာတတ်က မိန်းမမယူ၊ ရည်စားမရှိနဲ့ဆိုတော့ စဉ်းစားစရာပဲဗျာ..ဒီခေတ်ကြီးမှာ ရှားနေလို့ပါ' တဲ့..၊

ဟုတ်ချင်လည်း ဟုတ်လိမ့်မည်။ သူ့မှာ အပေါင်းအသင်းလည်းဆုံသည်။ အသောက်အစား အပျော်အပါးဆိုတာလည်း အပေါင်းအသင်းတွေဆုံပြီဆို မကင်းရာမကင်းကြောင်းတော့ပါတာပင်။ လူပွေလူရှုပ်မဟုတ်သော်လည်း လူရိုးလူအေးမဟုတ်တာလည်း သေချာ၏။ ဒီလူက အသက်သုံးဆယ်ကျော် လေးဆယ်ရောက်လာတဲ့အထိ ရည်းစားတောင် မထားခဲ့ဘူးဆိုတော့ ပြောစရာဖြစ်ခဲ့တာ မဆန်းပေ.. ၊

ဒါပေမယ့် ရတာမလို လိုတာမရဆိုတာကျတော့ နားမလည်ကျဘူးလား.. ၊

"ဟော..အတော်ပဲ၊ ဟိုမှာကားလာနေပြီ..အဆင်း သွားတော့မယ်နော်.."

"ဩော်..အင်း.."

သူသတိဝင်လာလို့ ကြည့်လိုက်တော့ ကျပ်သိပ်နေသည့် ကားပေါ်ကိုအတင်းတိုးကြိတ်တက်သွားသည့် အဆင်းကို မြင်လိုက်ရသဖြင့် စိတ်မကောင်းနိုင်။ အလွန်လှပသည့် အဆင်းရဲ့ ကျောထက်ကဆံနွယ်လေးတွေ လူပေါင်းစုံရဲ့ပခုံးကြား ကျောကြားမှာပုံပျက်ပန်းပျက် ဆင်းရဲစွာ

ရှိချေရော့မည်။

ထို့ပြင် ကားကျပ်တာကို အခွင့်အရေးယူပြီး ထိချင်ငြိချင်သည့် အောက်တန်းကျသည့်ယောက်ျားမျိုးတွေ ရှိနေလျှင် ဒုက္ခရောက်ဦးမည်။

"ကိုဇင်.."

သူ့ရှေ့မှာ ဝက်ဝွန်းကားအဖြူလေးတစ်စီး ထိုးရပ်လာ၏။

"မမဖြူ.."

ဒေါ်ဖြူဖြူဇင် အစ်မအကြီးဆုံးဖြစ်သည်။ အစ်မလတ်က ဖြူဖြူလင်း။ ဒေါ်ဖြူဖြူဇင်က အဆင်း ကားပေါ်ပါသွားတာကို မြင်လိုက်ပုံရှိကာ.. ၊

"ဒီထိလိုက်ပို့တယ်ဟုတ်လား.."

ဦးဇင်လင်းအောင် မျက်နှာက မလုံမလဲအပြုံးနှင့်.. ၊

"စကားပြောရင်း ပါလာတာ.."

ဟုဖြေ၏။ ဒေါ်ဖြူဖြူဇင်က မျက်နှာမှောင်ကုပ်ကုပ်နှင့် ကြည့်နေဆဲပင်။ လသဏ္ဍာန်အဆင်းဆိုသော ထူးဆန်းစွာရှည်လျားသည့် နာမည်နှင့်အဆင်းဆိုသည့် ကောင်မလေးကလည်း တော်တော်လှပါ၏။ မိန်းက လေးချင်းပင် မနာလိုဖြစ်လောက်အောင် နုမွတ်နေအောင်လှ၏။

သူမတို့မှာ မောင်အငယ်ဆုံးတစ်ယောက်ပဲ ကျန်နေလို့ သူ့အကြိုက်တွေ့ရင်တော့ ယူပါစေတော့လို့ သဘောထားခဲ့၏။ ကိုယ်တွေက တည့်မတ်ကြည့်ရှုပေးရုံပဲနေဖို့ ညီအစ်မနှစ်ယောက် တိုင်ပင်ထားကြပြီးသား.. ၊

ဒီမိန်းကလေးကို မေတ္တာရှိနေရင်လည်း ဖွင့်ပြောလိုက်ပါလား။ ပြီးတော့ခုမှ တွေ့တာလည်းမဟုတ်။ ဒီအသက်အရွယ်မို့လို့ ကိုယ့်မောင်ပုံစံက ခပ်ရင့်ရင့်ခပ်တုံးတုံးပုံကြီး ပေါက်နေရင်လည်း တစ်မျိုး။ ဘယ်သူ့ကို မေးမေး အသက်သုံးဆယ်ငါးနှစ်ရှိပါပြီဆိုတာတောင် ယုံကြမှာမဟုတ်ပေ။

ခုခေတ် ကျော်ကြားနေဆဲ မင်းသားတွေလောက်တော့ ကိုယ့်မောင်ကအသာလေး ကျော်တက်သွားနိုင်သေးသည်။ ဒါကို မြဲစိစိအုံ့ပုန်းလုပ်နေတာ အသည်းယားဖို့ကောင်း၏။ ကိုယ့်မောင်ကိုပဲမျက်စောင်းထိုးမိမလို ဖြစ်ကာ.. ၊

"ကဲ..ဟိုကသွားပြီမဟုတ်လား၊ ကားပြန်ယူချေလေ.."

"ဟုတ်ကဲ့ပါ.."

ဦးဇင်လင်းအောင် လှုပ်ရှားသွားတဲ့အထိ လိုက်ကြည့်နေပြီးမှ.. ၊

"မောင်း.."

ဒရိုင်ဘာကို အမိန့်ပေးမိ၏။ စိတ်ထဲမှာရှိနေတာက 'လသဏ္ဍာန်အဆင်း'ဆိုသည့် မိန်းကလေး၏ ဇာစ်မြစ်ကို သိဖို့လိုပြီဟု သေချာတွေးနေခြင်းပဲဖြစ်သည်။

အခန်း(၇)

"မမထိုင်စောင့်နေတယ်.."

တံခါးထဖွင့်တော့ သူကပဲ အံ့ဩဟန်နှင့် မေးနေသေးသည်။

"ဒီအချိန်ထိ ဘယ်သွားနေတာလဲအလင်း..မင်းပြန်မရောက်သေးတဲ့ဟာ မမက ဘယ်လို လုပ်အိပ်လို့ ပျော်မှာလဲ.."

"ဩော်.."

မထူးဆန်းသည့်လေသံနှင့်ပြောကာ ဖိနပ်ငုံ့ချွတ်သည်။ ပြီးမှ အထဲဝင်လာရင်း.. ။

"ကျွန်တော်သိစရာ မှတ်စရာတွေအများကြီးပဲမမရာ..ကိုယ့်မောင်လေး အလုပ်ကြိုးစား ချင်လာတာကို ဝမ်းမသာဘဲနဲ့ မျက်နှာကြီးက စူပုတ်နေတာပဲ.."

တံခါးပိတ်လိုက်ပြီးမှ နှစ်ယောက်အတူတူ ဝင်လာခဲ့ကြသည်။

"အဲ့ဒါကြောင့်ပြောတာပေါ့..အလုပ်တစ်ခုကို သတ်သတ်မှတ်မှတ်မယ်မယ်ရရ လုပ်ပါ လို့၊ လောဘတွေကြီးပြီး ဟိုဟာလည်းတတ်ချင်..ဒီဟာလည်း သိချင်၊ ဟိုပြေးဒီပြေးနဲ့ ဘယ်ဟာ မှလည်း ထူးချွန်လာမှာမဟုတ်ဘူး.."

"ဘယ်သူပြောတာလဲ..မထူးချွန်ဘူးလို့.."

"ငါပြောတာလေ.."

ထမင်းစားခန်းဆီသို့ သွားနေရင်းကနေ ဖျတ်ခနဲလှည့်ပြောသည့်အဆင်း ပခုံးလေးနှစ် ဖက်ကို နောက်ကနေ အလင်းကဖျစ်ဆုပ်ပစ်လိုက်ကာ.. ။

"မေဂျာတစ်ခုနဲ့ ဘွဲ့တစ်ခုရဖို့တောင်မှ ဘာသာရပ်တွေအများကြီး သင်ကြရသေးတာ.. ကျွန်တော်အများကြီးလေ့လာနေတာ ဘာမှားလို့လဲ၊ အလုပ်လုပ်ပြီဆိုရင်တော့ တစ်ခုကိုပဲ ဇောက်ချလုပ်မှာလေ.."

"အဲ့ဒါကိုပဲမမပြောနေတာ..မင်း ဘာဖြစ်လို့ ခုကျမှလူတတ်ကြီးဖြစ်ချင်နေရတာလဲ၊ ဖေဖေက လုံ့လစိုက်ပါ၊ ကြိုးစားပါနဲ့ တတွတ်တွတ်ဆုံးမနေတုန်းကဖြင့် ဘာမှဂရုမစိုက် ခဲ့ ဘူး.."

ထမင်းစားခန်းထဲရောက်လာတဲ့အထိ နောက်ကနေအလင်းက ပခုံးနှစ်ဖက်ကို တွန်းလာ ခဲ့တာ၊ ငယ်ငယ်က 'မီးရထားကြီး' ကစားသလိုပင်.. ။

အဆင်း ထမင်းပြင်ပေးတော့မှ စားပွဲနားမှာရပ်နေခဲ့ကာ လှမ်းပေးသမျှကိုယူပြီး စားပွဲ ပေါ်မှာချ၏။ ချနေရင်း ပါးစပ်ကလည်း အငြိမ်မနေ.. ။

"ဖေဖေရှိတုန်းက ဖေဖေ့စကားကို နားမထောင်တာဘာဖြစ်လဲ..မမရဲ့ဘေးမှာ ဖေဖေ ရှိတယ်၊ ကျွန်တော် ဘယ်လိုနေနေ ဆုတ်ယုတ်တိမ်းစောင်းသွားဖို့မရှိဘူး..အခုက မမအလုပ် လုပ်နေတာကို ကျွန်တော်က ငုတ်တုတ်ထိုင်နေရင် ကျွန်တော့်သိက္ခာ လုံးဝ ကျသွားမှာပေါ့.. ပြီးတော့ မိန်းကလေးတွေ အထင်ကြီးဖို့က ငွေရှာနိုင်မှ ဖြစ်မှာ.."

"ဩော်..ဩော်၊ လက်စသတ်တော့ ပွဲရှုပ်ခွင့်ပါမစ်အတွက် အားကြိုးမာန်တက် ကြိုးစား လာတာပဲ.. ဂုဏ်ယူပါတယ်ဆရာ.."

"ဟား ဟား ဟား.."

အလင်းက ညအချိန်မတော် အော်ရယ်သည်။

"ဟဲ့.."

အဆင်းက ကိုင်ထားသည့်ဇွန်းဖင်နှင့် အလင်းပါးစပ်ကြီးကို လှမ်းပိတ်ဖို့ပြင်၏။ အလင်းက အဆင်း ရဲ့ လက်ကောက်ဝတ်ကို ကိုင်ပြီးဖယ်ချပစ်ကာ.. ၊

"ဟုတ်လား..အဲ့လိုဖြစ်သွားလား.."

"သေလိုက်.."

အဆင်းက မျက်စောင်းထိုးပြီး စားပွဲခုံဆွဲထိုင်လိုက်၏။ အလင်းက ရယ်နေဆဲ.. ၊

"မမကို ကူညီချင်တဲ့မောင်လေးပါလားဆိုပြီး အမှတ်ပေးဖို့တော့ မစဉ်းစားဘူး.."

"မပေးနိုင်ပါဘူး..ကိုယ် မိန်းမယူဖို့ ကိုယ်ကြိုးစားတာခေါင်းကို ထပ်ခေါက်ချင်သေးတယ်.."

"မိန်းမယူမှာပေမယ့် မမလောက်လှတဲ့မိန်းမ မတွေ့ဘဲလုံးဝမယူဘူး..အဲ့ဒါသန္နိဋ္ဌာန်.."

အဆင်းက ကြက်သားပန်းကန်ကို ဆွဲယူလိုက်ပြီးမဲ့သည်။

"ဟွန်း.."

အဆင်းက ကြက်သားပန်းကန်ကို ဆွဲယူလိုက်ပြီး မဲ့သည်။

"မမ စားပြီးပြီလား.."

"မစားရသေးဘူး..ဒါပေမယ့် မင်းကိုစောင့်နေရင်းနဲ့ ပျားလိမ္မော်တစ်ဆယ်သားလုံး စားပစ်လိုက်တာ ဗိုက်က ပြည့်သွားပြီ.."

"အဲ့ဒါမပြည့်ဘူး..ဗိုက်ပြည့်တယ်ထင်ပြီး အိပ်ရာဝင်မှ ထအော်ကြလိမ့်မယ်..အလင်းနဲ့ အတူတူဝင်စားပါ.."

ဒီလိုပဲ၊ ဟိုတုန်းကပုံစံလေး ပြန်ပေါ်လာပြီဆို သူ့ကိုသူ အလင်း.. ၊

"မစားချင်တော့ဘူး..အချိန်မတော်မှထမင်းစားရင် မနက်မိုးလင်းတဲ့အထိ ဗိုက်ကမကောင်းဘူး၊ ကဲ.. ကိုယ့်ဟာ့ကို စားစမ်းပါ၊ ဒီမှာကြက်သားထွင်ပေးနေတာ လက်ကြာကြာပေရင် မနေတတ်လို့.."

"ပေတဲ့အတူတူ မမပဲခွံ့ကျွေးပါလား..အလင်း လက်တွေမှာ စက်ဆီတွေပေလည်း ပေနေတယ်.."

လက်ဝါးတွေဖြန့်ပြတော့မှ အဆင်းယုံသွားသည်။ အလင်းတကယ် အလုပ်ကြိုးစားနေတာပဲ။ လှောင်သလို ပြောင်သလိုရယ်ခဲ့မိတာကိုတောင် စိတ်မကောင်းဖြစ်သွားမိသည်။

"လက်တွေရော နာနေသေးလားအလင်း.."

"မနာပါဘူး..ယောကျ်ားပဲဟာ.."

ဟိုတုန်းကလည်း အဆင်းထမင်းစားနေပြီဆို အနားမှာလရပ်ကာ.. ၊

'အလင်းကို တစ်လုတ်လောက်ခွံ့ပေး'ဆိုပြီး ခါးကိုင်းပါးစပ်ဟပေးတတ်တာတွေက အမြဲတမ်းလိုလိုပင်။ တစ်လုတ်ဆိုပေမယ့် သူ့ပါးစပ်ထဲမှာ ကောင်းသွားလျှင် ရှေ့မှာထိုင်ချလိုက်ပြီး ပန်းကန်ထဲမှာမကုန်မချင်း မထတော့ဘဲ နေတာတွေလည်းရှိ၏။

ထို့ပြင် ခုလိုမျိုးသူစားတုန်းမှာ အဆင်းကစားပြီးတာ မစားချင်သေးတာတစ်ခုခုနှင့် ဒီတိုင်းထိုင်နေကြည့် ငါးရိုးထွင်ခိုင်း၊ ကြက်သားရိုးထုတ်ခိုင်းနှင့် သပဲခိုင်းတတ်ပါ၏။

"မမ.."

"ဟင်.."

"ကျွန်တော်မိန်းမယူဖို့ ကြိုးစားနေတာလို့ မမတကယ်ထင်နေတာလား.."

"ထင်ထင်မထင်ထင်ပေါ့ ယောကျ်ားလေးပဲ အလုပ်ကြိုးစားတာဘာဖြစ်လဲ..မမက မင်း ရန်ကုန်ရောက်ခါမှ လောဘတွေကြီး၊ အပေါင်းအသင်းတွေများပြီး ပျက်စီးသွားတာစိုးတာ.."

"မမကိုထားခဲ့ပြီး ကျွန်တော်ဘယ်တော့မှ မိန်းမမယူဘူး.."

"မတွေ့သေးလို့.."

"ဘာလဲ..မမကတွေ့နေလို့ ကျွန်တော့်ကိုလမ်းကြောင်းပေးတာလား.."

ပါးစပ်ထဲထည့်ပေးလိုက်သည့်တစ်လုတ်ကို ဝါးနေရင်း စကားကလည်းပြောနေသေး၏။

"ဘာဖြစ်လို့ငါ့ကိုပဲ ထိခိုက်နေရတာလဲ..ရည်းစားထားဖို့ နေနေသာသာအသက်ဝဝ ရှုဖို့တောင် မေ့မေ့နေတယ်၊ မင်းကျောင်းဆက်တက်ဖို့ တို့နှစ်ယောက်အခြေမပျက် ပြည့်ပြည့်စုံစုံ နေနိုင်ဖို့..တို့ကအစ်မကြီး တာဝန်က တို့ခေါင်းပေါ်မှာပဲ ရှိနေတာ.."

"အဲ့ဒီလိုယူဆမနေနဲ့တော့..အခု ကျွန်တော်ပခုံးပြောင်းယူတော့မှာ၊ ကျောင်း ဘာလို့ဆက်တက်ရမှာလဲ ..စာမေးပွဲဖြေနိုင်ရင် ဘွဲ့ယူလို့ရတယ်.."

"အို..မရဘူး၊ ကျောင်းတက်မှ ကျောင်းသားစိတ်ရှိတာ..စာနဲ့နီးတာ မင်းအခုစီးပွားရေးကို စိတ်ဝင်စားနေပြီ၊ အဝေးသင်ဖြေတာလဲ လွယ်တယ်မှတ်လို့လားအလင်း.."

"စပြီ..အဲ့ဒါတွေ၊ ကျောင်းတက်ရေး မတက်ရေးကိုမမနဲ့ အလင်းမဆွေးနွေးချင်ဘူး..အခု လောလောဆယ် မစ်ရှိတ်တစ်ခွက်လောက် လုပ်ပေးစမ်းပါ.."

"နာနတ်သီးက သိပ်မမှည့်သေးဘူး..ဖျော်စက်လည်း သိပ်မကောင်းဘူး.."

"ဘာကောင်းတာရှိလဲ.."

အလင်းက ရွဲ့မေးတာကို အဆင်းကမျက်လွှာပင့်ကြည့်ပြီး ထမင်းကုန်သွားသည့်ပန်းကန်ကို ချထားလိုက်သည်။

"မင်းမကြိုက်တဲ့ ထောပတ်သီးရှိတယ်..သောက်မလား.."

"မသောက်ဘူး.."

အလင်းက ရေချိုင့်ကိုဆွဲယူပြီး ရေသောက်လိုက်၏။

"ကျွန်တော်အိပ်ရတော့မလား..မမ အလုပ်တွေ ပါလာသေးရင် ဝိုင်းကူမယ်လေ.."

"ရတယ်..နည်းနည်းပဲ ရှိတော့တာ၊ သွားအိပ်.."

"အိုခေ..ဂွတ်ဒ်နိုက်.."

ဘေဇင်မှာ သွားတိုက်တံထုတ်နေရင်း လှည့်မကြည့်ဘဲ နှုတ်ဆက်နေသေးသည်။ ဘယ်တုန်းက လက်ကြောတင်းအောင် ဝိုင်းကူခဲ့ဖူးလို့လဲ။ ဒီလိုပဲ အလင်းတို့ပါးစပ်လေးနဲ့ လုပ်စားနေကျ။ နောက်ကနေ ချစ်စနိုး လှမ်းကြည့်ရင်း အဆင်းပြုံးလိုက်မိသည်။

ဖေဖေမရှိတော့ကာမှ လိမ္မာနေတာကို ဝမ်းတော့သာသည်။ ဒါပေမယ့် စိုးရိမ်စိတ်က ရှိနေခဲ့၏။

အလင်းက အမြဲတမ်းဂျစ်ကန်ကန်ရယ်.. ။

## အခန်း(၈)

"အလင်း.."

ကားပေါ်မှဆင်းလိုက်တာနှင့် ဘော်ဒီရုံမန်နေဂျာက လက်ယပ်ခေါ်၏။ နောက်ခန်းထဲမှာဖြစ်သလို ပစ်ထည့်ထားသည့် ဂျင်းဂျက်ကက်ကို ငုံ့ယူပြီး ပြန်လှည့်ကြည့်လိုက်တော့ မန်နေဂျာဘေးမှာ ရှိနေသည့်သူတွေကို သတိထားကြည့်မိသည်။

အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်နှင့်အမျိုးသမီးကြီးတစ်ဦး.. ။

"လာကွာ..ဒီမှာလာထိုင်.."

မန်နေဂျာက အားလုံးနှင့်မျက်နှာချင်းဆိုင်ထိုင်ခိုင်းပြီးမှ မိတ်ဆက်ပေးသည်။

"သူတို့က ကျောက်မြောင်းကကွာ..လိုရင်းကတော့ အရေးပေါ်ဒရိုင်ဘာလိုချင်နေကြလို့၊ အဲ့ဒါ မင်း မောင်းမလား.."

"မမောင်းဘူး.."

မန်နေဂျာကိုထွန်းကလည်း လိုရင်းပဲမေးသည်။ အလင်းကလည်း ပြတ်သားစွာငြင်း၏။ သူ့တစ်ကိုယ် လုံးကိုပဲ မျက်စိမလွှဲတမ်း ကြည့်ရှုအကဲခတ်နေကြသည့် ဇနီးမောင်နှံ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မယုံနိုင်သလိုဖြစ်သွားကြ၏။ သူတို့သာမဟုတ်ဘဲ ကိုထွန်းကိုယ်တိုင် ပါးစပ်အဟောင်းသားဖြစ်သွားလျက်.. ။

"ဘာဖြစ်လို့လဲ..ငါကမင်းကို အာမခံပြီးထည့်ပေးလိုက်ဖို့ ဆုံးဖြတ်ထားတာ၊ အာမခံတဲ့လူက ခံပေးနေတာတောင်မှ မင်းက.."

"ကျွန်တော်က အိမ်မောင်းဒရိုင်ဘာလုပ်ဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး.."

"ဟင်.."

မျက်ခုံးထူထူမည်းမည်း၊ နှုတ်ခမ်းပါးရဲရဲများနှင့် မျက်နှာကျပုံက သွယ်ချင်ချင်၊ ရှိစိတ်သောမျက် တောင်တို့ကနက်ကာ မျက်ဝန်းတို့ကိုပေါ်လွင်အောင် ဘောင်ခတ်ပေးထားသလိုဖြစ်နေသည်။ ထို့ပြင် နှာတံပေါ်ပုံကလည်း ကော့ချွန်နေသည်မို့ ဘိုဆန်ဆန်ချောတာမျိုး ဖြစ်သည်။

ပြောရပါလျှင် မျက်ခုံးထူထူလေးတွေမှလွဲ၍ စိတ်ဓာတ်မာကျောမည့်ရုပ်ရည်မျိုး မဟုတ်တာကသေချာ နေသည်။ ပြောလာသည့် စကားကျတော့ ဘယ်မျက်နှာကိုမှမကြည့်၊ စကားလုံးမရွေး.. ။

"ပြောပါဦး..ငါ့တူက အိမ်မောင်းဒရိုင်ဘာမလုပ်ချင်ဘူးဆိုတော့ ကိုယ်ပိုင်ဝပ်ရှော့ရုံထောင်ချင်တာလား ..ဒါမှမဟုတ် စက်ရုံ ကုမ္ပဏီလုပ်ငန်းသုံးကားမျိုးတွေကို စိတ်ကူးရှိနေတာလား.."

သူမသိသောလူကြီးက တကယ်သိချင်လို့မေးသည့် မျက်နှာနှင့်မေးဆတ်သည်။ အလင်းကလည်း ခပ်တည်တည်ပြန်ကြည့်ကာ.. ။

"ကျွန်တော့်ရဲ့ကျွမ်းကျင်မှုကို တစ်ပါးသူကအာမခံပေးထားရတာကို မလိုချင်တာ..ပြီးတော့ တစ်ဦးတစ်ယောက်ချင်းက လက်ညှိုးထိုးခိုင်းတာကို ကျွန်တော်နာခံတတ်မှာ မဟုတ်တဲ့အတွက် အလုပ်ရှင်အလုပ်သမား အထာက အဆင်ပြေမှာမဟုတ်တာ သေချာတယ်.."

ပြောပြီး ကိုထွန်းကို ပြန်လှည့်ကြည့်လိုက်သည်။

"ကိုထွန်းပဲပြောတာလေ..ဘီးလေးဘီးပေါ်မှာ ထိုင်မောင်းရတာ လွယ်လွယ်လေးရယ်၊ အတွေ့အကြုံ နဲ့ ကျွမ်းကျင်မှုရဖို့က မလွယ်ဘူးဆို.."

ကထွန်းမျက်နှာကြီးနီကာ မကျေနပ်တာလည်း သိသာ၏။

ဒီကောင်လေး ဧည့်သည်တွေရှေ့ကျမှ တမင်တကာကတ်သတ်တာ၊ လပိုင်းလေးအတွင်းမှာပဲ ကားမောင်း၊ စက်ပြင်လုပ်ငန်းတွေမှာ စူးစိုက်လွန်းလို့ ရှေ့လူတွေကတောင် သူ့ကိုချီးမွမ်းကြရသည်။

"ဒီကောင်လေး နတ်မျက်စိပါနေသလားမသိဘူး..ဒါမှမဟုတ် အရင်ကနည်းနည်းပါးပါးသင်ခဲ့တတ်ခဲ့ လို့လား၊ ဘာလုပ်လုပ်ဖင်ပေ့ါတယ်..သေလည်း သေချာတယ်၊ အခု ကားမောင်းတတ်နေပြီ ကိုထွန်းရဲ..ရဲတင်းလို့လားမသိဘူး၊ တကယ့်ကားမောင်းသမားကြီး ကျနေတာပဲ.."

သူ့ကိုဒီလိုသတင်းကောင်းတွေ လာလာပို့ကြလို့ သင်ပါစေ။ ခိုင်းပါစေဟု အလင်းကို လာအပ်ပေးခဲ့သည့် တူဝမ်းကွဲဖြစ်သူကိုတောင် ပြောလိုက်မိပါသေးသည်။

"မင်းကောင် မဆိုးဘူးကွ.."လို့.. ။

ခုဆို အသေးအမွှားပြင်ဆင်တာတွေကို အလင်းနဲ့လွှဲလို့ ရနေခဲ့သည်။ ထို့ကြောင့် နောက်လကုန်လာတာ နှင့် လစာသတ်မှတ်ပေးတော့ဖို့လည်း ပြောပြီးသားဖြစ်၏။ ဒီကောင်လေးရိုးသားတယ် ကြိုးစားတယ်၊ တော်ပါတယ်လို့ သူ့မှာတော့အာပေါက်အောင် ပြောထားရသည်။

ခုတော့လုပ်ချလိုက်တာ ကောင်းသလား.. ။

ဧည့်သည်တွေပြန်သွားသည်နှင့် အလင်း၏ဘာမထီရုပ်ကို ကိုထွန်းက စေ့စေ့စပ်စပ်စိုက်ကြည့်သည်။

"ပြောပါဦးကွ..ငါမင်းကို တော်တော်စိတ်ဝင်စားနေပြီ၊ ဒီမှာကားမောင်း စက်ပြင်လာသင်နေတာ ဘယ်လို ရည်ရွယ်ချက်တွေနဲ့လဲ.."

အလင်းက ပြုံးလိုက်ပြီး ရှည်ရှည်ဝေးဝေးမဖြေပါ.. ။

"တတ်ချင်လို့.."

ဟုပြောပြီး ခုနက ဧည့်သည်တွေရှေ့မှာ ရှိနေခဲ့သည့်မျက်နှာမျိုးနှင့် ဘာမှမဆိုင်သောပွင့်လင်းဖော်ရွေသည့် အပြုံးနှင့် အသံထွက်ရယ်သည်။ ပြီးမှ မပွင့်တပွင့်စကားသံဖြင့်.. ။

“ရည်ရွယ်ချက်ဆိုတာ အော်ဟစ်ကြိမ်းဝါးနေလို့ ကောင်းတဲ့အရာမှ မဟုတ်တာ ကိုထွန်းရ..သိုသိပ်သိမ်းဆည်းနိုင်လေ ကျွန်တော့်ရဲ့လုံ့လဝီရိယတွေ အစိပ္ပါယ်ရှိလေပဲလို့ ကျွန်တော်ကယူဆထားတာ၊ မလိမ္မာတာရှိရင် ဆုံးမပါ..မနက်ဖြန် ဘာနေ့လို့မေးရင်လည်း ဖြေမယ်၊ ဆရာတွေကို စော်ကားတယ်လို့မထင်ဘူးဆိုရင် ကျွန်တော့်အနာဂတ်ကို ကျွန်တော့် ဘာသာ ဖန်တီးခွင့်ပြုပါ..”

လာသေးတယ်ကွာ ပြောပုံက..၊ လူကလက်တောက်လောက်နဲ့.. ၊

ကိုထွန်း မျက်နှာကြီး မအီမသာလွှဲသွားတော့ ဘေးကအလုပ်သမားတွေ ပြုံးစိစိဖြစ်ကုန်ကြ၏။

ကွယ်ရာကျတော့ ရယ်ကြလေသည်။

“ခွေးကောင်လေး..မင်းကို ကိုထွန်းကောင်းကောင်းထုပစ်လိုက်လိမ့်မယ်၊ သတိထား..” တဲ့.. ၊

အခန်း(၉)

“တီ..”

ခြံရှေ့က ကားဟွန်းသံကြောင့် ခေါင်းဖြီးတန်းလန်းနှင့် အလင်းအပြင်ထွက်လာပြီး တရုတ်ကပ်မှန်ချပ် ကို လှန်ကြည့်လိုက်သည်။ အနက်ရောင်မာစီဒီးကားက ဖိတ်ဖိတ်လက်နေ၏။ မှန်နက်ကာထားသဖြင့် အထဲက ဘယ်သူဆိုတာကို မမြင်ရပေ။ ထိုစဉ် သူ့နောက်ကနေ သနပ်ခါးနံ့လေး ဝေ့ခနဲဝင်လာ၏။

သူ့လိုပဲ မှန်ချပ်ကနေ လိုက်ငုံ့ကြည့်ကာ ရှေ့ကိုပြန်ထွက်ဖို့ ကိုယ်ကိုမတ်လိုက်လျှင်.. ၊

“မမ..”

အလင်းက နောက်လှည့်မကြည့်ဘဲ အဆင်းလက်ကောက်ဝတ်လေးကို ဖိဆွဲထားလိုက်၏။ ထို့နောက်မှ ဆတ်ခနဲ ကိုယ်ကိုမတ်လိုက်ကာ.. ၊

“ဘယ်သူလဲ..”

“ဦးဇင်လင်းအောင် ထင်တယ်..”

ဟုဖြေပြီး အိမ်ရှေ့ကိုထွက်ဖို့ လက်ကိုရုန်းသည်။ အလင်းက မလွှတ်ပေ.. ၊

“ဒီနေ့ ပိတ်ရက်မဟုတ်ဘူးလား..”

“သြော်..တခြားကိစ္စတစ်ခုခုရှိလို့ ဖြစ်မှာပေါ့အလင်းရယ်..ဖယ်စမ်းပါ..”

ပြောနေတုန်းမှာ ဟွန်းသံကနှစ်ချက် သုံးချက်မြည်သံပေးလာ၏။ အလင်း မျက်နှာတင်းသွားကာ.. ၊

"အလုပ်ကိစ္စမဟုတ်ဘဲနဲ့ တခြားဘာတစ်ခုခုဖြစ်နေနေ ဒီထိရောက်လာဖို့ မလိုပါဘူး..မမ မထွက်နဲ့၊ ကျွန်တော် သွားမယ်.."

"အလင်းရယ် ခက်တော့တာပဲ.."

အလင်းက အဆင်းပခုံးလေးကိုပါ အထဲတွန်းပစ်ခဲ့ပြီး ဘီးကိုင်လျက်နှင့် လှေကား သုံးထစ်ကို လွှားခနဲ ခုန်ဆင်းလိုက်၏။ ခြံဝနဲ့အိမ်က ဝါးတစ်ပြန်သာသာလေးပဲ ကွာတာမို့ ခြေလှမ်းကျဲတို့က ချက်ချင်းရောက် သွားသည်။

"ဟော..အလင်းပါလား၊ ဒီနေရာရောက်နေတာတောင် ကိုယ်မသိလိုက်ဘူး.."

မမ မပြောဘဲထားတာလားဟု ဖျတ်ခနဲတွေးမိကာ ရင်ထဲမှာခိုးလုခုလုဖြစ်သွား၏။ သူ ရောက်နေတာ သုံးလကျော်သွားပြီဖြစ်ကာ သေချာကြည့်လျှင် လေးလဘက်ကိုတောင် နီးနေပါ ပြီ။ ဒီလူကြီး သူ့အိမ်မှာမကပ်မိသည့် အချိန်တွေမှာ ခုလိုမကြာခဏလာဖူးသလား။ ဒါမှမဟုတ် ရန်ကုန်ကိုသူမရောက်ခင်ကတည်းက ဒီအိမ်မှာ ဝင်ထွက်နေခဲ့တာလား.. ၊

မျက်နှာကြီးတင်းနေသည့် အလင်းကို ဦးဇင်လင်းအောင်ကတော့ ဟိုတုန်းကလိုပဲ နား လည်စွာ ပြုံးပြ၏။ ဒီကောင်လေးဟာ အစ်မဖြစ်သူကို လိပ်ပြာနားတာတောင် မကြိုက်တတ်တဲ့ ကောင်လေးပဲ။ ခု ဒီမှာရောက် နေပြီဆိုတော့ နောက်အသွားအလာဆင်ခြင်ဖို့ထိ စိတ်ထဲမှာ ဆုံးဖြတ်ချက်တွေဖြစ်သွားသည်။ ဒါပေမယ့် လိုက်လှဲစွာပဲ ပြုံးပြဖြစ်ကာ.. ၊

"ညီလေး..အဆင်းရှိလား၊ မလတ် ခေါ်ခိုင်းလို့ပါ.."

အလင်းက အောက်မေးဖျားကို ခပ်ရွရွလှုပ်ခတ်ပြီး တံခါးမဖွင့်ဘဲ လက်ပိုက်ထား လိုက်၏။

"ဒီနေ့ ပိတ်ရက်မဟုတ်ဘူးလား.."

"ဟုတ်ပါတယ်..ဒါပေမယ့် မန်နေဂျာတွေနဲ့ကျတော့ ပိတ်ရက်ကျမှ ဆွေးနွေးကြရတာ တွေရှိတယ်၊ လိုအပ်လို့ ဖြစ်မှာပေါ့.."

"မမ မရှိဘူး.."

အလင်းက တုံးတိတိဖြေသည်။ ဦးဇင်လင်းအောင် မျက်လုံးတွေကအိမ်ဆီသို့ ဝေ့ခနဲရောက်၏။

"ခုမှ ရှစ်နာရီပဲရှိသေးတယ်..အပြင်ထွက်သွားတာလား.."

"မိုးမလင်းခင်က ထထွက်သွားတာဆိုရင်ရော မဖြစ်နိုင်ဘူးလား.."

အလင်းက မငြိုငြိုအောင် တမင်လိုက်ချိတ်နေတာနှင့်တူ၏။ ဦးဇင်လင်းအောင် မျက်နှာ မှာအံ့သြဟန်တစ်ချက်တော့ ဖြစ်သွားခဲ့ပြီး ခေါင်းညိတ်လိုက်၏။ ထို့နောက် အလင်းကို ပြုံးပြရင်း ဂီယာချိန်းလိုက်ကာ..၊

"ဆောရီး..ကိုယ်မေးတာမှားသွားတယ်၊ ဒါပေမယ့် ကိုယ်လာသွားတဲ့အကြောင်းတော့ သူ့ကိုပြောလိုက်ပါဦး..မလတ်က အရေးကြီးတယ်လို့ မှာလိုက်လို့လေ၊ ဒါမှမဟုတ်ရင်လည်း ဒီနားမှာဖုန်းဆက်လို့ရတဲ့နေရာ ရှိရင် မလတ်ဆီကို ဖုန်းဆက်မေးလို့ရတယ်၊ အရေးမကြီး လောက်ဘူးထင်တယ်ဆိုရင်လည်း မလာလို့ရပါတယ်.."

"ဒီနားမှာ ဖုန်းမရှိဘူး.."

ဦးဇင်လင်းအောင် ဟင်ခနဲဖြစ်သွားသည့် မျက်နှာနှင့် မျက်ခုံးနှစ်ဖက်ပင့်သွား၏။ ဒီတစ်ခါပြုံးပြဖို့မှာ ဘယ်လိုမှအားယူပြင်ဆင်လို့မရတော့ဘဲ မျက်ဝန်းထဲမှာ အေးခဲသွား၏။ တင်းတင်းစေ့ပြီးမှ မရမက ဆွဲပြုံးလိုက်ပေမယ့် မပီမပြင်.. ။

"အိုခေ..အိုခေ၊ ထားလိုက်တော့ရပြီ.. ကိုယ်သွားမယ်.."

ခြံရှေ့က လွန်အလာမှာ ဦးဇင်လင်းအောင်၏မျက်နှာကြီး နီရဲညိုမောင်ခြင်းသို့ ပြောင်းလဲသွားခဲ့လေသည်။ ကိုယ်လည်း ပုထုဇဉ်လူသားတစ်ယောက်ဖြစ်နေတော့ အဆုံးစွန်ထိ သည်းခံနိုင်ဖို့က ခက်သည်။ သူလည်း မသိတတ်နားမလည်သည့် ပီဘိကလေးငယ်လေးမဟုတ်သလို ကိုယ်ကလည်း ဥပေက္ခာနိုင်နင်းသည့် သူတော်စင် သူတော်မြတ်လောင်း မဟုတ်ပေ.. ။

မျက်လုံးထဲမှာ လိုတာထက်ပိုနေသော အလင်း၏ဒေါသတွေကို လက်နက်တွေလို မြင်ယောင်လာရင်း မိုးကုတ်မှာ ဟိုတစ်စ ဒီတစ်စပြောနေကြသည့် သတင်းတစ်ခုကို သတိရသွားခဲ့၏။

"လသဏ္ဍာန်အဆင်းနဲ့ နေသဏ္ဍာန်အလင်းက နာမည်တူမှည့်ပြီး အမွှာလိုလို မောင်နှမလိုလိုလုပ်ထား တာ..တကယ်က ဘာမှမတော်ဘူး"လို့ ပြောသူပြော.. ။

"နေသဏ္ဍာန်အလင်းက မွေးစားသား.."

"လသဏ္ဍာန်အဆင်းက မွေးစားသမီးဖြစ်မှာပါ..သားအရင်းမို့လို့ ဟိုကောင်လေးဆိုးချင်တိုင်း ဆိုးနေ တာကို သူတို့သည်းခံအလိုလိုက်နေကြတာပေါ့.. ကောင်မလေးကအကြီးသာ ဖြစ်တာ အဲ့ဒီကောင်လေးက အသေနိုင်တာ.."

စသဖြင့် ထင်ကြေးအမျိုးမျိုးနှင့် သတင်းစကားတွေလည်းရှိခဲ့သေးသည်။ ရုပ်ချောချောလေးတွေနှင့် ဖြူနွဲ့နွဲ့တွယ်တာကြသော ဒီမောင်နှမကို သူကတော့ အရင်းလို့ပဲမြင်ခဲ့တာပါ။ ဒါပေမယ့် ခုတော့ရင်ထဲမှာ တစ်စုံတစ်ရာ ထိရှလာခဲ့ပြီဖြစ်၏။ တကယ်လို့ မောင်နှမအရင်း မဟုတ်ခဲ့ဘူးဆိုရင်ရော အလင်းနဲ့အဆင်းတို့ ကိုယ်တိုင် ဒါကသိထားခဲ့ကြသလား၊ သို့တည်းမဟုတ်.. ။

လူတွေမဟုတ်တမ်းတရား လျှောက်ပြောနေကြတာ သက်သက်လား။ ရေရာတာ တစ်ခုမှဆွဲထုတ်မရခဲ့သော်လည်း အလိုလိုခံစားမိလာတာရှိသည်။ ဒါက.. ။

## အခန်း(၁၀)

ထမင်းချိုင့်ကိုဖြုတ်၍ တစ်ဆင့်ချင်းဖြန့်ချနေစဉ် အနားမှာလူရိပ်လာရပ်သဖြင့် အဆင်းမော့ကြည့်လိုက်မိ၏။

"ဩော်..ဦးဇင်လင်း.."

လူတိုင်းကတော့ သူ့ငွေးလို့ခေါ်ကြပေမယ့် တစ်ရပ်တစ်ရွာတည်းမှာ အတူနေခဲ့ဖူးကြ သောအခါက နူတ်ကျိုးနေခဲ့သည့်အတိုင်းပဲ ခေါ်ဖြစ်ခဲ့သည်။ ဒါကို ဦးဇင်လင်းအောင်က ကျေ ကျေနပ်နပ်ခွင့်ပြုခဲ့၏။

"ထမင်းစားတော့မလို့လား.."

"ဟုတ်ကဲ့.."

ဖြုတ်ချာထားသည့် ထမင်းချိုင့်ကိုငုံ့ကြည့်လိုက်တော့ ငါးကြော်နှပ်လေးတစ်တုံးနှင့် ပဲသီးကြော်လေး နည်းနည်းက အံငယ်လေးမှာ.. ၊

"ကိုယ်က မစားရသေးဘူး..အောက်ထပ် ဝန်ထမ်းဆိုင်မှာ ဆင်းစားပါလား၊ စကားစ မြည်ပြောရင်းပေါ့.."

ပြောမယ့်သာပြောရသည်။ အဆင်းက သူစကားမဆုံးခင် ခေါင်းခါလိုက်ပြီးဖြစ်နေ၏။

"အဆင်း ဒီမှာပဲစားတော့မယ် ဦးဇင်လင်း..အဲ့ဒီလို ဟိုတယ်လ်တွေ ဆိုင်တွေထဲမှာ ထိုင် စားရင် ဝတယ်လို့မထင်ဘူး.."

"သြော်.."

သူနားလည်သွားသည်။ လိုတိုင်းမရသည့်အခါ မရတာကိုဘဲ တသသတွေးမိရင်း ထိုအ ရာကတန်ဖိုး ကြီးနေတတ်၏။ အဆင်းနဲ့ပတ်သက်သမျှ ကာလတွေ မည်ရွေ့မည်မျှပြောင်းလဲ သွားခဲ့လဲ။ မျှော်လင့်ခြင်းတွေ ပို၍တိုးပွားရင့်သန်နေဆဲဖြစ်ခြင်းက ဤသို့သက်ရောက်နေခဲ့သ လား။

သူပင့်သက်ရှိုက်ခြင်းကို ခိုးချောင်ခိုးဝှက်ပြုမိလျက် အဆင်းနဲ့ထောင့်မှန်ကျဘက်ကို ရောက်အောင် ရှေ့ကခုံကိုဆွဲ၍ ထိုင်ချလိုက်သည်။

"ဒါဆိုလည်း ကိုယ်ဒီမှာပဲမှာလိုက်တော့မယ်..အဲ့ဒါတော့ ဖြစ်တယ်မဟုတ်လား ဟင်.."

"သြော်..ဟုတ်ကဲ့ ဖြစ်ပါတယ်၊ စားပွဲကအကျယ်ကြီးပဲဟာ.."

'စားပွဲကျယ်လို့ မဟုတ်ဘူး..ကိုယ်နေရာယူချင်တာက မင်းရင်ထဲမှာ' ဟု ပြောလိုက် ချင်သည်။ ဒါပေမယ့် မပြောဖြစ်ဘဲ ခပ်ထွေ့ထွေ့အပြုံးနဲ့ပဲ အဆုံးသတ်ကာ.. ၊

"ကျေးဇူးပဲ.."

ဟု ရိုးသားစွာ ဟန်ဆောင်ပြော၍.. ။

အခန်း(၁၁)

"မောင်လေးက အဆင်းကိုသိပ်ချစ်တာ..အခု ဖေဖေမရှိတဲ့အချိန်မှာဆိုတော့ မောင်နှမ

နှစ်ယောက် ပိပြီး တွယ်တာကြတယ်..မောင်လေးဘက်က ပြောမှားဆိုမှားဖြစ်သွားတာတွေ ရှိရင် သူ့ကိုယ်စား အဆင်းတောင်းပန်ပါတယ်မမ.."

ဒေါ်ဖြူဖြူဇင်က ပြုံးလိုက်သည်။ မေးလိုက်တာက ဒီအဖြေကိုလိုချင်တာတော့ မဟုတ်ပေ။ ဒါပဲပြော လာမှာကို သိသောကြောင့်စကားထဲက တရားရှာဖို့ပါ။ ဒါပေမယ့် မောင်ဖြစ်သူ ပြောသလို အဆင်းကအလင်း ပေါ်မှာ အရင်းအချာမဟုတ်သော ခွဲခြားမှုမျိုးနှင့် ဆက်ဆံနေပုံမျိုး လုံးဝရှိမနေပေ။

ဒါမှမဟုတ် သူ့ဘက်ကအကဲခတ်မလွယ် ဖြစ်နေခဲ့တာလား။ သူများရဲ့ ကိုယ်ရေးကိုယ်တာ မိသားစု အတွင်းရေးဆိုတာကလည်း ဘယ်လောက်ပဲရင်းနှီးပါစေ ဒီထိစပ်စုပါဝင်ဖို့ မသင့်တာကို စိတကဆင်ခြင်မိနေ ၏။ ပတ်ဝန်းကျင်က ဘာသတင်းအစအနမှ မရှိဘဲ ဒီအသံထွက်လာမှာတော့ မဟုတ်ပေ။ ဆေးစက်ကျလို့သာ အစွန်းအထင်းဆိုတာ ရှိလာခဲ့ခြင်းဖြစ်၏။

ပြန့်ကားခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းဆိုတာကတော့ လူ့ပတ်ဝန်းကျင်ရဲ့သဘာဝ လှိုင်းဂယက်တွေပဲဖြစ်သည်။ အဆင်းကိုငေးကြည့်နေရင်း အလင်းနှင့်အဆင်းမောင်နှမ အရင်းဟုတ်၏ မဟုတ်၏ဆိုသော ပြဿနာကို လှည့်ပတ်ရှာဖွေကြည့်မိသော်လည်း ထွက်လာသည့်အဖြေက ဖြစ်နိုင်ခြင်းမဖြစ်နိုင်ခြင်း နှစ်မျိုးစလုံးပဲဖြစ်နေ၏။

"မမပြောစရာရှိသေးလား မသိဘူး..အဆင်း သွားလို့ရပြီလားဟင်.."

"သြော်..အင်း၊ ပြောစရာအထူးတော့မရှိပါဘူး..မနေက မင်းမလာတော့ မလတ်ရဲ့ပီအေနဲ့ပဲ လယ်ဂျာတွေ အကုန်လုံးထည့်ပိတ်ခိုင်းလိုက်ရတယ်လေ..တစ်နေကုန်ပေါ်မလာတော့ ဘာများဖြစ်လဲလို့ သိချင်လို့ပါ၊ တော်ကြာ အဲ့ဒီလယ်ဂျာတွေအကုန်လုံး ပို့ခိုင်းလိုက်မယ်လေ..မင်း ပြန်စစ်လိုက်ပါဦး.."

"ဟုတ်ကဲ့..မမ.."

အဆင်းရုံးခန်းထဲကနေ ထွက်လာခဲ့ရင်း အပြင်ရောက်ကမှ ခြေလှမ်းတွေနှေးကျသွားခဲ့၏။ ဒေါ်ဖြူဖြူဇင်က အနေတည်သည်။ ပြောတာဆိုတာ သေသပ်၏။ တစ်ဖက်သား၏နားထဲကို သံဆူးတစ်ချောင်းလို စူးဆောင့်ဝင်သွားနိုင်သည့် စကားတစ်ခွန်းကို ဝတ်မှုန်ညှာတံလေးဖြစ်အောင် သွတ်သွင်းပုံဖော်၍ ပစ်ခွင်းနိုင်စွမ်းလည်း ရှိသည်။

"မောင်လေးကတော့ အိမ်ထဲမှာမင်းရှိနေတယ်လို့ပဲထင်ပုံရတယ်..မနက်ပိုင်းအကြောင်းရှိလို့ဆိုရင် တောင် နေ့လယ်ပိုင်းဖြစ်ဖြစ်တော့ ရောက်လာမှာပဲလို့ တို့လဲထင်တာပဲ၊ အဟွန်း..လင်းကတောင် အာမတွေ ခံနေသေးတယ်၊ အဆင်းရောက်လာမှာပါတဲ့..အလုပ်မပြီးရင်တောင် နောက်ကျခံပြီး ပြီးအောင်လုပ်သွားတတ်တာ၊ အလုပ်ရှိလို့ခေါ်တာကို မလာဘဲနေပါ့မလားတဲ့..ငါ့ညီမက ဖုန်းတောင်မဆက်တော့.."

ပြုံး၍ စူးစိုက်ကြည့်သည့် မျက်ဝန်းတွေထဲမှာ သူမဟာအလုပ်ကြိုးစားသယောင်ပြပြီး ရှေ့မှာတစ်မျိုး ကွယ်ရာတစ်မျိုး နေသလိုလို၊ ပြီးတော့ ပြောသေးသည်။

"မင်းရဲ့မောင်လေးက ဆယ်တန်းဖြေထားတာဆတော့ လူပျိုပေါက်ပေါ့..မောင်လေး ပြန်ပြောပြတော့ တို့က အရွယ်မရောက်သေးတဲ့ ချာတိတ်ပေါက်စလို့ ထင်တာ၊ အိမ်မှာဆို ကိုဇင်က အငယ်ဆုံးလေ..သူကအရမ်း ဆိုးခဲ့တာ၊ သည်းခံတဲ့ဘက်မှာ ဘယ်တော့မှနေတဲ့သူ

မဟုတ်ဘူး..ခုတော့ အပြုံးမပျက်ပြန်လာတယ်လေ၊ လူမုန်းသိတတ်တဲ့အရွယ်လေးမို့လို့ သူခွင့်လွှတ်လာခဲ့တယ်လို့ ထင်တာပေါ့.."

ပြုံးနေသည့်နှုတ်ခမ်းလွှာများမှ သံမှုန်သံစတို့နှင့် လွင့်ပျံထွက်လာခဲ့၏။ ခုခံတိုက်ဖျက်ဖို့ဟာ လက်နက်များက ကိုယ်ထံသို့တည့်တည့်လာတာမဟုတ်ဘဲ ဖြစ်နေပြန်၏။ ဒီလောက်ရိုင်းတဲ့ လူငယ်တစ်ယောက် ဟာ အသိစိတ်ဓာတ် မပြည့်ဝခြင်းသာဖြစ်သည်ဟု သက်ရောက်စေခဲ့သော စကားများကို အဆင်းကာကွယ်ဖို့ အင်အားမဲ့နေခဲ့၏။

ထို့ပြင် ဒီဘက်က ဘယ်လိုရိုင်းရိုင်း သူ့မောင်ကတော့အပြုံးမပျက်ဘဲ သည်းခံခဲ့ပါသည်ဟု တွင်တွင်ထည့်ပြောနေတာ ဘာရည်ရွယ်ချက်လဲ.. ၊

ကိုယ့်စားပွဲမှာ ပြန်ထိုင်လိုက်မိတဲ့အထိ ရှက်ရွံ့သိမ်ငယ်ခြင်းများကြောင့် တစကိုယ်လုံးမှာ ပူထူနေဆဲ ဖြစ်နေခဲ့၏။ မလတ်က အလုပ်ရှိလို့တကယ်ခေါ်ခိုင်းခဲ့တာဖြစ်သည်။ သူမလည်း တကယ်ရှိနေပါလျက်နှင့် တစ်နေကုန်မသွားဘဲနေခဲ့၏။ ဘာဖြစ်လို့မသွားခဲ့တာလဲဟု ပြန်ကြည့်လိုက်တော့.. ၊

"မမ မသွားနဲ့နော်..အဲ့ဒါ လုံးဝအဓိပ္ပါယ်မရှိဘူး၊ နောက်ပြီး အိမ်ရှေ့မှာဒီလိကားကြီးတွေလာလာရပ်တာ ကျွန်တော်မကြိုက်ဘူး..မမနဲ့သူဌေးကို လူတွေတစ်ခုခုအမြင်စောင်းလာရင် ဘယ်လိုလုပ်ရှင်းမလဲ၊ ပတ်ဝန်းကျင်ဆိုတာ ကိုယ့်ကိုလက်တို့ပြီး လာမေးတာမဟုတ်ဘူး.. ကွယ်ရာမှာထင်သလို မြင်သလိုစွတ်ပြောနေမှာ.."

သူကပဲ ကိုယ့်ရဲ့အုပ်ထိန်းသူလိုလို ပြောတာကလည်းပြန်ပြေး ဇွတ်တိုးငြင်းဖို့ ခက်နေသည်။ မလတ် ခေါ်သလားဟု ဖုန်းဆက်မေးဖို့ကျတော့ ဦးဇင်လင်းအောင်၏ဂုဏ်သိက္ခာကို ထိခိုက်နိုင်သည်မို့မဆက်ဖြစ်။ အားလုံးသည် ကိုယ့်ဘက်ကလွန်ခဲ့တာချည်းပဲမို့ စိတ်နှင့်ရော၍ လူတစ်ကိုယ်လုံးထိုင်းမှိုင်းသွားခဲ့လေသည်။

ပို၍စိတ်ပျက်မိတာက အလင်းကိုဖြစ်၏။ ဒီကောင်လေးနဲ့ ခက်ပါသည်။

"မမကို ဘယ်ကောင်ကြည့်တာမှ အလင်းမကြိုက်ဘူး.."

ဟုစ၍ပြောတာတုန်းက မှတ်မှတ်ရရ အလင်းကိုးတန်းတက်စမှာပဲ ဖြစ်သည်။ သူငယ်ချင်းအိမ်မှာ စာကျက်ဝိုင်းလုပ်ပြီး စာသွားကျက်သည်။ အပြန်နောက်ကျနေသဖြင့် ဖေဖေနဲ့အဆင်း သူ့နောက်လိုက်သွားခဲ့ကြ သည်။ နောက‌နေ့ကစပြီး ထိုအိမ်ကိုစာသွားမကျက်တော့ဘူးလို့ ဖြစ်လာ၏။

"ဘာဖြစ်လို့လဲ..အဲ့ဒီဆရာမက စာအရှင်းကောင်းတာနာမည်ကြီးရယ်၊ မင်းအတွက် ဆယ်တန်းအခြေခံ ကောင်းသွားမှာ.."

"ကောင်းကောင်းမကောင်းကောင်း မသွားဘူး.."

"ဘာဖြစ်လို့လဲကွ.."

ဦးထက်ခိုင်က ဝင်မေးသည်။ မှုန်ကုပ်ကုပ် စူပွပွနှင့်ဘာမှမဖြေ။ နောက်ကျမှ သိလိုက်ရတာက အဲ့ဒီအိမ်က သဘော်သားဆိုသည့်လူက အဆင်းကိုမြင်ပြီး စပ်စုမေးမြန်းနေလို့တဲ့.. ၊

"သြော်ကွာ..ခုမှမြင်ဖူးလို့ မောင်နှမလား ဘာလားမေးတာပါ၊ အဲ့ဒါ ဘာဖြစ်သွားနိုင်လို့

လဲ..”

“ရိုးရိုးမေးတာမဟုတ်လို့ပေါ့..ဖေဖေမသိပါဘူးဗျာ၊ အဒီလူက တကယ့်ငပွေ.. မိန်းကလေးတစ်ယောက်ကို မြင်လိုက်တာနဲ့ မီးခိုးအူတဲ့လူ..”

ဖြစ်ရလေဆိုသည့် မျက်လုံးကြီးနှင့် ဦးထက်ခိုင်သက်ပြင်းချ၏။

“အေး..ကောင်းတယ်၊ မင်းအစ်မကို သေတ္တာထဲထည့်ပိတ်ပြီး သော့ပါခတ်ထားလိုက်တော့..”

“မမကလဲ..အလင်း ပြောတာကို နားထောင်လို့လား၊ နောက်မလိုက်နဲ့ဗျာ..အလင်းဘာသာ ဘယ်ရောက်နေနေ ယောကျ်ားလေး..ဘာမှမဖြစ်ဘူး..”

သူပဲဒေါသကြီး၊ သူပဲသောင်းကျန်း၏။ ဦးဇင်လင်းအောင်ကျတော့ ဖေဖေကိုယ်တိုင်က အထိမခံသဖြင့် စေ့စပ်နားဖောက်ကြသည်အထိ ဖြစ်ခဲ့သေးသည်။ ဒါပေမယ့်အလင်းကြောင့်ပဲ ဒီပွဲမဖြစ်ခဲ့ပါ။

“မမယူလေ..အဲ့ဒီလူကြီး ဒီအိမ်ပေါ်ရောက်တာနဲ့ ကျွန်တော်လစ်ပြီပဲ..”

“မင်းလစ်ဖို့မလိုပါဘူး..ဟိုက ချမ်းသာလိုက်တာမှ ထားစရာတောင်မရှိဘူး၊ မင်းအစ်မကပဲ သူ့နောက်လိုက်သွားရမှာ..”

“သွားပေါ့..မမ မရှိတော့ရင် ကျွန်တော်လည်းမနေဘူး၊ တစ်ခါတည်းပြောထားတာ..”

ဖေဖေကိုယ်တိုင် ဒီကောင်လေးတော်တော်ဆိုးနေပြီဟု ညည်းတွားရင်းနဲ့ပဲ လက်လျှော့သားခဲ့သည်။ အဲ့ဒီတုန်းကတော့ မောင်လေးကိုပဲ အဆင်းကျေးဇူးတင်နေမိသည်။ ဖေဖေမျက်နှာပူတာ၊ မျက်နှာပျက်ရတာ တွေကိုလည်း စာနာတတ်ဖို့ စိတ်မကူးပေ။ ခုလိုဆို ကိုယ်တိုင်ဦးဆောင်လာရပြီဆိုတော့မှ လူမှုရေးနယ်ပယ်မှာ မိမိဆန္ဒအတိုင်း လွတ်လပ်စွာ ဆုံးဖြတ်နေထိုင်ဖို့ မလွယ်မှန်းနားလည်လာခဲ့၏။

မချစ်သော်လည်း အောင့်ကာနမ်းဆိုတာတွေကို အလင်းနားမလည်ဘူးလား၊ နောက်နောင်များမှာ အလင်းကို နေရာတကာအလျှော့ပေးထားလို့ မရတော့ဘူးဆိုတာလည်း သတိချပ်ဖွယ်ဖြစ်လာ၏။

“ဘာတွေစဉ်းစားနေတာလဲ..အဆင်း..”

စိတ်လွတ်ကိုယ်လွတ်ငိုင်နေတုန်းမို့ အဆင်းဆတ်ခနဲဖြစ်သွားသည်။

“ဆောရီး..”

ကပျာကယာတောင်းပန်၍ ဦးဇင်လင်းအောင် တော်တော်အားနာသွားပုံလည်းရှိကာ.. ၊

“အဆင်း တကယ်လန့်သွားတာပဲ..ဆောရီးကွာ အဲ့လောက်တွေးနေမှန်း မသိလို့ပါ..”

လှိုက်လှဲစွာတောင်းပန်ရင်း ခုံဆွဲထိုင်လိုက်၏။

“ဘာမှမလုပ်ရသေးဘူးမဟုတ်လား..ဒီမှာအားလုံးထားခဲ့ပြီး ပစ္စည်းကြိုတဲ့ကားတွေနောက်ကိုလိုက်ပြီး ကြပ်မတ်ဖို့ ကိုယ်နဲ့လိုက်ခဲ့ပေးမလား..”

“ရှင်..”

“ကမ်းနားခဏဆင်းရမယ်..မန်နေဂျာလည်း မလာဘူးလေ၊ မမဇင်ကို ကိုယ်ပြောခဲ့ပြီးပြီ..လုပ်စရာရှိတာ ပြန်လာမှ လုပ်လို့ပြောလိုက်တဲ့..”

တစ်ခုခုတောင်းဆိုပြီဆို မမဇင်ကဟုခေါင်းစဉ်တပ်သည်။ တစ်ခါတလေ မလတ်ကလို့ ပြောပြီးခေါ်၏။ ဒီတိုင်းဆို အဆင်းက ထိုင်ပြီးတာနှင့် ဘယ်မှထသွားတတ်သူ မဟုတ်ပေ.. ။

"ဘယ်နှယ့်လဲ.."

နာရီကြည့်၍ ထပ်မေးတော့မှ အဆင်းကခေါင်းညိတ်သည်။

"ဟုတ်ကဲ့..လိုက်ခဲ့ပါ့မယ်.."

ဦးဇင်လင်းအောင် မျက်နှာကပြုံးကြည်သွားလျက် မျက်ဝန်းတို့သည် အဆင်း၏လုပ သော ဆံနွယ်ပျော့ပျော့လေးတွေထက်မှာ ဝေ့ဝဲနေခဲ့၏။

တကယ်မြတ်နိုးနေမိတဲ့အကြောင်းတွေ ပြောချင်လို့ သူ.. ။

အခန်း(၁၂)

"သွားကြည့်နေဖို့မှ မလိုတာကွာ..ဒီမှာပဲထိုင်နေပါ.."

အလုပ်ဆို အလုပ်ပဲလုပ်နေချင်သည်။ အထူးသဖြင့် ဦးဇင်လင်းဘေးမှာ အတူတူရှိမနေ ချင်ပေ။ ဟိုတုန်း က ကမ်းလှမ်းထားသည့်ကိစ္စ အစပြန်ဖော်လာမှာ စိုးသည်။ ခုချိန်မှာဆို ကိုယ်ကသူ့လက်အောက်က အလုပ်သမားဖြစ်နေပြီမို့ ငြင်းဖို့ခက်လိမ့်မည်။ ထို့ကြောင့် ဒီလို အခြေအနေမျိုး ရောက်မလာအောင် ရှောင်လွှဲနေခဲ့တာ မရပါလား.. ။

"အဆင်း.."

"ရှင်.."

စားပွဲတစ်ခုလုံးမှာ မျက်နှာချင်းဆိုင်ထိုင်နေကြသော်လည်း အဆင်းကကမ်းနားဘက်ကို လှည့်နေသည်မို့ ဦးဇင်လင်းအောင်ကို ဘေးစောင်းငဲ့ကြည့်ရ၏။

"တစ်ခုခုစားလေ.."

"ဟင့်အင်း.ထမင်းစားချိန်နီးနေကာမှ ထမင်းစားပျက်မှာစိုးလို့.."

"ထမင်းစားချိန်အမီ မပြန်နိုင်ရင်ဘယ်လိုလုပ်မလဲ..ခုချိန်ထိ ကိုယ်စားလှယ်ရောက်မလာ သေးဘူးလေ.."

အဆင်းမျက်နှာလေးညိုသွားတာကို ကြည့်ပြီး ဦးဇင်လင်းအောင်က သူ့ပဲစားစရာတွေမှာ သည်။ ပြီးမှ စိတ်နဲ့လူကပ်ပုံမရှိသည့် အဆင်းကိုခပ်စူးစူးကြည့်ကာ.. ။

"အဆင်း ကိုယ့်ဘက်ကို နည်းနည်းလောက်လှည့်ထိုင်ပါလား.."

"ဟင်..ဩော်.."

သူကပေါ်တင်ပြောတော့မှပဲ အဆင်းအားနာပြုံးလေးနှင့် ခေါင်းညိတ်၏။

"တစ်မျိုးမထင်ပါနဲ့ဦးဇင်လင်းရယ်..ကိုယ့်စားပွဲမှာလည်း အလုပ်ကြွေးတင်ကျန်ခဲ့ တယ်လေ၊ ဒီမှာလိုက် ရတာလည်း ဒါပထမဆုံးအတွေ့အကြုံဆိုတော့ နောက်ကိုစိတ်ပူ.. ရှေ့ကို စိတ်မချနဲ့ ဘယ်လိုကြီးဖြစ်နေမှန်း မသိတော့ဘူး.."

"ဘာမှကိုပူစရာမလိုအောင် အဆင်ပြေဆုံးတစ်ခုကို ရွေးထုတ်ဆုံးဖြတ်လိုက်ပါလား အဆင်းရယ်..ကိုယ် ထင်ပါတယ်၊ ကိုယ်မင်းကို ဒစကားလေးပြန်စခွင့်ရဖို့ တော်တော်ကြိုးစားနေခဲ့ရတယ်..ကိုယ်ထင်ပါတယ်၊ မင်းကလည်း ကိုယ်ပြောလာမှစိုးလို့ ရှောင်ဖယ်နေခဲ့တာ မဟုတ်လား.."

အဆင်း ဖျတ်ခနဲမျက်လွှာပင့်ကြည့်သည်။ မဟုတ်ဘူးလို့ ဟန်ဆောင်ကာကွယ် ပြောဖို့ပေမယ့် စိတ်မပါတော့ဘဲ ဝန်ခံသလိုပဲ မျက်နှာလေးပြန်လွှဲနေလိက်မိ၏။ ဦးဇင်လင်းအောင်၏နှုတ်ဖျားမှ မချိတရိအပြုံးလေး တစ်ချက်တင်၏။ ဒီလိုပဲရှိမယ်ဆိုတာ သူတွက်ပြီးသားပါ.. ၊

အသက်အရွယ်က ကွာလွန်းနေသည့်အပြင် လသဏ္ဍာန်အဆင်းဆိုသည့် မိန်းကလေးဟာ ရွှေရည်ရွှေသားကဲ့သို့ ဝင်းစက်နေသည့် ပွင့်ဖက်လွှာလေးတွေလို နူးညံ့၏။ ဆံဖျားမှ ခြေဖျားထိ အပြစ်ဆို၍ မြူတစ်မှုန်စာပင်မရှိအောင် သိမ်မွေ့ချောမောနေပြန်သည်။

"ကျုပ်က ကဗျာသမားမဟုတ်ဘူးဗျ.. ကဗျာမဆန်တတ်ဘဲနဲ့ ဒီလိုကဗျာဆန်တဲ့ နာမည်လေးကိုရတာ ကျုပ်တော်လို့မဟုတ်ဘူး၊ ဒီနာမည်ကိုက ကျုပ်သမီးအတွက်ဖြစ်လာခဲ့တာ.. ကြည့်ပါလား ကျုပ်သမီး ဘယ်လောက်အေးချမ်းလိုက်သလဲ၊ ဘယ်ရှုထောင့်ကကြည့်ကြည့် မလှတဲ့ နေရာမရှိဘူး.."

ဦးထက်ခိုင်က တည်တည်ကြည်ကြည်နေတတ်တာ မှန်သည်။ ဒါပေမယ့် အပေါင်းအသင်းနှင့်တွေ့၍ ဝိုင်းမိပြီဆို အသောက်အစားလေးပါမည်။ စကားတွေဖောင်သာဝေအောင် ပြောမည်။ ထိုစကားထဲမှာ သူ့သား သူ့သမီးသာ အချောဆုံး၊ အကောင်းဆုံး.. ၊

ဦးထက်ခိုင်နဲ့ဦးဇင်လင်းတို့ ခင်ခင်မင်မင်ဖြစ်ကြတာလည်း အလုပ်သဘောတွေ ဘာမှ မပါပေ။ ဒီလူကြီး ကြွားလွန်းတယ်ဟုထင်ပြီး လသဏ္ဍာန်အဆင်းဆိုသည့် မိန်းကလေးကို သူကိုယ်တိုင်စိတ်ဝင်စားမိလို့ လိုက်ကြည့်မိခဲ့တာဖြစ်၏။

စွဲလမ်းခြင်းသည် သိဝိမင်းကြီး၏ ရူးသွပ်ခြင်းနှင့်ထပ်တူညီနိုင်မလားမသိ။ နုသစ်ချောမောလွန်းလှသည့် မိန်းမလှလေးကို တစ်ခါတည်းကောက်ပြီး ကိုယ့်အိတ်ထဲထည့်ထား လိုက်ချင်အောင် နှလုံးသားထဲမှာ ဖျတ်ဖျတ်လူးသွား၏။ ထို့ကြောင့် ဦးထက်ခိုင်ကို ရင်းနှီးဖို့ကြိုးစားခဲ့သည်။ မဟားတရားကြံစည်တာတွေ မရှိသော်လည်း လိုသမျှငွေ၊ အကူအညီ ဘာဖြစ်ဖြစ်ပံ့အော ချပေးခဲ့တာတွေက ငါးစာချသလိုဖြစ်ခဲ့တာရှိ၏။

ဒါပေမယ့် သူ့သားငယ်ကလုံးဝလက်မခံလို့ပါဟု ဖြောင့်ဖွင့်ပြောပြီး ဦးထက်ခိုင်ကငြင်းခဲ့သည့် နောက်ပိုင်းမှာ တကယ်စိတ်ဓာတ်ကျခဲ့သည်။ တစ်အိမ်လုံးမှာ အလင်းဆိုသည့်ကောင်လေးသာ ဆုံးဖြတ်ခွင့်ရှိခဲ့တာလားဟု တွေးပြီး အလိုမကျပေမယ့် ကြွေးတွေနဲ့လည်ပင်းညှစ်ပြီး ချစ်တီးသိမ်းသလို သိမ်းဖို့ထိတော့ သူဘယ်တော့မှ စိတ်မကူးပါ.. ၊

ဘယ်လိုမှမထင်မှတ်သော အခြေအနေတွေက ကိုယ်ဘက်ရောက်အောင် ပြန်တွန်းပို့

လိုက်၍သာ သူ့ခုလို ထပ်မံကြိုးစားခွင့် ရခဲ့ခြင်းဖြစ်သည်။ အထင်မြင်သေးလို့တော့ မဟုတ်ပေမယ့် အားနွဲ့သည့်မိန်းမသား တစ်ယောက်အနေဖြင့် ခုချိန်မျိုးမှာ အရိပ်အမိုးတစ်ခုတော့ လိုအပ်နေတာ အမှန်ပဲဖြစ်သည်။

ထိုအရိပ်ဟာ သူ့အရိပ်ပဲဖြစ်ချင်မိ၏။ ဒီတစ်ခါ အလင်းကသဘောမတူလို့ပါဟု ပြောမလာဖို့သာ ဆုတောင်းရတော့မည်။

"အဟမ်း.."

မိန်းမငယ်လေးတစ်ယောက်ကို လက်ထပ်ခွင့်တောင်းဖို့အတွက် ကိုယ့်အသက်အရွယ်နှင့်ဆိုတော့ ရှက်သလိုလို အားငယ်သလိုလို။ လည်ချောင်းတွေချက်ချင်းကြီး ခြောက်သွေ့သွားသည်။ ပြည့်သိပ်ဖွဲ့တည်နေပြီး သော စကားတွေလည်း ဘယ်ချောင်ဘယ်ကြားသို့ ပြေးပျောက်ကုန်ကြမှန်းမသိ.. ၊

နောက်ထပ်တစ်ခါ ချောင်းဟန့်လိုက်ပြီးမှ.. ၊

"ဒီလိုပါ..ဟိုတုန်းက ကိုယ်ကမင်းရဲ့အဖေဆီမှာ ကမ်းလှမ်းခဲ့တယ်လေ၊ ခုကျတော့လည်း ကိုယ်ရဲ့ဝန်ထမ်း မင်းကဖြစ်နေတယ်..ဒါကြောင့် ပြောဖို့စကားတွေရှိပေမယ့် တလွဲထင်စရာတွေဖြစ်မှာစိုးလို့ မျိုသိပ်နေရတာ၊ မင်းနဲ့မင်းရဲ့မောင်လေးအတွက် ဘဝတစ်လျှောက်လုံးကို ကိုယ်တာဝန်ယူပါရစေ..ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ.."

အဆင်းက လှည့်ကြည့်လိုက်တော့ ဦးဇင်လင်းကလက်ကာပြကာ.. ၊

"ခေါင်းခါမလို့လား..ချက်ချင်းတော့ မလုပ်ပါနဲ့ကွာ၊ စဉ်းစားကြည့်ပါဦး..မင်းထက်ကိုယ်အသက်ကြီးတာမှန်တယ်..ဒါပေမယ့် မင်းကျေနပ်ကြည်ဖြူမှာ မဟုတ်ဘူးလို့လည်း ကိုယ်တွေးထားပါတယ်၊ နောက်ဆုံးကွာ ရွေးချယ်သင့်တဲ့ အိမ်ထောင်ဘက်အဖြစ်ပဲ လက်ခံပေးပေး..မင်းရဲ့ကိုယ် ဖြစ်ခွင့်ရချင်တယ်.."

"စဉ်းစားမယ်ဆိုရင် ဦးဇော်လင်းကို အဆင်းက မျှော်လင့်ချက်တွေပေးပြီး ကြိုးရှည်ရှည်နဲ့ လှန်ထားသလို ဖြစ်မှာပေါ့..အဲ ကန်တော့နော်.."

ပြောပြီးမှ ကိုယ့်ရဲ့ခိုင်းနှိုင်းပုံကို ပြန်တွေးမိပြီးအဆင်းပြန်တောင်းပန်ရသည။ ဦးဇင်လင်းက ခွင့်လွှတ်သည့် အပြုံးယှဲ့ယှဲ့နှင့် ခေါင်းညိတ်ပြ၏။

"အဆင်းလေ အိမ်ထောင်ပြုတာကို အားကိုးသလိုကြီးတော့ မလုပ်ချင်ဘူး..ပြီးတော့ ဦးဇင်လင်းဆီက ဖေဖေတင်ထားတဲ့အကြွေး.."

"ဟာ..မဟုတ်ဘူး မဟုတ်ဘူး၊ အဲ့ဒါတွေ လုံးဝထည့်မပြောနဲ့..ကိုယ်ဒါတွေကြောင့်တော်တော်စရခက်နေခဲ့တာ၊ ဦးခိုင်နဲ့ကိုယ်တို့ချင်း အလုပ်လုပ်ခဲ့ကြတာက သပ်သပ်..မင်းနဲ့ ဘာမှမဆိုင်ဘူး.."

"ဒါပေမယ့်.."

"မဆိုင်ပါဘူးဆိုမှကွာ..ဒီငွေကိစ္စတွေနဲ့ ကိုယ်ကချည်တုပ်ပြီး ပြောနေတယ်ထင်လို့လား အဆင်း.."

"ဟုတ်သည်ဖြစ်စေ..မဟုတ်သည်ဖြစ်စေ အဆင်းရဲ့ဖေဖေ တင်ခဲ့တဲ့ကြွေးဟာ အဆင်းပဲ.."

"ရပါပြီ..အဲ့ဒါတွေမပြောနဲ့တော့၊ ကိုယ်လည်း ကိုယ့်စကားကိုပြန်ရုတ်သိမ်းပါတယ်.."

ဦးဇင်လင်းမျက်နှာနီးမြန်းမြန်းနှင့် ငုံ့ကျသွားသည်။ စားပွဲပေါ်ရောက်နေပြီဖြစ်သည့် စားသောက်စရာတွေကို စိတ်ဝင်စားလို့မဟုတ်ဘဲ ဟိုတွန်းဒီရွှေ့နှင့် ဘာမှလည်းဆက်မပြောတော့ပေ။ ကိုယ့်စကားမှားသွားပြီမှန်းသိကာ အဆင်းဘယ်လိုဖြေရမှန်းမသိ.. ၊

ပါးရိုးတစ်ဖက်ပေါ်မှာ နွဲ့အိကျနေသည့် ဆံနွယ်တွေကို နားရွက်နောက်ကနေ ထိုးသိပ်ထည့်လိုက်မိရင်း..၊

"အဆင်းအတွက် အဲ့ဒီကိစ္စက မေ့ပျောက်မရခဲ့တာ အစကတည်းကပါ..ခုလို ဦးဇင်လင်းပြောလာသည် ဖြစ်စေ မပြောဘူးဖြစ်စေ၊ ဖေဖေနောက်ဆံမတင်းရအောင် ဖေဖေ့ရဲ့ကြွေးမြီအားလုံးကို ကိုယ့်စွမ်းရှိသရွေ့ ရှင်းပေးသွားချင်တယ်..အဲ့ဒီကြွေးတွေထဲမှာ ဦးဇင်လင်းတစ်ယောက်တည်းမှ မဟုတ်တာ.."

ဦးဇင်လင်းမျက်ဝန်းတွေ သူမထံသို့ ပြန်ရောက်လာသည်။

"ဖေဖေက အသက်လည်းကြီးပါပြီ..ထောင်ထဲမှာ နှစ်ပေါင်းများစွာနေရတော့မယ့်ကိစ္စမှာ ကျန်းကျန်းမာမာပြန်ထွက်လာနိုင်ဖို့လည်း မလွယ်ကူဘူးလေ၊ ခုလဲ အဆင်းတို့ကို လုံးဝလာမတွေ့ခိုင်းဘူး..ဖွတ်သွားတွေ့တော့လည်း ထွက်မလာဘူး၊ အဲ့ဒါတွေကြောင့်.."

"မင်းစိတ်ကူးလေးက သန့်စင်ပါတယ်..ဒါပေမယ့် သူတင်ခဲ့တဲ့ကြွေးမြီကို ဆပ်ပေးဖို့ထက် မင်းတို့မောင်နှမရဲ့ဘဝအနာဂတ် ဖြောင့်ဖြူးရှင်သန်ဖို့ကရော အရေးမကြီးဘူးလား.. အဲ့ဒီလိုကြိုးစားဖို့ ခွန်အားရော ပြည့်စုံနေလို့လား၊ မင်းအရမ်းပင်ပန်းမှာပေါ့ ကလေးရယ်.. နောက်ပြီး လွတ်လပ်စွာပျံသန်းချင်တဲ့အရွယ် လူငယ်လေး တစ်ယောက်ကို မင်းထိန်းကျောင်းနေရသေးတယ်၊ ငွေရှိမှ လူရှိန်တာဆိုတဲ့စကားက အဆင်ဆိုးပေမယ့် မှားတော့မမှားဘူး..အဲ့ဒါကို မင်းနားလည်ဖို့လိုတယ်.."

အဆင်း မျက်ခုံးလေးနှစ်ဖက် တွန့်သွားတာကို ဦးဇင်လင်းက စူးခနဲကြည့်ပြီး ပြုံး၏။

"တလွဲမတွေးနဲ့ဦး..ပြောပြမယ်၊ ကိုယ်မွေးထားတဲ့သားသမီးဖြစ်ဖြစ် တူသားနောင်မယ်ကုန်ကွာ..နောက်ဆုံး ကိုယ့်တပည့် လက်အောက်ငယ်သားထိပေါ့၊ ကိုယ့်ကိုအထင်ကြီးနေမှ ရှိသေတာ..ရှိသေနေမှ ချစ်တာ၊ အဲ့ဒီအထင်ကြီးစရာဆိုတဲ့အချက်တွေ အများကြီးထဲမှာ အဓိကက ငွေပဲ..ငွေစကားပဲပြောနေတာ မဟုတ်ဘူး နော်၊ အားလုံးက ငွေနဲ့ပဲနှီးနွှောပတ်သက်နေတာကို ပိုရှင်းစေချင်လို့..ကလေးပေါက်စလေးကအစ ဘိုးဘိုးက သားနိုပ်ပေးလိုက်ပါဦး..ဘွားဘွားကို နိုပ်ပေးလိုက်ပါဦးလို့ ခိုင်းကြည့်၊ 'မုန့်ဖိုးပေးမှာလား'လို့ သူမေးမှာ.."

အဆင်း နှုတ်ခမ်းစေ့ပြီး ငြိမ်သက်နေခဲ့၏။

"သီတင်းကျွတ်ရာသီမှာ သက်ကြီးရွယ်အိုတွေကို ကန်တော့ကြတာလေ..ဘိုးဘွားရှိတဲ့လူတွေက ဘိုးဘွားပေါ့၊ မရှိတော့ရင် ဦးလေး ဘကြီး အဒေါ်ဘာညာတွေကို လိုက်ကန်တော့တယ်..အဲ့ဒီမှာကြည့်ပါလား၊ တော်တော်များများကအသက်ကို ကန်တော့တာမဟုတ်ဘူး.. ငွေကိုကန်တော့တာ.."

ပြောပြီး ဦးဇင်လင်းက ပေါ့ပါးဟန်နှင့် ရယ်နေသေးသည်။ အဆင်းကတော့ မရယ်နိုင်ပါ။ ဟုတ်နေတာတွေကို ပြောတာပေမယ့် မခံချင်စိတ်တို့က ရင်ထဲမှာ ရုန်းကြွလာကြ၏။ ငွေရှိမှ ဖြစ်တာတွေကို ငွေမရှိတဲ့ လူရှေ့မှာပြောတာ ဘာလဲ.. ၊

"ကိုယ်ကမင်းကို ရွေးနှိမ်ပြောနေတယ်လို့ မင်းထင်နေပုံရတယ်..ဒါဆိုရင်တော့ မှားမှာပဲ၊ ကိုယ်ဆိုလို တာက ခေါင်းဆောင်တဲ့သူဟာ ပညာ၊ ဥစ္စာ၊ ဂုဏ်သိက္ခာအစစ အားလုံးငယ်သား ထက် ပိုနေရတယ်..အများ ထက်တော်ရမယ်၊ ကိုယ့်အောက်ကလူက ကိုယ့်ကိုပြန်ကြည့်ပြီး သရော်လှောင်ပြောင်လာရင် သဘာဝကျမလား..မင်းရဲ့မောင်လေးကို မင်းပိုင်ပိုင်နိုင်နိုင်ထိန်း ကျောင်းနိုင်ဖို့ဆိုရင် သူ့ထက်မင်း အများကြီးတော်နေမှ ရမှာ.."

အဆင်းရင်ထဲမှာ စူးအောင့်သွား၏။ ဦးဇင်လင်းပြောသမျှကို မခံချင်စိတ်တွေဖြစ်နေခဲ့ ရင်း အဆုံးသတ် စကားကမှ အရိုက်ကိုတည့်တည့်ထိ၏။ သူပြောချင်တာက ငွေစကားမဟုတ်ဘဲ အလင်း၏စရိုက်သဘောကို ဝေဖန်ထောက်ပြချင်တာဖြစ်သည်။

ထိုအခါ ဂျစ်ကန်ကန်ဂရုမစိုက်တတ်သော အလင်းမျက်နှာက စိတ်အာရုံထဲမှာ ပေါ်လာသည်။

"ကျောင်းတက် ဘွဲ့ရပြီးတော့ရော ဘာတွေထူးလာမှာလဲ..ကျွန်တော်အလုပ်လုပ်ဖို့ပဲ စိတ်ဝင်စားတယ်.."

"မမကခေါင်းဆောင်လုပ်ချင်တာ ကျွန်တော့်ထက်အသက်ကြီးနေလို့လား..မိန်းကလေး က မိန်းကလေးပဲ မမရာ၊ ကျွန်တော်ကတော့ မှီခိုနေရမယ့်ဘဝမှာ လုံးဝမနေဘူး.."

ဒီစကားတွေအလင်းပြောခဲ့တာ ကိုယ့်ကိုဦးမဆောင်နိုင်ဘဲ ဦးဆောင်ချင်တာလို့ ပြောခဲ တာတွေလား၊ ခေါင်းထဲမှာ ရှုပ်ထွေးနေလေသည်။

"အဆင်း.."

ဦးဇင်လင်းက တိုးတိတ်စွာခေါ်သည်။ အဆင်းတွေးနေတာကိုမြင်လို့ နောက်ထပ်တစ်ခါ လန့်ဖြန့်သွားမှာ စိုးလို့ပါ.. ၊

"စိတ်ဆင်းရဲသွားလား..အားလုံးကိုခေါင်းထဲက ထုတ်ထားလိုက်ကွာ..ခေါက်ဆွဲတွေအေး ကုန်ပြီ၊ စားလိုက်ရအောင်.."

ပြည့်ကယ်နေသည့် ရင်ဘတ်ထဲမှာ ဘယ်လိုလုပ်ထည့်ရလဲ.. ၊

တူတစ်စုံကို ကောက်ကိုင်လိုက်ရင်း စိတ်တွေက တောင်ပံတွေပေါက်နေကြ၏။

## အခန်း(၁၃)

အလင်းကိုပြောဆို ဆုံးမကောင်းတိုင်း ဦးဇင်လင်းအောင်ပြောခဲ့သည့် စကားတို့ကို သတိရမိသည်။ ပြောတဲ့သူကို အထင်တကြီး ယုံကြည်တာမျိုးတော့ မဟုတ်ပါ။ ဒါပေမယ့်

သူများပြောသလို ကိုယ်ဖြစ်မှာတော့ စိုးရိမ်မိသည်။ ဘာလေးပဲဖြစ်ဖြစ် အကြီးမို့ပြောဆို ဆုံးမကြည့်သည်။ အလင်းတို့နာခံခဲ့တာ ဘာမှမရှိ.. ။

တစ်ခါတလေ အော်ကြီးဟစ်ကျယ် ပြန်ခံပြောပြီး တော်တော်လွန်သွားမှန်းသိမှ ပခုံးဖက်လိုက်၊ ခါးဖက်လိုက်နှင့် မရယ်ရယ်အောင် စ၊ မပြေပြေအောင် ချော့တတ်တာမျိုး။

ဆယ်တန်းအောင်စာရင်းတွေ ထွက်တုန်းက တစ်ခါ။ ဂုဏ်ထူးနှစ်ခုပါအောင် ဖြေထားခဲ့သည်မို့ ထိုနေ့က ဝမ်းသာလွန်းပြီး ထမင်းပင်မစားနိုင်။ အမှတ်စာရင်းထွက်လာရင် ဘယ်မေဂျာကို ရွေးမလဲ။ ဘာဆိုရင်ကောင်းမလဲ၊ နဖူးပေါ်လက်တင်ပြီး စဉ်းစားလွန်းလို့ မနက်စက်ရုံ သွားတော့ အဆင်းအိပ်ရေးပျက်သဖြင့် မျက်ကွင်းလေး တွေ ချောင်ကျနေခဲ့၏။

ကာယကံရှင်ဖြစ်သည့် နေသဏ္ဍာန်အလင်းဆိုသော ဆရာသမားကတော့ အမောပြေအောင် ပြောပေးပါသည်။

"ပွဲစားတန်းတစ်ခါတိုးတာလောက်တောင် ရင်မခုန်ဘူး.."တဲ့ ။

ပြီးတော့ ပြောသေးသည်။

"ကိုယ်ဘယ်လောက်ဖြေနိုင်တယ်..ဘယ်လိုထွက်လာမယ်ဆိုတာ သိပြီးသား၊ ဘာဆန်းလို့လဲ.."

ဆိုတာတွေ သူ့အတွက်ဝမ်းသာလွန်းလို့ စီမံကိန်းတွေဆွဲ၊ တွက်ချက်နေသူက အရူးလား။ ဂျီတီယူမှာ ဆက်တက်ပါဆိုလည်းမရ၊ အဝေးသင်နဲ့ပဲ ဖြေမည်ဆိုသည့် သန္နိဋ္ဌာန်ကို ဘယ်လိုပြောလို့မှ မပြင်။ ဘာလုပ်ရမလဲ.. ။

အဆင်းနာရီ မော့ကြည့်ရင်း သက်ပြင်းတွေချနေမိတာ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ.. ။

"မမ.."

"ဟင်.."

သံဆန်ခါကွက်ကျဲလေးတွေကနေ ခြံအပြင်ကိုငေးကြည့်နေတုန်း နောက်ကနေ ပခုံးကိုဖတ်ခနဲပုတ်၍ ဖြုန်းခနဲခေါ်လိုက်သဖြင့် အဆင်းတွန့်သွား၏။ လှည့်ကြည့်လိုက်တော့ အလင်းက လက်ပိုက်လျက် စိုက်ခနဲဦးညွှန့်ကာ.. ။

"ပြန်ရောက်ပါပြီ.."

ဟု ကိုရီးယားလိုပြောသည်။

"ဘယ်နှစ်နာရီရှိပြီလဲ အလင်း..နာရီကို မော့ကြည့်ဦး.."

အလင်းက မော့မကြည့်ဘဲ ရယ်နေသည်။ ပခုံးတစ်ဖက်မှာ ချိတ်သည့်အိတ်ကို မလိုအပ်ဘဲ ထပ်ဆွဲတင်လိုက်ကာ.. ။

"ကိုးနာရီပဲရှိသေးတယ် မမကလည်း..နာရီကြည့်တာ ဝါသနာမပါလို့ လက်ပတ်နာရီတောင် မဝတ်ခဲ့ဘူးဘဲနဲ့.."

"နောက်ဆို ဝါသနာမပါလို့မရဘူး..အချိန်ကို စိတ်မဝင်စားတဲ့လူတစ်ယောက်က ဘယ်လောက် တိုးတက်မှာလဲ၊ မင်းနေတာထိုင်တာ သိပ်ပေါ့တာပဲအလင်းရယ်..မင်း ဘယ်လိုခြေလှမ်းတွေ လှမ်းနေသလဲ..ဘယ်ကိုလဲ၊ ဘာလုပ်မှာလဲ.."

'ဟာ..ကွိုင်ပဲ မမရာ.."

နဖူးကို လက်ဖနောင့်နှင့် ဖိကပ်ပွတ်ပစ်ပြီး အလင်းအိမ်ထဲဝင်သွားသည်။ ထမင်းအိုး ဟင်းအိုးတွေ စုံ အောင်လှျောက်ဖွင့်ပြီး ဘာမှလည်း ခူးခပ်ထည့်တာမဟုတ်ဘဲ ထမင်းစားပွဲမှာ သွားထိုင်၏။ နောက်က လိုက်ဝင်လာသည့် အဆင်းကပဲ စားသောက်ဖို့ပြင်ပေးရသည်။ စကား ကလည်း မပြတ်သေးတော့ ရင်ခံနေသည်။

ထပ်ပြောပြန်ရင်လည်း 'မမကလည်းဗျာ'လို့ ထဖြစ်ဦးမည်မို့ ဒီစကားဒီမှာပဲ ရပ်ထား လိုက်ရမလား။ အတိုက်အခံဆက်ပြောပြီး မေးချင်တာ မေးလိုက်ရမည်လား။

ဟင်းပွဲတွေ စုံအောင်ချပေးပြီးတော့ ရင်ထဲက မတင်မကျဖြစ်နေတာကို ရှင်းရခက်နေ၏။ ထိုစဉ် အလင်းက အဆင်းကိုမော့ကြည့်၍ လက်လောက်ဝတ်လေးကို ကိုင်ကာ.. ၊

"မမ ထိုင်လေ.."

ခုံဆီကိုပါလာအောင် လက်ကိုဆွဲလိုက်ပေမယ့် အဆင်းက ဖယ်ချပစ်လိုက်၏။

"ထိုင်ဖို့ကစဉ်းစားရဦးမယ်..ငါက မင်းမကြိုက်တဲ့ မေးခွန်းတွေမေးမှာ၊ မင်းနဲ့ငါ စစ်ဖြစ် ရမှာပဲ.."

"ဟား ဟား ဟား.."

အလင်းက သွားတွေအစွမ်းကုန်ပေါ်အောင် မျက်နှာမော့ရယ်သည်။ ထမင်းကို ဇွန်းနဲ့ပဲ စားတတ်သည့် အကျင့်ကြောင့် စားမလို့ ကိုင်ထားပြီးသည့်ဇွန်းကို ပန်းကန်ထဲပြန်ချ၍.. ။

"မမက အလင်းကို မကျေနပ်ဖြစ်နေတာကိုး..မတရားပါဘူး၊ မကျေနပ်တာက တစ်ခါတ လေလည်း မဟုတ်ဘူး..အိမ်ပြန်လာတိုင်းပဲ.."

"အေးလေ..မင်းပြန်လာတိုင်း ဘယ်အချိန်လဲ၊ အလင်း ဒီမှာမင်းက မိန်းကလေးဦးဆောင် တဲ့နောက်ကို မှီခိုမနေချင်တာနဲ့ ယောကျ်ားမာနနဲ့ ဘယ်လိုတွေတိုင်းတာတွကချက်ပြီး ငါ့ကို ဘက်တိုက်နေတာလဲ.."

"လုပ်ပြီ.."

"မင်းအခု အပေါင်းအသင်းတွေ စုံလာတယ်..လမ်းကြောင်းတွေ များလာတယ်.."

"အဲ့ဒါက.."

"ဘာလဲ..ပွဲစားလုပ်နေတယ်ပဲ ပြောမလို့လား.."

"ဟုတ်တာပဲဟာ.."

"ဘော်ဒီရုံမှာ စက်ပြင် ကားမောင်းသင်နေတယ် ဆိုတာကရော.."

"သင်နေတယ်လေ.."

"အခု အနက်ရောင်ဖက်ရှင်ဒီဇိုင်းနဲ့ ရုပ်ရှင်မင်းသားရှူးအောင် ပြန်လာတဲ့ပုံက ဘော်ဒီရုံ က ပြန်လာတာပေါ့.."

"မဟုတ်ပေမယ့် ဟုတ်တယ်.."

"ဘာ.."

"ကျွတ်.."

အဆင်း ဒေါသနှင့်အော်ပစ်လိုက်တော့ အလင်းနှာခေါင်းရော နှုတ်ခမ်းတွေရော မဲ့ရွဲ့သွားကာ ကျွတ်ခနဲ ဖြစ်၏။

"မမကလည်း မေးချင်ရင်တစ်ခုပြီးမှ တစ်ခုမေးပါလား..အလကားပြဿနာရှာနေတယ်.."

"ငါကပြဿနာရှာတယ် ဟုတ်လား.."

"ဟုတ်တယ်လေ..ဖေဖေရှိနေတုန်းကမှ အလင်းလွတ်လပ်သေးတယ်၊ ရန်ကုန်ရောက်လာတည်းက မမ မျက်လုံးဒေါက်ထောက်ကြည့်နေတာ.."

"ကြည့်နေတဲ့ကြားကတောင် မင်းအခု စည်းလွတ်ကမ်းလွတ် ဖြစ်နေတာလေ.."

"မလွတ်ပါဘူး..လူငယ်တွေထဲမှာ အလင်းလိုလူမျိုးရှားပါဘိလို့ အများသူငါ ချီးမွမ်းနေကြတာ၊ မမကျမှပဲ ပြောရက်တယ်.."

အလင်းက ရှုးသိုးသိုးနှင့်ဖွန်းကို ကောက်ကိုင်ပြန်သည်။ ပြီးတော့ စားတာမဟုတ်ဘဲ မွှေနှောက်နေကာ..၊

"ကျွန်တော်က လေလွင့်ပျော်ပါးနေတာ မဟုတ်ပါဘူး..အဲ့ဒါကို မမယုံစမ်းပါ.."

"ဘယ်လိုလုပ်ယုံရမှာလဲ..လေလွင့်နေတာ မဟုတ်ဘူးဆိုရင် ကောင်းရာကောင်းကြောင်း မင်းလုပ်နေတာ ဘာအလုပ်လဲ ပြောရမှာပေါ့.."

အလင်း ဆတ်ခနဲမော့ကြည့်သည်။

"အဲ့ဒါ မမပိုဒေါသထွက်မှာသိလို့ မပြောတာ..ဒေါသဖြစ်မှာ စိတ်ဆင်းရဲမှာ ဘာလုပ်ဖို့လဲ.."

အလင်း ဖွန်းကိုပြန်ချလိုက်ပြန်သည်။ ထမင်းပွဲကိုအဓိပ္ပါယ်မဲ့ငုံ့ကြည့်နေပြီးမှ မော့ကာ..၊

"ကျွန်တော် UFL မှာသင်တန်းတက်နေတာ.."

အလင်းကမဖြေ။ အဆင်းကလည်း ထပ်မမေးဘဲ စောင့်နေသဖြင့် နှစ်ယောက်ကြားမှာ ခဏတော့ တိတ်ကျသွား၏။ ပြီးမှ.. ၊

"မမကကျောင်းတက်ခိုင်းတော့ ကျွန်တော်မတက်ခဲ့ဘူး..အဲ့ဒါ အပြစ်ရှိသလိုကြီး ခံစားမိလို့၊ ပြီးတော့ UFL မှာတက်ဖို့ စိတ်ကူးတွေရင့်သန်လာတော့လည်း မမကိုမ တိုင်ပင်ခဲ့ဘူး..အဲ့ဒါကတော့ မမကို မပင်ပန်းစေ ချင်တဲ့ စေတနာပါ၊ ဒါပေမယ့် မမကြိုက်မှာမဟုတ်ဘူးဆိုတာ ကျွန်တော်သိတယ်.."

"ဟွန်း.."

အလင်း ဖျတ်ခနဲမောကြည့်တော့ အဆင်း မျက်ဝန်းမှာမျက်ရည်တွေ ဝေ့နေခဲ့၏။ လွန့်ခနဲတုန့်ခနဲ တုန်ယင်နေသည့် နှုတ်ခမ်းသားလေးကို မချိတရိဖိကိုက်ထားလျက်.. ၊

"မင်း မသိတာဘာမှမရှိဘူးဘဲ..ငါသိတယ် ငါတတ်တယ်၊ ဆရာမလုပ်နဲ့..ဒီလိုလား.."

"မဟုတ်ပါဘူးမမရာ..အဲ့ဒါတွေ ဘာမှမပါဘူး၊ မမတစ်ယောက်တည်းနဲ့ နှစ်ယောက်စာ ရှာဖွေရှန်းကန်နေရာမှာကို မလိုချင်တာ..တတ်နိုင်ရင် မမဘာမှမလုပ်နဲ့ဆိုပြီး ကျွန်တော်ပဲ ကြိုးစားချင်တာ၊ ဒီထက်ပိုရှင်း မပြတတ်တော့ဘူး..တကယ် အဲ့ဒီအတိုင်းပဲ၊ သင်တန်းကြေးအတွက် လုံလောက်အောင် ကျွန်တော်ရှာတယ်.. သင်တန်းပြီးတာနဲ့ နိုင်ငံခြားထွက်မယ်၊ အဲ့ဒီအတွက်

လည်း မဖြစ်မနေကြိုးစားမှာပဲ..မမမောင် ရန်ကုန်ကိုရောက်လာမှ လူမှုဆက်ဆံရေးနယ်ပယ် ဘယ်လောက်ကျယ်ပြန့်သလဲသိလား၊ အဆက်အသွယ်ကောင်းကောင်းနဲ့ သေချာသွားနိုင်အောင် ကျွန်တော်ကြိုးစားနေတာ..မမနဲ့ကျွန်တော့အတွက်၊ ပြီးတော့ ဖေဖေ့အတွက်.."

"တော်တော့အလင်း..မင်းတော်တယ်၊ ဟင်ခနဲ ဟာခနဲဖြစ်သွားလောက်အောင်ကို တော်တာ.. ဒါပေမယ့် ငါကတော့ သာခုမခေါ်ဘူး၊ လက်ခုပ်တီး ဩဘာပေးမှာလည်း မဟုတ်ဘူး.. ဒီနေ့ထိ ငါကငါ့ရဲ့မောင်လေးလို တယုတယချစ်ခဲ့တာ၊ ဂရုစိုက်ခဲ့တာ၊ မင်းကတော့ ငါ့ကိုအုပ်ထိန်းသူလို့တောင်မှ သဘောမထားခဲ့ဘူး..ရှင်းပါပြီ.."

"မမ.."

"ဖယ်စမ်း.."

"ဟာ..မမ မဟုတ်ဘူး.."

အဆင်းက ဖယ်ချသည်။ အလင်းက အတင်းပြန်ဆွဲ၏။ လက်ချောင်းလေးတွေကို နှစ်ဖက်စလုံး မိမိရရ ဆုပ်ကိုင်မိတော့ အလင်းကနေရာမှ ထရပ်လိုက်ကာ.. ၊

"မမ မငိုပါနဲ့ဗျာ..မမဘက်က စေတနာစော်ကားတယ်လို့ထင်သလို၊ ကျွန်တော့သဘောကို နားမလည်ဘဲ မမခုလို ဒေါသတွေထွက် ငိုယိုနေတာလည်း ကျွန်တော့်စေတနာကို မမစော်ကားတာပဲ.."

"ဘာပြောတယ်.."

"တိတ်ပါဗျာ..တိတ်ပါတော့၊ အဲ့ဒီမျက်ရည်တွေကို လုံးဝကိုမမြင်ချင်တာ.."

"ဝုန်း.."

"ချလွမ်း.."

အဆင်းပါးပြင်ထက်က မျက်ရည်တွေကို သုတ်ပေးဖို့ဘယ်လိုမှ မအောင်မြင်တော့ ဒေါသထွက်ပေါက်က ထရုံဆီသို့ အားပြင်းစွာပစ်ကျသွားခဲ့၏။ ထရုံမှာမှီထားသည့် ငါးအလုကန်လေးပေါ်သို့ အပေါ်ကပန်းစင် ပြုတ်ကျကာ ကန်လည်းကွဲသွားသည်။ ပန်းစင်လည်း တစ်ခုစီ ပွင့်ထွက်သွား၏။

"ကြည့်စမ်း.."

အဆင်း မျက်လုံးတွေ မီးဝင်းဝင်းတောက်သွား၏။

"အလင်း.."

ထရုံမှာ လက်သီးဆုပ်ကပ်ထားဆဲရှိသည့် အလင်းလက်မောင်းကို ဒီဘက်ပါလာအောင် ဆွဲလှည့်ပစ်လိုက်သည်။ ပြီးတော့ မျက်နှာကို စေ့စေ့စပ်စပ်မော့ကြည့်ရင်း.. ၊

"မင်းက ရမ်းကားတတ်နေပြီပေါ့..ကဲ.."

အလင်း မျက်နှာစိုက်ခနဲလည်သွား၏။ ဆံပင်တွေက မျက်နှာတစ်ခြမ်းလုံးကို ဖွားခနဲ အုပ်ကွယ်သွားခဲ့ပြီး.. ၊

"မမ.."

မျက်နှာဆတ်ခနဲ လှည့်လိုက်တော့ ဆံပင်တွေနောက်ပြန်ဆုတ်ခွာသွားကြ၏။

"မမ ကျွန်တော့်ကို ရိုက်တယ်.."

"ဟုတ်တယ်..မင်း ငါ့ရှေ့မှာ မိုက်ရိုင်းပြလို့ရိုက်တာ၊ ဘာလဲ မင်းကမခံနိုင်ဘူးလား.. ရတယ်၊ ယောကျ်ားနဲ့မိန်းမ မင်းတုံ့ပြန်ပါ..တစ်ခုတော့ ရှိတယ်၊ မင်းအခု မတုံ့ပြန်ဘဲ ဘာကြောင့်ပဲ သည်းခံသွားသွား မင်းကိုငါက ခွင့်လွှတ်မှာမဟုတ်ဘူး.."

"ဘယ်လို..မပြီးသေးဘူးဟုတ်လား၊ နောက်ထပ် အပြစ်ပေးဖို့ ရှိနေသေးတယ်ပေါ့.."

"မပေးပါဘူး..မင်းကို ငါကငါ့မောင်လေးလို သဘောထားပြီး ဆူပူရိုက်နှက်ပြီး အပြစ်ပေးခဲ့တာ..မင်းကို ဒီနေ့ကစပြီး လွတ်လပ်ခွင့်ပေးလိုက်ပြီ၊ ပြန်လိုကပြန် သွားလိုကသွား.. မင်းဘဝကို မင်းကျောင်းနိုင်ပြီဆိုတော့ ကြိုက်သလိုသာ နေတော့.."

"မမ.."

အဆင်း ချာခနဲ လှည့်ထွက်သွားသည်။ ရှည်လျားလှသည့် ဆံနွယ်တွေက ဝေ့ခနဲခါသွားသည်။ အလင်း ပြေးလိုက်သော်လည်း ဘယ်ကိုလှမ်းကိုင်ကိုင် ပုတ်ထုတ်ခါပစ်ကာ အခန်းထဲဝင်၍ တံခါးပိတ်ပစ်လိုက်သဖြင့် အပြင်မှာ ဒီတိုင်း ရပ်ကျန်ခဲ့ရသည်။

"မမတကယ်လွန်တယ်ဗျာ..ကိုယ့်ကျောင်းစရိတ် ကိုယ်ရှာပြီး ပညာသင်တာ အပြစ်သိပ်ကြီး သွားသလား ..မမကျွန်တော့်အတွက် ကျားကုတ်ကျားခဲရှာတော့မှာသိလို့ ကိုယ့်ပြဿနာကိုယ်ရှင်းတာ ဘာမှားလို့လဲ.."

မေးလိုက် နားလိုက်နှင့် စောင့်ပေမယ အဆင်းအသံနည်းနည်းမှ ထွက်မလာတော့ပါ.. ၊

"ဦးဇင်လင်းအောင်ဆိုတဲ့လူကြီး မမကို ပိုးကြေးပန်းကြေးနဲ့ သူ့အလုပ်ထဲထည့်ထားတာ ကျွန်တော် သိတယ်..မမလည်း မဖြစ်သာလို့ အလုပ်ကိုလုပ်နေရတာပဲ မဟုတ်ဘူးလား၊ နောက်ထပ် ကျွန်တော့်သင်တန်း ကြေးတွေ ထပ်တက်လာရင် ဒီလူကြီးနဲ့ မမဘယ်တော့မှ ကင်းနိုင်မှာလဲ..ဘယ်တော့မှ ကင်းနိုင်မှာမဟုတ်တော့ဘူး.."

အခန်းတံခါးကို လက်သီးဆုပ်နှင့်ခပ်ဖိဖိဆုပ်မိကာ ကျိခနဲကျိခနဲ အံကြိတ်နေမိတာ အားမရနိုင်။ စော်ကားခံရခြင်းတွေထဲမှာ စေတနာစော်ကားခံရတာလောက် ဆိုးဝါးတာမရှိတော့ဘူး ထင်သည်။

အသက်ကြီးတဲ့သူနဲ့ ငယ်သူ။ ကြီးတဲ့သူ တော်သင့်ကောင်းမွန်နေတာတွေကျတော့ စီကာပတ်ကုံးရှိနေပြီး ငယ်သူကတော့ ကောင်းအောင်နေလည်းမကောင်း၊ မလိမ္မာတာလေး နည်းနည်းရှိဖူးတာနှင့် ဒီကောင် ဘာလုပ်လုပ် လူဆိုး.. ၊

လူကြီးတွေသာ စေတနာသဒ္ဒါတွေထားတတ်ပြီး လူငယ်တွေစေတနာမထားတတ်တော့ဘူးတဲ့လား၊ လုံးဝ မတရားဘူး၊ အဲ့ဒါ.. ၊

"တောက်.."

"ဒိုး.."

တက်ခေါက်ပစ်လိုက်ပြီးမှ သတိရသည်။ လူဆိုးအဆင့်ရာထူးတိုးသွားပြီဟု၊ ထရံကို ခပ်ဖိဖိဆုပ်ချလိုက်ပြီး ကျောခိုင်းရပ်လိုက်မိ၏။ အပြောအဆို မကျေညက်တာ ကိုယ့်ကိုယ်ကို သိသည်။ ဒေါသဖြစ်ပြီဆို စိတ်လိုက်မာန်ပါနှင့် လက်က ဟိုရောက်ဒီရောက်၊ ခြေထောက်က ဟိုကန် ဒီကန်.. ၊

ဒါတွေကြောင့် ဒီကောင်က လူရမ်းကား.. ၊

မိန်းမတစ်ယောက်ကို သားကောင်ဖမ်းသလို ကျားချောင်းချောင်းနေတဲ့ ဟိုလူကြီးက တော့ ကောင်းလို့လား.. ၊

အခန်း(၁၄)

"ပိုင်တယ်ကွာ.."

မင်းဆက်က ပခုံးကိုဖြန့်ခနဲရိုက်ပစ်လိုက်ပြီး အားပါးတရပြောသည်။ တကယ်တမ်း ကတော့ ချီးမွမ်းတာနဲ့မတူဘဲ ကိုယ့်ကိုပဲ လူလည်ဖျံသမားလိုလို ပြောလိုက်တာနှင့် တူနေသဖြင့် အလင်းမျက်ခုံးတွေ တွန့်ကုတ်သွား၏။

"ဘာပိုင်တာလဲ.."

ဟု ငေါက်ဆတ်ဆတ်မေးလိုက်မှ သူ့ကိုအထင်လွဲသွားမှန်းသိကာ မင်းဆက်က လက်ကာရင်း ရှင်းပြ၏။

"မင်းကလည်း ပိုင်လို့ပိုင်တယ်ပြောတာပေါ့ကွ..အဲ့ဒါ မင်းကို လူလည်ကြီးဆိုပြီး ခနဲ့တာ မဟုတ်ဘူး၊ မင်းရဲ့ မျိုသိပ်သည်းခံနိုင်ခြင်းကြောင့် သူ့နေရာနဲ့သူ အခုအံဝင်ခွင်ကျဖြစ်သွားတာလေ..မဟုတ်ဘူးလား ကဲ.."

သူမေးပေမယ့် အလင်းမျက်နှာက မကြည်လင်သေးပါ.. ၊

"ဘယ်တော့မှ အိမ်ကားမမောင်းဘူးဆိုပြီး ဦးဇော်နိုင်တိုအိမ်မှာ ကျတော့မင်းမောင်းခဲ့တယ်.. မျှော်လင့်ခြင်းကို လူတိုင်းပိုင်ပေမယ့် မ တည်ဖြစ်အောင် ညည်းခံကြိုးစားတဲ့ဇွဲမျိုး လူတိုင်းမှာ မရှိဘူးကွ..မင်းကြိုးစား လို့ အခု အဆင်ပြေဖို့လမ်းကြောင်းတွေ ပေါ်နေပြီ၊ ပြောချင်တာက အဲ့ဒါ.."

ကောင်လေးကဖေးမှာပဲ အတူတူထိုင်ကြဖို့ နေရာရွေးတော့ ရှေ့ဆုံးထောင့်စားပွဲမှာ ဖြစ်သွားသည်။

"အစ်ကို ခါတိုင်းလိုပဲလား.."

ဝိတ်တာလေးက အလင်းကိုမေးပြီး အလင်းခေါင်းညိတ်မှ မင်းဆက်ဘက်ကို လှည့်ကြည့်သည်။

"မှာလေ.."

"မင်းကဒါပဲလား..ငါ ဘာမှမစားရသေးဘူး၊ မြီးရှည်တစ်ပွဲနဲ့ ချိုစိမ့်ရှိုးရှိုး.."

"ဟုတ်.."

ဝိတ်တာထွက်သွားမှ မင်းဆက်က ရေနွေးကြမ်းတစ်ခွက်ငှဲ့ရင်း.. ၊

"မင်း ဒီမှာထိုင်နေကြလား.."

"အင်း မနက်ပိုင်းက တစ်ခါတလေမှပါ..ညနေပိုင်းပဲ လာတာများတယ်.."

အလင်းက ရေနွေးပန်းကန်လုံးကို အရင်ကျင်းပြီး ပက်သွန်ပစ်လိုက်သည်။ ပြီးမှ အပြည့်ထည့်ပြီး စီးကရက်ထုတ်၏။ မင်းဆကက ဆိုင်ကိုဘေးဘီဝန်းကျင်အားလုံး စုံအောင် လိုက်ဝေ့ကြည့်ပြီး.. ။

"အကွင်းအကွက် သိပ်မကောင်းဘူးနော်..ဟိုဘက်လမ်းမှာလည်း ရွှံ့တွေနဲ့၊ ဒါနဲ့တောင် လက်ဘက်ရည်ဆိုင်က လူစည်နေသေးတယ်.."

မင်းမို့လို့ထိုင်တယ်ဟု အပြစ်တင်သည့်လေသံမို့ အလင်းက မျက်လွှာပင့်ကြည့်၏။

"အကွင်းအကကက်တွေ ရွှံ့တွေကို မျိုချမှာမဟုတ်ဘူး.."

"မင်းကလည်း.."

"ဘာထပ်ပြောဦးမလို့လဲ..မင်းကိုခေါ်လာတာ ကျန်းမာရေးပညာပေးပို့ချဖို့ မဟုတ်ဘူး၊ မသတီရင် မျိုမချနဲ့.."

"လုံးဝသတီတယ်..ပန်းကန်မှအပ လုံးဝမျိုလို့ရတယ်.."

မင်းဆက်က ပြန်ရွဲ့ပြီး မျက်စောင်းထိုး၏။

"ပြောနေတာတောင် ဘယ်ရောက်သွားမှန်းမသိဘူး..တကယ်ပဲ.."

ဟု ပွစိပွစိပြောရင်း မဲ့ရွဲ့နေသေးသည်။ ထိုစဉ် စားသောက်စရာတွေရောက်လာသဖြင့် ကိုယ့်အတွက် ကိုယ်ဆွဲလိုက်ကြရင်း.. ။

"မင်းကို ဦးဇော်နိုင်တို့နဲ့ ဘယ်သူဆက်ပေးတာလဲ.."

"သူတို့ကားပျက်နေတာကို လမ်းမှာတစ်ခါပြင်ပေးဖူးတယ်..နောက်ထပ် ရုံကို တစ်ခေါက်နှစ်ခေါက်လာပြီး သိသွားတာ.."

"အဲ့ဒီမှာ ဒရိုင်ဘာလုပ်ဖို့ကရော..သူတို့ကို နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်းတွေလုပ်တဲ့ လူတွေမှန်း ကြိုသိနေလို့လား..ငါပြောတာကကွာ ရင်းနှီးမှုတွေနဲ့ ချိတ်မိသွားတာလား၊ မဝင်ခင် ကတည်းက ဒီဆက်သွယ်ချက်တွေ လိုချင်လို့ မင်းစွန့်စားခဲ့တာလား..အဲ့ဒါ.."

"ခုနကတော့ မင်းပဲငါ့ကို ပိုင်ပါတယ် မျိုသိပ်နိုင်ပါတယ်နဲ့..ဘာဖြစ်လို့ တစ်ကပြန်စပြီး မေးနေတာလဲ.."

"သိချင်လို့ကွာ..မင်းကလည်း အသက်တွေသာကြီးလာတယ်၊ ဂျစ်ကန်ကန် မှုန်ကုပ်ကုပ် နေပုံပြောပုံတွေက ပိုပိုပြီးတော့တောင် ရင့်သန်လာသလိုပဲ..ငါက ဝမ်းသာလို့မေးတာ၊ ရန်ကုန်ကို ရောက်လာပြီး လိမ္မာလို့ ကောင်းသွားပြီလို့ ငါကထင်နေတာလေ..မင်းက အလုပ်နဲ့အကိုင်နဲ့တောင် ဖြစ်နေသေးတယ်..မကြာခင် နိုင်ငံခြားသွားခွင့်ရဖို့ အခြေအနေတွေတောင် ဖြစ်နေသေးတယ်၊ ဒါ လူတိုင်းရနိုင်တဲ့ အခွင့်အရေးလား.."

"ဒါပေမယ့် ငါကတော့ မငေးထင်သလောက် ကိုယ့်ကိုယ်ကို တော်မယ်မထင်ဘူး.."

အလင်းက လက်ဖက်ရည်ကိုတစ်ဝက်ကျအောင်သောက်လိုက်ပြီးမှ ပြန်ချသည်။ ခပ်နွေးနွေးပဲရှိတော့သည့် ရေနွေးကိုလည်း တစ်ဝက်ထိပဲသောက်၍ စီးကရက်ကို မီးညှိလိုက်၏။ ဘာပဲစားစား၊ သောက်သောက် တစ်ဝက်ကျရုံပဲ စားတတ်သည့် အလင်း၏အကျင့်ကို သိပေမယ့် ဒီလိုကျန်နေတာမြင်တိုင်းလည်း မင်းဆက် တို့ အမြင်မတော်ဖြစ်ခဲ့ကြတာ ဟိုတုန်းကတည်းက.. ။

မြီးရှည်စားပြီးတော့ မင်းဆက်က ကိုယ့်ပွဲကိုမသောက်သေးဘဲ အလင်းချန်ထားသည့် တစ်ဝက်ကို လှမ်းယူသောက်လိုက်၏။ အလင်းကတော့ ဂရုစိုက်ကြည့်မနေပါ.. ။

"မိုးနတ်နွယ် ရန်ကုန်ရောက်နေတာ မင်းသိလား.."

"မသိဘူး..မိုးကုတ်မှာ မရှိတော့တာ သေချာတယ်.."

"ဟုတ်တယ်..မိုးနတ်နွယ်က အန်ကယ်လ်ဦးဇော်နိုင်ရဲ့ တူမဝမ်းကွဲ.."

"ဟင်.."

အံ့သြလွန်းလို့ လည်ပင်းတောင် နင်သွားသည်။ ဒီလောက်တောင်မှ တိုက်ပဲတိုက်ဆိုင် လွန်းသည်။

"ငါတော်တော်ကို ညစ်သွားတာကွာ..ပြီးတော့ ကျောင်းတုန်းကကောင်တစ်ကောင်နဲ့ ဆုံမိကြသေးတယ်၊ ငါလုပ်တဲ့ ဘော်ဒီရုံက မန်နေဂျာရောပဲ..မဟုတ်တရုတ်တွေ ထင်ကုန်ကြတာ.."

"ဘာတွေလဲ.."

"အစက အိမ်မောင်းဒရိုင်ဘာမလုပ်ဘူးလို့ ငါကငြင်းခဲ့ဖူးတယ်လေ..အခု ဝင်လုပ်တော့လည်း ခုကျမှလုပ်ချင်လို့ ဆိုတဲ့သဘောနဲ့ ပြီးသွားတာပဲ၊ အဲ့ဒီ မိုးနတ်နွယ်ရောက်လာကာမှ ဟိုကောင်က ငါ့အလုပ်ရုံထဲထိရောက်လာပြီး ဟိုစဒီစနဲ့ ဖော်ကောင်လုပ်..မိုးနတ်နွယ်က ရှာမလို မရှာမလို မိုးခြိမ်းသံတွေပေးနဲ့ ရှုပ်ကုန်တာပေါ့၊ ငါကပဲ ကောင်မလေးကိုမြင်မှ အဲ့ဒီမှာ ဒရိုင်ဘာဝင်လုပ်တာလိုလို.."

"မင်းကလည်းကွာ ကိုယ်မဟုတ်တာ ကိုယ့်ဟာကိုသိတာပဲ.."

"သိလည်း ခေါင်းခါလို့မှမရတာ..မန်နေဂျာက အစတည်းက ဒရိုင်ဘာမလုပ်တဲ့ ပြဿနာကြောင့် ရှော့ရှိနေတာ၊ ရေရေလည်လည် လောင်တယ်ကွာ..တကယ်ညစ်တယ်.."

အလင်းက မဲ့လည်းမဲ့သည်။ ခေါင်းခါ၍ တစ်ဖက်လှည့်ငေး၏။ တကယ်မလွယ်တာ မှန်းသိလိုက်ရကာ မင်းဆက်လည်း ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ မိုးနတ်နွယ်၏ လိုက်လျောဖော်ရွေမှုတွေက အထက်တန်း ကျောင်းသားဘဝမှာတည်းက မြင်တဲ့သူတိုင်း အကဲခတ်မိလောက်အောင် သိသာခဲ့သည်။

သူမသည် ရုပ်ချောသလောက် ပွင့်လင်းလွန်းသည်။ သူမ၏ဖော်ရွေပွင့်လင်းမှုတွေကလည်း အလင်း တစ်ယောက်အပေါ်မှာမှ ကွက်ကျားမိုးရွာခဲ့တာဖြစ်၏။ အလင်းကလည်း သူငယ်ချင်းလိုလို ရည်စားလိုလို သူငယ်ချင်းလည်းမဟုတ်၊ ရည်းစားလည်းမဟုတ်ဘဲ မိန်းမချော သူငယ်ချင်းမလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ သူ.. ။

တကယ်တမ်း နီးစပ်ပတ်သက်ဖို့ သူငယ်ချင်းတွေဝိုင်းစပြီး လှော်လာကြပြီဆိုလျှင် အလင်းတို့ ရှောင်ထွက်သွားတတ်တာပဲ ဖြစ်သည်။ ဒီနှစ်ယောက်ကျမှ ဒီမှာလာဆုံကြတာ အကြီးအကျယ်မငြိမ်းဖွယ်တွေ ဖြစ်ဖို့တော့ နီးစပ်နေပြီဖြစ်သည်။

"မင်းမမကရော..အိမ်ထောင်တွေ ဘာတွေပြုဖို့ မနီးစပ်သေးဘူးလား."

ဟိုစကားကိုပြန်မဆက်ဖြစ်အောင် နောက်ထပ်အကြောင်းရှာပြောမိကာမှ အလင်း မျက်လုံးတွေ သူ့ဆီ ဒိုင်းခနဲရောက်လာ၏။ မျက်လုံးထဲက ရေဆူမှတ်ကိုမြင်လိုက်ရသဖြင့်

မင်းဆက်မျက်နှာငယ်သွားကာ လည်ချောင်းကြီးစင်း၍ တံတွေးမျိုသည်။ ဒီကိစ္စ ဒီလိုစကားမှားတာကို မသိတဲ့ ဒီပါးစပ်ကိုယ့်ကိုယ်ကို ကျိန်ဆဲရင်း မျက်နှာချိုသွေးသလို ဟဲခနဲရယ်မိသည်။

"ငါပြောတာက ဒီလိုပါကွ..မင်းက မင်းအစ်မကို ချစ်တယ်လေ၊ ယောက်ဖရတောမယ့် အခြေအနေတွေ ဖြစ်နေလို့များ မင်းစိတ်ကူးတွေ ညစ်နေသလားလို့.."

"ပြန်မယ်.."

"ဟမ်.."

ချက်ချင်းကြီး ထဖြစ်၏။ မင်းဆက် စားပြီးတာ၊ မပြီးတာမမေး။ မြန်မြန်ပြန်မယ် ဆိုတာကိုလည်း ကြိုကျက်ပြောမထားဘဲ.. ၊

"ဘယ်လိုဖြစ်တာလဲဟ..နေပါဦး.."

ပြောပေမယ့် အလင်းပိုက်ဆံရှင်းနေပြီမို့ လက်ဖက်ရည်ကိုကမန်းကတန်း ကောက်မော့ရသည်။ ဩော်.. တစ်နယ်နဲ့တစ်နယ် သူငယ်ချင်းရင်း တစ်ခါတလေဆုံဖြစ်သည်။ ဟန်ဆောင်ပန်ဆောင်လေးတောင် လွှမ်းပြဖော်မရတဲ့ သူငယ်ချင်းပါလား.. ၊

"မနက်ဖြန် ငါအလုပ်ပြီးတာနဲ့ ပြန်ဆုံမယ်ကွာ..ညဘက်ပေါ့၊ မင်းလာမလား..ငါလာရမလား.."

မှတ်တိုင်ထိ အတူတူလျှောက်ခဲ့ကြရင်း လှည့်မေးဖော်ရလာ၏။ မင်းဆက်အီလည်လည်ကြီး ပြန်ကြည့်ပြီး ခေါင်းကုတ်သည်။ စိတ်ကောက်နေလို့လည်း မရသည့်အတူတူ.. ၊

"ငါပဲလာခဲ့ပါ့မယ်.."

ဟု သဘောတူလိုက်ရ၏။ ထိုစဉ် အလင်း ခြေလှမ်းတွေတုံ့ခနဲ ဖြစ်သွားသည်။ ဘာဖြစ်လို့မှန်းမသိဘဲ မင်းဆက်လည်း ရောယောင်ရပ်၏။ ပြီးတော့မှ အလင်းမျက်လုံးတွေ ရောက်နေသည့် အရပ်သို့ သူလိုက်ကြည့်မိလျှင်.. ၊

"မင်းအစ်မပါလား.."

လွှတ်ခနဲပြောမိပြီးမှ ကိုယ့်ပါးစပ်ကိုပြန်ပိတ်ရသည်။ အနက်ရောင်မာစီးဒီးကားပေါ်မှာ ဦးဇင်လင်းအောင်နဲ့အဆင်း နှစ်ယောက်တည်း။ ဟိုဘက်လမ်းကြောမှာ မီးပွိုင့်မိနေသဖြင့် ကားရပ်ထားတာဖြစ်သည်။ နှစ်ယောက် သည် စကားတွေပြောလိုက်၊ ခေါင်းညိတ်၍ပြုံးရယ်နေလိုက်နှင့် ဘယ်တုန်းက ဘယ်လိုရင်းနှီးသွားကြတာလဲ.. ၊

ဦးဇင်လင်းအောင်၏အလုပ်ထဲမှာ အဆင်းအလုပ်လုပ်နေတာကို သိမထားခဲ့သဖြင့် မင်းဆက် မျက်စိလည်သွားသည်။ ထို့ပြင်မန္တလေးသင်္ကြန်မှာ သွားကကြတုန်းက ဦးဇင်လင်းအောင်နှင့် အလင်းတို့ ရင်ဆိုင်ခဲ့ဖူးသည့် အဖြစ်လေးတစ်ခုကိုပါ သတိရလိုက်မိပြန်သည်။

သင်္ကြန်မှာ အသောက်အစားလေးတွေပါနေကြသဖြင့် သွားလာပျော်ပါးကြရင်း တစ်ဖွဲ့နဲ့တစ်ဖွဲ့ ငြိမိကြတာတွေ ရှိ၏။ အဲ့ဒီနေ့က သင်္ကြန်အတက်နေ့ဖြစ်သည်။ သူတို့အဖွဲ့ကလည်း သောက်တောသောက်ထားသည်။ ဒါပေမယ့် ဟိုဘက်ကအုပ်စုလောက် ရေချိန်လွန်မဟုတ်သေးပေ။ နှစ်ဖက်ပဋိပက္ခကြီးမားသွားခဲ့ပြီး တိုက်ခိုက် သတ်ပုတ်တဲ့အထိ ဖြစ်ကုန်၏။

မှုးနေတဲ့လူတွေ အထိနာကာ သူတို့အုပ်စုကပဲ ဝိုင်းရိုက်သလိုအခြေအနေ ဖြစ်သွားခဲ့သည်။ ရန်ပွဲက အကြီးအကျယ်ဖြစ်သွားသဖြင့် လုံခြုံရေးတွေဘာတွေ ပါလာ၏။ အချုပ်ထဲဘာထဲရောက်ရတော့မလို ဖြစ်သွားစဉ် ဦးဇင်လင်းအောင် ရောက်လာပြီးဖြေရှင်းပေးသွား၏။ အစက ဦးဇင်လင်းအောင်မှန်းမသိသေးဘဲ ကိုယ့်ဘက်ကအာမခံဖြေရှင်းပေးတဲ့သူ ရှိတယ်ဆိုပြီး သူတို့အားလုံး ကျေးဇူးတင်သွားခဲ့ကြသည်။ ဒီလူကို လိုက်ရှာပြီး ကျေးဇူးတင်စကားပြောဖို့လည်း ခြေလှမ်းတွေက အတူတူ။ ဦးဇင်လင်းအောင်နှင့် ရင်ဆိုင်လိုက်မိကာမှ အလင်းက နောက်ပြန်ဆုတ်၏။

"ခင်ဗျားပဲ၊ အဟွန့်..ဒီလောက်နဲ့တော့ ကျေးဇူးမတင်ထိုက်သေးဘူး၊ ဆောရီးပဲ.."

ဟု မျက်နှာကိုစေ့စေ့ကြည့်ပြီး ပြောသည်။ ဦးဇင်လင်းအောင်ကလည်း ဂရုမစိုက်။ သည်းခံမှန်း တုံ့ပြန်မှန်းမသိနိုင်သော မျက်နှာသေနှင့်.. ၊

"ရပါတယ်..မင်းဆီက လိုချင်တာမှမဟုတ်တာ၊ မရရင် မယူရုံပေါ့.."

အေးစက်စက်ပြန်ပြောတော့ နောက်ထပ်ရန်ပွဲဖြစ်ဖို့ အလင်း၏လက်သီးဆုပ်ကြီးက တန်းခနဲ ပြေးဝင်၏။ ဦးဇင်လင်းအောင်ကလည်း မရှောင်ပါ။ ဒါပေမယ့် သူတို့အားလုံး သေလုမြောပါး တားကြ ဆွဲကြနှင့်အလင်းရဲ့လက်သီးကိုဆုပ်ဖမ်းထားနိုင်ခဲ့၏။ သိလိုက်ရတာက ဒီလူကြီးဟာအဆင်းကို လက်ထပ်ဖို့အမျိုးမျိုး ကြိုးစားနေသူဖြစ်ကြောင်း.. ၊

ထို့ပြင် အလင်းနဲ့အဆင်း မောင်နှမမဟုတ်ဘူးဆိုသည့် သတင်းတွေလည်းပျံ့နှံ့နေလျက် ဘယ်အရာက တကယ်ဆိုတာ ဘယ်သူမှမသိကြပေ။

အလင်း အမှန်အတိုင်းဝန်ခံထားတာ သူတို့အုပ်စုပဲရှိသည်။

"မမက ငါနဲ့ဘာမှမတော်ဘူး.."တဲ့.. ၊

## အခန်း(၁၅)

ပြန်ချင်သလိုပြန် သွားချင်သလိုသွားဟု လွတ်လပ်ခွင့်ပေးခဲ့တာလည်း ကိုယ်ပဲဖြစ်သည်။ မိုးချုပ်လာတာနှင့် မမျှော်ဘဲလည်း မနေနိုင်။ မကျေနပ်စိတ်လေးနှင့် မျှော်နေမိရင်း ဒေါသတွေဖြစ်လာမိ၏။ ဒါကိုမကြိုက်ပါဘူးလို့ ပြောထားသည်။ တားသည်။ ဒါကို ဆင်ခြင်ပါလား.. ၊

ဆူနေတုန်းကလည်း သူပဲမိုးကောင်းကင်ကို ဒူးနဲ့ပြေးတိုက်တော့မလိုလို ဆူညံပေါက်ကွဲနေလိုက်တာ နှစ်ယောက်မရှိ။ ဘယ်လိုမှ ရှေ့ဆက်လို့မရတော့သဖြင့် လုပ်ထားသမျှ ဖိုင်အားလုံးကို save လုပ်ထားလိုက်ပြီး ပိတ်ပစ်လိုက်မိသည်။

အိမ်ပြန်ရောက်စကတော့ ညတိုင်းလိုလို စာအုပ်နဲ့ဘောပင်နဲ့ မဟုတ်တော့သဖြင့် အလုပ်လုပ်ရတာ ပေါ့ပါးတက်ကြွနေခဲ့သည်။ ညကိုးနာရီခွဲသွားခဲ့သည့်အချိန်မှာ ကွန်ပျူတာရှေ့

မှာပင် မထိုင်နိုင်တော့ဘဲ တံခါးဝဆီ ထသွားမိလိုက် ရေဝင်သောက်လိုက်.. ၊

"တီ.."

အချိန်မတော် ကားဟွန်းသံ တီခနဲကြားလိုက်ရကာ ကိုယ့်ခြံရှေ့မှာမို့ အဆင်း တရုတ်ကပ်မှန်ကနေ လှမ်းကြည့်လိုက်မိသည်။ အပြင်မှာ အလင်းရောင်မရှိပေမယ့် အိမ်ထဲကမီးရောင်ပျပျကြောင့် ကားတစ်စီးနှင့် လူရိပ်တွေကို မြင်လိုက်ရ၏။

"အိုခေ..အိုခေ.."

"သွားပြီနော်..ဘိုင့်.."

မိန်းကလေးအသံလေး စူးခနဲ၊ အိုခေတွေ မိုးမွှန်ပြီးခြံတံခါးဖွင့်နေသူက အလင်းရယ်။ အဆင်းနောက် ပြန်လှည့်လာကာ ကွန်ပျူတာရှေ့မှာထိုင်မိသည်။ ကိုယ်က ဥပေက္ခာစကားတွေ ပြောခဲ့ပြီးပြီ။ ထို့ကြောင့်ဥပေက္ခာနဲ့ပဲ နေပြမှဖြစ်မည်။ သို့သော်.. ၊

"ဟား..မိုက်လှချေလား.."

အလင်း၏ ခံရခက်သောခနဲ့သံက ခါးသီးစွာဝင်လာသည်။ ပြီးတော့ လူက အဆင်းဘေးသို့ချက်ချင်း ရောက်လာ၏။ ခုံပေါ်မှာ လက်နှစ်ဖက်ထောက်၍ ကွန်ပျူတာစခရင်ကို မဲ့ကြည့်ပြီး.. ၊

"ကြည့်စမ်း..အလင်း.."

အဆင်း ဒေါသထွက်လွန်းသဖြင့် နေရာမှဝုန်းခနဲထရပ်သည်။ အလင်းက ဂရုမစိုက်သည့်အံကြိတ်ပြုံးနှင့် ဖြည်းလေးစွာ ကိုယ်ကိုပြန်မတ်၏။ နှစ်ယောက်သည် ရင်ဘက်ချင်းထိတော့မတတ် နီးကပ်နေခဲ့ပြီး.. ၊

"မင်း..မင်းဘယ်လိုကလေးလဲ၊ ဘယ်လိုလူစားလဲဟင်..အလင်း၊ မင်းလူကြီးလို အသိတရားတေ ရှိနေရက်နဲ့ ပြောလိုက်..လုပ်လိုက်သမျှ ဘာတစ်ခုမှ ခန့်ခန့်ညားညားမရှိဘူး၊ ငါတစ်ညလုံး လုပ်ထားရတာတွေ အားလုံး ပျက်ကုန်ပြီ.."

"ပျက်တော့ ဘာဖြစ်လို့လဲ..ဒီအလုပ်တွေက မမလုပ်လုပ် မလုပ်လုပ်ဖြစ်နေတာပဲ မဟုတ်လား၊ ကွန်ပျူတာကြီး အိမ်ထဲထည့်ပေးလိုက်တာ ခိုင်းချင်လို့မှမဟုတ်တာ..ဝိတ်နဲ့ဖိတာ၊ ပေပါဝိတ်မျိုးလေ..သူ့အောက်ကနေ မမဘယ်မှ လွင့်ထွက်မသွားအောင်.."

"မင်းငါ့အလုပ်ကို ဘာမှမဝေဖန်နဲ့..ငါ့မျက်လုံးထဲမှာ မင်းမြင်သလိုမြင်ထားတာ မဟုတ်ဘူး၊ ဦးဇင်လင်းက သပ်သပ်..ငါထမ်းဆောင်နေတဲ့ တာဝန်ကသပ်သပ်.."

"ဦးဇင်လင်းအောင် မဟုတ်ဘူးလား..ဦးဇင်လင်း ဖြစ်သွားတာ အံ့သြစရာပဲ.."

"မင်း.."

အဆင်းက အလင်းရင်ဘတ်ကို လက်နှစ်ဖက်နဲ့တွန်းပစ်လိုက်သည်။ ခါးစောင်းလောက်ရှိသည့် ရှူးကေ့စ်ပေါ်သို့ အလင်းယိုင်ကျသွား၏။

"မင်း ဒီလူကိုပဲ ဘာဖြစ်လို့မဲချေတင်နေတာလဲ..ငါ အလုပ်လုပ်နေတာ ငါ့ဘဝစားဝတ်နေရေးအတွက် ကျန်တာ ဘာမှမပါဘူး.."

"မပါရင် မလုပ်နဲ့ပေါ့..မမကွန်ပျူတာ ကျွမ်းကျင်တယ်၊ စီးပွားရေးနဲ့ ဘွဲ့ရထားတယ်..

ဒီလိုအလုပ်မျိုး ဘယ်မှာရှာရှာရတယ်၊ ကိုယ်လဲမကြည်ဖြူနိုင်ဘဲနဲ့ ကိုယ့်ကိုမျှော်လင့်နေတဲ့ ယောကျ်ားနဲ့ တစ်နေကုန်တပူးတွဲတွဲ..အဲ့ဒါကတော့ ဘာအစိပ္ပါယ်တွေရှိနေလို့လဲ၊ ငွေကြေးတွေ ဘဝတွေလာချမပြပါနဲ့..မမဘာမှမလုပ်ဘဲ ထိုင်နေလို့ရတယ်၊ ကျွန်တော့်ခွန်အားနဲ့ မမကို ပြည့်စုံအောင်ထားနိုင်တယ်..မမရှာနေတာကမှ ငွေလား၊ ဒါမှမဟုတ် ကျွန်တော့်ကို တစ်သက်လုံး ပုခက်ထဲ ထည့်လွှဲနေချင်တာလား..မမတောင်မှ ဖေဖေမရှိတော့တဲ့နေရာမှာ ဝင်ရပ်ပြီး အုပ်ထိန်း ဖို့ကြိုးစားနေရင် ကျွန်တော်ကရော လူငယ်လိုလေလွင့်နေရာကနေ လူကြီးသူကြီးအဖြစ် ပြောင်းလဲရပ်တည်ခွင့် မရှိရတော့ဘူးလား..”

မေးခွန်းတွေ ဆက်တိုက်မေးပြီး သူပဲဒေါသကြီးနေသည်။ တစ်ဖက်မှာလွယ်ထားသည့် အိတ်လေးကိုဖြုတ်ကာ ကုလားထိုင်ဆီ လှည့်မကြည့်ဘဲလှမ်းပစ်၏။ လူကြီးတစ်ယောက်ရှေ့မှာ အဲ့ဒီလို အရာတွေ မဆင်ခြင်တာတွေကို အဆင်းအမုန်းဆုံး.. ၊

“မင်းက လူကြီးလိုပြောင်းလဲမယ်ဟုတ်လား..ဒေါသကခေါင်းပြူလာတာနဲ့ လက်သီးဆုပ် တက်ခေါက်တာတွေက လွဲရင်ပေါ့..”

“မမ ကျွန်တော့်ကို မခနဲ့ပါနဲ့..ဒေါသဆိုတာ လူတိုင်းမှာရှိတယ်၊ ကျွန်တော်က မျိုသိပ် သပ်လျှိုမနေတတ်တော့ လူမိုက်..”

“သိရင်လည်း အမိုက်မခံနဲ့ပေါ့ကွ..ဒီမှာအလင်း ဦးဇင်လင်းနဲ့ငါ ဘာမှမဟုတ်ဘူး၊ ဒါပေ မယ့် မင်းလုပ်နေတဲ့ ရိုင်းစိုင်းမှုတွေကြောင့် တစ်ချိန်ချိန်မှာ ဟုတ်ချင်ဟုတ်သွားနိုင်တယ်..”

အလင်းမျက်နှာ ရဲခနဲအရောင့်ရင့်၏။ မေးရိုးနှစ်ဖက်မှာ စွင့်ကားသွားသည်။ မျက်နှာ သွယ်သလိုရှိသော်လည်း အလင်းအံကြိတ်လိုက်ရင် တော်တော်လေးသိသာ၏။ အဆင်းက မျက်နှာလွှဲပစ်လိုက်ရင်း.. ၊

“အေး..ငါဆုံးဖြတ်ချက်နဲ့ငါ လုပ်ပြီဆိုရင်လည်း ဘယ်သူ့ကိုမှ ငါဂရုမစိုက်ဘူး..ကြို ပြောထားတာ..”

“မမက ကျွန်တော့်ကို မောင်နှမဆိုတဲ့ တိုင်ပင်အကြံပြုတဲ့အဆင့်မှာတောင် မထား တော့ဘူးဆိုတာကို ကြေညာတာလား..”

အဆင်းဖျတ်ခနဲ ဝင့်ကြည့်ပေမယ့် ဘာမှမဖြေ။ အလင်းက သဘောပေါက်သွားသည့် မဲ့ပြုံးနှင့် ခေါင်းညိတ်၏။

“ကောင်းတယ်..မမဘက်က အဲ့ဒီလိုပြောင်းလဲလိုက်နိုင်တယ်ဆိုတော့ ကောင်းပါတယ်၊ ကျွန်တော်ပြောင်းလဲတာကျမှ ရိုင်းလိုက်တာလို့ မပြောနဲ့ပေါ့..”

“ရတယ်..မင်းကြိုက်သလိုနေလို့ ပြောပြီးပြီပဲ..”

ဝါကျတစ်ကြောင်းမဆုံးခင်မှာ အသံတွေတုန်ကာ အဆင်းမျက်ရည်ဝေ့၏။ ချက်ချင်းပဲ ပိုးပိုးပေါက်ပေါက်ကျလာကာ.. ၊

“မင်းရဲ့အစ်မလုပ်နေရတာလည်း ငါ့အတွက် ဆင်းရဲလွန်းပါတယ်..တစ်ခုတော့ ရှိတယ်၊ ငါကကောင်း အောင် နေရက်သားနဲ့ ငါ့ရဲ့ဂုဏ်ကျက်သရေ ညှိုးနွမ်းအောင်တော့ မလုပ်နဲ့.. သူ့ဘက်ကိုယ့်ဘက် အစွန်းလွတ်အောင်နေကြေးပေါ့..”

"လုပ်ပါ..ဘယ်လို ဥပေဒသတွေ ထပ်ဖြည့်ဦးမလဲ၊ စိတ်ထဲရှိသမျှ အကုန်ထည့် ပြင်ဆင်ဖြုတ်ထုတ် ဘာမှကျွန်တော် မလုပ်ဘူး.. အဲ့ အခုပြောတာနော်၊ တစ်ချိန်ချိန်မှာ ကျွန်တော့်ဘက်က ပြဋ္ဌာန်းချက်တစ်ခုံ တစ်ရာတင်ပြလာရင်တော့ မမလည်း ကျွန်တော့်လိုပဲဖြစ်ရမယ်..အများကြီးမဟုတ်ဘူး၊ တစ်ခုပဲ.."

စကားရပ်သွားပြီး ဘာမှမပြောဘဲ အကြာကြီးနေ၏။ ပြီးမှ ချာခနဲလှည့်ထွက်သွားလေသည်။ အဆင်း စားပွဲရှေ့မှာ တအိအိပြန်ထိုင်ချရင်း အင့်ခနဲရှိုက်သံထွက်၏။

မသိတတ်လိုက်တာ မောင်လေးရယ်..မင်း မိုက်လိုက်တာ.. ।

ရင်ထဲမှာ ပူလောင်ပြင်းပြစွာညည်းတွားမိသည်။ ဦးဇင်လင်းကို ကိုယ်ကပဲတိမ်းညွှတ်နေပြလိုလို ပြောသွားလိုက်တာ ရင်နာစရာကောင်းလှသည်။ တကယ်ဆို ဟိုတုန်းကတည်းက ဖေဖေနဲ့ ငြိထားခဲ့သည့် ကျေးဇူးတို့တင်မှုတွေ ခုထိရှိနေသေးတာကို ပြန်တွေးကြည့်ဖို့ ကောင်းသည်။

ဒီအလုပ်ကိုလည်း သူသွင်းပေးခဲ့တာ မဟုတ်ပေ။ ကိုယ်လုပ်နေပြီးမှ သူရောက်လာခဲ့တာဖြစ်၏။ ပညာတတ် ဘွဲ့ရပေမယ်လည်း အလုပ်တစ်နေရာကနေ တစ်နေရာပြောင်းရွှေ့ဆဲမှာ ဘယ်လောက်ဒုက္ခရောက်သလဲ ဆိုတာ သင်းမသိလို့လား.. ।

သေချာပြောပြချင်တာတွေ ရှိပေမယ့် ပြောချင်စိတ်လည်းကုန်ပါပြီ။ ဘယ်တုန်းကမှ နာခံခဲ့တာမရှိခဲ့ သမျှ ခုလို သူ့အလုပ်အကိုင်နဲ့ သူ့ပညာရေးကို သူခရီးဆက်နေပြီဆိုတဲ့အချိန်ကျမှ နားဝင်ဖို့မလွယ်။ 'ငါရှာ ဖွေနိုင်ပြီ'လို့ မာန်ကလေးတဝင့်ဝင့်ဖြစ်နေချိန်မှာလည်း စည်းရုံးဖျောင်းဖိမနေချင်ပေ။ အဆိုးရွားဆုံးက မောင်နှမအရင်းတွေ မဟုတ်ကြသည့်အဖြစ်ကို အလင်းတဖွဖွမေးနေခဲ့သမျှ ခုတော့သေချာသိနေပြီဖြစ်၏။

တစ်ခါတလေ ဂျစ်ကန်ကန်ပေတူးတူးလေး ဖြစ်လွန်းလို့ ဒေါသဖြစ်ပြီဆို ဖေဖေ့ကိုပြေးတိုင်မိသေးသည်။

"အလင်းက ပတ်ဝန်းကျင်စကားတွေနဲ့ သမီးတို့ကိုသွေးကွဲနေတာဖြစ်မယ်..သူ့စိတ်ထဲမှာ ငယ်ငယ်လေး ကတည်းက ဒါကိုပဲစွဲနေခဲ့တာ.."

"စွဲနေတာမှန်ရင်တောင် အားငယ်စိတ်လေးဝင်တာပဲဖြစ်မှာပါ သမီးရယ်..ဒါကြောင့် ဒီပုံစံနေတာတော့ မဟုတ်နိုင်ပါဘူး.."

ဖေဖေက ထိန်းထိန်းသိမ်းသိမ်း ပြောပေးခဲ့သည်။ ထိုစဉ်ကတည်းက အဆင်းစိတ်ထဲမှာ မတင်မကျနဲ့ပါ။ အရင်းအချာ မဟုတ်ကြတာက သူတစ်ယောက်တည်းမှမဟုတ်ဘဲ။ ဖေဖေရယ် အဆင်းရယ် အလင်းရယ်.. ဒီသုံးယောက် တစ်စုတစ်ဝေးတည်း နေခဲ့ကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် သွေးသားတော်စပ်ကြလို့လား.. ।

သူက သားအရင်းမဟုတ်မှန်းကျတော့သိပြီး အဆင်းက သမီးအရင်းမဟုတ်ဘူး ဆိုတာကိုတော့ ဖယ်ထားခဲ့သည်။ မိန်းကလေးကတောင် ဒါကိုဂရုမစိုက်ဘဲနေနိုင်လျှင် သူရောမနေသင့်ဘူးလား။ ပြီးတော့ ဦးဇင်လင်းနှင့်ပတ်သက်ပြီး ရှေ့ဆက်ဖို့သင့်မသင့်ပြဿနာကို ဘာဖြစ်လို့ ဒီလောက်ထိ ရေးကြီးခွင်ကျယ်တွေ ခံစားနေတာလဲ.. ।

စီးပွားရေး လူမှုရေးတွေ ရှိနေတယ်ဆိုတာ နားမလည်နိုင်တဲ့ အရွယ်လည်းမဟုတ်။

အဆင်းမျက်နှာလေးမှာ မျက်ရည်တွေစိုလူးလျက် ခဏအတွင်းမှာပဲ လူမမာလေးလို နွမ်းယဲ့ချောင်ကျသွားခဲ့၏။ နေချင်သလို နေတော့လို့ စပြီး စိန်ခေါ်လိုက်မိတာ မှားပြီးလား.. ၊

သူကလူငယ်..အစကတည်းက ရွဲ့တတ်တဲ့အကျင့် ရှိပြီးသား။ သူတကယ်နေချင်သလို နေလိုက်ပြီဆိုရင် တကယ်တမ်းလစ်လျူရှုမနေနိုင်တာက ကိုယ်သာဖြစ်သည်။

အလင်းကိုနောက်ထပ် သည်းခံနားလည်နိုင်အောင် ကြိုးစားဖို့တစ်ခုသာ ကိုယ့်အတွက် ကျန်တော့သည် ဖြစ်ရာ.. ၊

အခန်း(၁၆)

"ဩော်..မမ၊ လာပါရှင့်..ထိုင်ပါ.."

အလင်းထွက်သွားပြီး သိပ်မကြာသေးပါ။ ခြံတံခါးထွက်ပိတ်ဖို့ စိတ်ကူးရင်းမနက်စာ စားသောက်ထားသည့် စားပွဲကို မြန်မြန်လက်စသတ်သိမ်းနေတုန်း.. ၊

"အဆင်းရေ..ညီမ.."

ဟု အပြင်က ခေါ်လိုက်သံကြောင့် ထွက်လာခဲ့တော့ အဆင်းမျက်လုံးလေးတွေပင် ဝိုင်းသွား၏။ ဒေါ်ဖြူဖြူဇင်ရော ဒေါ်ဖြူဖြူလင်းရော ညီအစ်မနှစ်ယောက်စလုံးဖြစ်ကာ လာပုံကထူးသည်။ အဆင်းထွက်လာတာတောင် မျက်လုံးတွေက အဆင်းဆီကို တန်းမရောက်ပေ.. ၊

ဖောင်းကားတောင့်ခဲနေသာ လက်ပွေ့အိတ်ကြီးတွေ လက်မှာချိတ်ကာ ပျဉ်ထောင်အိမ်သေးသေးလေးကိုပဲ တစ်လက်မမကျန် ပိုက်စိတ်တိုက်ကြည့်၏။ တစ်ယောက်က ဧည့်ခန်းကုလားထိုင်တွေနားထိ ရောက်နေပြီ ဖြစ်ကာ တစ်ယောက်က တံခါးဝမှာပဲ ရှိနေသေးသည်။

"မောင်နှမနှစ်ယောက်တည်းဆိုတော့ ယောကျ်ားလေးက ဒါတွေလုပ်နိုင်မှာမဟုတ်ဘူး နော်.."

ဒေါ်ဖြူဖြူဇင်က စကားစ၏။ ပြီးတော့ ကုလားထိုင်မှာ ကျကျနနဝင်ထိုင်ကာ.. ၊

"လင်း...ထိုင်လေ.."

ညီမဖြစ်သူက လှည့်ခေါ်လိုက်သေးသည်။ ဒေါ်ဖြူဖြူလင်းက အဆင်းကိုကြည့်၍.. ၊

"ညီမတစ်ယောက်တည်း မိုးလင်းမိုးချုပ် အလုပ်လည်းလုပ်၊ အိမ်သန့်ရှင်းလည်း ကိုယ်ပဲ ဆိုတော့ ဘယ်စားသာမလဲ.."

ညီအစ်မနှစ်ယောက်၏ စကားနှစ်ရပ်ကို စုစည်းကြည့်မိကာမှ ဘာကိုဆိုလိုမှန်း သဘောပေါက်သွားသည်။

"ဩော်..မောင်နှမနှစ်ယောက်တည်းကျမှ အလုပ်လုပ်တာ မဟုတ်ပါဘူး၊ အဆင်းက မိုးကုတ်မှာတည်းက ကျောင်းတစ်ဖက်နဲ့ အလုပ်လုပ်ခဲ့တာလေ..ဖေဖေ.."

လွတ်ခနဲအစဖော်မိပြီးမှ နောက်ဆက်တွဲမေးခွန်းတွေ ပါလာတော့မည့်အဖြစ်ကို သတိရသွားသည်။ ဒါပေမယ့် စကားကျွံတော့ နှုတ်မရ.. ။

"ဖေဖေနဲ့မိသားစုသုံးယောက် တာဝန်တုန်းကလည်း အဆင်းပဲလုပ်ခဲ့တာ.. အိမ်မှုဝေယျာဝစ္စအတွက်တော့ ထူးပြီးအပန်းမကြီးပါဘူး.."

"ဘယ်ဟုတ်မလည်းကွယ်..တို့အိမ်မှာဆို အိမ်ဖော်လေးယောက်ရှိတာတောင်မှ တစ်ယောက်ယောက် လျော့သွားတာနဲ့ ပြောရဆိုရပြီး ဟိုမှာထောင့်မစေ့..ဒီဘက်မှာလစ်ဟင်းနဲ့.."

"မမတို့က တိုက်အကြီးကြီးမို့ပါ.."

ဒေါ်ဖြူဖြူဇင်က စကားပြောရင်း မျက်လုံးတို့က အငြိမ်မနေ။ ဒေါ်ဖြူဖြူလင်းကတော့ အဆင်းကိုတကယ် နှစ်သက်ချီးမွမ်းတာနှင့် တူပါသည်။ စတွေ့ကတည်းကလည်း ဒေါ်ဖြူဖြူလင်းက ဖော်ရွေသည်။ ညီမ ညီမလေးစသဖြင့် ဆက်ဆံပုံကနွေးထွေး၏။ ဒေါ်ဖြူဖြူဇင်ကတော့ သူ့မောင်နှင့်ပတ်သကသည့် မိန်းကလေးဟု ယူဆထားပုံသာရှိကာ မလျော့မတင်း ဆက်ဆံတာမျိုး.. ။

"မမတို့ခဏထိုင်ဦးနော်..အဆင်း စားစရာတစ်ခုခု သွားလုပ်လိုက်ဦးမယ်.."

ပြောပြီးအထဲဝင်ဖို့ပြင်လျှင် ဒေါ်ဖြူဖြူဇင်က လက်ကိုလှမ်းဆွဲလိုက်ကာ.. ။

"စားသောက်ဖို့လာတာမှ မဟုတ်တာ..ဒီမှာလာထိုင်.."

ရှေ့မှာမေးဆတ်ပြပြီး ထိုင်ဖို့တိုက်တွန်းနေသဖြင့် အဆင်းထိုင်လိုက်ရသည်။ ပြီးတော့ ဒေါ်ဖြူဖြူဇင်သည် ရေညှိစိမ်းရောင် ဘလောက်စ်အကျီပါးလေးနှင့် ဖြူစင်ဝင်းနှစ်နေသော အဆင်းတစ်ကိုယ်လုံးကို ခပ်စူးစူးစိုက်ကြည့်၏။

ပခုံးစွန်းမှ ဖိတ်လျှံကာ ရင်ညွန့်ဆီမှာတစ်ချို့၊ ပခုံးရှေ့မှာအနည်းငယ် ဝဲဖြာဆင်းနေသည့် ဆံနွယ်ရှည်တွေအတိုင်း တင်းပါးပြည့်ပြည့်လေးပေါ်ထိ ဆွဲကြည့်သွားသည်။ တကယ်ပါ။ ယောကျ်ားတစ်ယောက်သာဆိုလျှင် အဆင်းဘယ်လိုမှ သည်းခံနိုင်မှာမဟုတ်ပေ။ ထိုစဉ် သူမကပဲ စပြောလာ၏။

"တို့လာကြတာ စက်ရုံအလုပ်ကိစ္စလို့ မင်းထင်လား.."

အဆင်းက ဘာမှမဖြေဘဲ ဒေါ်ဖြူဖြူဇင့်မျက်နှာကိုပဲ ကြည့်နေခဲ့သည်။

"တကယ်က အလုပ်ကိစ္စမဟုတ်ဘူး..မင်္ဂလာကိစ္စဆိုတော့ မင်္ဂလာရှိရှိပြောချင်လို့ မနက်ပိုင်း စောစောစီးစီးပဲ လာခဲ့လိုက်တာ.."

"ရှင်.."

"အံ့သြသွားလား.."

မေးပြီးတော့ ပြုံးသည်။ ကြည်လင်ဝင်းပသည့် အပြုံးတော့မဟုတ်ပါ။ ခပ်နဲ့နဲ့ ထိရှမများနှင့်ဖြစ်၏။

"တို့ကိုယ်တို့တောင် အံ့သြနေမိတာဆိုတော့ မင်းလည်းအံ့သြမှာပဲ..ပွင့်ပွင့်လင်းလင်းပြောရရင် မင်း စိတ်တော့မဆိုးနဲ့၊ မင်းကိုလက်ထပ်ချင်ပါတယ်လို့ လက်ညှိုးထိုးလာခဲ့တဲ့ တို့ရဲ့မောင်ကိုဇင်နဲ့ ပဋိပက္ခမဖြစ် ချင်လို့လေ..အသက်တွေကြီးလာကြမှ စုစုဝေးဝေးနွေးနွေးထွေးထွေး နေချင်လာတယ်၊ ဟိုအရင်က စီးပွားရေး မှ စီးပွားရေး..ကိုယ်လုပ်သမျှ ဖြစ်နေတဲ့အချိန်မှာ

တစ်ယောက်တစ်နေရာ ဘယ်လိုဝေးနေနေ ကိုယ့်လောဘနဲ့ ကိုယ် မေ့နေနိုင်ပေမယ့် ခုမရတော့ဘူး၊ ပြီးတော့ သူစိတ်ချမ်းသာမှ ကိုယ်စိတ်ချမ်းသာမလေ..မင်းကို ပြန်ကြည့်တော့လည်း ပြောင်းလဲနေတဲ့ခေတ်ထဲက မိန်းမတစ်ယောက်လို အရည်အချင်းပြည့်ဝပြီး ထက်မြက်သာလွန်နေတဲ့ မိန်းမမျိုးမဟုတ်ပေမယ့် ညံ့တာမရှိဘူး.."

"အဆင်းက.."

"ခဏလေး.."

အဆင်း ပါးစပ်ပြင်လိုက်တော့ ဒေါ်ဖြူဖြူဇင်က ခေါင်းခါလက်ကာရင်း ပိတ်ပြောပစ်လိုက်သည်။ မာနရောင်လက်နေသည့် အဆင်း၏မျက်ဝန်းလေးတွေကို နားလည်သည့်အပြုံးနှင့် ခပ်မိန့်မိန့်ကြည့်၍.. ၊

"တို့ဘက်က ရွေးချယ်နိုင်တဲ့အချက်ကိုပဲ ပြောတာလေ..မင်းကို သဘောထားတောင်းခံတဲ့အဆင့် မလာသေးဘူး.."

အဆင်းမျက်နှာလေး ပြေပြစ်မှုတွေ သိပ်အရာမထင်တော့ပေ။ ကိုယ့်အိမ်ရာခြံဝင်းထဲကို မဖိတ်ခေါ်ဘဲ ဝင်လာသည်။ ရွေးချယ်ခယုဉ်ပြိုင်ပွဲတစ်ခုမှာ အမှတ်ပေးသည့်လူကြီးလေးသံနှင့် ကိုယ့်အရည်အချင်းတွေကို သင့်တာ တော်တာတွေ ထုတ်နုတ်ပြနေ၏။

ဒီက သူတို့မောင်ကို လိုချင်လွန်းလို့ပန်းကုံးစွပ်ခံဖို့ အကြိတ်အနယ်ကြိုးစားနေခဲ့သူလား။ သူတို့ရွေးချယ်မှုတွေကို ကြားပြီး ဝမ်းသာလုံးဆို့ အသက်ထွက်သွားနိုင်သလား။ ဖြစ်ရလေ။ ဒေါသတွေမာနတွေ တရစ် ရစ်တက်လာနေကာ အလင်းနဲ့သူမတို့ နည်းနည်းလေးပဲလွဲသွားတာကို တွေးလိုက်မိ၏။ အလင်းရှိနေလျှင် ဒီကိစ္စငြိမ်းချမ်းဖို့ မလွယ်။

ကိုယ်ရဲ့သဘောထားကို မမေးသေးဘူးလို့ ပြောထားသဖြင့် ပါးစပ်ပိတ်နေရပေမယ့် ဆုံးဖြတ်ချက်က အဆင်းမျက်နှာလေးမှာ ပေါ်နေခဲ့သည်။ ဒါကိုကြည့်၍ ဒေါ်ဖြူဖြူဇင်က ပြုံးကာ.. ၊

"မာနကြီးတတ်တာ ကောင်းပါတယ်..ဒါပေမယ့် ကိုယ့်အတွက်အများကြီး ရွေးချယ်ခွင့်မရှိတဲ့ အခွင့်အရေးမျိုးရတာတာကို ဆုံးရှုံးခံပြီး မာနကြီးတာကျတော့ မကောင်းဘူး..အထူးသဖြင့် မိန်းမတစ်ယောက်ရဲ့ ဆင်ခြင်ဆုံးဖြတ်မှုတွေပေါ့၊ အားလုံးဟာ ဘဝနဲ့ပဲဆိုင်တယ်..တို့မိန်းမတွေရဲ့ဘဝဟာ သရဖူဆောင်းနိုင်ဖို့မှာ အချစ်ဆိုတဲ့ မေဂျာတစ်ခုတည်းနဲ့ မရဘူး၊ ပညာရေးမှာ မေဂျာတစ်ခုနဲရပေမယ့် ဘဝအရေးမှာ ကြက်ခြေခတ်ခံရမှာပဲ..မင်းမာနမင်းဆန္ဒတွေကို ခဏသိပ်ထားလိုက်ပါလို့ တို့ပြောချင်တယ်၊ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ စဉ်းစားလေ.."

"အဆင်းကို စဉ်းစားခိုင်းနေတာလား မမ.."

"အဲ..မင်းက ငြင်းဖို့စကားလုံးတွေ စုဆောင်းနေတာမဟုတ်လား၊ ငြင်းခွင့်ရှိပါတယ်..ဒါပေမယ့် ခုတစ်ထိုင်တည်းတော့ အပြတ်အသတ်မငြင်းပါနဲ့ဦး၊ အသက်အရွယ်အားဖြင့် ကိုဇင်နဲ့ မင်းအရမ်းကွာတာ မှန်တယ်.. မင်း နုတာယေ်တာလည်း မှန်တယ်၊ တစ်ခုတော့ရှိတယ် တို့ကတို့ရဲ့မောင် အသက်ခပ်ကြီးကြီးကို အစွံလို့ ထိုးကြိတ်မြူဆွယ်နေတာ မဟုတ်ဘူး..တကယ်ဆိုရင် မင်းရဲ့အဖေထောင်ကျနေတာရယ်၊ မင်းတို့မောင်နှမ နှစ်ယောက်ရဲ့သွေးသား

တော်ခြင်း မတော်ခြင်းနဲ့ပတ်သက်ပြီး ပြောနေကြတဲ့ ကောလဟာလတွေရယ်..ဒီအခြေအနေတွေကြားမှာ မင်းရဲ့မြင့်မားမှုက မင်းထင်သလောက်တော့ ရှိနေမှာမဟုတ်ဘူး..အဲ့ဒါသေချာတယ်.."

အဆင်းမျက်နှာ စွေးစွေးနီသွားသည်။ မျက်ခုံးတန်းလေးတွေ နှုတ်ခမ်းသားလေးတွေပါ မကျန် တွန့်ကော့လှုပ်ရှားလာခဲ့ရင်း ရုတ်တရက်ဆွံ့အ သွားခဲ့သည်။ ဒီကိစ္စ ဒီပြဿနာဘာဖြစ်လို့ ဒီထိပါလာခဲ့တာလဲ၊ တွေးကြည့်လိုက်တော့ ဦးဇင်လင်းအောင်ကတစ်ဆင့် ဒေါ်ဖြူဖြူဇင်တို့ နားထဲထိ ပေါက်သွားတာဖြစ်နိုင်သည်။

အဆင်းဒီလိုအဖြစ်ဆိုးနေပြီဆိုပြီး ဒေါ်ဖြူဖြူဇင် အပိုင်အနိုင်ပြောနေတာမှန်းလည်း နားလည်သွား၏။ တစ်ခုတော့ သိဖို့လိုသည်။ ဘဝတိုင်း ဘဝတိုင်းမှာ သရုဖူဆောင်းနိုင်ခဲ့ကြတာလား။ သရုဖူမဆောင်းနိုင်ခြင်း ဆောင်းနိုင်ခြင်း ကြက်ခြေခတ်ခံရခြင်း မခံရခြင်းအပေါ်မှာ လူတွေတရှိုက်မက်မက် ခံစားမျှော်လင့်နေကြသလား.. ၊

တကယ်ဟုတ်သည်ဆိုလျှင်တောင် ဒီထဲမှာ သူမမပါပေ။ လောကဓံမုန်တိုင်းကို ရင်ဆိုင်ဖို့ လူတိုင်း ကြောက်တတ်ကြတာ မဟုတ်ဘူးဆိုတာ ဒေါ်ဖြူဖြူဇင် ထည့်တွက်ဖို့ကောင်း၏။

"ဒီလိုပါညီမလေးရယ်..ဟို ညီမလေးထည့်တွက်ရမှာက တစ်ဖက်တည်းကို ဦးစားပေးမဆုံးဖြတ်ဖို့ပါ.."

ဒေါ်ဖြူဖြူလင်းက အဆင်းမျက်နှာပေါ်က ခံစားချက်တွေကို ဖတ်မိသွားပြီး အနေအထားကို ဝင်ထိန်းဖို့ ကြိုးစား၏။

"ဖြစ်ချင်တာလေးကိုလဲ ထည့်ပါ..ဖြစ်သင့်တာလေးကိုလည်း မမေ့ဖို့လေ၊ ကိုဇင်နဲ့ညီမလေးတို့က တစ်နယ်တည်းသား..အကြောင်းသိဓာတ်သိတွေပဲ၊ အရမ်းရင်းနှီးခဲ့ကြတာ မရှိပေမယ့် စိမ်းသက်တဲ့လူတွေမှ မဟုတ်တာ၊ သူက ညီမလေးကိုပဲ လက်ထပ်ချင်တယ်ဆိုတော့ တခြားမိန်းကလေးနဲ့မလတ်တို့ စီစဉ်ပေးလည်း ဘယ်လိုမှအဆင်ပြေမှာ မဟုတ်ဘူး..သူကိုက မနာခံဘူးဆိုတာ သေချာနေတာပါ၊ မလတ်တို့ကလေ ညီမလေးတို့ မပြည့်စုံတာကို ခြွင်းချက်ထားပြီး မိန်းကလေးတစ်ယောက်ရဲ့ ရှိသင့်ရှိထိုက်တဲ့ ကျင့်ဝတ်သိက္ခာလေးနဲ့ ညီမလေးကို သဘောကျခဲ့တာ..မိဘအသိုင်းအဝိုင်း ကျန်တာဘာဖြစ်ဖြစ် မောင်လေးကိုဇင်က မြတ်နိုးနေတာနဲ့ပဲ အားလုံးပြည့်စုံနေပြီလို့ သတ်မှတ်လိုက်တယ်.."

"လောလောဆယ်မှာ ညီမလေးဘက်က အုပ်ထိန်းသူမရှိသေးတဲ့အတွက် ခုလိုကိုယ်တိုင်ပြောရတော့ နည်းနည်းပါးပါး အဆင်မပြေတာရှိမယ်..တကယ်ဆို လူကြီးချင်းဆွေးနွေးရမှာလေ၊ ဒါကို လူကြီးကနေလူငယ်ကို တိုက်ရိုက်ပြောတာဆိုတော့ ဖွဲတစ်ဖက် သဲတစ်ဖက်ထည့်ပြီး ထမ်းရသလိုဖြစ်သွားတာပေါ့..ညီမလေးက နားလည်ပေးပါကွယ်.."

ဒေါ်ဖြူဖြူလင်း အများကြီးပြောပြီးမှ ခဏနားပြီး အဆင်းဘာပြောမလဲဆိုတာကို စောင့်သည်။ နောက်မှ ဆက်၍.. ၊

"ပြီးတော့ ရှိသေးတယ်..နားနဲ့မနာ ဖဝါးနဲ့နာပေါ့နော်၊ ညီမလေးနဲ့ကောင်လေးက ဘာမှမတော်စပ်ကြ ဘူးဆိုတော့ ငယ်ငယ်တည်းက အတူနေလာကြလို့ ကိုယ့်ဘက်က ရိုးသား

နေတယ်ပဲထား..ဒါကို လူတွေသိကုန် ကြပြီးရင် ဘာတွေပြောကြမလဲ၊ ကိုဇင်နဲ့ညီမလေးတို့ဆို အကြောင်းသိ ခုတ်သိချင်းလို့မလတ် စောစောက ထည့်ပြောလိုက်တာ အဲ့ဒါကိုပဲ.. မိန်းမ တစ်ယောက်ရဲ့တန်ဖိုးဟာ တစ်နေ့ရွှေ တစ်နေ့ငွေ နောက်နေ့ကျတော့ ကြေးပါ၊ ဒါ မလတ်ပြောတဲ့ စကားမဟုတ်ဘူးနော်..စာပေကျမ်းဂန်နဲ့ ရှိခဲ့တဲ့ အဖြစ်တွေပါ.."

အဆင်း မျက်မှောင်ကြုတ်လေးနှင့် ခေါင်းညိတ်ပစ်လိုက်သည်။ လက်ခံလိုက်တာမ ဟုတ်ပါ။ ပြောနေသည့် စကားကို ပြတ်တောက်စေလိုက်တာဖြစ်၏။

"ဟုတ်ကဲ့ပါ..အဆင်း အဘက်ဘက်ကစဉ်းစားပါ့မယ်..ဒါပေမယ့် အိမ်ထောင်ပြုရခြင်းရဲ့ အဓိကအကြောင်းတရားတွေမှာ အဆင်းအဖြစ်က တော်တော်ကိုဆိုးနေသလိုပဲ..ကိုယ့်ဘေးမှာ ဆူးတွေဝိုင်းနေတာသိသိနဲ့ ရှေ့ဆက်လှမ်းရင် ဆူးစူးမိမှာပေါ့၊ အဆင်း ကိုယ့်အန္တရာယ်ကို အရင်ရှင်းချင်ပါတယ်.."

"ဘယ်လို.."

ဒေါ်ဖြူဖြူဇင် မျက်နှာမှာမလိုလားခြင်းတွေ ထဖြစ်ကာ မသိမသာတင်းသွားသည်။

"ဒီလိုပါ..ဦးဇင်လင်းကိုဖြစ်ဖြစ် တခြားတစ်ယောက်ယောက်ကိုဖြစ်ဖြစ် အိမ်ထောင် ဖက်အဖြစ် ရွေးချယ်တော့မယ်ဆိုရင်တောင် အဆင်းမှာ ဒီလိုအရှုပ်အထွေးတွေရှိလျက်နဲ့ အား ကိုးရာတာမျိုး မဖြစ်စေရဘူး..မပြည့် စုံဆင်းရဲလို့ ယောကျ်ားယူလိုက်တဲ့ မိန်းမတိုင်း အားကိုးရ သွားကြတာမှ မဟုတ်ဘဲ၊ မမလင်းပြောသလိုပါပဲ မိန်းမတစ်ယောက်ရဲ့တန်ဖိုးက တစ်နေ့ရွှေ တစ်နေ့ငွေဆိုတာ မှန်တယ်..အဆင်းဆိုရင် ခုချိန်မှာဘာတန်ဖိုးလဲဆိုတာတောင် မတွေးရဲဘူး၊ အဲ့ဒါကြောင့်ပါ..ဒီအခြေအနေတွေကို မရှင်းနိုင်သေးဘဲ အဆင်းအိမ်ထောင် မပြုဘူး.."

ဒေါ်ဖြူဖြူလင်း၏မျက်လုံးတွေ အစ်မဖြစ်သူထံ ဖျတ်ခနဲရောကသွား၏။ ဒေါ်ဖြူဖြူ ဇင်က ရယ်ခြင်း ပြုံးခြင်းကင်းသည့် နှုတ်ခမ်းတို့ကို အတိအကျစေ့ထားကာ... ၊

"အင်း.."

မေးဖျားလေးပင့်၍ ခေါင်းညိတ်လိုက်သည်။

"ဒါ..မင်းအခွင့်အရေးပဲ.."

ဟု အေးစက်စက်ပြော၍ ဖြည်းလေးစွာထရပ်လိုက်သည်။ သို့သော် ပြန်ဖို့ခြေ လှမ်းပြင်လိုက်တာမဟုတ်ဘဲ နားမခံသော စကားကိုအားမနာတမ်းပြော၍ လှည့်မကြည့်စတမ်း ထွက်သွားနိုင်ဖို့ ပြင်ဆင်လိုက်ခြင်းသာဖြစ်မှန်း မသိလိုက်သည့်နောက်.. ၊

"မင်းနဲ့ပတ်သက်လာရင် မင်းရဲ့မောင်လေးက လိပ်ပြာဝဲတာတောင် မကြိုက်လို့ ကိုဇင့် ကိုတောင် ငြိဖို့ ထိဖို့ အခြေအနေထိစိန်ခေါ်ခဲ့သေးတယ်ဆိုပဲ..မင်းကိုလချင်ပေမယ့် ဒီကောင် လေးကိုတော်တော်စည်းရုံးဖို့ ခက်ခဲမှာပဲဆိုပြီး ကိုဇင်က တွေးပူနေသေးတယ်..အဟွန်း တို့က တော့ဒီအကြောင်းတွေကို ကြားလိုက်ကတည်းက သုံးသပ်မိတယ်၊ အရင်းအချာမဟုတ်မှန်း သိနေကြတယ်ဆိုတော့ မင်းကိုသူ့ဘက်က မရိုးသား.."

"မမ ဘယ်လိုပြောလိုက်တာလဲ.."

ဒေါ်ဖြူဖြူဇင်က ကုလားထိုင်ရှေ့က ဖယ်ထွက်လိုက်ပြီး ဂရုမစိုက်စွာပြုံးသည်။

"မင်းကပါ တလောကလုံးက ယောကျ်ားတွေကို ယောကျ်ားလို့မထင်တော့ပါဘူးဆိုရင် ပိုဆိုးသွားပြီ.. လူငယ်က ငယ်သူပီပီစိတ်ကစားတာထက် နှစ်ယောက်အတူတူ သံယောဇဉ်တွေ ခိုင်မာနေကြတယ်ဆိုရင်တော့ ဒီအဖြစ်ဟာ.."

"မဟုတ်ဘူး..ကျွန်မတို့က.."

အဆင်း အသားတွေတုန်ကာ စကားသံတွေလည်း ထစ်ငေါ့ကုန်သည်။ ခါးထောက်ရန်တွေ့လွှတ်ရမည့် လူတွေလည်း မဟုတ်၊ ငြင်းဆန်ရှင်းလင်းပြောရမှာလည်း ရှက်သည်။ ရှင်းရအောင် ရှုပ်နေတာမဟုတ်ဘဲ ပြောပြီး ပျောက်ကွယ်သွားကြဖြစ်သော ဒေါ်ဖြူဖြူဇင်တို့၏အငွေ့အသက်များဟာ ယမ်းငွေ့ဝေနေဆဲ.. ၊

စစ်တလင်းတစ်ခုလို အဆင်းထံပါးမှ အပျက်အစီးများစွာနှင့် အကျည်းတန်စွာ ကျန်ရစ်လေသည်။

ဒီလိုအဖြစ်များ သည်မျှနှင့်သာ ပြီးစေချင်၏။

အခန်း(၁၇)

"အဆင်း.."

ခေါ်သံကြောင့် ခြေလှမ်းကချက်ခြင်းနှေးကျသွားသည်။ လှည့်ကြည့်လိုက်ဖို့စိတ်ကူးက မကြည့်နဲ့ဆိုသည့် အမိန့်တစ်ရပ်နှင့်တစ်ဆက်တည်းဖြစ်ကာ ခြေလှမ်းကို ရှေ့ဆက်ဖို့ပြင် မိသည်။

"အဆင်း..ခဏ.."

ဦးဇင်လင်းအောင် အဆင်းကိုမီအောင်ပြေးလိုက်လာပုံပေါ်သည်။ ရှေ့ကိုကျော်တက်ပြီး မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ အဆင်းရှေ့မဆက်နိုင်ဘဲ တုံ့ခနဲရပ်၏။

"အဆင်းရယ်..ဘာမပြောညာမပြောနဲ့ အလုပ်ထွက်စာတင်သွားတယ်ကွာ၊ ဘာလုပ်တာလဲ.."

အဆင်းက မျက်လွှာလေးပင့်ကြည့်ပြီး စကားပြောရမှာပင် စိတ်ပျက်သည့်မျက်နှာလေး နှင့် မျက်ခုံးလေးတွေ တွန့်ကျသွား၏။ ကြက်သွေးရောင်ရင့်ရင့် ကီမိုနိုအပွင့်ထက်မှာ လည် ကပ်ဆွယ်တာ လက်ပြတ်အနက်လေးနှင့် ဝင်းမှုန်နေသည့်အဆင်းသည် ဦးဇင်လင်းအောင် မျက်လုံးထဲမှာ လှသော နုသော ယဉ်စစနုမွတ်သန့်စင်နေသော ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံ နေ၏။

တင်ပါးထက်မှာ နွဲ့ဖြာနေသည့်ဆံနွယ်များက သူမ၏ဂုဏ်ကျက်သရေကို ပိုမိုတိုးပွား စေကာ ဤသူမလေးဟာ ဘယ်လိုမိန်းကလေး ဘယ်လိုအကြောင်းတွေရှိခဲ့ဖူးသည် ဘာတွေပဲ

ပြောကြပါစေ သူအထင်သေးလို့ မရခဲ့ပေ။

မျက်နှာလေးကို ကြည့်မိတိုင်း သူမ၏မျက်ဝန်းလေးတွေ လက်ခနဲဝင့်တက်လာတိုင်း ကိုယ့်ဘက်က တလွဲတချော်ဖြစ်နေသမျှ အားလုံးကပြင်ရာဆင်ရာ မရှိဘဲ အားလုံးအကောင်းတိုင်းဖြစ်သွားတတ်၏။ နောက်ဆုတ်ဖို့ကြိုးစားတိုင်း မအောင်မြင်နိုင်တာလည်း အမြဲတမ်းတန်ဖိုးထားနေခဲ့မိသော ဒီရင်ဘက်ကြောင့်ပဲဖြစ်နိုင်သည်။

အသက်ကြီးတဲ့လူတွေ မေတ္တာအကြင်နာစကားတွေ ပြောလျှင် ရယ်ကြသေးသည်။

'ဒီအရွယ်ကြီးကျမှ'တဲ့.. ၊

အသကကြီးတာ ငယ်တာကို လူကိုယ်ခန္ဓာကိုယ်ပေါ်က ဇရာ၏ကောက်ကြောင်းများအရ သိနိုင်ပေမယ့် အချစ်ကို အသက်ကြီးတာငယ်တာ ဘယ်လိုခွဲခြားမလဲ။ ဟောင်းနွမ်းတဲ့အချစ် နုသစ်တဲ့အချစ်ဆိုတာကို ဆုပ်ဖမ်းပြနိုင်သည်ဆိုလျှင် မြင်ချင်ပါသေးသည်။

ပင့်သက်အခါခါချခဲ့ရသည့် အကြိမ်ရေများမှာ အသက်တွေတစ်နစ်ပြီး တစ်နှစ်ပြန်နုတ်ထုတ်လို့ရမည် ဆိုလျှင်လည်း အကောင်းသား။ တစ်ဆယ့်ခြောက်နှစ် လူပျိုဖျန်းအရွယ်လေး ကလွတ်လပ်စွာရင်ခုန်ခွင့် ပါမစ်တွေရနိုင်၏။ ခုတော့ သူမှာ ပြောဖို့စကားတွေကို အစကနေပြန်ဆွဲထုတ်လိုက် ချိတုံချတုံးပြန်လွှတ်မိပြီး အဆုံးကနေ ပြန်ကောက်မလိုက်၏။

အစကလည်းမဖြစ် အဆုံးကလည်း မကောင်းတတ်တော့ အလယ်ကဖြတ်ပြီး လိုရင်းတိုရှင်းပြောဖို့ ဆုံးဖြတ်ခဲ့တာတွေရှိသည်။ ဒါလည်း ဒီနေ့ထိမအောင်မြင်။ အချစ်က သူ့အတွက် ကျမှ ခါးသက်နေခဲ့သည်လား..၊

"ဦးဇင်လင်း ဒါပြောမလို့လား.."

ငေးကြည့်ငိုင်တွေသွားခဲ့သော သူ့ကိုအဆင်းကစိတ်မရှည်သည့်မျက်နှာလေးနှင့် မေး၏။ သူကမန်းကတန်း ခေါင်းညိတ်မိ၏။ ပြီးတော့ ချက်ချင်းပြန်ခါပြမိကာ.. ။

"ဟုတ်ပေမယ့် ဒီလိုပါ..မင်း မင်း အလုပ်ထွက်ချင်တဲ့ကိစ္စက ကိုယ့်ကြောင့်ဖြစ်နေတော့.."

"သိရင်လည်း မပြောပါနဲ့တော့ ဦးဇင်လင်းရယ်..အဆင်း ဆက်မပြောချင်ဘူး၊ နားလည်းမထောင်ချင်တော့ဘူး..အထူးသဖြင့် ဦးဇင်လင်းဘက်က အဆင်းအပေါ်မှာ ဘယ်လိုအမြင်တွေနဲ့ ဘယ်လိုတွက်ချက် ကြည့်ထားသလဲဆိုတာ အလင်းနားလည်ပါတယ်၊ ဦးဇင်လင်းကိုယ်တိုင် အဆင်းရဲ့မောင်လေးနဲ့ အဆင်းကို.."

"ဟာ..အဲ့ဒါကတော့ မှားတယ်၊ ကိုယ် အဲ့ဒီလိုထိ မင်းကိုပက်ပက်စက်စက် လုံးဝမတွေးခဲ့ဘူး.."

ပြောနေရင်း ဦးဇင်လင်းအောင်ဘေးဘီ ဝေ့ဝဲကြည့်သည်။ ပြီးတော့.. ၊

"လာပါ အဆင်းရယ်..ဟိုဘေးက အအေးဆိုင်မှာ ခဏထိုင်ရအောင်နော်.."

အဆင်း လှမ်းကြည့်လိုက်တော့ ကားပါကင်နေရာတစ်ခုဖြစ်ပုံရကာ ဘေးမှာကြဲရည်ကြိတ်စက်နှင့် စားပွဲလေးနှစ်လုံးသာ ရှိသည့် အအေးဆိုင်ငယ်လေးဖြစ်သည်။ ဒီနေရာက လူစည်ကားသည့်နေရာမဟုတ်ပေ။ လမ်းမထိပ်မှာ ဓာတ်ဆီအရောင်းဆိုင်ကြီးရှိကာ ဒီဘက်ထိပ်

နားမှာ မူလတန်းကျောင်းရှိ၏။ အလယ်မကျတကျ မို့ လူနေအိမ်ခြေလည်း ခပ်ကျဲကျဲနှင့် အအေးဆိုင်မှာ လူတစ်ယောက်မှ မရှိပေ.. ၊

စည်ကားနေသည်က ဘေးကပ်လျက်မှ ဇယ်တောက်ခုံပဲဖြစ်သည်။

"အဆင်း အချိန်မရတော့ဘူးဦးဇင်လင်း..ပြောစရာရှိရင် နောက်မှပြောပါ.."

"အဲ့ဒီလိုတော့မလုပ်ပါနဲ့ အဆင်းရယ်..မင်းက အလုပ်ကိုလည်း ပြန်လာမှာမဟုတ်တော့ဘူး၊ မင်းဆီကို ကိုယ်လာရင်ရော ကြိုက်မှာလား..ခဏလေးပါကွာ နာရီဝက်လောက်ပဲ အချိန်ပေးပါ.."

နှစ်ယောက်သား အခြေအတင်ဖြစ်နေကြတာကို ကားပေါ်ကနေ မျက်လုံးတစ်စုံက မမိုတ်မသုန်ကြည့်နေခဲ့သည်။ စူးစူးရဲရဲကနေ တလက်လက်တောက်လာသော မျက်လုံးတို့က ထိုဆီသို့ ခုန်ပေါက် လွင့်ပျံသွားတော့မလိုပင်.. ၊

"အလင်း.."

အနားမှာ လူရိပ်တစ်ရိပ်ပေါ်လာ၏။ သူလှည့်မကြည့်ဖြစ်ပါ။ မျက်လုံးတွေကို မြင်ကွင်းဆီကနေ ဘယ်လိုမှ ပြန်ရုပ်သိမ်းလို့မရ။

"နင်လည်းမြင်တာကိုး..ငါက နင်မမြင်ဘူးမှတ်လို့၊ ပြမလို့.."

တစ်မြို့တည်းနေဖူးကြသည်မို့ မိုးနတ်နွယ်ကလည်း အဆင်းကိုသိနေသည်။ ထို့ပြင် ဦးဇင်လင်းအောင်နှင့် ဆက်စပ်ကာ တချို့ကိုလည်း သိထားသေးသည်။

"ပူမနေပါနဲ့အလင်းရယ်..ဦးဇင်လင်းအောင်က အသက်ကြီးပေမယ့် ချောတယ်၊ ချမ်းသာတယ် ပြီးတော့ လူပျိုကြီး..မိုးကုတ်မှာကတည်းက သူတို့အဆင်ပြေသွားကြရင် နင်တို့ခုလိုတောင် ဒုက္ခရောက်မှာမဟုတ်ဘူး.."

"မိုး.."

အလင်း ဖျတ်ခနဲလှည့်အော်လိုက်သဖြင့် မိုးနတ်နွယ်လန့်သွား၏။ ဒေါသသေးသေးလေးလည်းဖြစ်သွားကာ 'ဘာဖြစ်တာလဲ'ဆိုသည့် မျက်ဝန်းတို့က လက်ခနဲဝင့်လာ၏။ မလိုအပ်ဘဲ အလင်းမျက်နှာက တင်းတင်းမာမာကြီး ဖြစ်လျက်.. ၊

"ကိုယ်နဲ့မဆိုင်တာတွေ လျှောက်မပြောနဲ့..အခု ဘာလုပ်မှာလဲ ပြော.."

အံမာ ဒရိုင်ဘာလေသံက..ဟု စိတ်ထဲမှာထောင်းခနဲဖြစ်သွားမိသည်။ တကယ်တမ်းပါးစပ်ကကျတော့ မပြောဖြစ်ခဲ့ပါ.. ၊

"အအေးသောက်ဖို့ နင့်ကိုလာခေါ်တာ.."

ဟုပြောကာ ကျွေးချင်တဲ့စေတနာတွေ ပျောက်ဆုံးကုန်ပြီဆိုတာ ဖြစ်ကြောင်းသိသာအောင် နှုတ်ခမ်းကို မဲ့ရွဲ့ပစ်ကာ မျက်စောင်းထိုး၏။ အလင်းက မသိပါ။ သိဖို့လည်း မိုးကိုသူက ကြည့်နေတာမဟုတ်။ စကား များများမပြောချင်သည့် မျက်နှာနှင့် ကားပေါ်က ချက်ချင်းဆင်းသည်။ ဒေါတွေမောတွေနှင့် ပြန်တွန်းပစ်လိုက်သဖြင့် တံခါးကဂျိမ်းခနဲ ဆောင့်ပိတ်၏။

လူကတစ်ထွာတစ်မိုက်နှင့် ဒေါသကပေတစ်ရာလောက် ရှိနေသည်။ ဆံပင်ပုံစံက ကုပ်ပိုးမှာရှင်းရှင်း အပေါ်ပိုင်းမှာ ခပ်အုပ်အုပ်အလယ်ခွဲထားတာကလည်း နှာတံထိပ်ဖျားကနေ

ကော့ချွန်နေသည့် နှာခေါင်းထိပ် ထိ မြင်နေရတာပဲရှိသည်။ ပါးရိုးနှစ်ဖက်ပေါ်မှာ မသေမသပ်ကျနေတာတွက အမြဲတမ်းလိုလိုရှိ၏။

ပုံစံကိုက လူမိုက်ရုပ်လေးပေါက်နေတာဖြစ်သည်။ ဒီတိုင်းသွားပြောကြည့်လိုက်ပါလား..ဒေါသတွေ ပွထသွားလိုက်မည့် ဖြစ်ခြင်း။ မိုးတစ်ယောက်တည်း ဒေါသဖြစ်လိုက်ပြန်လျှော့လိုက်နှင့်အလင်းကို တိတ်တခိုးကြည့်ကာ ရင်ထဲမှာဖြစ်ချင်တိုင်းဖြစ်နေခဲ့၏။

ထိုစဉ်တိုက်ဆိုင်သည်က သူမတို့ထက်စော၍ အအေးဆိုင်ထဲကို ဝင်သွားကြသောဦးဇင်လင်းအောင်နှင့် အဆင်းတို့က စားပွဲတစ်လုံးမှာ ထိုင်မိကြပြီဖြစ်သည်။ ရောင်စုံထီးကြီးတွေနှင့် ပန်းအိုးကလေးတွေချထားသဖြင့် အဆင်းက ဒီဘက်ကိုဘေးတစ်စောင်းထိုင်သော်လည်း မျက်နှာတည့်တည့်မှာ ပန်းပင်လေးကကွယ်နေ ၏။

ဦးဇင်လင်းအောင်ကတော့ ကျောခိုင်းလျက်ဖြစ်သည်။

"အလုပ်ထွက်တဲ့အထိ မလုပ်ပါနဲ့အဆင်းရယ်..မင်းကိုယ့်ဆီက ဘယ်လိုကတိမျိုးလိုချင်သလဲ၊ တောင်းပါ..ကိုယ်ပေးမယ်၊ မလတ်တို့ကလည်း ကိုယ့်ဆန္ဒကိုဖြစ်စေချင်တဲ့စိတ်တွေလောကြီးသွားလို့ စကားမှားခဲ့ကြောင်း ပြောနေကြတယ်..မယုံရင် မင်းလိုက်ခဲ့ပါ၊ မလတ်မင်းကိုတောင်းပန်လိမ့်မယ်.."

"အဆင်းကို အဲ့လောက်အလေးမထားပါနဲ့..အဆင်းရဲ့အဆင့်အတန်းက ဦးဇင်လင်းတို့လိုလူတွေ ဒီလောက်အောက်ကျ တောင်းပန်ရလောက်အောင် မဟုတ်သေးပါဘူး..ဒီထိ စကားပြောဖို့ လာထိုင်ခဲ့တာကလည်း ဦးဇင်လင်း ကျွန်မကို မျှော်လင့်နေလို့ပဲလို့ ကျွန်မထင်တယ်၊ ဒါမှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ကျွန်မဘက်က မျှော်လင့်ချက်တွေပေးနေသလို အနေအထိုင်မမှားချင်ဘူး..ကျွန်မပြန်တော့မယ်.."

"ဟာ..နေပါဦး.."

အဆင်းက ထရပ်လိုက်သည်။ ဦးဇင်လင်းကလည်း ကမန်းကတန်းထရပ်၏။ ပြီးတော့ လက်ကိုဆွဲတော့မလို ရှေ့ကပိတ်ကာတော့မလို ကိုးရိုးကားယား ပျာပျာသလဲဖြစ်သွင်းစဉ်.. ၊

"ဆောရီးလို့ ပြောနေမှတော့ နားလည်ဖို့ကောင်းတာပေါ့ဗျာ..ခင်ဗျား မရှက်ဘူးလား.."

အနားမှာ မိုက်ကြည့်ကြည့်ရင်း ရောက်လာသူက အလင်းဖြစ်သည်။ ဦးဇင်လင်း မျက်နှာပျက်သွားကာ အဆင်းကို ပြန်ကြည့်၏။ အလင်းက ဦးဇင်လင်း၏လက်ကောက်ဝတ်ကို သူ့လက်ခုံနှင့်တိုက်ပစ်၍.. ၊

"ဘာလဲ..ဘာထပ်သိချင်သေးလဲ၊ လက်ကြီးတပြင်ပြင်နဲ့ သိပ်မလုပ်နဲ့..ကျွန်တော်က မျက်စိနောက်ရင် ကြည့်မနေတတ်ဘူး.."

"အလင်း.."

အဆင်း၏ ဒေါသကအလင်းထံသို့ စုပြုံကျသွားခဲ့၏။ တစ်ယောက်နဲ့တစ်ယောက် အေးအေးဆေးဆေး ပြောဆိုနေကြတာ ကိုယ်လည်းမကျေနပ်ခဲ့ပေ။ သူ့ကြောင့် ကိုယ့်ဘက်ကအလွန်ဖြစ်သွားခဲ့လျှင် အားနာရတာတွေ တောင်းပန်ရဖို့တွေ ဖြစ်လာတော့မှာ သေချာ၏။ နောက်က အဖော်မိန်းကလေးကို အဆင်းကလှမ်းကြည့်၍..၊

"ကိုယ်သွားမယ့်လမ်းကိုသွား..လူကြီးတွေကိစ္စ ဝင်မရှုပ်နဲ့.."

"မမဘာပြောတယ်.."

အလင်းမျက်နှာ တင်းခနဲဖြစ်သွား၏။ အဆင်းဘက်ကို တည့်တည့်လှည့်ရပ်ကာ ဦးဇင်လင်းကို ပြန်ငဲ့ကြည့်၏။

"ချစ်တာ ခင်တာတွေပြောနေကြတာ လူကြီးကိစ္စလား.."

"အလင်း.."

"မမက ကြည်ဖြူနေရင် ကျွန်တော်ဝင်မပါဘူး..ငြင်းနေရက်သားနဲ့ ဘာလိုက်ဖြစ်နေတာလဲ ဒီမှာ.."

အလင်းက ဦးဇင်လင်းအောင်ဘက်က ပြန်လှည့်မေးဆတ်၍.. ၊

"ခင်ဗျားကို မကြည်ဘူး..လှည့်ပြန်လိုက်တော့.."

တစ်ချိန်လုံး ပါးစပ်ပိတ်နေခဲ့သည့် ဦးဇင်လင်းအောင်က ဇွဲမယူသည့်အပြုံးမျိုးနှင့် ခပ်သဲ့သဲ့ရယ်သည်။ပြီးတော့ ခေါင်းညိတ်လိုက်၍.. ၊

"ကိုယ်ကပြန်မှာပါ..ဒါပေမယ့် တစ်ခုတော့ရှိတယ် ညီလေးရ၊ ကိုယ့်အစမ ညီမကို အစ်ကိုတွေမောင်တွေက သဝန်တိုတတ်ကြတာ သဘာဝကျပါတယ်..ဒါပေမယ့် နောက်ဆုံးကျတော့လည်း ဖြစ်သင့်တဲ့သဘာဝအတိုင်း ဖြစ်ခွင့်ပေးလိုက်ကြရတာပဲ..တချို့ဆိုရင် ဟိုလူနဲ့တော့ ကိုယ့်အစ်မ ညီမကိုသဘောမကျဘူး၊ ဒီလူနဲ့ဆိုရင်တော့ ကျေနပ်တယ်..အဲ့ဒါမျိုးပေါ့၊ ကိုယ်သဘောကျတဲ့သူ ဒါမှမဟုတ် တင့်တယ်ကောင်းစားသွားနိုင်တဲ့ အိမ်ထောင်ဘက်ကောင်းတစ်ယောက်ယောက်နဲ့ သဘောတူ ပေးကြတာမျိုး..ညီလေးကျတော့ တစ်မျိုးကြီးပဲ.."

"ဟွန်း.."

အလင်းက ဦးဇင်လင်းအောင် ဘာကိုရည်ရွယ်ပြီး တိုက်ခိုက်လိုက်တာမှန်းသိသည်။ အရိုင်းဆန်သော ထိမထင်မဲ့ပြုံးနှင့်.. ၊

"ဟုတ်တယ..တမျိုးကြီးပဲ၊ မမကို ဘယ်ကောင်မှ ပိုင်ဆိုင်ခွင့်မရှိဘူး.."

ပြောပြီး အဆင်းလက်ဖဝါးလေးကို ပိုင်နိုင်စွာဆုပ်ဆွဲလိုက်သည်။ အဆင်း ရှက်ရွံ့ခံပြင်းခြင်းများနှင့် ဒူးများပင် ချောင်လာ၏။ လက်ကို ပြန်နုတ်ရုန်းတာလည်း မရ.. ၊

အလင်း၏မိုက်ရိုင်းသော စကားလုံးများကြောင့် နောက်ကရပ်ကြည့်နေသည့် မိန်းကလေးနှင့် ဦးဇင်လင်းအောင်တို့၏ အံ့ဩမင်တက်မိသွားသော မျက်လုံးများက အဆင်း၏ အရှက်နှင့်သိက္ခာတို့ကို အရည်ဖျော် တိုက်စားသွားသည်လား.. ၊

"ခင်ဗျား အခုသိပြီနော်..နောက်ထပ်တစ်ခါ ဒီလိုမြင်ရရင် အဆိုးမဆိုနဲ့.."

အလင်းသည် နောက်ထပ်ဂရုမစိုက်စွာ မိုက်ရိုင်းခြင်းဖြင့် နှုတ်ဆက်ခဲ့လိုက်ပြီး.. ၊

## အခန်း(၁၈)

"လူရမ်းကား.."

ရိုက်ချက်ကြောင့် လည်ထွက်သွားသည့် မျက်နှာတစ်ခြမ်းက ပူပြင်းကျိန်းစပ်သွား၏။ ခေါင်းတစ်ခုလုံး ပွင့်ထွက်သွားပြီလားထင်ရကာ ရုတ်တရက်မြင်ကွင်းတွေ ပျောက်သွားသလို ပင်.. ၊

"အဲ့ဒါမှတ်ထား..မင်းနောက်ထပ် လူမဆန်တဲ့စကားတွေ မပြောရဲအောင်ဆုံးမလိုက် တာပဲ.."

အဆင်း ကျိန်းစပ်သွားသည့်လက်ဖဝါးတစ်ဖက်ကို ဖိဆုပ်ထားမိရင်း အံကြိတ်သည်။ အရှက်သည်းနေသည့် နှလုံးသားတို့ ဆတ်ဆတ်ခါလျက် မျက်ဝန်းမှမျက်ရည်တွေ တဖြိုင်ဖြိုင် ဆင်းကျနေကြတာကို ဆင်းနေမှန်းမသိ။ တစ်ဘဝလုံး ပခုံးချင်းဖက် လက်ချင်းဆက်၍ ကြီးပြင်း ရှင်သန်လာခဲ့ကြတာ လူတွေတံတွေးခွက်မှာ ဒီလိုမျောရဖို့လား.. ၊

အလင်းဆိုတဲ့ လူငယ်တစ်ယောက်ကရော ကိုယ်ပြောဆိုနေထိုင်ပုံတွေ ဒီလိုမသင့်ဘူး၊ ဒီလိုမဖြစ်သင့်ဘူးဆိုတဲ့ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ဘောင်မဝင်တဲ့ပြဌာန်းချက် တွေကိုမှ ဘာဖြစ်လို့အဆိုပြုချင်ရတာလဲ.. ၊

"ဘာဖြစ်လို့ ဒီလိုဝင်ပြောရတာလဲဆိုတာ မမဘာကြောင့်မမေးတာလဲ.."

အလင်းက ပါးတစ်ဖက်ကိုစမ်းရင်း သွားချင်းစေ့ကြိတ်၍ မေးသည်။

"မမနဲ့ပတ်သက်တိုင်း ဒီကောင်မိုက်ရိုင်းတတ်နေတာရော ဘာကြောင့်လဲလို့ မမတစ်ခါမှ မတွေးမိဘူးလား.."

"တွေးဖို့မှမလိုတာ..ဒီမှာအလင်း နာမည်အရ မင်းနဲ့ငါသဏ္ဍာန်ချင်းတူတာ၊ စရိုက်က တော့ လုံးဝကွဲတယ် ..အဲ့ဒါမင်းမှတ်ထား၊ မင်းက ကိုယ့်ဘဝကိုကိုယ် မိုက်ရိုင်းခွင့်ပါမစ်နဲ့ ရှက် လွင့်ဖို့လမ်းပေါ်ရောက်လာတာ.. ငါက မလိုလားစွာစွန့်ပစ်ခံခဲ့ရတဲ့ မေတ္တာငတ်မွတ်ခဲ့တဲ့မိန်းမ.. ဖေဖေက သဏ္ဍာန်တူနာမည်တွေပေးခဲ့ပေမယ့် မင်းကမင်း..ငါကငါ.."

"ဟား ဟား ဟား.."

အလင်းက မျက်ခုံးအောက်ထိဆင်းကျနေသည့် ဆံပင်တွေကို ဆတ်ခနဲခါထုတ်ပစ် လိုက်ပြီး မျက်နှာမော့ ရယ်သည်။ အက်ရှသောရယ်သံသည် ငိုမျက်ဝန်းမှာ ပြုံးရိပ်ဆင်ခြင်း သာဖြစ်လျက် စူးစူးရဲရဲစိုက်ကြည့်လာသည့် အခါတွင် သူ့မျက်ဝန်းတစ်ဖက်မှာ မျက်ရည်ကြည် တွေ ဝေ့နေလျက်.. ၊

"ဟုတ်တယ်..မမက မမပါပဲ၊ ကျွန်တော်က ကျွန်တော်..ဘာမှမဆိုင်ဘူး၊ ထပ်ပြောချင် တာက ကျွန်တော်က အတိတ်မရှိတဲ့ကောင်ပဲ..အဲ့ဒါကြောင့် အနာဂတ်ကိုလည်း ဂရုမစိုက်ဘူး၊ ကျွန်တော့်အနာဂတ်လှသည်ဖြစ် စေ..မလှဘူးဖြစ်စေ ကျွန်တော်နဲ့ပဲဆိုင်တယ်.."

"ဘာ.."

အဆင်း ရှေ့တစ်လှမ်းတိုး၍ အလင်းလက်မောင်းတစ်ဖက်ကို ဆွဲခါပစ်သည်။

"မင်းမှာ မင်းရဲ့အနာဂတ်ပဲရှိတာပေါ့..ဒါကြောင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းရဲ့ တံတွေးခွက်မှာ ပက်လက်မျောအောင် ငါ့ကိုအရှက်ခွဲခဲ့တာပေါ့လေ ဟုတ်လား..ပြော အလင်းပြော စမ်း.."

"မဟုတ်ဘူး.."

"ဘာမဟုတ်တာလဲ..မင်းအခု ဦးဇင်လင်းကို ပြောခဲ့တာတွေကြည့်စမ်း၊ မင်းနဲ့ငါ့ကို မောင်နှမမဟုတ်ဘူးဆိုတာ သိထားကြတဲ့လူတွေရှေ့မှာ မင်း..မင်း.."

"မမ ကျွန်တော်မဟုတ်ဘူးနော်..အဲဒီလို တမင်တကာ မယုတ်မာဘူး.."

အဆင်းက နားမထောင်။ ခေါင်းတွင်တွင်ခါပြီး အတင်းဆွဲလွဲထုရက်နေ၏။ ငိုရင်းရှိုက်ရင်းအင်အားက ချည့်နဲ့နေသော်လည်း အလင်းရှောင်တာကို ရှောင်တဲ့အတိုင်းလိုက်ရိုက်လို့ မပြီးနိုင်.. ၊

"ဘာလိုလိုပြောနေကြတဲ့ လူတွေကို ငါဘယ်လိုရှင်းမလဲ..ဒီမျက်နှာနဲ့ ဘယ်လိုရင်ဆိုင်ရမှာလဲ၊ လူရမ်းကား..လူရိုင်း.."

"မမဗျာ.."

"ကျွတ်.."

ဘယ်လမှရှောင်မရသည့်အဆုံးမှာ အဆင်းလက်ကလေးတွေကို ဆွဲသိမ်းကာ တစ်ကိုယ်လုံးကိုတင်းကျပ်စွာ ဖက်ထားလိုက်မိသည်။

"လွှတ်စမ်း..မင်း.."

"မမကို ကျွန်တော်ချစ်တယ်..ဘယ်ကောင်ယူသွားမှာကိုမှ မပေးနိုင်တာ၊ ကျွန်တော်တစ်ယောက်ပဲ ပိုင်ချင်လို့.."

အဆင်း ရှုန်းကန်ငိုရှိုက်နေခြင်းအားလုံး ရပ်ဆိုင်းသွား၏။ အံ့သြသွားသည့်နှုတ်ခမ်းလွှာလေးတွေ ခပ်ဟဟပွင့်ကာ အလင်းမျက်နှာကို ငေးမောသွားခဲ့သည်။ မယုံရဲ မတွေးရဲခဲ့ပါ။ အိမ်မက်ထဲမှာ အလင်းဒီလိုစကားတွေ ခဏခဏလာပြောခဲ့ဖူး၏။ အိမ်မက်ကနိုးသည်နှင့် အားလုံးပျောက်ပျက် ပျောက်ရှကုန်အောင် ဆုတောင်းရင်း မျက်နှာသစ်ချမိတာတွေလည်း ရှိဖူးသည်။

တွေးရင်း ထိတ်လန့်ရင်းနှင့် အချိန်ကြာအောင် စိတ်ညစ်နေခဲ့တာလည်း ဖြစ်ခဲ့ဖူးသည်ပင်။ နားနဲ့တကယ် ဆတ်ဆတ်ကြားရတာကို မယုံနိုင်။ အလင်းက အဆင်း၏ သတိလက်လွတ်ငေးနေသည့် မျက်ဝန်းလေးတွေကို စီးမိုးငုံ့ကြည့်နေရင်း.. ၊

"ကျွန်တော် အမူအရာတွေပျက်နေတယ်လို့ မမထင်တာတွေဟုတ်တယ်..တကယ်ဆို ထင်တာကတောင် နောက်ကျနေသေးတယ်၊ မမကို ကျွန်တော့်အစ်မအရင်း မဟုတ်ဘူးဆိုတာ အလယ်တန်းကျောင်းသားအရွယ် တည်းက ကျွန်တော်သိနေခဲ့တာ.. ချစ်တတ်ပြီဆိုတဲ့အရွယ်ကတည်းက ချစ်နေခဲ့တာ၊ မမအတွက် အုပ်စီးအားကိုးနိုင်တဲ့ ယောကျာ်းမျိုးကျွန်တော်ဖြစ်ချင်လို့ မမကို မတိုင်ပင်ဘဲ လျှောက်လုပ်နေတာတွေကလည်း မမကို ချစ်လို့ပဲ.."

"မချစ်နဲ့..မချစ်ရဘူး၊ မင်း မင်း ဒီလောက်ထိ မိုက်ရိုင်းတယ်..လွှတ်စမ်း.."

“ချစ်တတ်လာတဲ့နှလုံးသားက ချစ်တဲ့သူကို လက်ညှိုးထိုးခဲ့တာ မိုက်ရိုင်းတာလားမမ..ကျွန်တော် မမ ကိုချစ်တယ်၊ ကျွန်တော့်ဘဝမှာ စိတ်ကူးယဉ်အိမ်မက်တွေနဲ့ အမြဲတမ်း ရူးသွပ်ရင်ခုန်နေခဲ့ရတဲ့ မိန်းမကမမပဲ..”

“မင်းဘယ်လိုသတ္တိတွေနဲ့ ဒီစကားတွေပြောတာလဲ..”

အဆင်း ဒေါသကြီးကာ နောက်ထပ်ရိုက်ချလိုက်ဖို့ လက်တွေကိုရှန်းသည်။ အလင်းကမလွှတ်ဘဲ မရ မက ဆွဲချုပ်ပစ်ကာ နမွှတ်သောလည်တိုင်ကြော့မှာ ဆံနွယ်ရှည်တို့ကို မျက်နှာနှင့်တိုးတိုက်၍ နေရာယူပစ် သည်။ ပြီးတော့ နေပူပူမှာ မိုးရွာချလိုက်သလို နွေး၍မရသောအချိုးတူ ပူခြင်းအေးခြင်း ဆန့်ကျင်ဘက်နှစ် ရပ်ကို တစ်ပြိုင်တည်းပေး၏။

အဆင်း မျက်လုံးတွေပြာကုန်အောင် အသိမဲ့သွားသည်။ တစ်ကိုယ်လုံးသွေးခဲ့သွားပြီထင်ရလောက် အောင် ကျူးကျော်ရမ်းကားနေသည် အနမ်းများမှာ.. ၊

“တို့ကတော့ သုံးသပ်မိတယ်..အရင်းအချာမဟုတ်ကြမှန်းသိနေကြတယ်ဆိုတော့ မင်းကိုသူ့ဘက်က မရိုးသားမှုဆိုတာ ရှိလာမှာပဲ..”

“မင်းကပါ တစ်လောကလုံးက ယောကျ်ားတွေကို ယောကျ်ားလို့ မထင်တော့ဘူးဆိုရင်..”

“နှစ်ယောက်အတူတူ သံယောဇဉ်တွေခိုင်မာနေကြဆိုရင်တော့ ဒအဖြစ်ဟာ..”

အနမ်းများသည် ပစ္စုပ္ပန်မှာပဲဖြစ်ကာ ဒီစကားတွေဟာ အတိတ်ဖြစ်သည်။ လာမယ့်အနာဂတ်ကာလမှာ ဘာတွေဖြစ်လာမလဲ။ အဆင်းသည် အလင်း၏ရူးသွပ်မေ့မူးစွာ အဓမ္မခြွေယူနေခဲ့သည့် အနမ်းများကြောင့် တဒင်္ဂ သေဆုံးသွားခဲ့ပြီး.. ၊

အခန်း(၁၉)

“မင်း ဘယ်လိုဖြစ်နေတာလဲအလင်း..နေဦးလေကွာ ဘယ်ကိုသွားနေတာလဲ..”

မင်းဆက် အစကတော့ မေးရင်းလျှောက်ရင်းနှင့် ဒီတိုင်းငြိမ်နေခဲ့သေးသည်။ အလင်းက ဘာမှမပြော။ ဒီနေ့ အလုပ်ကိုလိုက်သွားတာတောင် ကိုယ်ကအဝင် သူကအထွက်မှာ ကံကောင်းလို့ ဆုံမိခဲ့တာဖြစ်သည်။ ပြီးတော့ ခြံထဲမှာ နှုတ်ခမ်းလေးစူလျက် မတ်တတ်ရပ်ကျန်ခဲ့သည့် မိုးနတ်နွယ်နှင့်ပဲ တစ်ခုခုအဆင်မပြေ ဖြစ်လာသလိုလို.. ၊

“မင်း ဒီနေ့အလုပ်မဆင်းဘူးလား..ဘာဖြစ်လာတာလဲ..”

လို့မေးတော့ ‘ဆင်းဘူး’ တစ်လုံးပဲဖြေသည်။ မျက်နှာတစ်ပြင်လုံး နီရဲသုန်မှုန်လျက် ခြေလှမ်းတွေက အဆမတနကျဲနေသည်။ မျက်မှောင်ကြုတ်ကြုတ်နှင့် ခြေလှမ်းတို့၏အရှိန်ကို တွက်ကြည့်လျှင် အလင်းတစ်ခုခု အကြီးအကျယ် ထိခိုက်ခံစားနေပြီဟု သူတွက်မိလိုက်၏။

ဒါပေမယ့် ဘယ်လိုမေးလို့မှလည်း မပြော.. ၊

"အလင်းကွာ..မင်းကလည်း ဆိုးတိုင်ပင်ကောင်းတိုင်ပင်ပေါ့၊ မင်းဘာဖြစ်လာတာလဲ.. မိုးနတ်နယ်နဲ့ လား၊ ဦးဇော်နိုင်တို့က တစ်ခုခုပြောလို့လား.."

"ဘာမှမဖြစ်ဘူး..ငါအရက်သောက်မလို့.."

"ဘာ.."

ပြောပြီး ညနေခင်းမှာ အလွန်စည်ကား၍ မနက်ပိုင်းမှာတော့ လူရှင်းနေတတ်သည့် 'မာယ'ရက်စတော့ ရင်ထဲကို ဝင်သည်။ သူနောက်ကလိုက်ဝင်ရင်း လမ်းမကိုမြင်ရသည့် ဘေး စားပွဲမှာနှစယောက်အတူ ထိုင်ဖြစ်ကြ၏။

"အလင်း."

မျက်နှာချင်းကျကျနန ထိုင်မိကာမှမင်းဆက် မျက်လုံးပြူးသွားခဲ့သည်။ အလင်းမျက်ဝန်း မှာ မျက်ရည်ရောင်တွေနှင့် ပြိုးပြက်လက်နေ၏။ နှုတ်ခမ်းပါးတို့ပျောက်ကွယ်လုမတတ် ဖိပိတ်လျက်အံကြိတ်ထားသည်.. ၊

"မင်း ဘာဖြစ်လာတာလဲ..မမအဆင်းနဲ့လား.."

ဒီတစ်ခါ သူမေးလိုက်တာမှန်သွားသည် ထင်၏။ အလင်း ခေါင်းမညိတ်ပေမယ့် ခေါင်း လည်းမခါဘဲ ငေးစိုက်နေခဲ့၏။

"ဘယ်လိုဖြစ်ကြလို့လဲ..မင်းကလည်း ကိုယ့်အစ်မအကြောင်း မသိတာကျနေတာပဲကွာ၊ သူက စည်းကမ်း ရှိတတ်တယ်..နေရာတကာ အစ်မကြီးအမိရာဆိုတာမျိုး မင်းကိုစောင့်ရှောက် တယ်၊ ဒါပဲ မဟုတ်ဘူးလား..မင်းလည်း ချစ်တာပဲကွာ နားလည်မှုမလွဲစမ်းပါနဲ့.."

အလင်း မျက်နှာဆတ်ခနဲ မော့လာသည်။

"နားလည်မှုလိုနေတာ ငါမဟုတ်ဘူး..မမနဲ့ငါ ဘာမှမတော်ဘူးဆိုတာ.."

သူ့အသံက အဆုံးမသတ်ဘဲ တိမ်ဝင်သွား၏။ ပြီးတော့ ခပ်ကြိတ်ကြိတ် တက်ခေါက် သည်။ နားထောင်နေရသည့်လူက ရင်တဖိုဖိုနှင့် ဒေါသကိုအချိုသပ်ချော့မော့ပေးရမှာလား။ နှစ်ဖက်ငြိမ်းချမ်းရေးကို ကြိုးစားပေး ရမှာလား.. ၊ မင်းဆက်ဘာလုပ်သင့်သည်ကို ပြေးလွှား စဉ်းစားရင်း အလင်းပြောတာကိုပဲ ဆက်စောင့်နေလိုက် ၏။

"မမ ငါ့ကိုသိပ်ရက်စက်တယ်.."

"ဘာဖြစ်ကြလို့လဲကွာ.."

အလင်းက မျက်ရည်ကိုမလိုလားစွာ တိုစိပ်သောမျက်တောင်ဖျားတို့ဖြင့် မျက်မှောင် ကြုတ်ခြင်း ပုတ်ခတ်ဖိသိပ်ခြင်းဖြင့် ဖယ်ရှားပစ်သည်။ ထို့နောက် တစ်ဖက်သားကို ရွဲ့ချင်ပြီဆို ဖြစ်ပေါ်လာတတ်သည့်သူ့ ပုံစံအတိုင်း အောက်နှုတ်ခမ်းကိုပဲ တွန့်ရွဲ့ပါသွားအောင် အံကြိတ်၏။

"ကိုယ့်အစ်မအရင်းမဟုတ်လို့ ငါချစ်တယ်..ငါပဲပိုင်ချင်တယ်၊ အဲဒါပြောမိတာ ငါမှားသလား.."

'ဩော်..အစိမ်းသက်သက်ကြီး မင်းထကြွတာကိုး'ဟု စိတ်ထဲက ပြောလိုက်မိကာ သက်

ပြင်းခိုးတစ် ချက်တော့ ရှိုက်မိ၏။

"ငါမမကိုချစ်တယ်..အဲဒါခုမှပြောပေမယ့် ငါ့ရင်ထဲမှာ ဖွဲ့တည်စုဆောင်းနေခဲ့တဲ့ ကာလက အမြူတေတစ်ခုလို စစ်မှန်တယ် ရှားပါးတယ်..အဲဒါကို ချနင်းပစ်လိုက်တာ၊ ရင်ခွဲခံလိုက်ရတာထက် ဆိုးတယ်.."

ပြောပြီးတက်ခေါက်ပြန်သည်။

"အလင်းရာ..အဲ့ဒါက မင်းဘက်ကခံစားချက်ပဲ၊ မမအဆင်းကျတော့ မင်းကို တကယ့်မောင်တစ်ယောက်လို သဘောထားတာဆိုရင် မင်းပြောင်းလဲသွားတာကို သူဘယ်လက်ခံနိုင်မလဲ..သွေးတော်တာ မတော်တာထား၊ မသင့်တော်.."

"မင်းဆက်.."

အလင်းက တစ်ခွန်းမှဆက်ပြောခွင့်မပြုနိုင်တော့ဘူးဆိုသည့်မျက်နှာနှင့် ပြတ်တောက်စွာခေါ်သည်။ ပြီးတော့ ဆတ်ခနဲမျက်နှာလွှဲကာ ဝီစကီနှစ်လုံးနဲ့ အမြည်းတွေမှာ၏။ ပြီးတော့လည်း ဒီဘက်ပြန်မလှည့်ဘဲ နှုတ်ခမ်းကို ဖိကိုက်ထားရင်း တခြားကိုအဓိပ္ပါယ်မဲ့ ငေးနေခဲ့သည်။

"ငါကမင်းကို နားမလည်လို့မဟုတ်ဘူးအလင်း..အခြေအနေကို ထိန်းထားစေချင်လို့ပြောတာ၊ သံယောဇဉ်ဆိုတာ ရှိခဲ့ကြပြီးသား...မင်းဘက်က မှန်တယ်ထင်ပေမယ့် သူ့ဘက်ကဆိုရင် မထင်မှတ်တဲ့အချိန်ဖြစ်နေမှာပေါ့၊ သူကမပြောင်းလဲဘဲ မင်းကပြောင်းလဲပစ်လိုက်တာကို ချက်ချင်းကြီး ညီညတ်မျှတပေးဖို့ ဆိုတာဖြစ်မလား.."

အလင်းမျက်နှာ တဖြည်းဖြည်း ပြန်လှည့်လာသည်။ ကြည်ကြည်လင်လင် မဟုတ်ပေမယ့် နားထောင် စဉ်းစားပေးနိုင်သည့် အခြေအနေမျိုးထိ တိုးတက်လာ၏။ မင်းဆက်က အားတက်သရော ဆက်ပြောသည်။

"ပြီးတော့ မင်းအစ်မက တခြားမိန်းကလေးတွေနဲ့တူလို့လား..သိမ်မွေ့တယ် နူးညံ့တယ်..စည်းကမ်းရှိပြီး ပြတ်သားတယ်၊ မိန်းမသားသဘာဝ အားငယ်စိတ် ရှိချင်ရှိမယ်..ဒါပေမယ့် သူကသတ္တိရှိတယ်၊ မိဘမရှိတော့ပေမယ့် ဘဝ အလှမပျက်အောင် သူကြိုးစားခဲ့တာပဲမဟုတ်လား..ဒီထဲကနေ မင်းက ဘာလိုလိုတွေလျှောက်လုပ်ပြီး ခွဲထွက်လိုက်သေးတယ်၊ ခုဆက်ပြီး မဖွယ်မရာတွေထပြောတော သွေးကွဲရက်တယ်..စိမ်းကားရက်တယ်ဆိုတဲ့ ခံစားချက်တွေ ဖြစ်ကုန်မှာပေါ့၊ မင်းက ချစ်တာပေမယ့် သူ့မှာတော့မောင်တစ်ယောက်လုံး ဆုံးရှုံးလိုက်ရသလို ခံစားရမှာပဲ..နောက်ပြီး မင်းကလူငယ်၊ မင်းအချစ် ဘယ်လောက်လေးနက်နက် သိပ်သည်းမှုထုထည်တွေ ဘယ်လိုရှိရှိ သူ့အမြင်မှာ လူငယ်တစ်ယောက်ရဲ့ စိတ်ကစားမှုတစ်ခုလို့ပဲမြင်မယ်.."

နားထောင်နေသည့် အလင်းမျက်ဝန်းတွေ ကျဉ်းမြောင်းသွားကာ မင်းဆက်ကို စိုက်ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်၏။

"မမအပေါ်မှာကျတော့ အသေးစိတ်သုံးသပ်နားလည်လိုက်တာ..အံ့ဩစရာပါလား၊ ဒါဆို ငါကဘာလဲ.."

"မင်းလည်းမမှားဘူးလေ..အချစ်ဆိုတာ ကန့်သတ်ထိန်းချုပ်မှုမရှိဘူး၊ အချိန်နေရာလည်း မရွေးဘူး.. ငါပြောချင်တာက သူလည်းမမှားဘူးဆိုတာကို မင်းသတိရဖို့ပဲ၊ အခုလက်မခံ

တာကို မင်းသည်းခံနိုင်ရမယ်.. ကိုယ့်ရင်ဘက်ကြီးနဲ့ကိုယ် မင်းဘက်ကကြိုက်သလို ချစ်ခွင့်ရှိနေတာပဲ..ချစ်တာကချစ်ပေါ့၊ သူ့ဘက်ကတုံ့ပြန်မှုကို ချက်ချင်းမလိုချင်နဲ့ဦး.."

"တဖြည်းဖြည်း ပြောင်းလဲလာမှာကို ဘယ်လိုမှစောင့်လို့မရတော့ဘူး.. ငါ့ကိုနှင်ချလိုက်ပြီ.."

"ဟင်.."

"မင်း ငါ့ကိုမပြောပေမယ့် အလုပ်နဲ့အကိုင်နဲ့ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်တဲ့အခြေအနေထိဖြစ်နေပြီဆိုတာ ငါသိတယ်တဲ့..အဲ့ဒီတော့ ဒီနေ့ကစပြီး ကိုယ့်လမ်းကိုယ်လျှောက်ကြမယ်၊ မင်းသွားတော့တဲ့.. ဟွန်း.."

အဆင်းပြောသလို ပြန်ပြောပြီး ပခုံးတွန့်မဲ့သည်။ ဝီစကီကို ဖန်ခွက်ထဲထည့်နေရင်း ဖန်ခွက်နှုတ်ခမ်းထိ အပြည့်ရမှ ပုလင်းကိုဆောင့်ချပစ်လိုက်၏။

"ပြောသေးတယ်..ပတ်ဝန်းကျင်က လူတွေ ပြောနေရတဲ့ကြားထဲ ငါကသူ့ကိုတံတွေးခက်မှာ မျောအောင်လုပ်တယ်တဲ့၊ လူတွေပြောတော့ဘာဖြစ်လဲ..ပြောတဲ့အတိုင်း ဖြစ်လာတော့ရော ဘယ်လောက်အပြစ်ကြီးသွားနိုင်လဲ၊ အပျိုနဲ့လူပျိုညားသွားတဲ့အဖြစ်က မဟာပထဝီမြေကြီး ဟက်တက်ကွဲသွားနိုင်သလား.."

"ကဲပါကွာ..ငါမှန်တယ်ချည်းပဲတွေးနေရင် မင်းရင်နာလွန်းပြီး မဟာပထဝီမြေကြီး ဟက်တက်မကွဲခင် မင်းရင်ဘက်ကြီးပဲ ကွဲမှာ..အဲ့ဒီတော့ ဆက်ချစ်ခွင့်ဆိုတာကို ခဏထားပြီးအခုမင်းဘာလုပ်မှာလဲဆိုတာ စဉ်း စားလိုက်.."

အလင်းက ဖန်ခွက်ကိုကိုင်ပြီး တစ်ရှိန်ထိုးမော့ပစ်လိုက်သည်။ မျက်ခုံးနှစ်ဖက်တွန့်ကောသွားကာ ဖြူဝင်းသည့်မျက်နှာက ချက်ချင်းနီရဲလာ၏။

"ငါ..ဦးဇော်နိုင်တို့အိမ်မှာ မလုပ်တော့ဘူး..'

"ဘာ.."

"အလုပ်လုပ်နေတာပဲ အပြစ်ကြီးတစ်ခုလိုဖြစ်နေတော့ နေပါစေတော့လေ..ဘာ ၏လုပ်မှာလဲ.."

"မင်းလုပ်ပြီအလင်းရာ..မဟုတ်တာကို မရွဲ့ပါနဲ့ကွာ၊ ဒီအလုပ်ကို မင်းလုပ်ခဲ့တာ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် မဟုတ်ဘူးလား..ပြီးတော့.."

စကားသံက ခပ်တိုးတိုးနှင့်ရပ်သွား၏။ ပြီးမှ.. ၊

"ငါကတော့ မင်းစိတ်ဆိုးရင်ဆိုး..မင်းကိုမိုးနတ်နွယ်နဲ့ပဲ အဆင်ပြေသွားစေချင်တာ၊ ဘာဖြစ်လို့လဲဆို တော့ မိုးနတ်နွယ်နဲ့ဆိုရင် သူချစ်ကိုရှာရာလည်း ရောက်တယ်..သူ့ဘက်အသိုင်းအဝိုင်းအားလုံးကလည်း မင်းကို ဝဲလ်ကမ်းဖြစ်နေမှာ၊ အလုံးစုံအံဝင်ခွင်ကျ ဖြစ်သွားမှာလေ.."

အလင်းမျက်လုံးတွေပါ နီရဲနေတာက ဝီစကီအရှိန်ကြောင့် ဖြစ်နိုင်သည်။ ဒါပေမယ့်သူ့ကိုမကြည်ကြည့်နဲ့ ကြည့်တော့ မျက်လုံးတွေနီနေတာနှင့်ပေါင်းကာ ချက်ချင်းခန့်အုပ်ပြီးထသတ်တော့မယ့်အတိုင်း။ ထိုစဉ် သံစဉ်လေးတွေ ပျံ့လွင်လာ၏။ အနီးစားပွဲတွေမှာ လူသူမရှိပါ။ အစွန်စားပွဲတချို့မှာ နှစ်ယောက်သုံးယောက် ဝိုင်းနေကြတာ ရှိ၏။

ဖုန်းမြည်နေသည့်အသံက ကိုယ့်ဘေးကဖြစ်နေတော့ မင်းဆက်ဟိုရှာ ဒီရှာဖြစ်သွားသည်။ သူအဖြေရှာ မရမီ အလင်းလက်ထဲက အနီရောင်ဖုန်းလေးတစ်လုံးနှင့်.. ၊

"ဟလို.."

"အလင်း..နင်ပြန်လာခဲ့.."

"ဘာလုပ်ဖို့လဲ.."

"ပြန်လာခဲ့ပါဆိုမှ.."

"ငါမနက်ကပဲ ထွက်တဲ့အကြောင်းပြောပြီး သော့ထားခဲ့တာ.."

"ဩော်..အဲဒါ အန်တီ့ဆီမှာလေ၊ နင့်ကို အန်ကယ်လ်ဇော်က ခန့်ထားတာမဟုတ်ဘူးလား.."

"ပြောလိုက်ပါ..ပြန်မလုပ်တော့ဘူးလို့၊ နင့်ဖုန်းလည်း ပေးဖို့ထည့်လာပြီး မပေးဖြစ်ဘဲ အတ်ထဲပြန်ပါလာတာ..ညနေကျရင် လာပြန်ပေးမယ်.."

"အမယ်လေး..မာနမင်းသားရယ်၊ ဖုန်းပြန်တောင်းမလို့ ဆက်တာမဟုတ်ပါဘူး.. ရှင်မလိုချင်ဘဲနဲ့ ကိုင်ပါ သုံးပါဆိုပြီး အဲ့ဒီဖုန်းကို ကျွန်မကတောင်းတောင်းပန်ပန်ပေးထားရတာ၊ ပြန်ပေးချင်နေမှန်းလည်း သိပါတယ်..အခု အန်ကယ်လ်ဇော်က နင့်ကိုစင်ကာပူ လွှတ်မယ့် ကိစ္စပြောမှာ.."

"ဘယ်လို.."

"အဟွန်း..စိတ်ဝင်စားသွားပြီ မဟုတ်လား.."

အလင်းက စိတ်လှုပ်ရှားသွားသည့်မျက်နှာနှင့် မင်းဆက်ကို လှမ်းကြည့်၏။ မင်းဆက်က လူရောခံရော ရွှေ့လာကာ ဖုန်းနားမှာအတင်းဝင်ကပ်၍ နားထောင်သည်။

"သိချင်ရင်လာခဲ့လေ..အရေးကြီးတဲ့အလုပ်ကိစ္စဆိုတာ ဖုန်းထဲမှာပြောလို့မကောင်းဘူး.."

"ငါထွက်သွားမယ်မှန်းမသိလို့ စိတ်ကူးမိတာဖြစ်မှာပါ..မလာချင်ဘူး.."

"ဘယ်တုန်းကပဲ စိတ်ကူးမိမိ..အခု အန်ကယ်လ်ဇော်ကိုယ်တိုင် ခေါ်ခိုင်းတာ၊ နင့်ကိုငါ ဖုန်းပေးထားမှန်း မသိတော့ အလင်းရဲ့အိမ်ကို သမီးသိရင်လိုက်ပို့စမ်းတဲ့..ကိုယ်စားလှယ်နဲ့ အန်ကယ်လ်ဇော် အဆင်မပြေဘူးထင် တယ်ဟ၊ အဲဒီနေရာမှာ နင့်ကိုအစားထိုးလွှတ်ဖို့ဖြစ်မယ်.. နင်အခု ရောက်တဲ့နေရာက လှည့်ပြန်ခဲ့တော့..ဒါပဲ.."

မိုးနတ်နွယ်က ဖုန်းချသွားသည်။ အလင်းက မပြုံးရဘဲ မင်းဆက်ကအားပါးတရကြီး ထရယ်ကာ..၊

"အဲ့ဒါပဲကွ..မင်းလောင်းရှိတဲ့နေရာမှာ ဖုတ်သွင်းရထားဆိုက်တယ်ဆိုတာ နန်းတက်ရင်း ဘိသက်ပွဲလေး ဘာလေးခံပေါ့ကွာ.."

အလင်းက သူ့စကားတွေကို ဥပေက္ခာထားလိုက်သည့်မျက်နှာနှင့် ဘာမှမပြောဘဲ နောက်ထပ်တစ်ခွက် ထပ်ဖြည့်၏။

"ဟ..ဘာလုပ်တာလဲ.."

မင်းဆက်၏ပြုံးဟနေအောင် ရယ်နေသည့်ပါးစပ်ကြီးက ဟိုမရောက်ဒီမရောက်နှင့်ရပ်၏။ အလင်း တကျိုက်ကျိုက်မော့ချနေတာကို တအံ့တဩကြီးကြည့်ကာ.. ၊

"ခုနကတော့ စိတ်ညစ်လို့ဆိုပြီး အခု ညစ်စရာမရှိတော့ဘဲ..ဘာဖြစ်တာလဲ.."
"ပိုညစ်သွားလို့.."

အခန်း(၂၀)

တစ်နေကုန် ဘယ်မှလည်းမထွက်ဖြစ်ခဲ့ပေ။ ဘာဖြစ်ဖြစ် တစ်နေကုန်ပြန်လာမှာ မဟုတ်ဘူး ဆိုတာတော့သိသည်။ ထို့ကြောင့် ဘာမှလည်းဖွယ်ဖွယ်ရာရာ မချက်ဖြစ်။ ညစာကို ပျင်းရိစိတ်ပျက်စွာ စားရသည့်အဖြစ်ထဲမှာ ငါးခြောက်ထောင်းကြော်နဲ့ မုန်ညှင်းရွက်ကြော် နှစ်ခွက်က ရေနွေးနဲ့မျှောချမှ ကျသည်။

ဟုတ်တိပတ်တိလည်း မကုန်ပါ။ ထမင်းပွဲပြန်သိမ်းကာ အိမ်ရှေ့မှာထွက်ထိုင်ရင်း ဂျာနယ် အဟောင်းတွေကိုပဲ ဟိုလှန်ဒီလှန်လျှောက်ဖတ်နေမိ၏။ ညဆယ်နာရီခွဲတော့ အဆင်း မျက်နှာလေးပျက်စပြု၏။ ပြန်လာစေချင်လို့ မဟုတ်ပေမယ့် ထွက်သွားမှာကိုလည်း မလို လားနိုင်။ ခွင့်မလွှတ်နိုင်သော်လည်း နားမလည်နေသည့် ခံစားချက်တစ်ခုက ခြေသံကိုပဲ နားစွင့်နေခဲ့၏။

ပြန်လာတာမြင်လျှင် ကြိုဆိုဖို့မဟုတ်။ ဒါပေမယ့် သွားပြီဆိုသည့်အဖြစ်ကို မလိုချင်ပါ။ ညဥ့်နက်လာလေ အလင်းတကယ်ပြန်မလာတော့ဘူးလားဆိုတာ ပူပန်စိတ်ကကြီးထွားလာလေ။ ဒီကောင်လေး ထင်ရာပြော ထင်သလလုပ်တတ်သည့် အကျင့်ကြောင့်လူရိုင်းကလေးဖြစ်နေတာပါ။ မိဘမဲ့ဘဝချင်းတူသော်လည်း ခံယူချက်တွေကျတော့ သူမနဲ့အလင်း ဘာမှတစ်ခုမှ တူတာမရှိ။ ကိုယ့်ဘဝက လူချင်းမတူဘူးမဟုတ်လား.. ။

သူများထက်ပိုကြိုးစားရမည်။ သူများထက်ပို၍ စည်းကမ်းရှိရမည်။ ခုကျတော့ ဘဝကို တိုးတက်မြင့် မားဖို့ အဓိကမထားဘဲ ယိမ်းယိုင်ထွေပြားနေခဲ့၏။ ဘာမှမတော်စပ်ကြဘူးဆိုတာ သိထားခဲ့ကြပေမယ့် မရိုးသားစိတ်တွေ တကယ်ရှိနေခဲ့ရင်တောင် ဒီအချိန် ဒီနေရာမျိုးမှာ မိုက်ရူး ရဲဆန်ဆန်စကားတွေနဲ့ ရိုင်းစိုင်းသင့်သလား.. ။

မောင်နှမဆိုသည့်စိတ်နှင့် တစ်အိမ်လုံးမှာ နှစ်ယောက်တည်းနေခဲ့တာက လိပ်ပြာသန့် သည်။ ပတ်ဝန်းကျင်က 'သို့လော သို့လော'ထင်တာ တစ်ချို့ရှိရင်တောင် သေချာသိတဲ့လူ အနီးအနားမှာမရှိပေ။ သူလုပ်မှပဲ လူတွေသိပြီး တစ်သက်လုံးဖုံးသမျှ ပေါ်ရတော့မည့်အဖြစ်မျိုး။ ဒီလိုရှေ့ဆက် နှစ်ယောက်တည်းနေကြဖို့ ဘယ်လိုလုပ်မလဲ.. ။

"တီ..တီ.."

ကုလားထိုင်နောက်မှီမှာ မျက်နှာမော့၍မှီထားရင်း ခြံရှေ့ကာကားမီးရောင်ကြောင့် အဆင်းဆတ်ခနဲ ဖြစ်သွား၏။ စကားသံသဲ့သဲ့နှင့် ကားပြန်ထွက်သွားသံကိုလည်း ကြားရသည်။ သိပ်မကြာခင် ပိတ်ထားသည့် တံခါးရှေ့မှာ အလင်းရောက်လာ၏။

"မမ.."

မျက်လုံးချင်းဆုံလိုက်ပေမယ့် အဆင်းမထူးပါ။ ဂျာနယ်ကို ချပစ်လိုက်ပြီးနေရာမှ ထရပ်လိုက်သည်။ ကျောက်စိမ်းရောင်ဝတ်စုံနှင့် ဆံပင်တွေဖြန့်ချထားသည့် အဆင်း၏ရွှေအဆင်း သဏ္ဌာန်လေးကို အလင်းကလှမ်း ငေးသည်။ မူးယစ်ရီဝေနေခြင်းအားလုံးက မမ၏အလှအပများထဲမှာ ကတုန်ကယင်လဲကျခဲ့၏။ ပြားပြားဝပ် ဒူးတုပ်လျက် ကျောတစ်ရာ ရင်တစ်ရာကြိမ်ဒဏ်ခတ်ပါစေ အသည်းစွဲအောင် ချစ်နေဖို့ အသင့်.. ၊

"မမ..အလင်းကို တံခါးဖွင့်ပေးပါ.."

ခြေလှမ်းရန် ပထမဆုံးပြင်ဆင်လိုက်သည့် ခြေတစ်ဖက်ကမကြွနိုင် မလှမ်းနိုင်ဖြစ်သွားသည်။ အလင်းထံသို့ ပြန်ငဲ့မကြည့်မိသော်လည်း ရင်ထဲမှာနင့်ခနဲ တစ်ချက်စူးသွားခဲ့၏။ ငယ်ငယ်တည်းက သူ့ကိုယ်သူ 'အလင်း'လို့ပဲ ထည့်ထည့်ပြောခဲ့တာ။ 'ကျွန်တော်'ဆိုတာ မသိမသာပြောင်းသွားပေမယ့် သူ့စိတ်တွေ ပြောင်းလဲသွားခဲ့လို့မှန်း အဆင်းမတွေးမိခဲ့ပေ။

'အလင်း'လို့ ပြန်ပြောလာသည့် အသံကြောင့်နှလုံးသားကို ဖျစ်ညှစ်ဆုပ်ချေပစ်လိုက်သလိုပင်။ သို့သော်.. ၊

"မမ.."

အံကြိတ်၍ ကျောခိုင်းလိုက်သည်။ အလင်းက တံခါးကိုပါ ဆွဲလှုပ်ခါ၍ ထပ်ခေါ်သည်။

"မမ..ကျွန်တော့်ကို တံခါးဖွင့်မပေးဘူးလား.."

အဆင်းက ပြန်လှည့်မကြည့်ပါ... ၊

"ဟုတ်တယ်မပေးဘူး..မင်းကို ငါပြောပြီးပြီပဲ၊ ဒီကို မင်းပြန်လာဖို့မလိုတော့ဘူး.."

"မမပဲ မမရဲ့မောင်လေးဆို..ဘာလဲ မဟုတ်တော့ဘူးလား၊ ရပါတယ်..အေ့.."

စကားသံက လေးကျသွားသည်။ လေတက်လိုက်သည့်အသံကြောင့် အဆင်းမျက်လုံးပြူးသွားသည်။ အလင်းအရက်တွေ သောက်လာသလား။ အတွေးနှင့် ဖျတ်ခနဲလှည့်ကြည့်လိုက်မိသည်။ အလင်းက တံခါးသံပန်းတွေကို လက်နှစ်ဖက်နှင့်ဆုပ်ကိုင်လျက် နဖူးထိပ်နှင့်ကပ်ထိထားရင်း ခပ်နွဲ့နွဲ့မှီနေ၏။

အနည်းငယ်လှမ်းနေတာတောင် နီရဲနေသည့်မျက်နှာကို မြင်နေရသဖြင့် သောက်လာခဲ့သည်ဆိုတာ သေချာသွားသည်။

"မမက မောင်အဖြစ်ကနေ စွန့်လွှတ်လိုက်ပြီဆိုတော့ အဟွန်း..ကောင်းပါတယ်၊ ရည်စားစကား တရားဝင် ပြောခွင့်ရသွားတာပေါ့.."

"အလင်း.."

အဆင်း တံခါးဆီကို ပြေးလာသည်။ အချိန်မတော်ကြီးမှာ ဒီစကားတွေ ဘေးလူကြားကုန်လျှင် သွားပြီ။ တံခါးဖွင့်ဖို့ ကိုင်လိုက်ပြီးမှ မဖွင့်ဖြစ်ဘဲ.. ၊

"မင်း ပါးစပ်ကိုပိတ်ပြီး ထွက်သွားတော့အလင်း..ငါဒီထက် ရက်ရက်စက်စက် မပြောချင်ဘူး.."

"ပြောပါ..မမက ပြောနိုင်တဲ့သူပဲ၊ ရက်လည်းရက်စက်ပြီးပြီ..နောက်ထပ် ရက်စက်ဖို့ တွေရှိနေတာ ကျေညာမနေပါနဲ့..အေ့.."

အာလေးလျှာလေးနှင့်ပြောကာ တံခါးကိုကျောကပ်မှီလိုက်ပြန်သည်။ သို့သော် ပြန်ထွက်မသွားဘဲနှင့်..၊

"လောကကြီးက တရားပါတယ်..မတရားတာက မမ၊ အေ့..ချစ် ချစ်တာကို အပြစ်တဲ့၊ မောင်တစ်ယောက်လို သဘောထားခဲ့တာတဲ့..ခုကျတော့ ထွက်သွားလို့ပြောနေပြန်ပြီ.."

အသံလှိုင်းက အိမ်ထဲကိုမဟုတ်တော့ဘဲ အပြင်ဘက်ကိုဦးတည်ပျံ့လွင့်နေတော့မည်။ သူ့မှာပြောလို့မပြီးနိုင်.. ၊

"အလကား..မောင်အရင်းမဟုတ်တာကိုသိသိနဲ့ မောင်နှမလို့ပြောနေတာ၊ မောင်နှမဆိုရင် ခုလို.."

"အလင်း..မင်း.."

စကားရပ်သွားအောင် အထဲကနေ အင်္ကျီပခုံးစကို ဆောင့်ဆွဲတွန်းပစ်လိုက်မိသည်။ ပြီးမှ တံခါးကို ကမန်းကတန်းဖွင့်၍ ခပ်ယိုင်ယိုင်လှည့်လာသည့် ကိုယ်ကြီးကိုထိန်းတွဲလိုက်ရ၏။

"မင်းပါးစပ်ကို ပိတ်ထားလိုက်တော့..အခန်းထဲမှာ သွားအိပ်..သွား.."

"မမ.."

"တောက်.."

အရက်နံ့ကြောင့် ဒေါသကဘယ်လိုမှထိန်းမရအောင် ဖြစ်လာမိ၏။ ဒါကိုပြောနေရင်လည်း မောင်မင်းကြီးသားက စကားတွေနဲ့ အရစ်ရှည်ဦးမည်။

"ဖယ်စမ်းကွာ..သွား ဝင်တော့.."

ယိမ်းယိုင်နေသည့်ကိုယ်ကို ထိန်းရင်း အဆင်းပခုံးလေးကို အလင်းကဖက်၏။ ဒေါသဖြစ်နေသည်မို့ ဘယ်ကိုထိထိ မကြည်ဖြူနိုင်ဘဲ အဆင်းကပုတ်ထုတ်ပစ်သည်။ ဒါပေမယ့် လဲပြိုတော့မလိုဖြစ်သွားတော့လည်း ပြန်ဆထိန်းပေးရပြန်၏။

"မမကို ကျွန်တော်ပြောစရာရှိလို့ ပြန်လာတာပါ..ကျွန်တော်.."

တွန်းလွှတ်တာကို အလင်းက ပေကပ်ကပ်ခြေကန်ရပ်နေ၏။

"ကျွန်တော် သောက်လာမိလို့ မမစိတ်ဆိုးနေတာလားဟင်..ကျွန်တော် စိတ်ညစ်လွန်းလို့ပါမမရယ်၊ ဒီနေ့လေ ဟိုကောင်ကကျွန်တော့်အောင်ပွဲတဲ့..အောင်မြင်မှုတွေရပေမယ့် ကျွန်တော် မပျော်ပါဘူး၊ မမကျွန်တော့်ကို စိတ်ဆိုးမနေပါနဲ့ဗျာ..ဟိုတုန်းကလိုပဲ ပြုံးပြုံးရယ်ရယ်လေးပြန်ခေါ်ပါနော်၊ မမကြားလား..ကျေပါတော့ မမရယ်..ပြေပါတော့.."

အဆက်အစပ်မဲ့သောစကားတွေ ပြောရင်း အဆင်းပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်သည်။ ဖယ်ချဖို့ကြိုးစားတာ မရ.. ၊

"ချစ်တယ်လို့ပြောတာ မကြိုက်ရင် မပြောတော့ဘူး..ဒေါသတွေပြန်ရုပ်သိမ်းပေးပါ.."

"ပြောချင်တာတွေ မနက်မှပြော..အခုအိပ်တော့.."
"ကျွန်တော်မမူးပါဘူး.."
"မူးမူး မမူးမူး..သောက်စားလာပြီးပြောတာ ရွံ့ဖို့ကောင်းတယ်၊ သွား.."
ဒီတိုင်း တွန်းလွှတ်နေလို့ မရနိုင်မှန်းသိလာသဖြင့် အဆင်းသူ့ကို တွန်းထိုးထိန်းရင်း အခန်းထဲထိ ပို့ပေးလိုက်၏။ တစ်သက်လုံးအတူတူ ဒီလိုပဲသွားလာနေထိုင်နေကျမို့ ခြားနားခြင်းတစ်ရပ်ကို အဆင်းမေ့သွားခဲ့သည်။ အိပ်ရာဝင်ပါဆိုတော့ အလင်းနားမထောင်။ နောက်ပြန်လှည့်၍ အဆင်းလက်ကိုဆွဲထား၏။
"မမ ကျွန်တော့်ကို စိတ်ဆိုးနေတာလား.."
"မဆိုးဘူးကွာ..ကဲ ဖယ် ဖယ်.."
"မမကိုချစ်တယ်.."
"အို.."
"မမ.."
"နိုင်ငံခြားဖြစ်ဖြစ် တာဝတိံသာဖြစ်ဖြစ် မမကို ခွဲမသွားနိုင်ဘူး..သိပ်ချစ်တာပဲမမရယ်.."
"အလင်း..အလင်းနော်.."
ရှုန်းမရပြီဆိုတော့မှ အထိတ်တလန့်ဖြစ်လာခဲ့၏။ အလင်းက မူးနေတဲ့သူ.. ၊
"ကျွန်တော့်ကို မမုန်းရဘူး..မမ ကျွန်တော့်ကို မုန်းလို့မဖြစ်ဘူး.."
"အား.."
အလင်းက အဆင်းကို သိမ်းကျုံးပွေ့ဖက်လိုက်ကာ အိပ်ရာပေါ်မှာလှဲချလိုက်၏။ ပြီးတော့ ပြင်းရှသော အနမ်းတွေနှင့် ယစ်မူးခဲ့သည်။ ဘယ်လိုမှ ရှုန်းမရအောင်ဖိကပ်ချုပ်နှောင်၍..၊
"မမကို ချစ်တယ်.."
အနမးရိုင်းများက ပန်းဆွတ်သည့်လေနှင့်တူကာ အဆင်း၏နှလုံးသားဥယျာဉ်လေးမှာ ပန်းတို့တဖြုတ် ဖြုတ်ကြွေဆင်း မြေခလျက်.. ၊
ပန်းတို့က မေးကြသည်။ ဘယ်အရပ်က 'လေ'လဲ.. ၊

အခန်း(၂၁)

"မမ.."
အိပ်ရာကနိုးသည်နှင့် ကယောင်ကတမ်းခေါ်ရင်း လူကလည်းထိုင်လျက်သားဖြစ်သွား၏။ လက်ကနာရီကို မြောက်ကြည့်လိုက်တော့ ရှစ်နာရီထိုးတော့မည်။ တစ်အိမ်လုံးတိတ်ဆိတ်ငြိမ်သက်နေ၏။ ညက သူဘာဖြစ်ခဲ့သလဲ။ မျက်လုံးတွေကို ဖိမှိတ်၍ ခဏငြိမ်နေလိုက်တော့ အားလုံးအစီအရီပေါ်လာကြသည်။
"မမ.."

အလင်း ခေါင်းနားပန်းကြီးသွား၏။ သူမှားသွားပြီဆိုသည့်အသိက ငယ်ထိပ်ကိုသံတူနဲ့လွှဲထုခံလိုက်ရသလို ဒိန်းခနဲပစ်ဆောင့်၏။ မမ သူ့ကိုဘယ်လောက်တောင် မုန်းတီးနာကြည်းသွားပြီလဲ။ ကိုယ်ကိုပြုပြင်လိုက်ပြီး အခန်းပြင်ကို ပြေးထွက်ခဲ့မိသည်။ မမရှိနေလျှင် ဒီအချိန်ဆိုမီးဖိုထဲက ခုတ်ထစ်ကြော်လှော်သံ တစ်ခုခုကို ကြားနေရတတ်သည်။

ဒါမှမဟုတ်လျှင် အလုပ်သွားခါနီး ပြင်ဆင်ပြီးပုံလေးနှင့်.. ၊

"အိပ်ပုပ်..တစ်ရက်တလေ အလုပ်နားတာနဲ့ အတိုးချအိပ်တယ်ဟုတ်တယ်၊ အထဲမှာမနက်စာပြင်ထားပြီးပြီ..မမသွားတော့မယ်.."

အရမ်းအလိုလိုက် ယုယနေတုန်းကဆို မမပြုံးနေတာလေးကိုပဲ မြင်နေရသည်။ 'မမနဲ့မောင်လေး'လို့ပဲ ခေါ်တတ်တာလည်း နားဝင်ချိုသည်။ ခုကျတော့ မင်းနဲ့ငါ.. ၊

သူမီးဖိုခန်းဘက်ကို ပြေးကြည့်ပြီးမှ မမအိပ်ခန်းထဲကိုရောက်သည်။ စိုးရိမ်သည့်အတိုင်းပါပဲ။ စားပွဲပေါ်မှာ ဖွေးနုလတ်ဆတ်သည့် စာခေါက်လေးတစ်ခု။ အလင်းခြေလှမ်းတွေနှေးကျသွားသည်။ ဖတ်စရာမလိုဘဲ သိလိုက်ပေမယ့် ခြေလှမ်းတို့က သယ်ဆောင်ကာလက်ကစာခေါက်လေးကို ဖွင့်မိလျက်သားဖြစ်၏။

နေသဏ္ဍာန်အလင်း

တစ်သက်တာ နှုတ်ဆက်ခဲ့တယ်။

လှည့်မကြည့်ကြေး။

ရမ်းကားယုတ်မာသူနဲ့ ဘဝဆက်တိုင်း ဝေးရပါစေ။

လသဏ္ဍာန်အဆင်း

"မမ.."

တစ်ယောက်တည်း ကမ္ဘာပျက်သွား၏။ စာကို လုံးကျေစ်ပစ်လိုက်ပြီး အိမ်ထဲကပြေးထွက်ခဲ့မိတာ ဖိနပ်မပါ။ ခြံရှေ့မှာ အရူးတစ်ယောက်လိုဖြစ်ကာ ဟိုဘက်ဒီဘက်သို့ ပြေးလွှားမျှော်ကြည့်ရင်း တက်ခေါက်မိသည်။

"ရက်စက်တယ်ဗျာ.."

တမ်းတမ်းတတရေရွတ်ရင်း ခပ်ဟဟပွင့်နေသည့် တံခါးရွက်ကိုလက်သီးနှင့် တအားထိုးပစ်လိုက်၏။

"ဒုန်း.."

တံခါးက သိမ်ခနဲတုန်ခါသွားရုံသာ.. ၊

သူ့လက်မှာ ပေါက်ပြဲကုန်ကာ သွေးတွေတစိမ့်စိမ့်ရဲတက်လာ၏။ လက်သီးဆုပ်ကိုမဖြေဘဲ နာကျင်စွာ စိုက်ကြည့်မိလျက်.. ၊

အဲ့ဒီလိုဒဏ်ရာတွေ ပေးခဲ့ပါလား..လူရမ်းကားဆိုပြီး ကွေးကောက်သွားအောင် ဆုံးမခဲ့ပါ။ ခုတော့ ဒဏ်ရာရှာမရဘဲ.. ၊

ယောကျ်ားတန်မဲ့ ငိုချင်လာသည်။ ကိုယ်ကျင့်သိက္ခာတွေ မာနတွေ မမတစ်ယောက်မှာပဲ ရှိတာလား။ ဆင်ခြင်ထိန်းသိမ်းဖို့တွေကို မမပဲ သိတတ်နားလည်နေတာလား။ ဘာမှမတော်စပ်ခဲ့ကြတာကို အတူတူနေထိုင် ခဲ့တာလေးနဲ့ မချစ်ရ။ မလွမ်းရတော့ဘူးလား.. ။

မေးခွန်းတိုင်းအတွက် အဖြေကမရှိ။ အထဲကို ပြန်ဝင်လာပြီး လက်ကိုပတ်တီးစည်းသည်။ ထိုအပေါ်က နေ လက်ပတ်တစ်ခု အလှထပ်တပ်ပြီး ပြန်ထွက်လာခဲ့၏။ မမကို သူရှာမည်။ ကိုယ်မိုက်မဲကျူးလွန်ခဲ့မိတာ မှန်ပေမယ့် တမင်တကာရိုင်းစိုင်းခဲ့တာမဟုတ်။ မမနဲ့သူနှစ်ယောက်တစ်ဘဝကို ထူထောင်ဖို့ဖြစ်သည်။

မလုပ်နိုင်တာပဲရှိမည်။ မဖြစ်နိုင်တာမရှိ။ မမနဲ့သူလက်ထပ်နိုင်ခွင့်အတွက်.. ။

## အခန်း(၂၂)

ဖုန်းသံတွေဆူညံနေတာကို ကျောခိုင်းရပ်နေခဲ့တာ ဘယ်လောက်ကြာသွားမှန်းမသိ။ အသံအားလုံး တိတ်ဆိတ်ကျသွားတော့ နားထဲမှာအေးသွားသည်။ စက်သီးကြိုးကို ဆွဲလိုက်တာနှင့် မှန်တစ်ချပ်၏အပြင်က ရှုခင်းတွေကို ကြည်လင်ထင်ရှားစွာ မြင်နေရ၏။

ဟိုးအဝေးဆီမှ ရွှေတိဂုံစေတီတော်ကြီး၏ ဉာဏ်တော်အစွန်းတို့ကို မြင်နေရခြင်းသည်လည်းကောင်း လူတွေကားတွေ ရှုပ်ထွေးနေသည့် လမ်းမလမ်းသွယ်တို့သည်လည်းကောင်း လွန်ခဲ့သောငါးနှစ်တာကာလနှင့် ကွဲပြားခြားနားတာ ဘာမှမရှိ.. ။

သူသာလျှင် နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ဒီကုမ္ပဏီကြီးထဲမှာ သီးခြားခမ်းနားစွာ ရှိနေခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းရှင် တော်တော်များများ စိတ်ဝင်စားနေကြသည့် အောင်မြင်မှုတွေ သရဖူဆောင်းနေသော တက်သစ်စ လူငယ်စီးပွားရေးသမားတစ်ယောက်။ မိမိကိုယ်မိမိ ကျေနပ်ပီတိတွေဖြစ်နေခြင်းမဟုတ်ဘဲ မျက်မှောင်ကြုတ် သွားလိုက်၊ နှုတ်ခမ်းတွေ တင်းတင်းစေ့ခြင်းဖြစ်လိုက်.. ။

သက်ပြင်းမချတတ်သည့် သူ့အတွက် တစ်စုံတစ်ရာကို မျိုသိပ်လိုက်ရတိုင်း အံကြိတ်မိခြင်းသာဖြစ် ခဲ့သည်။ တစ်ခါအံကြိတ်တိုင်း အသက်တိုမည်ဆိုလျှင် သူမြန်မာပြည်ကို ပြန်လာခွင့်တောင်ရပါ့မလား။ တကယ် ဆို လောကကြီးကို ဥပေက္ခာလောကကြီးလို့ပဲ ကင်ပွန်းတပ်ရမည်။

လိုလျှင်မရ၊ မလိုလျှင်ရသည်။ လသဏ္ဍာန်အဆင်းဆိုသည့် မိန်းမတစ်ယောက်အတွက် သူဟာ မဟာတံတိုင်းနှင့်တူသော ယောကျ်ားဖြစ်ချင်ခဲ့၏။ ဘယ်သူဘာပြောပြော ဘာထင်ထင် ရည်ရွယ်ချက်တွေနှင့်မဆုပ်မနစ် ကြိုးစားခဲ့ဖူးသည်။

အောင်မြင်မှုတွေနှင့်အတူ ထမိန်းမ၏ချစ်ခင်ယုံကြည်အားကိုးခြင်းတို့ကို ရယူသိမ်းပိုက်နိုင်ဖို့ အောင်မြင်မှုဆိုတာ ဖြစ်မလာခဲ့ပါ။ ထို့ပြင် သူမ၏မုန်းတီးခြင်းတို့သာ တိုးပွားလာခဲ့ရသည်။ ပြီးတော့ ဆုံးရှုံးခြင်းတွေ အဖက်တင်၏။

ထိုစဉ်အခါက ကိုယ့်လည်ပင်းကိုကြိုးကွင်းစွပ်သေမလား၊ အမြင့်မားဆုံးထိပ်ဖျားတစ်နေရာကနေ ခုန်ချလိုက်ရမလား။ ဒါမှမဟုတ် ရင်ကွဲပုရစ်ကောင်လေးတွေလို ရင်ကနာကျ၍ သေဆုံးသည်အထိ အော်ဟစ်ငိုကြွေးဦးမလား။ လောကကြီးက အေးစက်တည်ငြိမ်မပျက် ဒီတိုင်းကြည့်နေခဲ့၏။

ဥပေက္ခာတရားက ပြင်းထန်သည်။ ခုကတော့ နေသဏ္ဌာန်းအလင်းဆိုသည့် လူငယ်တစ်ယောက်ဟာ အားလုံး အထင်ကြီးအားကျဖွယ် စံပြလူငယ်အဖြစ် အောင်မြင်မှုတွေ လိုင်လိုင်တိုးနေသည်။ အောင်မြင်ချင်လွန်းလို့ ကြိုးစားနေတာမဟုတ်ပေမယ့် ဆေးစက်ကျရာ အရုပ်ထင်နေ၏။

ငွေတွေဟာ မှန်တစ်ချပ်ရှေ့မှာထောင်ပြီး အရိပ်နဲ့ပွားယူနေသကဲ့သို့ ဖွေးဖွေးလှုပ်ဝင်နေခဲ့သည်။ သူ ပျော်ရွှင်ခဲ့လို့လား.. ၊

"တင်..တင်.."

ဖုန်းမြည်သံလေးကြားလိုက်ရပြီး ဖုန်းမှအသံဝင်လာသည်။

"အပြင်မှာ ဧည့်သည်ရောက်နေပါတယ်..မိုးနတ်နွယ်လို့ပြောပါတယ်ရှင်၊ ဝင်ခွင့်ပြုမပြု.. အမိန့်ရှိပါ.."

သူနားထောင်ပြီး စားပွဲဆီပြန်လျှောက်လာခဲ့၏။ နေရာမှာ ဝင်ထိုင်ပြီးမှ.. ၊

"ဝင်ခဲ့ပါ.."

ပါဝါဝင်းဒိုးက ရုပ်ခနဲပွင့်သွားသည်။ မိုးပြာရောင် ဝတ်စုံလေးနှင့်မိုးနတ်နွယ်သည် ဟိုတုန်းကထက် နည်းနည်းလေးပိုသော တည်ငြိမ်မှုလေးတွေနှင့် ပို၍လည်းလှလာသည်ထင်၏။ မျက်ဝန်းအိမ်လေးတွေမှာ အပြာရောင်လက်နေအောင် ခြယ်သထားတာက ထင်းနေသည်။

အရောင်ရင့်ရင့်နှင့် အနားသတ်ပုံဖော်ထားသည့် စတော်ဘယ်ရီရောင်နှုတ်ခမ်းလွှာလေးတွေကို လှပစွာ ဖွင့်ဟ၍ သူမကနှုတ်ဆက်၏။

"မင်္ဂလာပါ..ဦးနေသဏ္ဌာန်အလင်း.."

"မင်္ဂလာပါ..ဒေါ်မိုးနတ်နွယ်.."

နှစ်ပေါင်းကြာရှည်စွာ အနေဝေးခဲ့ကြပေမယ့် မျက်နှာချင်းဆိုင်မိကြတာနှင့် ရင်းနှီးမှုတွေက မနေ့တစ်နေ့ကလိုပါပဲ။ မိုးနတ်နွယ်က လက်ကလေးနှစ်ဖက်နောက်ပစ်၍ ဟိုတုန်းက အမူအရာလေးအတိုင်း လှမ်းဝင်လာ၏။ သူ့ရှေ့မှာ ဝင်ထိုင်လိုက်ကာ.. ၊

"လောကကြီးက ထူးထူးဆန်းဆန်းတွေလုပ်ပြပြီဆိုရင် လူတွေတောင် လိုက်လို့မမီဘူးနော်.."

"ပြောပါဦး..ဘာတွေထူးဆန်းနေလို့လဲ.."

"အားလုံးကို မဟုတ်ပါဘူး..နင့်ကိုပဲပြောချင်တာ.."

သိပါတယ်ဟု ပြောသလိုမျိုး အလင်းကပြုံးသည်။ မိုးပြာရောင်လည်စည်းနှင့် အနောက်တိုင်းဝတ်စုံအနက်သည် ဖြူဝင်းနေသည့် အလင်း၏မျက်နှာနှင့် တင့်တယ်နေသည်။ မိုးနတ်နွယ်က အလင်း၏မျက်နှာမှ စားပွဲပေါ်မှာ ခပ်ဖွဖွဆုပ်တင်ထားသည့် လက်ဖဝါးနှစ်ဖက်ထိ သေချာစူးစိုက်ကြည့်နေ၏။ ပြီးမှ မရယ်ချင်ဘ ပြုံးကာ.. ၊

"နင်ပြောင်းလဲသွားတာကတော့ တကယ်အံ့သြဖို့ကောင်းပါတယ်..အန်ကယ်လ်လွှတ်လိုက်တုန်းက ကိုယ့်လူ ကိုယ်ရဲ့ဝန်ထမ်း၊ သူများတွေသိန်းပေါင်းများစွာ ရင်းနှီးပြီးမှ သွားခွင့်ရတဲ့ အရပ်မျက်နှာကို နင်က တစ်ပြားတစ်ချပ်မှ မကုန်ဘဲ ရောက်သွားတယ်.. ဒီလိုဖြစ်သွားဖို့ အခြေအနေမျိုးအန်ကယ်လ့်ဘက်မှာ ဖြစ်လာတာကိုက နင့်ဘဝပြောင်းလဲရဖို့ အခွင့်အရေးဖြစ်ခဲ့တာလေ၊ ဘယ်သူမှ သတိမထားမိပေမယ့် အဲ့ဒီမှာကတည်းက နင့်အတွက် ကူညီပံ့ပိုးမယ့်လူတွေ အခွင့်အရေးတွေအားလုံး ဘာမှကိုလိုလေးသေးမရှိ နင်ရခဲ့တယ်၊ အဲ့ဒီမှာ နင် အဆင်ပြေနေပြီလို့ ကြားကတည်းက အန်ကယ်လ်ကပြောနေတာပါ..ဒီကောင်လေး အစွမ်းအစရှိတာ ငါအစတည်းက သိတယ်တဲ့၊ သူ့အတွက်သူ ရပ်တည်မှုရသွားပြီ ဆိုတော့လည်း ကိုယ့်အတွက်ဆုံးရှုံးသွားပေမယ့် ဝမ်းသာပေးရမှာပေါ့တဲ့..တကယ်ပါ ၊ နင့်ကိုတမင်တကာ မြေတောင်မြှောက်ပေးလိုက်တာမဟုတ်ပေမယ့် ဒီလိုအောင်မြင်သွားတာကို အန်ကယ်လ်က ကျေနပ်နေတာပါ..ဘာပဲဖြစ်ဖြစ်ဟာ အန်ကယ်လ်တို့ကို.."

"ကျေးဇူးတင်ဖို့ပြောနေတာလား မိုး..ဘယ်သူက ကျေးဇူးမရှိခဲ့ပါဘူးပြောလို့လဲ.."

အလင်းက ကြားဖြတ်မေးပြီး စီးကရက်တစ်လိပ် ထုတ်သည်။ မိုးနတ်နွယ်က ငေးကြည့်နေပြီး ခဏကြာမှ.. ၊

"ငါဘာဖြစ်လို့ ရောက်လာတာလဲဆိုတာ..နင်သိပါတယ်.."

"မလာခင်ကတည်းက နင်လာမှာပဲဆိုတာ သိတယ်.."

"ဒါပေမယ့် အန်ကယ်လ်တို့က ငါနဲ့လုည့်ပြီးစည်းရုံးခိုင်းလိုက်တာတော့ မဟုတ်ပါဘူး..ငါက အခြေအနေတွေကို ကြားပြီး ငါတတ်နိုင်မလားလို့ ကြိုးစားကြည့်တဲ့သဘောပဲ၊ တစ်ချိန်တုန်းက တစ်အိမ်တည်းနေ တစ်ရေတည်း သောက်နေခဲ့ကြတဲ့အရင်းနှီးဆုံးလတွေပဲ အလင်းရယ်..နည်းနည်းတော့ ဦးစားပေးသင့်ပါတယ်၊ အရင် ကိုယ်စားလှယ်နဲ့ အဆင်မပြေဖြစ်ခဲ့တုန်းကတောင်မှ အန်ကယ်လ်ဒီလောက် စိတ်သောကမရောက်ခဲ့ဘူး.."

"အခု ငါ့ကြောင့် သောကရောက်နေတယ်ပေါ့.."

"ဒီလိုပုံစံဖြစ်သွားတာပါ..နင့်ကိုအပြစ်တင်စရာလည်း ရှိမှမရှိတာ၊ နင်က အန်ကယလ်ခိုင်းလိုက်တဲ့ ကုမ္ပဏီကိစ္စကိုလည်း ဆောင်ရွက်တယ်..ကိုယ့်အောင်မြင်မှုကို ကိုယ်ရှာတယ်၊ ဒီကပြုတ်ပြီဆိုမှ ဟိုဘက်မှာ ထူထောင်တာ..ပြောရမယ်ဆို နင်မှန်ပါတယ်၊ ငါပြောချင်တာက နည်းနည်းလေးပြန်ငဲ့ဖို့ တစ်ခုတည်းပဲ..ကိုယ့် စီးပွားနဲ့ကိုယ်ပိုင်လုပ်ငန်းနဲ့ ဖြစ်နေကြပြီဆိုတော့ ပြန်ငဲ့လို့လည်းရပါတယ်၊ အပြစ်တင်လို့မရပါဘူး..ငါက တောင်းပန်ချင်တာပါ၊ မြန်မာပြည်က 'သရီးပွိုင့်'ကို ဖျက်မပစ်ပါနဲ့.."

"ဖျက်ပစ်ဖို့ ငါလာတာ.."

"မဖျက်ပါနဲ့လို့ ငါတောင်းပန်နေတာပါ အလင်းရယ်..ငါ့ယောကျ်ားရော အန်ကယ်လ်တို့မိသားစုရော ဒီလုပ်ငန်းတစ်ခုပဲ အမာခံရှိတောတာ၊ ငါနဲ့ကိုဆင့် လက်ထပ်ပြီးမှရှယ်ယာတွေထပ်တိုးထားတာလည်းမနည်းဘူး..အရမ်းလည်း အောင်မြင်နေတာ.."

"အောင်မြင်နေတာကို ဖျက်ပစ်မှ ငါဟိုဘက်မှာလိုချင်တဲ့အမောင့်ရမှာပေါ့..ဒေဝါရီခံရဖို့ဖြစ်နေကာမှ ဘာလုပ်လို့ရမှာလဲ၊ ကုမ္ပဏီလုပ်ငန်းတွေကို ငါစိတ်မဝင်စားဘူးမိုး..ကုမ္ပဏီပိုင်ရှင်အဖြစ် ရပ်တည်ပြီးမြန်မာပြည်မှာ နေဖို့လည်း စိတ်မကူးဘူး၊ ငါရဖို့ရှိတဲ့ငွေအမောင့်ကိုသရီးပွိုင့်နဲ့လွှဲလိုက်လို့ ဒါကိုငါယူမှာ..ငါ့ရည်ရွယ်ချက်တွေကို ဘာနဲ့မှအပျက်မခံနိုင်ဘူး.."

မိုးနတ်နွယ်မျက်နှာလေး ငိုမလို ရယ်မလိုဖြစ်သွားခဲ့၏။ အလင်း ထွက်သွားပြီး တစ်နှစ်အကြာမှာပဲ သူမလက်ထပ်ခဲ့တာပါ။ အလင်းကို တစ်ချိန်လုံးတစ်ဖက်သတ်ချစ်နေခဲ့ရပေမယ့် မျှော်လင့်ခွင့်ဆိုတာလေးတောင် အခြေအနေ မပေးခဲ့သည့်အဖြစ်မှာ နိုင်ငံခြားထွက်သွားသည့် နောက်မှာ အားလုံးပြောင်းလဲသွားခဲ့၏။

အလင်းကတော့ တာဝန်ကျေပြီဆိုသည်နှင့် သူ့ဝန်သူထမ်း။ သူ့လမ်းသူလျှောက်သည။ အိမ်ကသဘော တူသည့် ယောကျ်ားနှင့် လက်ထပ်ခဲ့ရသည့် သူမသည်လည်း သားလေးတစ်ယောက်ပင် ရနေပြီဖြစ်သည်။ဟိုတုန်းကတည်းက ဘာကိုမှဂရုမစိုက်တတ်သည့်အကျင့်နှင့် လူငယ်လေးတစ်ယောက်ဟာ ငါးနှစ်ကျော်ကာလဆိုသည့်နောက်ပိုင်းမှာ ထိုအကျင့်တစ်ခုကို မပြောင်းမလဲ ကိုင်ထားဆဲရှိသည်မှာ သိပ်တောမဆန်းပေ။

ဒါပေမယ့် မိုးနတ်နွယ်ဒီတိုင်းတော့ အားလျှော့လည့်ပြန်ဖို့ စိတ်မကူးနိုင်ပါ။

"နင်မြန်မာပြည်မှာ မနေချင်တာ ငါသိပါတယ်..အဲ့ဒီအကြောင်းတွေလည်း ငါပြောပြချင်တယ် အလင်း၊ အခု နင့်မမ ရန်ကုန်မှာပဲရှိတယ်.."

နှုတ်ဖျားမှာ တိတ်ဆိတ်နေခဲ့ပေမယ့် အလင်းမျက်လုံးတွေ စူးရဲကျဉ်းမြောင်းသွား၏။ မိုးနတ်နွယ်က အလင်းမျက်နှာထက်က ရွေ့လျားမှုအတိုင်းအတာကို သေချာအကဲခတ်ပြီးမှ ဆက်ပြော၏။

"ပြောရမှာ စိတ်တော့မကောင်းပါဘူးဟာ..သူ သိပ်အဆင်မပြေဘူး.."

"ဘာတွေဖြစ်နေလို့လဲ.."

"ငါပြောပြပါ့မယ်..နင် စဉ်းစားသင့်တာက ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေတဲ့ကိုယ့်ရဲ့.."

အစ်မလို့ ပြောမလိုဖြစ်ပြီးမှ စကားက တုံ့ဆိုင်းသွားသည်။ ဘာမှမတော်စပ်ကြဘူးဆိုတာကိုရော ဖြစ်ပွား ခဲ့သည့်အရေးအခင်းနှင့် အလင်းနိုင်ငံခြားကို အလွယ်တကူထွက်သွားခဲ့ရသည့် အကြောင်းရင်းမှန်တွေကိုပါ အနီးစပ်ဆုံး လူရင်းတွေအားလုံး သိထားကြပြီး ဖြစ်သည်။

ထိုကြောင့် သွယ်ဝိုက်နေဖို့မလိုဟု ယူဆ၍.. ။

"နင် အခုတစ်ခါမြန်မာပြည်ကနေ ဒီတိုင်းပြန်ထွက်သွားရင်တော့ တစ်ချိန်ချိန်ကျရင် နောင်တရမှာ သေချာတယ်..ဘာဖြစ်လို့လဲဆိုတော့ အခုဘယ်လို ဒုက္ခရောက်နေတယ်ဆိုတာ နင်မသိဘူးလေ၊ သိသွားရင် နင်သူ့ကို ထားခဲ့နိုင်မှာမဟုတ်တာ သေချာတယ်.."

"ဟွန်း.."

အလင်း နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ချက်လက်၏။ ဖြုန်းခနဲဆို မိုးခြိမ်းသံနှင့် လျှပ်စီး လက်ခြင်းကို ဘယ်ဟာက အရင်ဆိုတာ မသိနိုင်ပေမယ့် ခွဲခြားဖို့က သိပ်တော့မခဲယဉ်းပါ။ အချစ်တွေ အပြည့်အသိပ် တင်ကျန်နေဆဲ နှလုံးသားမှာ နာကြည်းမှုတွေက အချိုးတူရှိနေခဲ့၏။

"မင်းကို ငါသိပ်မုန်းတယ်..မင်းထွက်သွားစမ်း.."

"ဘာမှားတာလဲ..ဒီလိုမှားခဲ့လိုက်တာနဲ့ပဲ ငါကမင်းကို လက်ထပ်မှာပဲလို့ထင်နေလား၊ နင့်လိုယောကျ်ားမျိုး ပုံပေါ်အောင် ဖုန်ထဲ ရွှံ့ထဲမှာ အရုပ်ချရေးလည်း ဖြစ်တယ်..ငါ အထင်ကြီး ကိုးကွယ်လောက်တဲ့ယောကျ်ားမျိုးမှာ နင့်လိုလူမပါဘူး..အဲဒါမှတ်သွား.."

မျက်နှာတည့်တည့်ကို လက်ညှိုးထိုး၍ပြောသည်။ မျက်တောင်ဖျားတို့ မေးစင်း၍ နှုတ်ခမ်းတို့ကိုရှုံ့ရှာစွာ တွန့်မဲ့၍ ပက်ပက်စက်စက်မဲ့သည်။ သူတစ်ခွန်းပဲ တုန်ယင်စွာမေးဖြစ်ခဲ့ သည်။

"မမတော်ပြီလား.."

"ကျန်သေးတယ်..ငါ ဦးဇင်လင်းအောင်နဲ့လက်ထပ်ဖို့ ကတိပေးလိုက်ပြီ၊ မင်းယုတ်ယုတ် မာမာ လိုက်ဖျက်ဦးမလား..ဟွန်း အလကားပဲ၊ ဦးဇင်လင်းအောင် အားလုံးသိတယ်..သူက ခွေး ဟောင်တိုင်းထကြည့်မယ့် လူမျိုးမဟုတ်တော့ မင်းယုတ်မာလည်း အရာထင်မှာမဟုတ်ဘူး.. အပိုပဲ.."

မမရှေ့မှာ သူဟာ ခွေးတစ်ကောင်လည်းဖြစ်လိုက်သေးသည်။ ချစ်ခြင်း မုန်းခြင်း နာကျင်ခြင်း အားလုံးဟာ ရင်ထဲမှာ အနည်ကျကျောက်တွေလို။ မိုးနတ်နွယ်ကတော့ နာကျင်ပါ သည်ဆိုသော သူ့ရင်ဘက်ထဲကို အဆိပ်မြှားတွေ တစ်စင်းပြီးတစ်စင်း ပစ်ခွင်းလို့မပြီးနိုင်။ စကားဆုံးသည့်အခါတွင်.. ။

"နင့်ရင်ထဲက ခံစားချက်တွေ ဘယ်လိုအရောင်ပြောင်းနေပြီလဲဆိုတာ ငါမသိဘူး..ဒါ ပေမယ့် အခုသ အဖြစ်အားလုံးကို နင်သိပြီပဲ၊ တုံ့ပြန်ဖို့ဖြစ်စေ လက်ကမ်းဖို့ဖြစ်စေပေါ့.. နင်ကြိုက်သလို စီရင်ခွင့်ရှိနေပြီလေ၊ အဲ့ဒီအခိပ္ပာယ်တွေနဲ့ မြန်မာပြည်မှာနေဖို့ ပြန်စဉ်းစား ကြည့်လိုက်ပါ..ဘာဖြစ်ဖြစ် နင်သူ့ကိုမမေ့ခဲ့ဘူးလို့ ငါထင်တယ်.."

## အခန်း(၂၃)

"ဘာမှမဖြစ်ပါဘူး မမဝေ..ဒီနေ့ထွက်လာကတည်းက အပြန်ဈေးခဏဝင်ဖို့ စီစဉ်လာခဲ့

တာပါ၊ ပြီးတော့ ကိုယ်ပြန်နေကြပဲလေ..သိပ်လည်း ဝေးတာမှမဟုတ်တာ.."

သမီးလေးလက်ကိုဆွဲ၍ အဆင်းကဘယ်ကိုမှမကြည့်တော့ဘဲ တန်းထွက်၏။ ဝေဝေအောင်က ဘာမှမပြောတော့သော်လည်း မောင်ဖြစ်သည့် နေအောင်ပိုင်ကခဏပဲ ကျန်ခဲ့ပြီး ကပျာကယာနောက်ကလိုက်ကာ..၊

"ဆရာမကလဲဗျာ..အိမ်မှာကားတွေ သုံးစီးတောင်ရှိနေတာ ဒရိုင်ဘာတွေအပြင် အခုကျွန်တော်လည်း အားနေတာပဲ၊ ဘယ်ကိုပဲဝင်စရာရှိရှိ လိုက်ပို့မယ်ဗျာ..ဒီတိုင်း လျှောက်မပြန်ပါနဲ့.."

မီအောင်လိုက်ပြောသည်။ ပေါ်တီကိုအောက်မှာ လေကားတစ်ထစ်ကြိုဆင်းပြီး အောက်ဆင့်မှာပဲရပ်၍ တားထား၏။ လူကခပ်တောင့်တောင့် ဝတ်စားပုံနှင့်အရွယ်ကလည်း နုပျိုသည်မို့ လူချောတစ်ယောက်လို့ ဆိုနိုင်ပါသည်။ ဒါပေမယ့် ဗိုက်ကတော့ နည်းနည်းရွှဲသယောင်ရှိ၏။

အပေါ်အောက်နှုတ်ခမ်းလွှာတို့ ခပ်ထူထူပြားပြားဖြစ်ကာ သဘောမနော ကောင်းသူဟုလည်း ထင်စရာရှိသည်။ ဒါပေမယ့် နေအောင်ပိုင်ကတစ်ခုလတ်ဖြစ်၏။ ပြီးတော့ သဘော်သား ဒီလိုသဘောကောင်းနေတာကို ဘာမှ အထင်ကြီးလေးစားဖွယ်မရှိပါ။

အဆင်းမျက်နှာလေးက ဝေဝေအောင့်ကိုကျောပေးထားသည့်အနေအထားမို့ ဟန်ဆောင်ပြုံးပြခြင်းတိုကို လွတ်လပ်စွာချထားပြီးဖြစ်၏။ အပြုံးအရယမဲ့နေသည့် မျက်ဝန်းလေးတွေက နေအောင်ပိုင့်ကိုစူးခနဲ ကြည့်၍.. ၊

"ကျွန်မက ဆင်းရဲတဲ့မုဆိုးမပါ ကိုနေအောင်ပိုင်.. ဇိမ်ခံကားကြီးတစ်စီးနဲ့ သွားဖို့ ပြန်ဖို့ သင့်တော်မတော် ရှင်စဉ်းစားပေးပါ.."

ဒါပဲပြောပြီး ဘေးကကွေ့ရှောင်ဖို့ ခြေလှမ်းပြင်၏။ ထိုဘက်ကနေ သူကလိုက်ပိတ်လက်ပြန်ကာ..၊

"ဒါကမသိတဲ့ လူတွေအတွက်ပဲဖြစ်မှာပါဗျာ..ဆရာမက ကျွန်တော်တို့အိမ်က ဝန်ထမ်းကောင်းတစ် ယောက်ပဲ.."

"ဝန်ထမ်းပဲဖြစ်ဖြစ်..အိမ်ဖော်ပဲဖြစ်ဖြစ် ကျွန်မဆုံးဖြတ်ချက်က ဒီတိုင်းပါပဲ၊ ကျေးဇူးပြုပြီး ထပ်မပြောပါနဲ့တော့.."

သမီးလက်ကို ခပ်တင်းတင်းဆုပ်၍ လှမ်းခဲ့သည့်ခြေလှမ်းများမှာ ဒေါသမကင်းတော့ဘဲရှိ၏။ ဒါကို နေအောင်ပိုင်ကလည်း ရိပ်မိသည်။ အကြာကြီးငေးနေပြီးမှ လေကားထစ်ပေါ်ကို မကြည့်ဘဲဖြည်းလေးစွာ တက်၏။ အနက်ပေါ်မှာ အဖြူစင်းလေးတွေပါသည့် ပါတိတ်ဝတ်စုံလေးနှင့် သွယ်လျလှပသော အဆင်း၏ ပုံရိပ်လေးကို ငေးကြည့်နေရတာနဲ့တောင် သက်ပြင်းချဖို့ မေ့နေ၏။

ရှည်လျားပျော့နွဲ့သော ဆံနွယ်တို့သည် အော်တိုမစ်တစ်ကလစ်နှင့် နောက်မှာရိုးရိုးလေးပဲ စုသိမ်းညှပ် ချထားတာဖြစ်၏။ ဒါပေမယ် တင်းပြည့်လှသော တင်သားလေးတွေထက်မှာ အဖျားခတ်နွဲ့ခါနေသည့်ပုံက လျှောက်လှမ်းသွားသည့် ခြေလှမ်းများအတိုင်း စည်းချက်ညီနေ၏။ တမင်တကာ ကနွဲ့ကလျမဟုတ်ဘဲ ထိုဆံစအဖျားလေးတွေ နွဲ့ခါပုံကြောင့် ရင်ခုန်သံတို့ကို မြန်လာစေသည်။

တချို့ကျတော့ နောက်ကကြည့်ပြီး မျက်လုံးမလွှဲနိုင်လို့ ရှေ့ကနေပြေးကြည့်လိုက်လျှင်

ထင်သလောက် မဟုတ်ဘဲ တစ်မျိုးစီဖြစ်နေတတ်၏။ သူမကျတော့ ဂုဏ်ထူးရှင်ကျောင်းသား တစ်ယောက်၏ အဖြေလွှာကိုစစ်ရသလိမျိုးပါ။ ကြက်ခြေခတ်ပစ်ဖို့ နေရာရှားပါးလွန်းသည်။

“ဘယ်လိုဖြစ်နေတာလဲပိုင်..အရမ်းကျွန်ပြေပျက်တာပဲ၊ ဟိုက စိတ်ဆိုးပြီးကလေးကိုပါ စာလာမသင်တော့မှ ခက်မယ်..”

“တော်တော်လှတဲ့မိန်းမပဲ မမဝေ..မတွေ့ဖူးဘူး..”

“ဟွန်း..သဘော်သားလို့မပြောရဘူး၊ ပြောပုံက..”

ဝေဝေအောင်က မျက်စောင်းရွယ်သည်။ ကိုယ့်မောင်အကြောင်း ကိုယ်အသိဆုံး။ အိမ်ကို လာပြီဆိုကတည်းက အဆင်းကိုမြင်သည်နှင့် ပြုံးပြက်လက်သွားသည့် မျက်လုံးတွေမှာ ဗိုအားတွေပါနေတာ မနည်းမနော။ လူကြီးပေးစားတဲ့ မိန်းမကိုယူပြီး အိမ်ထောင်ရေး အဆင်မပြေလို့ ကွာရှင်းပြတ်စဲကြတော့ တစ်ခါတည်းပြောသည်။

“နောက်ထပ် မိန်းမမပေးစားနဲ့တော့နော်...ဒီတစ်ခါ ကိုယ့်အခွင့်အရေးနဲ့ကိုယ်ပဲ..”တဲ့..

သူကြိုက်တာ ရှာယူတော့မည်ဟု အားလုံးကထင်ကြသည်။ ဒါပေမယ့် သူကခေါင်းခါ၍.. ၊

“လက်လီဝယ်စားတာ အဆင်ပြေတယ်..လက္ကားမလိုဘူး..”

ဟု ပြောခဲ့သည်။ တကယ်ကိုပွေရှုပ်ခဲ့တာ။ အသက်လည်း လေးဆယ်နားနီးပါပြီ။ ခုကျမှ.. ၊

“မင်းနော်..အဆင်းကိုတော့ ပစ်မှတ်ထဲမသွင်းနဲ့၊ ငါ့ကလေးက သူနဲ့မှအဆင်ပြေတာ.. ပြီးတော့ အဆင်းက မင်းထင်သလို မိန်းကလေးမျိုးမဟုတ်ဘူး..”

ဝေဝေအောင်က ခြိုင့်ပြီး သတိပေးလိုက်သည်။ နေအောင်ပိုင်က ရယ်လိုက်ပြီး မျက်နှာချင်းဆိုင်မှာ အိခနဲ ထိုင်ချလိုကကာ.. ၊

“ကျွန်တော့်မျက်လုံးထဲမှာ ထူးထူးဆန်းဆန်းငြိနေတာပဲမမဝေ..အစက မုဆိုးမလေးဆိုပြီ တအားလှလို့ စိတ်ဝင်စားတာ၊ မထင်မှတ်ဘဲ မာနတွေစွတ်ကြီးနေတော့..ရင်ခံလာတာဖြစ်မယ်..”

“ခံမနေနဲ့..အဆင်းက သဘောကောင်းပေမယ့် အဲ့ဒီနေရာမျိုးမှာ သည်းခံမှာမဟုတ်ဘူး၊ ငြိမ်ငြိမ်နေစမ်းပါ ပင်ရယ်..ငါတို့ကို မျက်နှာပျက်အောင် မလုပ်ပါနဲ့..”

“ဘာမှမလုပ်ရသေးပါဘူး မမဝေရာ..သူ့ဆရာမကို ဖြစ်နေလိုက်တာ၊ ဟိုကရော လေဟပ်တောင် ခံလို့လား..”

“မင်းလိုလူကလည်း ဒါမျိုးမှ တော်ရုံကျမှာ..”

“နမျောစရာကြီးဗျာ..”

“ဘယ်လို ဘယ်လို..ဘာကိုနမျောတာလဲ..”

ဝေဝေအောင် မျက်လုံးပြူးနှင့်မေးတော့ နေအောင်ပိုင်က ရယ်သည်။

“သေသွားတဲ့ပုဂ္ဂိုလ်ကို တွေးမိလို့ပါ..ဒီလောက်လှတဲ့မိန်းမကို စောစောစီးစီးထားခဲ့ရတာ ဘယ်လောက် နမျောဖို့ကောင်းလဲ..”

“သူ့ခင်ပွန်းက မင်္ဂလာဦးညမှာ ဆုံးသွားတာတဲ့..”

"ဘယ်လို.."

နေအောင်ပိုင် လည်ပင်းရှည်သွားသည်။ ဝေဝေအောင်က လက်ဖက်အစ်ကလေးထဲကို ကြက်သွန်ဖြူ အတက်လေးတွေ အခွံခွာထည့်နေရင်း စဉ်းစားကာ.. ၊

"ငါလည်း သေချာမသိပါဘူး..သူ့ကိုမိုးကုတ်ကပဲ မှတ်နေတာ၊ သူက ဒီတိုင်းပြောတာကို.. မောင်ကပြောပြတာ.."

"မမဝေယောကျ်ားက ဘယ်လိုလုပ်သိနေတာလဲ.."

"မောင်လည်း သူ့ကိုမြင်လိုက်မှ နာမည်မေးပြီးသိသွားတာ.."

"လူကိုသိတာမဟုတ်ဘူးပေါ့..'

"မဟုတ်ဘူး..ဒေါ်ဖြူဖြူဇင်တို့ ညီအစ်မနဲ့ မောင်ကသိကြတယ်၊ ဆုံးသွားတဲ့အဆင်းရဲ့ခင်ပွန်းက ဒေါ်ဖြူဖြူဇင်တို့ရဲ့ မောင်အငယ်ဆုံးပဲ..ဒါပေမယ့် အသက်ကတော့ သိပ်မငယ်ဘူး ထင်တယ်၊ အဆင်းနဲ့တော်တော် ကွာတယ်တဲ့.."

"ဩော်..ပြောပါဦး၊ မင်္ဂလာဦးညမှာဆုံးသွားတဲ့အဖြစ်က.."

"အဲ့ဒါ ငါသေချာမသိဘူး..မောင်လည်း အဲ့ဒီတုန်းက မဲဆောက်ရောက်နေတာလေ၊ သတင်းပဲကြားရတာလို့ ပြောတာပဲ.."

နေအောင်ပိုင်က မျက်နှာမဲ့ကျသွားကာ ခပ်ကြိတ်ကြိတ်တက်ခေါက်၏။

"မင်္ဂလာဦးညမှာ ဆုံးမှာများ လွတ်လွတ်ကျွတ်ကျွတ် ကိုယ့်လမ်းကိုယ်သွားပါလား.. ကျန်ခဲ့တဲ့လူကို အထုပ်တစ်ထုပ်ကျန်ခဲ့အောင် ဒုက္ခပေးသွားသေးတယ်၊ သူ့ခမျာ ကလေးတစ်ယောက်နဲ့သနားပါတယ်.."

"ဟုတ်တယ်..သူ ဒီမှာအလုပ်ဝင်ခါစတုန်းက 'အမြွာညီအစ်မ'အထည်ဆိုင်မှာဆုံမိလို့ သူနဲ့ငါနှုတ်ဆက်ကြတယ်လေ.၊ သူထွက်သွားတော့ အထည်ဆိုင်က အမြွာညီအစ်မက ပြောသေးတယ်..ဒေါ်ဖြူဖြူဇင်တို့မိသားစုက ဒီသားအမိကို လုံးဝမထောက်ပံ့ဘဲ ပစ်ပယ်ထားတာမရှိုးသားဘူးတဲ့၊ တကယ်ဆို ကိုယ့်မောင်ကကျန်ခဲ့ တဲ့ သွေးသားလေးကို သည်းသည်းလှုပ်နေရမှာတဲ့..သူတို့မှာ ကလေးလည်းများများစားစား ရှိတာမဟုတ်ဘူးလေ၊ ဒေါ်ဖြူဖြူဇင်ဆိုရင် အပျိုကြီး..ဒီတူမလေးကို ဘယ်လောက်ချစ်ဖို့ကောင်းလဲ.."

"အဲ့ဒီတော့.."

"အဲ့ဒီတော့ သူ့နာမည်ပျက်တာပေါ့..မုဆိုးမဖြစ်တဲ့အထဲ ဘာလိုလိုတွေ ထင်ယောင်ထင်မှား ကဲ့ရဲ့ကြတာ.."

"မဖြစ်နိုင်တာ မမဝေရယ်..အဆင်းက ဒီလောက်မာနကြီးတာ၊ နေပုံထိုင်ပုံလည်းကြည့်ဦး.."

"မသိဘူးလေ..ဒါတွေ ဟုတ်တာမဟုတ်တာ သူပဲသိမာပေါ့၊ ငါကတော့ လေးလေးစားစားပဲဆက်ဆံတာပါ..သူ့ဟာသူ ဘာဖြစ်ဖြစ် ငါ့သားလေးက သူနဲ့သင်မှပဲအဆင်ပြေနေတာ၊ မဟုတ်ရင် နင့်တူက ဘယ်ဆရာမှ မမြဲဘူး.."

နေအောင်ပိုင်ကတော့ ဝေဝေအောင်နောက်ထပ်ပြောတာတွေကို စိတ်မဝင်စားတော့ပါ။ ခေါင်းထဲကို လေးလေးနက်နက်နေရာယူနေတာက လသဏ္ဍာန်အဆင်း၏အကြောင်း။

သူမကို နားလည်ချင်မိသည်။ နည်းနည်းပါးပါးဖြစ်ဖြစ်.. ၊

## အခန်း(၂၄)

နည်းနည်းလေးမှ ပြန်မတွေ့ချင်ပေမယ့် ရန်ကုန်မြို့ကို ခြေချမိပြန်ပြီဆိုကတည်းက ကြည်နေသည့် ရေစပ်စပ်မှာ မြင်းပြေးသွားသလို ရေငလျင်လည်း ထခဲ့သည်။ နွံတွေကြွလို့ ရေလည်းနောက်ခဲ့၏။

'အဆင်း'လို့ ခေါ်လိုက်ပြီး နူတ်ဆက်တဲ့သူရော ပခုံးလာတို့ပြီး ခေါ်တဲ့သူတွေရော နူတ်ဆက်ရယ်မောကြပြီးတော့လည်း စုန်ချီဆန်ချီမျက်ဝန်းတွေမှာ သနားသလိုလို အားပေးသလိုလို ကဲ့ရဲ့ရှုတ်ချသွားကြတာပါပဲ။

ဘယ်လိုရှေ့ဆက်ကြရမလဲ။ မိုးကုတ်ကို ပြန်လို့လည်းမဖြစ်။ အကျွမ်းမဝင်သည့်နေရာတစ်ခုမှာ ကြာရှည် လုပ်ကိုင်စားသောက်ဖို့ကလည်း မလွယ်။ ထို့ကြောင့် အဆင်းမှာ သမီးလေးတစ်ဖက်နှင့် ဟိုမြို့ရောက် ဒီမြို့ရောက်၊ ဘယ်မှာမှလည်း အခြေအတည်နိုင်။ နောက်ဆုံး ရန်ကုန်ကိုပဲ ပြန်ရောက်လာခဲ့သည်။

အိမ်ကလေးကို တစ်ခြမ်းပိုင်းပစ်လိုက်ပြီး အိမ်ငှားတင်ထားရသည်။ အလုပ်တွေနှစ်ခုသုံးခုလျှောက်ထားရင်း အချိန်ပိုင်းလုပ်နေရာတာ အသက်ရှူတော့ ချောင်ပါသည်။ ဒါပေမယ့် ခြေလှမ်းပျက်လောက်အောင် ဒုက္ခပေးမည့်လူကပေါ်လာ၏။ စားသောက်ပြီးသည့်ပန်းကန်တွေကို ဆေးနေရင်း နေအောင်ပိုင့်မျက်နှာကြီး ကို မြင်နေမိ၏။

စိတ်ထဲမှာ လေးလံထိုင်းမှိုင်းကာ လှုပ်ရှားမှုတွေကလည်း မမှန်ချင်.. ၊

"မေမေ.."

"ဟင်.."

နောက်ကနေ ပေါင်နားကို သိမ်းကျုံးဖက်ပစ်လိုက်ပြီးခေါ်တော့ အဆင်းလန့်သွားသည်။ နာရွက်ကုတ် ဆံပင်နက်နက်လေးတွေနှင့် ဖွေးနုနေသောသမီးမျက်နှာလေးက သူမလန့်သွားတာကို မော့ကြည့်ပြီး ခိုးခိုးခစ်ခစ် ရယ်နေလျက်.. ၊

"မေမေကြီးလန့်သွားပြီ မဟုတ်လား..ဘွာတေး ဘွာတေး.."

"မီးမီး ဘာလုပ်နေတာလဲ..စာကြည့်ရမယ်လေ.."

"ကြည့်မှာပါ မေမေကလည်း..မေမေ့ကို ဖေဖေ့ပုံမီးမီးဆွဲထားတာ ပြမလို့.."

"ဘာ.."

"ဝွမ်..ချွမ်း.."

လက်ထဲမှာကိုင်ထားသည့် ဟင်းသောက်ပန်းကန်ကြီး လွတ်ကျသွား၏။ ဘေဇင်ပေါ်မှာပဲမို့ မကွဲပေမယ့် ထပထားသည့် ပန်းကန်တွေ၊ ဇွန်းတွေကိုပါ တိုက်ချသွားသလိုဖြစ်ကာ အသံတွေဆူညံသွား၏။ ဦးဇင်လင်းအောင်ဆိုသည့် နာမည်တစ်ခုမှလွဲ၍ ဘာမှမသိသော သမီးလေးက ဘယ်လိုပုံတူကို ရေးနေတာလဲ.. ။

သမီးမျက်နှာလေးကို ထိတ်လန့်ခြင်းများနှင့် ငုံ့ကြည့်မိသည်။ မျက်နှာလေးက ပေါ့ပါးကြည်စင်စွာ ရယ်လ၊က်.. ။

"ဖေဖေ့ကို မီးမီးက မမြင်ဘူးတော့ မီးမီးလိုချင်တဲ့ ဖေဖေတစ်ယောက်ပုံမျိုး စိတ်ကူးပြီးဆွဲထားတာ..လာ မေမေ လိုက်ကြည့်၊ လာပါ မေမေရဲ့..လာပါဆိုမှ.."

လက်မှာ ရေစိုလက်စကိုတောင် မသုတ်အားတော့ဘဲ သမီးလေးဆွဲခေါ်တဲ့အတိုင်း ပါလာခဲ့ရသည်။ သို့သော် ဦးတည်ခဲ့သောစာကြည့်စားပွဲပုလေးဆီသို့ မရောက်မီ ခြံတံခါးဝမှာ တည့်တည့်ရောက်နေသဖြင့်..၊

"ဟော ဟိုမှာ..ဟိုမှာ စာပို့သမားလာနေတယ်၊ မေမေ့လက်ကို ခဏလွှတ်လိုက်ဦး.."

လွှတ်ဦးပြောပေမယ့် သမီးကမလွှတ်ပါ။ လက်ချင်းတွဲလျက်ပဲ ခြံဝသို့ထွက်လာခဲ့ကြသည်။ သတိရစာလွှာမဟုတ်ပါ။ အလုပ်ခန့်စာ ဖြစ်၏။

"ဝမ်းသာလိုက်တာ.."

အဆင်း ဝမ်းသာလွန်းသဖြင့် ပါးစပ်မှပင် ရေရွတ်ပြောလိုက်မိ၏။ ပြီးတော့ စာအိတ်ကိုသတိလက်လွှတ် နမ်းလိုက်မိသည်။

"မေမေ ဘာလဲဟင်.."

"အလုပ်ခန့်စာ မီးမီးရဲ့..မေမေ အလုပ်ရပြီသိလား၊ မီးမီးကို ကစားစရာတွေ..အင်္ကျီလှလှလေးတွေ အများကြီး ဝယ်ပေးလို့ရပြီ.."

"ပိုက်ဆံတွေ အများကြီးရမှာပါနော်.."

"အင်းပေါ့..ကျူရှင်သွားပြပြီး ခြေညောင်းအောင်လျှောက်ပြန်ဖို့လည်း မလိုတော့ဘူး.."

ပြောလိုက်ကာမှ ကလေးမျက်နှာ ရုတ်တရက်တည်သွားကာ အဆင်းမျက်နှာကို ဖျတ်ခနဲ မော့ကြည့်သည်။

"မေမေက မီးမီးကိုချီပြီး လျှောက်ရတာခြေထောက်တွေ ညောင်းနေတာလားဟင်.."

"ဟင်.."

အဆင်း ကိုယ့်စကားနဲ့ကိုယ် သမီးလေးစကားအငိုက်ဖမ်းလိုက်တာကို အမှတ်တမဲ့မို့ အံ့သြသွား၏။ ပြီးမှ.. ။

"မေမေ မညောင်းပါဘူး..မီးမီးညောင်းတာကိုပြောတာလေ၊ မေမေက မီးမီးကို တစ်လမ်းလုံး ချီထားရတာမှ မဟုတ်တာ..လမ်းလျှောက်ကြတဲ့ အခါကျတော့မီးမီး မညောင်းဘူးလားလို့.."

သေချာပြောပြမှ ဆတ်ခနဲခေါင်းညိတ်လိုက်ပြီး မီးမီးကပြုံးသွား၏။

ထို့နောက် ဖေဖေ့ပုံတူဆွဲထားသည်ဆိုသော အဖြစ်ကိုလည်းမေ့သွားခဲ့လေသည်။ တကယ်တော့ မိသား စုအသိုက်အဝန်းဆိုသည့် ဘဝလေးတစ်ခုဟာ.. ။

အခန်း(၂၅)

ဘောလုံးပူဆာသဖြင့် ဘောလုံးဝယ်ပေးရင်း အဆင်းကပိုက်ဆံပေးနေရင်း သမီးက ဘောလုံးကိုမြှောက်ဆော့လိုက်သည်။ အနားမှဖြတ်သွားသည့် လူငယ်လေးတစ်ယောက်က နောက်ပြောင်၍ တခြားကိုလွှဲပုတ်သွား၏။

"ဟာ..မီးမီးဘောလုံးကို.."

"ဟင်.."

အဆင်း အသံကြားလို့လှည့်ကြည့်လိုက်တော့ နောက်ကျသွားပြီဖြစ်သည်။

"မီးမီး.."

ဈေးသည်ပြန်အမ်းသည့် ပိုက်ဆံတွေလည်း လွတ်ကျကုန်ကာ တအားအော်ပစ်လိုက်မိ၏။ အရှိန်နှင့် မောင်းနှင်လာသည့် ကားအနီရဲရဲလေးရှေ့သို့ မိုက်တိမိုက်ကန်းဖြတ်ပြေးသည့် သမီးလေးကိုဖျတ်ခနဲ မြင်လိုက်ပြီး မျက်လုံးထဲမှာ ပြာသွား၏။

"ကျွီ.."

"ဟာ.."

"ဟိုကလေး.."

ပတ်ဝန်းကျင်မှာ အသံတွေဆူညံသွားသည်။ အဆင်းမျက်လုံးအကြောင်သားနှင့် ရုတ်တရက်မှောင်ကျသွားသလို ဖြစ်ပြီးမှ မြင်ကွင်းထဲမှာအားလုံးပီပြင်လာ၏။ လူတွေရုတ်ရုတ်သဲသဲဖြစ်သွားတာကို သမီးလေးက ဂရုစိုက်မိပုံမရှိပေ။ ကားဘီးကြားထဲဝင်သွားသည် ဘောလုံးကိုပဲ သဲမဲဝင်ကောက်နေ၏။

"တောက်.."

အလင်း ဒေါသဖြစ်ဖြစ်နှင့် တက်ခေါက်ပစ်လိုက်သည်။ ပူထူသွားသည့်စိတ်တို့ကို ပင့်သက်ရှိုက်ရင်း ကားပေါ်ကဆင်း၏။ တံခါးကို မတရားသဖြင့် ဆောင့်ပိတ်လိုက်သဖြင့် ကားဘော်ဒီတစ်ခုလုံး တုန်ခါကျန်ရစ်ခဲ့သည်။

"ဟေ့ ထွက်ခဲ့စမ်း..ဘာလေးမန်းမသိ တောက်၊ တက်ကြိတ်မိရင် ကြိတ်တဲ့ကားက လွန်ဦးမယ်..ဘီး ကြားထဲဝင်ပြီး ဘာလုပ်နေတာလဲ..ဟေ့.."

ပြောလည်းပြောရင်း သူကိုယ်တိုင်ငုံ့ကာ ကလေးငယ်၏လက်မောင်းလေးတစ်ဖက်ကို ဆွဲထုတ်ယူလိုက် သည်။

"အား..ဟင့်အင်း၊ ဟိုမှာ မီးမီးဘောလုံး.."

မမှီတမှီလှမ်းကိုင်တော့ ဘောလုံးက လမ်းလယ်ဘက်ကို လိမ့်သွားသည်။ လိုက်ကောက်ဖို့ဟာ သူဆွဲခေါ်ပစ်လိုက်သဖြင့် ကလေးကအော်ရစ်ရှုန်း၏။ ရုန်းနေတာကို ဒေါသနှင့်ပြန်ဖိဆွဲထားသည်ဖြစ်ရာ ကလေးက နာကျင်စွာအော်လေသည်။

"ဟဲ့..ကလေးကို လွှတ်လိုက်စမ်း.."

ရွှေရောင်အနားကွပ်နှင့် အဖြူရောင်သည်းကြိုးလေးတပ်သော ညှပ်ဖိနပ်လေးကိုစီးထားသည့် ခြေထောက်တစ်စုံ သူ့ဘေးမှာရောက်လာ၏။ 'ဟဲ့' ဆိုသည့် အမိန့်သံကို နားထဲမှာခါးသွားကာ အလင်းဆတ်ခနဲ ထရပ်လိုက်သည်။ ကလေးကို သူ့လက်ထဲကနေ ဆောင့်အောင့်ဆွဲယူလိုက်သည့် သူမကအငုံ့မို့ သူ့ခေါင်းနှင့် သူမ၏မေးဖျားတို့ အနည်းငယ်ပွတ်တိုက်မိသွားခဲ့၏။

"ဟင်.."

အလင်း ကိုယ်ကိုမတ်မတ်ရပ်မိသည်နှင့် ပို့လွှတ်ဖို့ရည်ရွယ်ထားသည့် ဒေါသတွေရုတ်ခြည်းပျောက်ကွယ်သွား၏။ မေးဖျားသွယ်သွယ်ကို လက်ဖဝါးလေးတစ်ဖက်နှင့် ဖိကပ်ရင်းမော့ကြည့်လာသော သူမသည်လည်း.. ၊

"မမ.."

သူ့နှုတ်ဖျားမှ ခေါ်သံအဆုံးမှာ သူမကကလေးကို စွေ့ခနဲကောက်ချီပြီး လှည့်ထွက်သွား၏။

"ဟင့်အင်း..ဟင့်အင်း၊ ဟိုမှာ မီးမီးဘောလုံး..မေမေ ဟိုမှာဘောလုံးကောက်ပေး.."

ကလေးက မအေ့ပခုံးနှစ်ဖက်ကို လှုပ်ခါပြောရင်း လက်ညှိုးထိုး၍ငိုသည်။ သူမကတစ်ချက်မှလှည့်မကြည့်တော့ပေ။ ထိုစဉ် တစ်စုံတစ်ယောက် ဘောလုံးကောက်ပြီးလာပေးသဖြင့် အလင်းကဘောလုံးကို ယူလိုက်သည။ ပြီးတော့ လိုက်မလို့ခြေလှမ်းပြင်ပြီးမှ ဝိုင်းဝန်းကြည့်ရှုနေသည့် လူတွေကိုဝေ့ကြည့်ကာ ကားပေါ် ပြန်တက်လိုက်သည်။

အဆင်း နှုတ်ခမ်းကိုပြတ်လုမတတ်ကိုက်ကာ ငိုနေသည့်သမီးလေး၏ကိုယ်လေးကို ဆွဲချုပ်ထားသလို အတင်းတိုးဖက်ထားမိသည်။ ကားမှတ်တိုင်ကို ရောက်ပေမယ့် ကားပေါ်တိုးတက်လိုက်ဖို့လည်း သတိမရ။ သမီးငိုနေတာကို ဆူလည်းမဆူ၊ ချော့ဖို့လည်းမချော့မိဘဲ ဒီတိုင်းမြန်မြန်ဆန်ဆန် လျှောက်နေရင်း မောလာတော့မှ ခြေလှမ်းက သိသာစွာနှေးကျသွားခဲ့၏။

ထိုအခါ သူမမငိုရပါဘဲ မျက်တောင်ဖျားတို့မှာ ဝေ့သီစိုစွတ်နေခဲ့သည့် မျက်ရည်တို့ကိုပါ သတိထားမိ ခဲ့၏။

"မေမေ.."

ရှိုက်သံတွေ မပျောက်တပျောက်နှင့် သမီးကသူ့မေးဖျားကို လက်ဖဝါးလေးနှင့် မော့ယူသည်။

"မီးမီးဘောလုံး.."

စကားသံလေးက အဆုံးမသတ်ဘဲ ရပ်တန့်သွားသည်။ အဆင်း၏မျက်ဝန်းအိမ်မှ မျက်ရည်စတို့ကို မြင်လျှင် သူမငိုနေခဲ့သည့်အကြောင်းကိုပင် သတိမရတော့သည့်အဖြစ်သို့ ရောက်လျက်.. ။

"မေမေ ဘာဖြစ်လို့လဲဟင်..မီးမီးကို ချီထားရတာ ညောင်းလို့လား၊ မီးမီးအောက်မှာပဲ ဆင်းလျှောက် တော့မယ်နော်.."

"မီးလေးရယ်.."

အဆင်း ရင်ထဲမှာနင့်သွားခဲ့သည်။ သမီးကိုတင်းခနဲဖက်ကာ လမ်းကူးတော့မှာမို့ နေရာမှာပဲရပ်ပစ် လိုက်မိစဉ် ဘေးမှာ အနီရောင်ကား၏အရိပ်ကို မြင်လိုက်ရပြီး.. ။

"မမ.."

ထိုဆီသို့ မျက်လုံးမရောက်မီ ခေါ်သံကြားသည်နှင့် အဆင်းဆတ်ခနဲလှည့်ထွက်လာခဲ့၏။ ပလက်ဖောင်း အတိုင်း ဆက်လျှောက်လာတော့ ကားအနီလေးကလည်း တရွေ့ရွေ့လိမ့်ပါလာ၏။

"မမ..ဒီမှာ.."

ကားကို ရှေ့နည်းနည်းလွန်၍မောင်းကာ ငေါက်ဆတ်ဆတ်လှမ်းခေါ်လိုက်သဖြင့် အဆင်းတုံ့ခန ရပ်သည်။ ကားကလည်း ရပ်သွား၏။ အဆင်းမျက်နှာလေးက အံကြိတ်ထားရင်း တင်းနေသလို ကားပေါ်ကဆင်းလာသည့် အလင်းမျက်နှာမှာလည်း နူးညံ့ခြင်းတွေ ပျောက်ဆုံး နေ၏။

ကိုင်လာသည့်ရောင်စုံဘောလုံးလေးကို ကလေးကိုပေးမလို့ပြင်ပြီးမှ မပေးသေးဘဲ စူးစူးရဲရဲကြည့်သည်။ ထူစိပ်သော မျက်တောင်ရှည်တေ ကော့ညွတ်လျက်မျက်လုံးဝိုင်းလေးနဲ့မို့ တော်တော်ချစ်စရာကောင်းနေ၏။ နှုတ်ခမ်းသား စိုလက်လက်လေးတွေကျတော့ ပါးလှပ်လှပ် လေးတွေမို့ သူခပ်မဲ့မဲ့ပြုံးမိသည်။

ပြီးတော့ လုံးစင်းသည့်နှာတံကော့ကော့လေးက ပါးမို့လေးနှစ်ဖက်ကြားမှာ တင်ထား သည့်အတိုင်း။ ဦးဇင်လင်းအောင်က နှာခေါင်းပွပွ၊ နှုတ်ခမ်းထူထူနဲ့ပါ။ သူနောက်ထပ်ပြုံး လိုက်တော့ အဆင်းက ကလေးကို သူမကိုယ်တစ်ခြမ်း၏နောက်သို့ရောက်အောင် ဆွဲလှည့်ပစ် လိုက်၏။

"နင် ငါ့သမီးကို အဲ့လိုမဲ့ပြုံးနဲ့ ကြည့်စရာမလိုဘူး..ပြော ဘာကိစ္စလဲ.."

မေးလိုက်တဲ့အထိ အလင်းမျက်ဝန်းတွေက သူမထံသို့ရောက်မလာခဲ့ပါ။ ကလေး၏ခိုး ချောင်ခိုးဝှက် လိုက်ကြည့်နေဆဲ မျက်ဝန်းလေးတွေကိုပဲ စူးစိုက်ကြည့်လျက်.. ။

"တစ်ယောက်ယောက်နဲ့ တူနေသလိုပဲ.."

ဟု ပြောလိုက်ပြီး ဟွန့်ခနဲမဲ့သည်။ ပြီးတော့ စူးစူးဝါးဝါးကြည့်နေသည့် အဆင်းမျက်နှာ လေးဘက်ကို လှည့်၍.. ။

"မေတ္တာတရားကြီးမားလွန်းလို့ မဟုတ်ဘူးဆိုတာ နားလည်ပါတယ်ဗျာ..ဒေါသတွေ ဖြစ်ပြမနေပါနဲ့၊ ကြာကြာနေရင် မုန်းဖို့မေ့သွားမှာစိုးလို့ မြင်နေတုန်းမုန်းဖို့သတိရအောင် ရုပ်တူလေး မွေးထားတာပဲ မဟုတ်လား.."

"အရှုးလားနင်..ဘာတူတာလဲ၊ ဘယ်နေရာမှာတူလို့လဲ..မဟုတ်မဟတ်တွေပြောပြီး ထင်ကြေးတွေနဲ့ ကိုယ့်ကို သူများက အရူးလို့ပြောအောင် လျှောက်ပြောမနေနဲ့.."

"အဟွန်း..ထားလိုက်ပါ၊ ကျွန်တော်က အရူး..မမမရူးဘူးဆိုရင် အရူးပြောတဲ့စကားကို အလကားလို့ပဲ မှတ်လိုက်..ဒေါသမဖြစ်ရတော့ဘူးပေါ့ မဟုတ်ဘူးလား.."

ပြောပြီး ကလေးဘက်ကို လှည့်ပြန်သည်။

"မီးမီးနာမည် ဘယ်လိုခေါ်လဲ.."

"ပန်းသဇ္ဈာန်မွေး.."

ငေးနေပေမယ့် ကလေးကမေးလိုက်တာနှင့် သွက်သွက်လက်လက်လေး ပြန်ဖြေ၏။ အလင်းက မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး အဆင်းဘက်ကို တည့်တည့်မဟုတ်ဘဲ အကြည့်တစ်ချက်ဝေ့၏။

"သဇ္ဈာန်မျိုးနွယ်ပဲပေါ့..သူ့အဖေနာမည် တစ်လုံးတလေလောက်တောင် မပါဘူးနော်.."

"အလင်း.."

နှစ်ယောက်မျက်လုံးချင်းဆုံသွားစဉ်မှာ စကားလုံးပေါင်း မြောက်မြားစွာပြောဖြစ်သွားခဲ့သည်။ ဒါပေမယ့် ကိုယ်ပြောချင်တာကို ကိုယ်သာနားလည်မှာပါ။ အဆင်းက သမီးကိုချီထားရာကနေ အောက်ချလိုက်သည်။ တစ်နည်းအားဖြင့် သူ့မျက်လုံးတွေရှေ့မှာ ရှိမနေစေချင်တာဖြစ်သည်။

"မင်းနဲ့ငါတို့တွေ ဘာမှမပတ်သက် မဆက်ဆံခဲ့ဘူးလို့ပဲ မှတ်ထားပြီးနောက်ထပ် လမ်းမှာတွေ့တောင် နှုတ်မဆက်နဲ့.."

"ဘယ်ရမလဲ..မခေါ်ချင်ရင် ရတယ်၊ မတော်ချင်လို့မရဘူး..ဟိုတုန်းက ဘာမှမတော်စပ်ကြတသူတွေပါလို့ ကျွန်တော်ပြောခဲ့ဖူးတယ်၊ မမ လက်ခံခဲ့လို့လား..မောင်နှမဆိုတဲ့ အဖြစ်ကနေ နုတ်ထွက်ခွင့်မပြုခဲ့ဘူးလေ၊ ပတ်ဝန်းကျင်က လက်မခံတာတွေ သူများအထင်လွဲမှာတွေနဲ့ မမကျွန်တော့်ကို မောင်အဖြစ်မှာပဲ ဖွတ်ထားတယ်..ခုကျမှ မသိဘူး မတော်ဘူးဆိုလို့ မရဘူး..ဒီကလေးကလည်း ကျွန်တော့်ရဲ့.."

"အလင်း.."

"တူမလေးပဲ မဟုတ်ဘူးလား..သွေးသားဆိုတာ ဓားနဲ့ခုတ်ဖြတ်လို့မဖြစ်ဘူး၊ ဘာဖြစ်လို့ မခေါ်နဲ့မကြည့်နဲ့ဆိတဲ့ ပုံစံတွေ လုပ်နေတာလဲ.."

"ငါ့ကို ခနိုးခနဲ့တွေ လာပြောမနေနဲ့..မင်းကိုငါ တစ်ခုပဲတောင်းပန်ချင်တယ်၊ ငါ့ကိုဒီကနေ နောက်ထပ် အဝေးကိုရောက်အောင် မသွားစေချင်ရင် လုံးဝလာမပတ်သက်ပါနဲ့.."

"လုံးဝလက်မခံဘူး..မြန်မာပြည်ကို ပြန်လာခဲ့တာမှာ ဘာရည်ရွယ်ချက်မှ မပါခဲ့တာမှန်ပေမယ့် ဒေါ်လသဇ္ဈာန်အဆင်း ရန်ကုန်မှာရှိနေတယ်လို့ ကြားလိုက်ကတည်းက ရည်ရွယ်ချက်တွေဖြစ်သွားခဲ့တာ..ဦးဇင်လင်းအောင်ကလည်း ဆုံးသွားပြီဆိုတော့.."

စကားရပ်ပြီး ဘယ်ကိုမှမကြည့်ဘဲ နှာခေါင်းတစ်ချက်ပွတ်၍ ရယ်သည်။ အဆင်းရင်ထဲမှာရှက်၍ နာကျင်သော ခါးသီးမှုများကြောင့် အလင်း၏ခပ်ရရိပုံစံကို စိုက်ကြည့်ရင်း

နွတ်ခမ်းသားတို့ကို ဖိကိုက်ထားမိ သည်။ ဒါကို သေချာအကဲခတ်မိနေသဖြင့် အလင်းကမဲ့လို့ ရယ်လို့ ကောင်းနေတုန်း.. ၊

"တစ်မျိုးထင်သွားလား.."

ဟု နောက်ထပ်မေးခွန်း ထပ်ထုတ်၍.. ၊

"မိန်းမတစ်ယောက် ကျိုးကျိုးကန်းကန်း စွဲလမ်းလွန်းလို့ ကောက်ကောက်ပါအောင် လိုက်..သေအောင် ချစ်တာမျိုးက ဇာတ်လမ်းတွေထဲမှာပဲ ကြည့်လို့ကောင်းတာပါ၊ ကျွန်တော် အဲ့ဒီလောက်မရူးသေးဘူး.."

"ဟွန်း."

ဒီတစ်ခါ အဆင်းက ကျကျနနမဲ့၍ စိုက်ကြည့်သည်။

"ကောင်းတယ်..ငါကမင်းကို ရူးနေပြီထင်လို့၊ မရူးဘူးဆိုရင် အရှက်သိက္ခာလည်း မမဲ့ သေးတာ သေချာတာပေါ..မှတ်လောက်အောင် ပြောတာကိုမှတ်သွားလိုက် အလင်း..မင်းနဲ့ နောက်ထပ် မဆုံချင်ဘူး.."

"ဒါတော့ မလွယ်ဘူးထင်တယ်..ကျွန်တော့်ရဲ့အနာဂတ်က မမပဲ၊ ဒါပေမယ့် လွမ်းဖျား လွမ်းနာကျဖို့တော့ မဟုတ်ဘူး.."

ပြောပြီးကလေးကို ငုံ့မိုးကြည့်သည်။ ကလေးကလည်း သူ့ဆီမှာမျက်ဝန်းလေးတွေ တစ်လက်မမှရွှေ့ မသွားခဲ့ဘဲ သူကြည့်လိုက်တိုင်း မျက်လုံးချင်းဆုံမိသည်။

"မီးမီးကို ဦးက ပန်းကလေးလို့ခေါ်မယ်နော်..မီးမီးက ပန်းထက်အများကြီးပိုလှတယ်၊ မေမေ့ကို မမီသေးတာလေး တစ်ခုပဲ.."

အဆင်းက ပန်းကလေးလက်ကို ဆုပ်ကိုင်ရင်း သူ့ရှေ့ကနေလှည့်ထွက်လာခဲ့၏။

"မမ.."

လှည့်မကြည့်ဘူး ရပ်တန့်မသွားဘူးဆိုတာ သူသိသည်။ ဒါပေမယ့် ခပ်ကျယ်ကျယ်လှမ်း ခေါ်လိုက်ကာ.. ၊

"ငွေတွေဘာတွေလိုရင် အကူအညီကျွန်တော့်ကိုပြောနော်..နောက်ထပ် သူဌေးအဘိုးကြီး တစ်ယောက်ဆီက အကူအညီတွေယူမိမှာစိုးလို့၊ ကျွန်တော့်မှာ မမအတွက်ပေးဖို့တွေ အများကြီး ရှိတယ်သိလား...ငွေတွေကို ပြောတာ.."

တောက်.. ၊

အဆင်းရင်ထဲမှာ စူးအောင့်သွား၏။ မျက်ဝန်းမှ မျက်ရည်စက်တို့ ခုန်ပေါက်ပြေးဆင်း သွားကြသည်။

မင်း ခုချိန်ထိရမ်းကားတတ်နေတုန်းပါလား အလင်းရယ်.. ၊

အခန်း(၂၆)

ဒီခြံကလေးရှေ့ကိုရောက်တော့ ဝေဒနာအစိုင်အခဲကြောင့် အံကြိတ်မိခြင်းကို သတိတရ ပြုမိသည်။ စက်သတ်ပစ်လိုက်သဖြင့် ကားစက်သံလုံးဝတိတ်ကျသွားပေမယ့် ရင်ထဲမှာ မုန်တိုင်းထန်နေသည်က ဝုန်းဝုန်းဒိုင်းဒိုင်း မြည်နေသလိုပင်.. ။

ခြံရှေ့မှာ တောင်မြောက်လမ်းသွယ်လေးရှိ၏။ အရှေ့အရပ်မှ ကားလမ်းကလေး၏ အဆုံးသတ်နေရာ လည်းဖြစ်တော့ ခြံ၏မျက်စောင်းထိုးနေရာလောက်မှာ လမ်းက တီပုံသဏ္ဍာန် ဖြစ်နေ၏။ အလင်းက ကားကို လမ်းသုံးခွဆိုင်နေသည့် ထိပ်နားမရောက်တရောက်မှာ ရပ်ထား၍ ခြံနှင့်အိမ်ကလေးဆီသို့ မမိုတ်မသုန်ငေးနေခဲ့ခြင်းဖြစ်သည်။

ဒီခြံကလေးမှာ သူရဲ့အတိတ် နောက်ထပ် ပစ္စုပ္ပန် လာမယ့်အနာဂတ် အဆုံးထိလူသာ လျှင် ဝေးဝေးရောက်နေနိုင်သည်ဖြစ်ပေမယ့် ဘယတော့မှ မေ့လို့ရမှာမဟုတ်သည့် ပုံရိပ်တွေ ရှိနေသည်။ နေသဏ္ဍာန်အလင်းနှင့် လသဏ္ဍာန်အဆင်းတို့သည် ဘာမှသွေးသားမစပ်ခဲ့ဘဲ နာမည်အရ အမြွှာမောင်နှတွေဖြစ်ခဲ့ကြ၏။

မောင်ရင်းအစ်မပမာ သံယောဇဉ်တွေကြီးခဲ့ကြပြီး တကယ်ကျတော့ သူစိမ်းတွေ ဖြစ်နေကြပြန်သည်။ ဒီအချိန်မှာ ဘာမှမသက်ဆိုင်တော့သည် သူစိမ်းတစ်ရံဆံတွေပဲ ဖြစ်လေ သည်။ ပြီးတော့ လူကိုကိုယ်ထိလက်ရောက် နာကျင်စေခဲ့သည်။ နှလုံးသားကြေမွ ပျော်ကျ လောက်တဲ့အထိ ရက်စက်စိမ်းကားခဲ့၏။ နာကြည်ပစ်လိုက်ပါလား. ။

အံတွေ တကျိုကျိုကြိတ်မိပြီး သူဒီနားကနေမခွာနိုင်။ ဒါပါနဲ့ဆို ဒီနေရာမှာ ကားထိုး ရပ်ပြီး လာလာကြည့်မိခဲ့တာ သုံးကြိမ်တိတိရှိပြီ။

ဘာဖြစ်လို့လဲ.. ။

ကိုယ့်ဘဝက မြင့်နေပြီ။ ကိုယ့်ကို အားမကိုးနိုင်လို့ပါ၊ အထင်မကြီးနိုင်ပါဟု ပြတ်သား စွာပြောခဲ့ပြီး တခြားရင်ခွင်တစ်ခုနှင့် အားကိုးရှာသွားခဲ့သည့် မိန်းမတစ်ယောက်ကို မေ့လိုက်ပါ လား။ မမေ့နိုင်ဘူးဆိုရင် ချစ်နေသေးလို့လား.. ။

သူ ခေါင်းခါလိုက်မိသည်။ ဒီလိုမဖြစ်စေချင်သော်လည်း 'မင်းကလဲ့စား ချေမလို့လား'လို့ ကိုယ့်ကိုယ်ကို ပြန်မေးမိတိုင်းလည်း 'ဟင့်အင်း'ချည်းပဲ ဖြစ်နေ၏။ ရှေ့ဆက်ဖို့ မရည်ရွယ် သည့်တိုင် နောက်ဆုတ်ဖို့လည်း မဟုတ်။ သူငေးနေဆဲမှာ ပုံရိပ်လေးနှစ်ခု သူ့မြင်ကွင်းထဲ တရွေ့ရွေ့ဝင်လာနေ၏။

အဆင်းနဲ့ပန်းကလေးပဲ ဖြစ်သည်။ အဆင်းက ညနေခင်း၏အလှများထဲမှာ ရွှေအိုရောင် ဝတ်စုံကပ်ကပ်လေးနှင့် ဆံနွယ်ရှည်ရှည်တွေ ဖြန့်ချထား၏။ ပတ်ဝန်းကျင်၏ အလှအပသာ ယာမှုအားလုံးသည် သူမထံပါးမှာ ပျောက်ကွယ်နေခဲ့သလိုပင်.. ။

ပန်းကလေးက မူကြိုဝတ်စုံလေးနှင့် ဆံပင်ကုပ်ကုပ်လေးတချို့ နားရွက်ပေါ်မှာ ခပ်ပါးပါးလေးရှိနေပြီး တချို့ကို ထိပ်နှစ်ဖက်မှာ ခေါင်းစည်းကွင်းလှလှလေးနှင့် စည်းထား သည်။ အဝါရောင်ကျောပိုးအိတ်လေးက အဆင်း လက်ထဲမှာဖြစ်လျက် လက်တစ်ဖက်ချင်း ဆက်ထားတာ မော့တဲ့သူကမော့၊ ငုံ့တဲ့သူက ငုံ့ရင်းစကားတွေ ပြောလာကြ၏။

နီးလာတော့ ပန်းကလေး၏ရယ်နေသည့် မျက်နှာလေးကလည်း ထင်းလာသည်။ နှုတ်ခမ်းလွှာတွေ ဘယ်လောက်ဖွင့်ဖွင့် ဘယ်လိုရယ်ရယ်အလှပျက်သွားသည် မရှိခဲ့သော အဆင်း၏ရယ်နေသော နှုတ်ခမ်းလေး တွေကိုပါ မြင်လာခဲ့သည်။

သားအမိနှစ်ယောက်စလုံး သူရှိနေသည့်ဘက်ကို လှမ်းမကြည့်ကြပေ။ ခြံတံခါးဖွင့်၍ အဆင်းဝင်သွားတော့ ပန်းကလေးက ခြံဝမှာပဲကျန်ခဲ့သည်။ အထဲကို လှမ်းဝင်သွားရင်း ဝင်ခဲ့ဖို့ ပြန်လှည့်ပြောသလို အဆင်းသမင်လည်ပြန် တစ်ချက်ကြည့်တာမြင်သည်။

ဒါပေမယ့်နောက်ထပ် မလှည့်တော့ဘဲ အိမ်တံခါးကိုပါဖွင့်ပြီး ဝင်သွား၏။ ပန်းကလေးက ခြံရှေ့စည်းရိုးအတိုင်း မြောင်းပေါင်ဘေးမှာ ရှိနေသည့်ရွက်လှပန်းပင်တွေ ဘက်ရောက်သွား၏။ ဝေ့ဝေ့ဝဲဝဲ ပျံသန်းနေကြသော လိပ်ပြာလေးတွေကိုလိုက်ဖမ်းရင်း ဒီဘက်ရောက်လာတော့ တရွေ့ရွေ့ဝင်လာသည့် ကားနှင့်နီးနီးလေး ဖြစ်သွားသည်။

"တီ.."

နားနေသည့် လိပ်ပြာအဝါရောင်လေးကို တိတ်တိတ်လေးစောင့်ဖမ်းဖို့ ကြိုးစားနေသော ပန်းကလေး၏ကိုယ်လေး ကားဟွန်းသံကြောင် တုန်ခနဲဖြစ်သွား၏။ ပြီးတော့ နောက်ကို လှည့်ကြည့်သည်။ သူပြုံးပြလိုက်တော့ မျက်လုံးလေးမှာ နှုတ်ခမ်းလွှာလေးတွေပါ လုံးဝိုင်းသွားကာ.. ।

"ဦးဦး.."

လိပ်ပြာတွေဆီမှာ အာရုံမရှိတော့ဘဲ ဒီဘက်ကိုတည့်တည့်မတ်မတ် လှည့်၏။ အလင်း ကားပေါ်ကဆင်းလိုက်ပြီး ပန်းကလေးရှေ့မှာ ဒူးတစ်ဖက်ချ၍ ခြေဖျားထောက်ထိုင်လိုက်သည်။

"မီးမီးက ဦးဦးကိုသိလား.."

"ဟုတ်.."

ဆတ်ခနဲခေါင်းညိတ်လိုက်တော့ နားသယ်စပ်နှစ်ဖက်က ဆံနွယ်ပျော့ပျော့လေးတွေ ရှေ့ကိုငိုက်ခနဲဆင်း၏။

"မှတ်ထားနော်..ဦးနာမည်က နေသဏ္ဍာန်အလင်းတဲ့.."

"နေသဏ္ဍာန်အလင်း.."

"အင်း.."

"မေမေက လသဏ္ဍာန်အဆင်း.."

"အင်းပေါ့.."

"မီးမီးကျတော့ ပန်းသဏ္ဍာန်မွှေး.."

"ဟုတ်တယ်လေ.."

"ဘာဖြစ်လို့ တူတူဖြစ်နေတာလဲ.."

"ဆွေမျိုးတော်လို့ပေါ့ကွ.. ဟိုတုန်းက မီးမီးရဲ့မေမေနဲ့ ဦးဦးက သိပ်ချစ်ကြတာ.."

"ဟုတ်တယ်..'

"တကယ်ပြောတာ..မီးမီးကို မေမေက ပြောမပြဘူးလား.."

ပန်းကလေးက ခေါင်းခါပစ်လိုက်ကာ.. ।

"ဦးဦး ပြောတာနဲ့မတူဘူး.."

"ဟုတ်လား..ဘယ်လိုပြောလဲ ပြောပါဦး.."

"အဲ့ဒီလူကို ဘယ်မှာတွေ့တွေ့ မခေါ်ရဘူးတဲ့.."

ကလေးဆိုတော့ အားနာရမှန်းမသိ။ သိတဲ့အတိုင်း ပြောချလိုက်သည်။ အလင်းမျက်နှာ ညို့ခနဲ တစ်ချက်ဖြစ်၏။ ပန်းကလေး၏ လက်ဖဝါးလေးတစ်ဖက်ကို လက်ခုပ်နှစ်ဖက်ထဲမှာ ဖွဖွလေးထည့်ဆုပ်ထားရာမှ တင်းခနဲ ဖျစ်ညှစ်လိုက်မိသည်။ သို့သော် ခဏလေးပဲဖြစ်သည်။ ကလေးမျက်နှာကိုကြည့်၍ ပြုံးပြလိုက်၏။

"မီးမီး ကျောင်းမတက်သေးဘူးလား.."

"ဟင့်အင်း..မီးမီးက လေးနှစ်နဲ့ရှစ်လပဲ ရှိသေးတာ၊ လာမယ့်နှစ်ကျအပ်ရမှာ.."

"ဟုတ်လား..ဒါဆို မီးမီးမွေးနေ့ကိုရော သိလားပြောပါဦး.."

"သိတယ်..ငါးလပိုင်း နှစ်ဆယ့်ငါးရက် ကြာသပတေးနေ့.."

"ငါးလပိုင်း နှစ်ဆယ့်ငါးရက်နေ့..အင်း သိပြီ၊ ဒါဆို မွေးနေ့ကနီးနေပြီပဲ..ဦးက မွေးနေ့လက်ဆောင် ဝယ်ပေးမယ်၊ ဘာလိုချင်လဲ.."

ပန်းကလေးက သူ့မျက်နှာကို မျကလုံးဝိုင်းကလေးတွေနဲ့ အကြာကြီးငေးကြည့်၏။ ထို့နောက် ကိုင်ထားသည့် လက်ကလေးကိုရုန်းပစ်လိုက်ကာ.. ၊

"မီးမီး မလိုချင်ဘူး.."

"ဟင် ဘာဖြစ်လို့လဲ..မေမေဆူမှာစိုးရင် ခုလိုပဲ မေမေမသိအောင် ဦးလာပေးမှာပေါ့.."

ပန်းကလေးက ခေါင်းကိုဘယ်ပြန်ညာပြန် ခါပစ်လိုက်သဖြင့် အလင်းအသြသွား၏။

"မေမေ မသိအောင်မီးမီးက ဘာမှမလုပ်ဘူး..မေမေက ပြောတယ်၊ မညာရဘူး မသိအောင် ဘာမှမလုပ်ရဘူးတဲ့..မိဘကို အသိမပေးရင် ဒုက္ခတွေ့တတ်တယ်တဲ့၊ ဒုက္ခဆိုတာ လူဆိုးကြီးတွေ ဖမ်းခေါ်သွားတာမျိုး ကားတိုက်ခံရတာမျိုး..ပြီးတော့ ခွေးကိုက်ခံရတာ.."

"အဟွန်း.."

သူချစ်စနိုးရယကာ ပန်းကလေး၏ပါးလေးတစ်ဖက်ကို ဖွဖွလေးလိမ်ပစ်လိုက်မိသည်။

"မီးမီးက ချစ်ဖို့ကောင်းတာပဲကွ..ဒါဆို မညာရအောင် မေမေ့ရှေ့မှာပဲ မွေးနေ့လက်ဆောင် ဦးလာပေးမယ်..ဘယ်နှယ့်လဲ.."

"ဟင်အင်း..မေမေက ဦးဦးကိုမခေါ်ရဘူးလို့ပြောထားတာ.."

ရင်ထဲမှာ ထိရှခြင်းက ဦးစွာဖြစ်ထွန်းသွားခဲ့ပြီး နာနာကျည်းကျည်းမဲ့မိသည်။ ကလေး မမြင်အောင် မျက်နှာလွှဲပြီးမှပါ။ ဒီဘက်ကိုပြန်လှည့်လိုက်တော့ ချစ်မြတ်နိုးသော အပြုံးတို့နှင့်..

"မီးမီးက ဦးကိုမချစ်ဘူးလား.."

"ဦးဦးနဲ့မေမေက ဘာဖြစ်လို့ ရန်ဖြစ်ထားကြတာလဲ.."

မေးတာကိုမဖြေဘဲ မေးခွန်းပြန်ထုတ်နေသဖြင့် အလင်းကရယ်သည်။

"ရန်မဖြစ်ပါဘူး..မီးမီးရဲ့မေမေက ဦးကို တစ်ဖက်သတ်မုန်းနေတာ.."

ပန်းကလေး တစ်စုံတစ်ရာထပ်မေးဖို့ နှုတ်ခမ်းလေးစုလုံးလာဆဲ ခေါ်သံသဲ့သဲ့ကို နှစ်ယောက်လုံး ကြားလိုက်ရ၏။

"ဟော..မေမေ ခေါ်နေပြီ.."

ဟုပြောရင်း ပန်းကလေးချာခနဲ လှည့်ပြေးသွားသည်။ သူ့ထိုင်လျက်သားအတိုင်းပဲ ကျန်ရစ်ခဲ့၏။ ဒါပေမယ့် ပြုံး၍ကျန်ရစ်ခဲ့သည်မဟုတ်သော နှုတ်ခမ်းတို့က တင်းတင်းစေ့ပိတ်သွားသည်။ ကားထဲပြန်ရောက်သည်နှင့် တံခါးကိုကြမ်းတမ်းစွာ ဆောင့်ပိတ်ပစ်၏။ ဒေါသမာန တွေ ခင်ဗျားတစ်ယောက်ပဲရှိတာမဟုတ်ဘူး ဒေါ်အဆင်း.. ၊

ဘာမုန်းတာလဲ။ တကယ်မုန်းရ နာကြည်းရမှာက ကျွန်တော်လား..ခင်ဗျားလား။ ဟွန်း နေလိုက်စမ်းပါ။ အချစ်ချင်းပြိုင်ခဲ့တုန်းကလည်း ခင်ဗျားထက် ကျွန်တော်ကပိုခဲ့တာ။ အမုန်းချင်းပြိုင်ကြေးဆိုရင်လည်း ခင်ဗျားမနိုင်ပါဘူး။ ချစ်ခိုင်း မုန်းခိုင်းတိုင်း မရတတ်ကြပေမယ့် ကျွန်တော်ကတော့ အချစ်ကတစ်ဖက် အမုန်းက တစ်ဖက်ထားပြီး ထွနတုံး ထွန်တံတပ်မယ်။ လိုသလိုမောင်းနှင်မယ်။ ခင်ဗျားသာ ပြင်ဆင်ထားစမ်းပါ.. ၊

တစ်နေ့နေ့ဆိုတာ ခင်ဗျားရှေ့မှာရှိတယ်.. ၊

## အခန်း(၂၇)

"အဆင်း အဆင်ပြေရဲ့လား.."

"ဩော်..မလဲ့ ဟုတ်ကဲ့အဆင်ပြေပါတယ်၊ ထမင်းစားပါဦး.."

"စား စား..တို့က ဝန်ထမ်းထမင်းဆိုင်မှာပဲ ချိုင့်ဆွဲစားတာ၊ ချက်ပြုတ်ထုတ်ပိုးရတဲ့ ဗာရိရကို ဒုက္ခမခံချင်လို့.."

မေလဲ့က အဆင်းထမင်းစားနေသည့်ရှေ့မှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ငါးကြော်နှပ်နှင့် မှိုကန်းစွန်းကြော်လေးကို သပ်သပ်စီ ကန့်ထည့်ထားသည့်ချိုင့်ကို ငုံ့ကြည့်၍.. ၊

"မြင်လိုက်တာနဲ့ ဒီဟင်းစားလို့ကောင်းမှာပဲဆိုတာ သိတယ်..အဆင်းက တော်တော်ဆုတောင်း ကောင်းတာပဲနော်.."

"ဟင်..ဘာဖြစ်လို့လဲ.."

အဆင်းက ထမင်းနဲ့ဟင်းကို သေသေသပ်သပ်လေး ခပ်ယူပြီးပါးစပ်ထဲ မသွင်းဖြစ်သေးဘဲ မော့ကြည့်သည်။မေလဲ့က ဒီပွဲရုံမှာ လက်ထောက်မန်နေဂျာဖြစ်သည်။ ပွဲရုံဆိုပေမယ့် စက်ရုံကြီးတစ်ရုံလိုဖြစ်ကာ မန်နေဂျာတွေချည်းပဲ အဆင့်ဆင့်နဲ့ ပြန်ခွဲထားကာ သူ့အပိုင်းနဲ့သူ အများကြီးပဲဖြစ်၏။ အဆင်းကတော့ စာရင်းကိုင် ရိုးရိုးပဲ ရှိသေးသည်။

"ဘာဖြစ်ရမှာလဲ..အဆင်းကို မန်နေဂျာခန့်ဖို့ သူဌေးက စီစဉ်နေပြီ.."

"ဟင်..ဟုတ်လို့လား မလဲ့ရယ်၊ အဆင်းက ဒီရောက်တာ ခုမှတစ်လပဲ ရှိသေးတာ.."

"တစ်လပဲပေမယ့် အရည်အချင်းရှိတာကို သိလို့ဖြစ်မှာပေါ့အဆင်းရဲ့..ဒီမှာ ဒေါ်မေစ ပယ်ဆိုတဲ့ သူဌေးမကြီးက ငွေရှိလို့သူဌေးအခေါ်ခံရတာ သက်သက်မဟုတ်ဘူးနော်..လူကဲခတ် ပညာမှာလည်း တစ်ဖက်ကမ်း ခတ်တော်တယ်၊ ပြီးတော့ သူလည်းအလုပ်သမားဘဝကနေ ဒီလိုဖြစ်အောင်ကြိုးစားခဲ့ရတဲ့အကြောင်း ခဏခဏ ပြောတယ်..ဒါကြောင့် အလုပ်သမား တစ်ယောက်ရဲ့ အရည်အချင်း စိတ်ဓာတ်ကို တိုတောင်းတဲ့ကာလတစ်ခု အတွင်းမှာ သူအကဲ ခတ်နိုင်တာပေါ့..အဆင်းက တော်တယ်တဲ့၊ ဒီလိုအလုပ်မျိုးတွေနဲ့ အမြဲတမ်းထိတွေ့ကျွမ်း ဝင်လာခဲ့တာ သိသာတယ်တဲ့၊ အထူးသဖြင့် အလုပ်ကို ဂရုစိုက်အလေးထားရင် သူဌေးက သိပ်သဘောကျတာ ..ပြောရရင်တော့ စေတနာပါပါလုပ်တာမျိုးပေါ့ဟာ၊ သူက အဆင်းကိုသတိ ထားမိနေပုံပဲ..တော်တဲ့လူကို သူနဲ့ တန်တဲ့နေရာ မပို့ရင် သိပ်နှမြောဖို့ကောင်းတယ်တဲ့ သိလား ... တစ်နေ့ညနေက သူ့ရဲ့ပီအေကို ပြောပြနေတာ တို့အနားမှာရှိတယ်.."

အဆင်း မျက်နှာလေးကျေနပ်ပြုံးတို့မျှင့် ပို၍လှပနေ၏။ ဒါလည်း သမီးလေးရဲ့ ကုသိုလ်ကံနှင့် ဆိုင်မည်ထင်သည်။ သမီးရဲ့အနာဂတ်အတွက် မရေရာလေတိုင်း ရင်ပူရ၊ စိတ်ဆင်းရဲရနှင့် ညများခုတော့ ငြိမ်းချမ်းခွင့် ရနိုင်တော့မည်ဖြစ်၏။

အစက အလုပ်ရှာခဲ့သည့်ရည်ရွယ်ချက်က ဒေါ်ဝေဝေအောင်တို့အိမ်မှာ ကျူရှင်သွား မပြချင်တော့၍ ဖြစ်သော်လည်း တကယ်တမ်းအလုပ်ရတော့လည်း အလုပ်နှစ်ခုစလုံးကို လက်မလွှတ်ချင်ဘဲ ဖြစ်နေခဲ့ပြန်သည်။ ဒီဘက်မှာပေးထားသည့် ကျူရှင်လခကလည်း နည်းလှတာမဟုတ်။ ထို့ပြင် ဒေါ်ဝေဝေအောင်က ခြံနီးနားခြင်းကလေးတစ်ချို့ကိုပါ ခေါ်ထား ပေးသဖြင့် လခသပ်သပ်ရထားသေးသည်။

ကိုယ်မလုပ်ချင်တော့တာက နေအောင်ပိုင်၏ မရိုးသားမှုတွေကို ရင်မဆိုင်ချင်တာ တစ်ခုတည်းကြောင့်ဖြစ်ကာ လက်လွှတ်လိုက်ရမှာလည်း ပစ်ရက်စရာမရှိ။ ထို့ကြောင့် ကြည့် နေကြည့်စား ဟူသော သတိသမ္ပဇဉ်ဖြင့် ဒီတိုင်းပဲ ရှေ့ဆက်နေခဲ့သည်။ အရေးကြီးတာက သမီးလေးရှေ့ရေးအတွက် ကိုယ်ရှန်းကန်လှုပ်ရှားနိုင် တုန်းမှာ ရှာနိုင်သမျှရှာ စုဆောင်းနိုင်သမျှ စုဆောင်းထားဖို့ပင်.. ၊

"အဆင်း.."

"ရှင်.."

"ဩော်..ထမင်းစားနေတာများ မေ့သွားသလားလို့၊ ထမင်းတွေမွှေနှောက်ပြီး မစားဘဲ ဘာတွေစဉ်းစားနေတာလဲ.."

"ဝမ်းသာလို့ပေါ့ မလဲ့ရယ်..ဒီသတင်းတကယ်ဆိုရင် သိပ်ကိုဝမ်းသာမိမှာပဲ၊ အဆင်း မှာက အမေတစခု သမီးတစ်ခုရယ်..ကျောထောက်နောက်ခံ ဘာမှမရှိဘဲ သမီးလေးကို မွေးဖွား ခြင်းနဲ့အတူ ဘဝကိုစခဲ့ရတာ၊ အဆင်း အလုပ်အကိုင်အဆင်ပြေလာသမျှ သမီးလေးရဲ့ကံ ပါပဲ.."

"ဒါလည်းဒါပေါ့ဟယ်..အဆင်းတော်လို့လည်း ဖြစ်တာပါ၊ ဒါနဲ့ ကလေးရဲ့အဖေဘက်က ချမ်းသာတယ် ဆို..မကြည့်ကြဘူးလား.."

အဆင်း မျက်နှာလေးကွက်ခနဲပျက်သွားသည်။ နှုတ်ခမ်းတင်းတင်းစေ့လျက် စူးစူးရဲရဲ

ကြည့်နေသော မျက်ဝန်းအစုံက သတိတရ ပေါ်လာခဲ့၏။

"သူကျေနပ်လို့ဖြစ်ဖြစ် မင်းကတော်လို့ မြင်းလုပ်စီးနိုင်ခဲ့တာဖြစ်ဖြစ် ဒါတွေက တို့မသိခင်ကအဖြစ်တွေပဲ..အခုသိပြီ၊ ကိုဇင်လည်း မရှိတော့ဘူးဆိုတော့ မင်းနဲ့တိုမိသားစု ဘာမှမဆိုင်တော့ဘူး..နောက်ထပ် မင်းသိထားရမှာက မင်းရယ် ကိုဇင်ရယ် ဟိုအရိုင်းအစိုင်း ကောင်လေးရယ်..ဘာတွေ ရှုပ်ထွေးရောယှက်ခဲ့တယ်ဆိုတာ မင်းတို့ပဲသိတယ်၊ ငါတို့သိ ထားတဲ့အဖြစ်ကို မင်းခေါင်းထဲမထည့်ပါနဲ့..ကိုယ့်မောင်တစ်ယောက်လုံး မြင်းလုပ်စီးခံခဲ့ရတဲ့ အဖြစ်အတွက်ကယ်ရာမှာ မင်းအကြောင်းအတင်းအဖျင်း လျှောက်ပြောလည်း တို့မောင်က ပါလာဦးမှာပဲ..ပက်လက်လှန်ပြီး တံတွေးထွေးရလောက်အောင် ငါတို့မရူးဘူး.."

"ဟုတ်တယ်အဆင်း..မင်းသွားပါတော့ လိုချင်တာယူသွား၊ နှုတ်ပိတ်ခလို့ သတ်မှတ် လိုက်မယ်..မင်းကိုယ်မင်း ဦးဇင်လင်းအောင်ရဲ့ဇနီးလို့ လျှောက်မကျေညာနဲ့၊ ဒီကလေးနဲ့ တို့မိသားစုကို ဘယ်သောအခါမှ မငြိစေနဲ့..သိထားပြီးတဲ့ လူတွေကို ငါတို့ကလည်းမငြင်းဘူး၊ မင်းထပ်မကျေညာပါနဲ့..ပြောချင်တာအဲ့ဒါပဲ.."

သူမအတွက် လောကနဲ့ဘဝက ကံကောင်းခြင်းလက်ဆောင်ဆိုတာကို ဘယ်သောအခါမှ မပေးခဲ့ဘူးပါ။ ဒါပေမယ့် သမီးလေးကိုတော့ ကံဆိုးမလေးအဖြစ် သူမမသတ်မှတ်နိုင်.. ၊

ကံကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဒါတွေဟာ လိုချင်တိုင်းတလို့မရ မလိုချင် ဘဲလည်း ရတတ်တာကို သူမနားလည်ထားခဲ့သည်။ ခုချိန်မှာ ကံကောင်းလာပြီဆိုရင်လည်း ထိုကံကောင်းခြင်းတွေကို ဆက်လက်ပိုင်ဆိုင်ရဖို့သာ ဆုတောင်းဖို့ရှိသည်။ ပြည့်တာ မပြည့် တာကိုရော ဘယ်သူကြိုသိနိုင်မှာလဲ.. ၊

"အဆင်း.."

"ဟင်..'

"ငိုင်မနေနဲ့..ဟိုမှာ သူဌေးခေါ်နေတယ် တဲ့.."

"ရှင်.."

လှမ်းကြည့်လိုက်တော့ ရုံးခန်းရှေ့စားပွဲကနေ ဒေါ်ဝင်းဝင်းမာက သူဌေးခေါ်နေကြောင်း လက်ယမ်းပြနေ၏။

"ဟုတ်.."

အဆင်း ကမန်းကတန်းထရပ်လိုက်၏။ ထမင်းချိုင့်ကို ပြန်ဆင့်နေသဖြင့် မေလှဲ့က အဆင်း လက်ထဲက နေ ဆွဲယူထားလိုက်၏။

"ပေး ပေး..တို့ဆင့်ထားလိုက်မယ်၊ အဲ့ဒါပြောမလို့နေမှာ သိလား..ကြောက်မနေနဲ့၊ ညနေကျရင်သာ မုန့်လိုက်ကျွေးဖို့ မမေ့နဲ့.."

အဆင်းကတော့ ရင်တွေခုန်နေပါပြီ။ သေချာပြီးမှ လွဲတတ်တာတွေရှိခဲ့ဖူးသည်မို့.. ၊

အခန်း(၂၈)

ဧည့်ခံပွဲဆိုတာကို ခြံအဝင်ဝကတည်းက သေချာကြည့်လိုက်ပြီး ဖြစ်သည်။ တကယ်ဆို ကိုယ့်အနေအထားနှင့် ဒီပွဲမျိုးကို မတက်သင့်မှန်းသိသည်။ ဒါပေမယ့် မပြည့်စုံတာက ကိုယ့်အကြောင်းနဲ့ကိုယ်။ အလုပ်ထဲမှာကျတော့ လူမှုဆက်ဆံရေးဆိုတာ ရှိသေး၏။ ကိုယ့်အထက်က မန်နေဂျာ၏ စေ့စပ်ပွဲမို့ သေချာဖိတ်ထားတာက မတက်လို့မကောင်း.. ၊

"စေ့စပ်ပွဲပဲ ဘာဖြစ်လဲဟယ်..တော်ရုံသင့်ရုံ ဝတ်စားသွားလို့လည်းရတာပဲ.."

ဟု မေလဲ့တို့က အားပေးသည်။ ပြီးတော့.. ၊

"လာဖြစ်အောင်တော့လာနော်..ငါက စေ့စပ်ပြီးတာနဲ့ စင်ကာပူကိုသွားရမှာ၊ နှစ်နှစ်လောက်ကြာဦးမှာ ဟ..ပြန်လာမှ လက်ထပ်ရမှာ၊ ဒါက စေ့စပ်ပွဲလည်းဟုတ်.. နှုတ်ဆက် လက်ဆုံလည်း ဖြစ်ပေါ့.."

ကိုသန်းလွင်ကလည်း မဖြစ်မနေလာခဲ့ဖို့ သေချာဖိတ်၏။ ခြေလှမ်းတို့ကို ရှေ့သို့ဆက်လက်တိုးခဲ့ရင်း စေ့စပ်ပွဲမို့ ဒီလောက်ခမ်းနားမည်မထင်ခဲ့သော ကိုယ့်ကိုယ်ကိုအပြစ်တင်မိသည်။ ပွဲရုံကိုလာတာတောင် ကိုယ် ပိုင်ကားနဲ့လာတဲ့သူပဲ။ ပြီးတော့ စေ့စပ်တဲ့အမျိုးသမီးကလည်း ဆရာဝန်တစ်ယောက်.. ၊

ဒီလိုပွဲမျိုးကို လျှော့တွက်ခဲ့မိတာကိုက စတင်မှားယွင်းခြင်းဖြစ်သည်။ ခဲသားရောင်ပြောင်အိနေသည့် ဝတ်စုံလေးနှင့် ဆံပင်တွေကို ပဝါပုံစံအပွင့်ပါသည့် အော်တိုမစ်တစ်ကလစ်လေးနှင့် ရှုးရှုးလေးပဲနောက်မှာ သိမ်းညှပ်ထားသော ကိုယ့်ကိုယ်ကိုလည်း တစ်ချက်တော့ ပြန်ငုံ့ကြည့်မိသည်။

ဘယ်သူမှမမြင်ကြသေးပေမယ့် လောလောဆယ်ကိုယ်ပိုင်ကားတွေ ရပ်ထားသည့်ကြားထဲကနေ သမီးလေးကို လက်ကဆွဲ၍ ဝင်လာရသည့်အဖြစ်ကပဲ ခြားနားခြင်းကို ပြနေပြီဖြစ်သည်။

"ဟော.. ဟိုမှာလာနေပြီ ပြောရင်းဆိုရင်း.."

ကိုသန်းလွင်က လှိုက်လှဲစွာကြိုဆိုတာပါ။ ဒါပေမယ့် လူတွေဝိုင်းကြည့်ကုန်အောင် လုပ်သလိုကြီးဖြစ်သွားသဖြင့် အဆင်းပို၍ ခြေလှမ်းမှား၏။

"အဆင်းရယ်..နောက်ကျလိုက်တာ၊ လာ မီးမီးလေး..အန်တီ့ဆီကို.."

ကိုယ့်ရှုံးကလူတွေကိုမြင်လိုက်မှ အဆင်းအသက်ရှူချောင်သားခဲ့ရသည်။ စားပွဲတွေအများကြီး ချထားသည့်အတိုင်း လူတွေကအပြည့်။ ရောင်စုံမီးပွင့်တွေကလည်း မှိန်ဖျော့ဖျော့မဟုတ်ဘဲ တစ်ခြံလုံးဖွေးဖွေးလှုပ်လင်းနေသည့် မီးတွေက ဘယ်ကဘယ်လိုဝင်လာနေခြင်းမှန်းမသိပေ.. ၊

"အလင်း..ဟိုမှာ မင်းမမ.."

မင်းဆက်က စားပွဲအောက်ကနေ ခြေထောက်နဲ့တ၍ သတိပေးသည်။ အလင်းက လှည့်ကြည့်လိုက်၏။ လူတော်တော်များများ၏ အကြည့်တွေအားလုံး သူမထံမှာပဲရှိနေ ကြသည်။

ဖေဒါရောင်နုနု ဂါဝန်ပွပွလေးနှင့် ပန်းကလေးက ပန်းရင့်ရောင်နုတ်ခမ်းနီလေးရဲရဲနှင့် ပါးမို့လေးတွေမှာလည်း ရဲနေသည်။

"အလင်း.."

"ဘာလဲ.."

"အမေကိုကြည့်တာလား..သမီးကို ကြည့်တာလား.."

အလင်းက မဖြေပါ.. ၊

"ကလေးက မင်းမျက်နှာကြီး ချွတ်ပြီးစွပ်ထားသလိုပဲ.."

ဟု မင်းဆက်က တိုးတိုးလေးကပ်ပြောပြန်သည်။ အလင်းက မမှိတ်မသုန် ငေးကြည့်နေဆဲ။ ထိုစဉ် ကျောနောက်ကပ်လျက်စားပွဲမှ တီးတိုးသံသဲ့သဲ့က နားစည်ကို ရိုက်ခတ်ဝင်လာခဲ့သည်။

"ကြည ကြည့်..ကလေးက ဦးဇင်လင်းအောင်နဲ့ ဘယ်မှာတူလို့လဲ၊ အဲ့ဒါကြောင့်ပြောတာပေါ့အေးရယ် ..ဦးဇင်လင်းအောင်က ကားအက်ဆီးဒင့်ဖြစ်တာရော၊ ဒေါ်ဖြူဖြူဇင်တို့က နှင်ထုတ်ပစ်လိုက်တာရော လုံးဝကို မရိုးသားပါဘူးဆိုတာ.."

"မောင်က သေပြီဆိုတော့ ဒီကလေးနဲ့အမေကို အမွေတွေပေးရမှာစိုးလို အပြစ်ရှာတာကော မဖြစ်နိုင် ဘူးလား..ကလေးဆိုတာ တချို့ဆိုရင် အဖေရောအမေရောနဲ့ မတူတာတွေရှိကြတာပဲ၊ အလှမ်းဝေးတဲ့ ဘိုးတွေ ဘေးတွေနဲ့သွားတူနေတာမျိုးတွေမှ အများကြီး၊ ကိုယ့်မောင်နဲ့မတူတိုင်း မိန်းကလေးဖောက်ပြန်တယ်လို့ ပြောလို့မရဘူးလေ.."

"ဘာဆိုတာတော့ ဘယ်သူမှမသိကြဘူးလေ..ဒါပေမယ့် ဒေါ်ဖြူဖြူဇင်တို့က သူတို့သားအမိကို လုံးဝ ဖြတ်တောက်ထားခဲ့တာ၊ ပြောသံကြားတာတော့ ဒီသားအမိရှိတဲ့အရပ်ဆိုရင် လေတင်လေအောက်တောင် မထိုင်ဘူးတဲ့..ဟိုမှာ ကောင်မလေးပုံစံကြည့်ပါလား၊ ယဉ်စစ မာနကြီးတဲ့ရုပ်လေး..နုံမယ့် အမယ့်ပုံလည်း မရှိဘူး၊ အသက်အရွယ်ကွာတဲ့ သူဌေးကို ယူခဲ့ရပြီး ကလေးတစ်ယောက်နဲ့ ဒီတိုင်းခုန်ဆင်းပေးလိုက်ရတာကို နုံနုံအအနဲ့ ခံနေမယ့်ရုပ်လား.."

"သူတို့အကြောင်းနဲ့သူတို့တော့ ရှိမှာပေါ့နော်.."

"အဲ့ဒါပြောတာပေါ့.. ဘာမှသေချာမသိပေမယ့် မရိုးသားတာက သေချာတယ်.."

မင်းဆက်နဲ့အလင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။ အဆင်းက သူတို့ကိုမမြင်ပါ။ ဟိုဘက်အစွန်နှင့် ဒီဘက်အဖျားမို့ အလယ်မှာ စားပွဲဝိုင်းတွေအများကြီးခြားနေသေးသည်။ အလင်းက ပန်းကလေး၏ ဘေးတစောင်း နှာတံကော့ကော့လေးကို စူးစိုက်ကြည့်၏။ မင်းဆက်က သူ့ကိုတလှည့် ကလေးကို တလှည့်ငေးကြည့်ရင်း.. ၊

"အလင်း.."

လေသံကို အတိုးဆုံးနှိမ့်ချပြီးခေါ်သည်။

"စဉ်းစားစရာပဲကွ.."

"ဘာလဲ.."

အလင်းက ဘုကြည့်ကြည့်တော့ မင်းဆက်မျက်နှာတော့ နည်းနည်းငယ်သွားသည်။
"ဘာလဲ ပြော..."
"ကလေးက မင်းနဲ့ဒီလောက်တူနေတာလေ..မင်းပြောတော့ မင်းမမက မင်းကိုမချစ်ဘူးဆို.."
အလင်း မျက်လွှာချပြီးငြိမ်နေတော့ မင်းဆက်ကဆက်ပြော၏။
"တစ်ခါတလေ မေးခွန်းထဲမှာအဖြေပါနေတတ်တယ်ကွ..မင်းမမကို မမေးဘဲ မင်းဘာသာ အဖြေရှာကြည့်ပါလား.."
"အဲ့ဒီတော့.."
"မင်းလည်း သူ့ကိုချစ်နေသေးတာပဲ.."
"ဟွန်း.."
"သူ့ခမျာ လူပြောသူပြောတွေနဲ့ ကလေးတစ်ဖက်နဲ့ကွာ.."
"အဲ့ဒါကြောင့် သနားသဖြင့်ငါက လက်ထပယူရမယ်..ဒီလိုလား.."
"မင်းခုချိန်မှာ မာနတွေမထားသင့်တော့ဘူး.."
"သူ့မှာရော မာနမရှိဘူးလို့ မင်းကထင်သလား..ငါရဲ့သနားသဖြင့် ကမ်းလှမ်းခြင်းကို ကယ်ပါယူပါနဲ့ ဝမ်းသာအားရ လက်ကမ်းကြိုဆိုမယ်လို့ရော ထင်လား.."
"ဒါကတော့ မိန်းကလေးအထာဆိုတာ ရှိမှာပဲ..မင်းတို့က တခြားလူလိုလည်း စိမ်းကြတာမှမဟုတ်ဘူးလေ၊ လက်ရေတပြင်တည်း စားသောက်ကြီးပြင်းခဲ့ကြတာပဲ..သာတယ် နာတယ်ဆိုတာ မတွက်ကြေးပေါ့.."
"တွက်မှဖြစ်မယ်.."
ပြတ်တောက်စွာပြောပြီး အလင်းက ကုလားထိုင်ကျောမှီမှာ ခပ်တောင့်တောင့်မှီလိုက်၏။
"အချစ်ကို ငါနားမလည်ချင်တော့ဘူး..အထူးသဖြင့် မိန်းမတစ်ယောက်ကို မေ့ပစ်လိုက်ဖို့ကြိုးစားနေတုန်းမှာ နောက်ထပ် သံမှိုမစွဲချင်ဘူး.."
"မေ့ဖို့ကြိုးစားတယ် မပြောနဲ့လေ..မင်း ခဏဆိုပြီးပြန်လာပြီးတော့ အခုမပြန်နိုင်ဘဲဖြစ်နေတာ အချစ်ကြောင့်မဟုတ်ဘူးလား..မင်းသူ့ကို စွဲစွဲလမ်းလမ်းဖြစ်နေတုန်းပါပဲကွာ၊ တကယ်တော့ လူငယ်လူရွယ်ဆိုရင် စိတ်ကစားတယ်..လေရူးတိုက်တယ်နဲ့ ပြောချင်ကြတာပါ၊ အရောင်မထင်သေးတဲ့ အဖြူရောင်ပေါ်မှာ စွန်းထင်းတာကမှ ဖျက်ရခက်တာကိုတော့ နားလည်ဖို့မကြိုးစားကြဘူး..တို့လူငယ်တွေရဲ့ဘဝက အဖြူရောင်သက်သက်ပဲ၊ ခုလည်း ငါတို့တွေလူငယ်ဘဝကို စွန့်ခဲ့တာပဲရှိတယ်၊ လူကြီးမဖြစ်သေးတာ သေချာတယ်၊ ဟိတ်ကောင်..မင်းမာနတွေ နဲ့ မျိုသိပ်ထိန်းချုပ်မနေပါနဲ့ ချစ်ရင်ချစ်တယ်ပေါ့.."
ရင်ထဲမှာ တဆစ်ဆစ်ကိုက်ခဲလာသလိုဖြစ်ခြင်းက ပြည်တည်နာတစ်ခုလိုလား၊ ဒါမှမဟုတ် အဆိပ်တစ်မျိုးမျိုးမိပြီး တရိပ်ရိပ်တက်လာတာမျိုးလား.. ၊
ဘာပဲဖြစ်ဖြစ် အချစ်ကြောင့်မဖြစ်စေချင်..ဒါဆို မုန်းပြီလား..

## အခန်း(၂၉)

ငယ်ရွယ်စဉ်ကတော့ ဒိုင်ယာရီရေးသည့်အကျင့်မရှိခဲ့ပါ။ တစ်ကိုယ်တည်းအထီးကျန်ဆန်လာတော့မှ တစ်ယောက်တည်း ရေရွတ်မြည်တမ်းနေချင်သည့် ဝေဒနာအစိုင်အခဲကြောင့် ရေးဖြစ်ခဲ့သည်။ တစ်နေတာ လှုပ်ရှားခံစားခဲ့ရသမျှ ဒီစာအုပ်လေးထဲမှာ မျှဝေခံစားပြီးမှ အိပ်ရာဝင်ဖြစ်၏။

"မေမေ.."

"ဟင် မီးမီးဘာလို့ထလာတာလဲ..မေမေက အိပ်နေပြီထင်လို့.."

ဘောလ်ပင်န်လေးခံ၍ စာအုပ်လေးကိုပိတ်လိုက်ပေမယ့် ပန်းကလေးက မမြင်လိုက်ရသည့် စာမျက်နှာ ကို လည်ပင်းလေးရှည်ကြည့်သေးသည်။ ဖတ်ကြည့် သိချင်တာမျိုးလည်း မဟုတ်ဘဲ ပိတ်ပစ်လိုက်တာကိုပဲ စိတ်ဝင်စားတာဖြစ်၏။

"မေမေက မအိပ်သေးဘဲ ဘာတွေရေးနေတာလဲဟင်.."

"ဘာမှမဟုတ်ပါဘူးမီးမီးရယ်..မေမေက စာရေးပြီးမှအိပ်တတ်တာ မီးမီးသိရက်သားနဲ့၊ မီးမီးအခု ဘာလုပ်မလို့လဲ..ရှူးရှူးပေါက်ချင်လို့လား.."

ပန်းကလေးက ခေါင်းခါလိုက်သည်။ ပြီးတော့ ပခုံးမှာဖက်ထားသည့် အဆင်းလက်တွေကို ဖယ်ချပြီး သူမစာဖတ်ခဲ့သည့် စားပွဲပုလေးဆီ ပြေးသွား၏။ စာအုပ်တစ်အုပ်ကိုယူလာကာလှန်လှောရှာနေရင်း အဆင်းကိုလည်း လှမ်းကြည့်သည်။ သူမလိုသည့် နေရာရောက်မှ လက်ဝါးလေးနှင့် ဖိကပ်ခံထား၍ ဒီဘက်ပြန်လာ၏။

ရှေ့ရောက်တဲ့အထိ ဖွင့်မပြသေးပေ.. ၊

"ဘာလဲမီးမီး..စာမရတာကို စာဖတ်တုန်းကဘာလို့ မပြတာလဲ.."

"မီးမီးစာမရလို့ မဟုတ်ဘူး..ဖေဖေ့ပုံတူ ဆွဲထားတာ.."

"ဟင်.."

အဆင်း မယုံနိုင်အောင် ဖြစ်သွားသည်။ ဟိုတစ်ခါ အဲ့ဒီကိစ္စကြောင့် ရင်ခုန်ခဲ့ရပြီးပြီ။ နောက်ထပ် ဘာမှ စမလာတော့တာကြာပြီမို့ စိတ်အေးမလို့ဘဲရှိသေးသည်။

"မေမေ.. မေမေဒီမှာကြည့်ပါဦး.."

ပန်းကလေးက စာအုပ်ကိုလိုသည့်နေရာ လှန်ထားပြီးမှ အဆင်းရှေ့မှာချသည်။ နေရာကိုလက်ဝါးလေးနှစ်ဖက်နှင့် အုပ်ထားတာ အဆင်းကကြည့်နေပြီဆိုတော့ လက်ကိုဖယ်၏။

"ဒီမှာ.."

မသေမသပ်မလှမပနှင့် ယောကျ်ားတစ်ယောက်၏ပုံကတော့ ပေါ်နေသည်။ ဆံပင်အလယ်ခွဲပုံနှင့် မေးရိုးကားသလိုရှိကာ တစ်ဖက်က အနည်းငယ်ထောင်ထွက်နေသည်။ ပြောရလျှင် မေးနှစ်ဖက်ကမညီပေ။ မျက်ခုံးထူထူနှစ်ဖက်ကိုတော့ ထင်းနေအောင် ခြစ်ထားသည်။ ပြီးတော့ အကျီဆွဲထားသည့်ပုံက စပို့ဂျပ်လက်တို အရောင်မပါသော်လည်း ခဲခြစ်ထားပုံက ဘာကိုသရုပ်ဖော်တာမှန်း အဆင်းတွေးမိလိုက်၏။

"မေမေ..အဲ့ဒါ မီးမီးကိုဘောလုံးလိုက်ပေးတဲ့ ကားနီနီလေးနဲ့ဦးလေ.."

"ဘာ.."

"အဲ့ဒီဦးဦးက စန္ဒာကျော်တို့ဖေဖေထက် လှတယ်..မီးမီး ဟိုတစ်ခါ ဖေဖေ့ပုံကို စိတ်ကူးပြီးဆွဲထားတုန်းက စန္ဒာကျော်တို့ ဖေဖေပုံလေ၊ သူက မီးမီးဆွဲထားတာကိုကြည့်ပြီးတော့ ငါ့ဖေဖေ့ကိုမယူရဘူးတဲ့..ဖေဖေဆိုတာ ကိုယ့်ဖေဖေမဟုတ်ဘဲနဲ့ ယူထားလို့မရဘူးတဲ့၊ အဲ့ဒါကြောင့် အဲ့ဒီပုံ မီးမီးလွှတ်ပစ်လိုက်ပြီ.."

ကြည့်စမ်း၊ အဆင်းရင်ထဲမှာ ဘာနဲ့ခိုင်းနှိုင်းရမှန်းမသိလောက်အောင် နာကျင်သွားခဲ့သည်။

"မီးမီးရဲ့ဖေဖေကလည်း စန္ဒာကျော်တို့ဖေဖေလိုပဲ ချောချောလှလှဖြစ်ချင်တာ..မေမေ့.."

"ဟင်.."

"မီးမီးဖေဖေက ချောလားဟင်..မီးမီးကို ဘောလုံးကောက်ပေးတဲ့ကားနီနီလေးနဲ့ ဦးလိုပဲလား၊ အဲ့ဒီဦးက စန္ဒာကျော်တို့ဖေဖေထက် လှတယ်..မီးမီးဖေဖေဆိုရင် သိပ်ကောင်းမှာပဲ.."

"မီးမီး.."

အဆင်း အထိတ်တလန့်အော်ပစ်လိုက်မိသည်။ တကယ်ဆို ဘောလုံးကောက်ပေးတာ မဟုတ်ပါ။ သူ့ ကားနဲ့ကြိတ်မိမလိုဖြစ်လို့ အလင်းကအော်ငေါက်ဖို့တောင် လုပ်ခဲ့သေးသည်။ ဒါကို ဘာဖြစ်လို့ ဒေါသဖြစ်စရာနဲ့ မမှတ်ဘဲ နှစ်သက်ကျေနပ်ခြင်းတွေပဲ တင်ကျန်ခဲ့ရတာလဲ။ ကားအနီန ဒီလူကိုမှ မမေ့နိုင်တာ ဘာဖြစ်တာလဲ။

အဆင်းမျက်ဝန်းတွေက မသပ်မရပ်ရှိနေသော ယောကျ်ားပုံ၏မျက်နှာထက်က အလယ်ခွဲဆံပင်ကိုပဲ ချောက်ချားစွာ ကြည့်နေခဲ့၏။ ဘာပြောရမှန်းမသိ၊ ဘာမှလဲ မပြောနိုင်.. ၊

"မေမေ.."

"ဟင်.."

"မီးမီးဖေဖေကို မီးမီးကြည့်ချင်တယ်.."

"မီးမီးရယ်..ဆုံးသွားပြီဥစ္စာ၊ မေမေ ဘယ်လိုလုပ်ပြနိုင်မှာလဲ.."

"ဓာတ်ပုံရော.."

"ဟို..မီးမီး ဖေဖေကဓာတ်ပုံရိုက်တာ ဝါသနာမပါဘူး၊ အဲ့ဒါကြောင့် သူ့ပုံတစ်ပုံမှ မရှိတာ.."

"အေမီစိုးတို့ သော်သော်တို့ဆိုရင် စာအုပ်ထူထူကြီးနဲ့ သူ့မေမေရယ် ဖေဖေရယ် ဓာတ်ပုံတွေမှအများကြီးပဲ၊ သော်သော်က ပြောတယ်၊ အဲ့ဒါ သူ့ဖေဖေနဲ့မေမေ မင်္ဂလာဆောင်တုန်းက

ပုံတွေတဲ့..အိမ်မှာ နောက်ထပ် စာအုပ်ကြီးထဲမှာ သုံးအုပ်လောက်ရှိသေးတယ်တဲ့၊ မေမေ ဘာဖြစ်လို့ အဲ့ဒီလိုမရိုက်ခဲ့တာလဲ..မီးမီးကျတော့ ဖေဖေ့ကို မမြင်ရဘူး.."

"မီးမီးရယ် မဖြစ်နိုင်တာကို ဘာဖြစ်လို့ ခဏခဏပူဆာနေတာလဲ..ဓာတ်ပုံရှိနေလည်း သူမှမရှိတော့တာ၊ မီးမီးရဲ့ဘဝကို ဘာမှအရိပ်မိုးပေးနိုင်တော့မှာ မဟုတ်ဘူး..မေမေရှိနေတာပဲ မီးမီးဘာမှ မျက်နှာမငယ်စေရဘူး.."

အရိပ်တွေ ဘဝတွေကို ကလေးအရွယ်မို့ ပန်းကလေးဘာမှနားမလည်ပါ။ သူမနား လည်တာက ဒါဒါ့ဖေဖေဆိုသည့် အရိပ်စစ်တစ်ခု။ မျက်နှာညိုနေတာလေးက ပြေမသွားဘဲ မအေကိုလည်း ဘာမှဆက်မမေးတော့ပေ။ စာအုပ်လေးကို ပြန်ဆွဲယူကာ ရင်ဘက်လေးမှာ အပြန့်လိုက်အတိုင်း ဖိကပ်ထားပြီး လှည့်ထွက်သွားရှာသည်။ အဆင်းဘယ်လိုမှ မကြည့်နိုင် အောင် ဖြစ်သွားခဲ့၏။

"မီးမီး.."

အဆင်းက ပန်းကလေး၏ကိုယ်လေးကို နောက်ကနေသိုင်းဖက်လိုက်ရင်း ဒူးထောက် လေးထိုင်သည်။ ပြီးတော့ စူပွပွမျက်နှာလေးကို မေးဖျားလေးကနေ ဆွဲလှည့်၍ ပါးချင်းကပ် လိုက်ကာ.. ။

"မနက်ဖြန် မီးမီးရဲ့မွေးနေ့လေ..မေမေက မွေးနေ့ကိတ်မှာထားတယ်၊ ဖယောင်းတိုင် လေးတွေထွန်းပြီး မီးမီးက မှုတ်ရမှာလေ..ခြံရင်းခန်းက အန်တီစုစုတို့လည်း လာကြမှာ၊ မနက်ကတောင်မှ မီးမီးအတွက် မွေးနေ့လက်ဆောင် ဝယ်မလို့ ပြောနေကြသေးတယ်.."

"မေမေကရော.."

ပန်းကလေးမျက်နှာမှာ ချက်ချင်းအရောင်ပြောင်းသွားသည်။ အားတက်သရောနှင့် မျက်ဝန်းလေးတွေ ဝင်းဝင်းလက်လက် ဖြစ်လာ၏။ အဆင်း ခုမှပဲ စိတ်ချမ်းသာရရကာ.. ။

"မေမေကလည်း ပေးမှာပေါ့မီးမီးရဲ့..မေမေ့သမီးလေးက ဒီတစ်ယောက်ပဲရှိတဲ့ဥစ္စာ.."

"မေမေ.."

"ဟင်.."

"မီးမီးဖေဖေသာရှိရင် ဖေဖေကလည်း လက်ဆောင်ပေးမှာပဲနော်..ဖေဖေက ဒီဘက်က မေမေကဒီဘက် က အရမ်းပျော်ဖို့ကောင်းမှာပဲ.."

စာအုပ်လေးတစ်ဖက်နှင့် ဘယ်ရောညာရော လက်ကလေးတွေမြှောက်ပြီး ဖက်ပြ၏။ စိတ်ကူးနှင့်ပျော်သွားပုံရသော မျက်နှာလေးက မအေဘာဖြစ်နေသလဲဆိုတာကိုလည်း ဂရုမစိုက်။ တစ်ယောက်တည်းပြုံး၊ တစ်ယောက်တည်းမဲ့ ဖြစ်နေရင်း.. ။

"ဟာ...မေမေ.."

တစ်ခုကို သတိရသွားသလိုမျိုး မျက်နှာလေး ဖျတ်ခနဲမော့လာကာ.. ။

"ဦးဦးက မီးမီးမွေးနေ့ကျရင် လက်ဆောင်ပေးမယ်လို့ပြောတယ်..အဲ့ဒါ မီးမီးဖေဖေအစား လေနော်၊ မေမေ မဆူရဘူး..မဆူဘူးမဟုတ်လားဟင်၊ လာပါစေနော်.."

ကျောပေးနေရာကနေ မျက်နှာချင်းဆိုင် လှည့်ရပ်ကာ အဆင်းမျက်နှာကို လက်ဝါးလေး နှစ်ဖက်နှင့် ပူးကိုင်သည်။ တမ်းတမျှော်လင့်ခြင်းများနှင့် တောင်းပန်၏။

"မီးမီး.."

အဆင်းမျက်နှာတင်းနေသည်။ သမီးရဲ့မပြည့်စုံမှုကို စိတ်မကောင်းတာ ဖြည့်ဆည်းပေးချင်တာက သပ်သပ်၊ ဒါကိုတော့ အလိုလိုက်ဖို့မဖြစ်ပေ။

"မီးမီးမွေးနေ့ကို သူကဘာဖြစ်လို့သိသွားတာလဲ..ဘယ်တုန်းက ထပ်တွေ့လိုက်တာလဲ မေမေ့ကိုပြောစမ်း၊ မီးမီးက မေမေမသိအောင်ခိုးချောင်ခိုးဝှက်တွေ လုပ်တတ်နေပြီပေါ့ ဟုတ်လား.."

အဆင်း ဒေါသဖြစ်ပြီဆို ပန်းကလေးဘယ်တော့မှ ဖွဲကောင်းကောင်းနှင့် မတုံ့ပြန်တတ်ပါ။ ငယ်ငယ်က ၏တည်းက အူလှိုက်သည်းလှိုက် ငိုနေရင်တောင် 'မငိုနဲ့တိတ်'လို အော်ပစ်လိုက်တာနှင့် တိခနဲပါးစပ်ပိတ်ပစ်တတ် သည့် ကလေး။ အဆင်းမျက်နှာပေါ်က ဒေါသအရှိန်ကို နားမလည်သလိုလေးမော့ကြည့်ရင်း ခေါင်းတွင်တွင် ခါ၏။

မထင်မှတ် အံ့ဩသောစိတ်ထဲမှာ ဒီလိုအဖြစ်မခံနိုင်သည့်အတ္တတွေနှင့် မီးတောက်လာ၏။ ထိုအခါ သမီးမျက်နှာလေးကို ကြည့်နေမိပေမယ့် သနားဖို့မေ့နေခဲ့သည်။

"ဖြေလေသမီး..အဲ့ဒီတစ်ယောက်နဲ့ ဘယ်မှာတွေ့တာလဲလို့.."

"အိမ်ရှေ့မှာ.."

"ဘာ.."

"မီးမီး စာမေးပွဲဖြေတဲ့နေ့က.."

"ကြည့်စမ်း.. သူဘာလာလုပ်တာလဲ.."

ပန်းကလေးက ခေါင်းခါသည်။ ပြီးတော့ ဖြန့်လျက်ရှိနေသည့် သူမလက်ထဲက ပုံတူပန်းချီကို ဖျတ်ခနဲ ငုံကြည့်သည်။ ချက်ချင်းပြန်ပိတ်လိုက်ပုံက မလုံမလဲလေးဖြစ်သည်။

"သူ ဘာပြောသွားတာလဲ.."

"မွေးနေ့လက်ဆောင်ပေးမယ်လို့ ပြောသွားတယ်.."

မွေးနေ့ကိုသိအောင် ဘယ်လိုမေးသွားတာလဲလို့ ရင်ထဲမှာ မေးချင်မိပေမယ့် သမီးလေးကိုထပ်မမေး တော့ပါ၊ ကလေးက လိပ်ပတ်လည်အောင် ဖြေတတ်မှာမဟုတ။ ဒိနေရာကို သင်းကဘာလာလုပ်တာလဲ။

"မိန်းမတစ်ယောက်ကို သေအောင်ချစ်ပြတာ ဇာတ်လမ်းတွေထဲမှာပဲ ကြည့်လို့ကောင်းတာပါ..ကျွန်တော် အဲ့လောက် မရူးဘူး.."တဲ့.. ၊

"ကျွန်တော့်အနာဂတ်က မမပဲ..ဒါပေမယ့် လွမ်းဖျားလွမ်းနာကျဖို့ မဟုတ်ဘူး.."ဆိုတာ ဘာအကြံအစဉ် တွေနဲ့ လာတာလဲ.. ၊

အဆင်းမျက်လုံးတွေက ပန်းကလေး၏အလွန်ချစ်စရာကောင်းသော မျက်နှာလေးထက်မှာ စူးနစ်သွားခဲ့သည်။ ကံကြမ္မာကောက်ကြောင်းက ဘယ်ကိုဦးတည်နေခဲ့သလဲ.. ၊

# အခန်း(၃၀)

"ဟယ်..မွေးနေ့ကိတ်လေးက လှလိုက်တာ၊ ပန်းသဏ္ဍာန်မွေးလို့ ရေးထားတဲ့စာတမ်းလေးကိုက ကဗျာဆန်လိုက်တာနော်.."

"ဟုတ်ပ..ထိပ်မှာ နတ်သမီးခေါင်းဆောင်းလေး ထည့်ထားတာကြည့်ပါဦး၊ အရမ်းချစ်ဖို့ကောင်းတာပဲ ..မီးမီးလေး မီးမှုတ်ပြီးရင် အဲ့ဒီခေါင်းဆောင်းလေးကို အရင်လှီးချပြီး ကျွေးရမှာနော်.."

"ဟင့်အင်း..မီးမီးက ကိတ်မုန့်ကြီးကို ဒီတိုင်းကိုင်ထားဦးမှာ.."

"အို..မထားရဘူးလေ၊ မွေးနေ့ကိတ်ဆိုတာ ကိုယ်တိုင်မီးမှုတ်ကိုယ်တိုင်လှီးပြီး ဖေဖေမေမေတို့ ဘိုးဘိုး ဘွားဘွားတွေကို ခွဲ့ကျွေးရတာ..ပြီးတော့ သူငယ်ချင်းတွေ ဧည့်သည်တွေကို ကျွေးရတယ်.."

"မီးမီးမှာ ဖေဖေမှမရှိတာ..ဘိုးဘိုးဘွားဘွားတို့လည်း မရှိဘူး.."

စိုပြည်ဆူညံနေသည့် စကားသံတွေတိတ်ကျသွား၏။ အားလုံးက အဆင်းမျက်နှာကို အားနာသွားသည့် မျက်လုံးများနှင့် လှည့်ကြည့်ကြသည်။ သူတို့ပြောလိုက်တာလည်း ဒါကို ပေါ်လွင်စေချင်လို့မဟုတ်။ ကလေးကလည်း လိုချင်တမ်းတနေလို့ မဟုတ်လောက်ပါ။

ပြောတဲ့သူကပြောလို့ ဖြေတဲ့သူကဖြေတာမျိုးပဲဖြစ်သည်။ ဒါပေမယ့် ခြေမသန်လို့တောင်ဝှေးကူနေရ တဲ့သူကို တောင်ဝှေးဖယ်လိုက်စမ်းပါလို့ ပြောလိုက်တာနှင့်တူသည်။ အဆင်းမျက်နှာပျက်သွားတာကို ချက် ချင်းပြင်ဆင်၍ ပြုံးလိုက်ရသည်။

"မီးမီးရယ..ဘိုးဘိုးတို့မရှိပေမယ့် ဟောဒီမှာ ကြီးကြီးတို့ အန်တီတို့ရှိတယ်မဟုတ်လား၊ အိမ်နီးနားချင်းဆိုတာ ဆွေမျိုးပဲပေါ့..ဟိုဘက်မှာ မီးမီးသူငယ်ချင်းတွေလည်း ရှိတယ်လေ၊ မွေးနေ့ကိတ်ဆိုတာ ပြန်သိမ်း ထားရတာမျိုးမှ မဟုတ်တာ..အားလုံးစုရုံးပြီး ပျော်ပျော်ရွှင်ရွှင် လှီးကြရတာလေ.."

"ဟုတ်.."

ဆိုသည့်စကားကို အနီရဲရဲဆိုးထားသည့် နှုတ်ခမ်းသားလေးတွေ စူထော်၍ပြောခြင်း ဖြစ်ကာ မျက်ဝန်းလေးတွေကလည်း ကိတ်မုန့်ဝိုင်းလေးကို နမြောတသစွာကြည့်နေဆဲဖြစ်၏။

"ဟော..မိုးပေါက်တွေ ကျလာပြီကြည့်စမ်း.."

စိတ်ပြောင်းလဲမှုဖြစ်သွားအောင် မိုးစက်တွေ တဖြောက်ဖြောက်ကျလာသံကို အဆင်းက အကျယ်တဝင့် ပြောလိုက်၏။ ပြီးတော့ အနေခက်နေကြသည့် စုစုလှိုင်တို့အုပ်စုတွေဘက်ကို လှည့်၍.. ၊

"မီးမီးမွေးတုန်းကလည်း ဒီလိုပဲသိလား..မိုးစက်ကျသံတွေ တဖြောက်ဖြောက်နဲ့ မိုးစိမ့် စိမ့်လေးပဲ၊ ခြောက်ခြောက်သွေ့သွေ့နဲ့ အေးနေတာမျိုး..ခုလို ညဦးပိုင်းပဲလေ.."

"ဟုတ်လား..တိုက်ဆိုင်လိုက်တာနော်၊ မွေးနေ့မှာ မိုးလေးကရွာလို့.."

ဒေါ်မြတ်စုက အားပါးတရဝင်ထောက်ခံ၍ ပန်းကလေးကိုအကဲခတ်၏။

"ပြီးတော့ မီးမီးကိုမွေးပြီးတာနဲ့ ခေါင်းရင်းစားပွဲပေါ်မှာ အငုံကလေးတွေတင်ထားတဲ့ မြတ်လေးပန်းတွေလေ အားလုံးပွင့်နေလိုက်ကြတာ မွှေးနေတာပဲ.."

"သြော်..အဲ့ဒါကြောင့် 'ပန်းသဏ္ဍာန်မွှေး'ဆိုတဲ့ နာမည်လေးဖြစ်လာတာပေါ့.."

"ဟုတ်တယ်.."

"အမယ်လေး..လုပ်ပါ့ လိုက်ပါ့ ငါတို့မီးမီးလေးက ပန်းတွေထက်တောင် လှသေးတယ်၊ အမေကို မမီတာလေးဘဲ.."

စုစုလှိုင်က လွှတ်ခနဲပြောပြီးမှ အမေဖြစ်သူက တံတောင်နဲ့တို့တော့ ပါးစပ်ကိုလက်ဝါးလေးနဖြန့်ပိတ်၍ ဇက်ပုသွားသည်။ ဒေါ်မြတ်စုက ကလေးကိုပဲကြည့်၍ ရယ်မောကာ.. ၊

"ဘာလို့မလှရမှာလဲ..တို့ကလေးလေးက ပိုလှတာ.."

ဟု ထပ်ပြောပြီး သမီးဖြစ်သူကို မျက်စောင်းထိုးကြည့်၏။ ဘေးလူတွေပြုံးစိစိဖြစ်ကုန်ကြကာ ပန်းကလေးကို လန့်နေသည့် ဒေါ်မြတ်စုအဖြစ်ကို တစ်ဖက်လှည့်ရယ်သူကရယ်၊ အဆင်းကတော့ အခန်းထဲကိုလှည့် ဝင်လာရင်း နားထဲမှာပေါ်လာသည့် တစ်ယောက်၏စကားကို သတိရသွားခဲ့သည်။

"မီးမီးက ပန်းကလေးထက်ပိုလှတယ်..မေမေ့ကို မမီတာတစ်ခုကလွဲရင်.."

အလင်း၏ မထိတရိမဲ့ပြုံးတွေကိုပါ မမေ့မလျော့ရှိနေဆဲဖြစ်သည်။ အလင်းပြောတာကို ကျေနပ်မနေခဲ့ ပါ။ သမီးကို လှတယ်ပြောတိုင်း ဘာဖြစ်လို့ကိုယ့်ပဲ ဆွဲထည့်နေကြတာလဲ။ မိဘနဲ့သားသမီးကြားမှာ ဒီလို နှိုင်းယှဉ်ကြည့်တာ ပြောတာတွေရှိသင့်သလား။

ဘယ်လိုခံစားချက်ဆိုတာကို မပြောတတ်ပေမယ့် ဒီလိုနှိုင်းယှဉ်ပြောသံကြားတိုင်း စိတ်ထဲမှာမနှစ်မြို့ခြင်းက သိသာစွာဖြစ်ခဲ့သည်။ တစ်ယောက်တည်း အခန်းထဲဝင်လာပြီး သမီးလေးကိတ်မုန့်လိုးဖို့ ဓားပါးလေးကို ယူလိုက်သည်။ ထိုစဉ် အပြင်မှာရယ်မောစနောက်သံတွေ ငြိမ်ကျသွားသလိုဖြစ်ကာ.. ၊

"ဟာ..ဦးဦး.."

ပန်းကလေး မျက်လုံးကလေးရော နှုတ်ခမ်းလေးပါဝိုင်းသွား၏။ ပြီးတော့ အိမ်ခန်းဘက်ကို တစ်ချက်လှည့်ကြည့်ကာ တံခါးဝသို့ပြေးလွှားသွားလေသည်။

"မီးမီး.."

အလင်းက တံခါးဝမှာပဲရပ်နေကာ ပြေးလာသည့်ပန်းကလေးကို ဇွေ့ခနဲပွေ့ချလိုက်၏။ မိတ်ကပ်ပြေပြေ လေး ခြယ်ထားသည့် ပါးလေးတစ်ဖက်ကို ဖွဖွလေးနမ်းလိုက်ပြီး.. ၊

"ဟတ်ပီဘတ်ဒ်ဒေး မီးမီး.."

"ဟုတ်.."

ပန်းကလေးက သူ့လည်ပင်းကိုဖက်၍ ပါးကိုဖျတ်ခနဲငုံ့နမ်းလိုက်သည်။ အလင်းစိတ်ထဲမှာ နွေးသောစီးကြောင်းတစ်ခုမှ နှလုံးသားကို ဗဟိုပြု၍စီးဆင်းသွားခဲ့သည်။ သူလာခဲ့တာ ဒီကလေးကို ချစ်ခင်ကြင်နာချင်လွန်းလို့ မဟုတ်ပါ။ ကလေးကိုစည်းရုံးပြီး အမေကိုသိမ်းသွင်းချင်တာလည်း မဟုတ်။ တကယ်တမ်း ကိုယ့် ရည်ရွယ်ချက်က လသဏ္ဍာန်အဆင်းဆိုသည့်

အမုန်းမမ၏ မာကျောသော နှလုံးသားကို မနိုင်နိုင်ရာလက်နက်နှင့်ဖြစ်သလို ကြံသလိုပစ်ခွင်းဖို့။

သစ်ပင်ကို ခုတ်လှဲဖို့အတွက် ခါးလယ်ကပဲဖြတ်ရဖြတ်ရ၊ အကိုင်းအခက်ကိုပဲ ခုတ်ရခုတ်ရ ဘာဖြစ်ဖြစ် ဒီသစ်ပင်ဟာ ဖုန်းဖုန်းလဲကျသွားဖို့သာ အဓိကဟု သတ်မှတ်သည်။ 'လသဏ္ဍာန်အဆင်း'ဆိုသည့် မိန်းမဟာ သစ်ပင်ကြီးတစ်ပင်မဟုတ်ပေ။ နူးညံ့နွေးထွေးသော အသွေးအသားနဲ့လူဖြစ်သည်။

ထို့ကြောင့် ဒီမိန်းမကိုစိတ်ဆင်းရဲစေဖို့ သောကပရိဒေဝများမှာ အရည်ပျော် မျောပါသွားဖို့ဆိုတာ လွယ်လွယ်လေးပဲဖြစ်၏။ ကိုယ်မချမ်းသာရသလို သူမကိုလည်း ချမ်းသာခွင့်မပေးနိုင်။ ကိုယ်ခံစားနေရသမျှ ပရိဒေဝသောကမီးတွေ သူမကိုလည်း ကူးစက်စေရမည်။ ရင်ထဲမှာခံစားရဆုံးဟာ သူမ၏မာန်မာနများကိုပဲဖြစ်၏။

ဒါပေမယ့် ပန်းသဏ္ဍာန်မွေးဆိုသော ကလေးငယ်၏အနမ်းတစ်ချက်တည်းမှာ သူဘာဖြစ်သွားခဲ့မှန်းမသိ။ မမရဲ့ သမီးလေးမို့လို့လား။ ဒါလည်း သဘာဝမကျပါ။ သွေးချင်းနီးလို့ဟုပြောရအောင် မမနဲ့သူက ဘာမှတော်စပ်ကြတာ မဟုတ်။ ဒီကလေးနဲ့ရင်းနှီးဖို့က အဝေးကြီးပင်.. ।

မရင်းနှီးနဲ့အလင်း..မင်းအရည်ပျော်မသွားနဲ့ဦး။ ဒီကလေးကြောင့် မင်းနောက်ထပ် စွပ်စွဲပြောဆိုခံရဖို့ တွေ ရှိသေးတယ်။ မင်းမျိုးသိပ်ကြိတ်မှိတ်ပြီး လိုမ့်ခံခဲ့ရသမျှ ဒီကလေးကြောင့် တစ်နေရာတည်းမှာ ပွဲခြင်းပြီးသွားလိမ့်မယ်။ အလင်း နှုတ်ခမ်းမှာ မဲ့ပြုံးသဲ့သဲ့လေးနှင့် ပန်းကလေးကို အသာလေးပြန်ချလိုက်သည်။

အိမ်ခန်းလေးကျဉ်းကျဉ်းလေးပေါ်မှာ လူကြီးလူငယ်တွေ ဆယ်ယောက်ထက်မနည်း ပြည့်သိပ်နေကြသည်။ စာသင်ခုံလို ခုံစောင်းလေးပေါ်မှာ မီးမထွန်းရသေးသည့် ဖယောင်းတိုင်လေးတွေကို စိုက်ထားပြီးသော မွေးနေ့ကိတ်လေးက ဖြူစွတ်စွတ်ပေါ်မှာ ရောင်စုံစာလုံးလေးတွေနှင့် လှပစွာရှိနေသည်။

ဒီဘက်မှာတော့ ထမင်းစားစားပွဲဝိုင်းလေးနှစ်ဝိုင်းနှင့် ထမင်းစားခန်းပန်းကန်ပြားကြီးတွေ မှောက်တင်ထားတာရှိ၏။ အလယ်မှာအုပ်ဆောင်းနှင့် ဘာတွေကျွေးမွေးမလို့ ပြင်ဆင်ထားမှန်းတော့မသိပါ။ လူတွေအားလုံးက သူနဲ့ကလေးကို ပါးစပ်အဟောင်းသားနှင့် ဝိုင်းကြည့်နေကြ၏။

ဒေါ်မြတ်စုက အဆင်း၏ခြေရင်းခန်းမှာနေသည့် အိမ်ငှားဖြစ်သည်။ အဆင်းနှင့်အရင်းနှီးဆုံးဖြစ်သောကြောင့် တစ်စုံတစ်ရာမေးချင်နေသည့် ပါးစပ်ကတပြင်ပြင်ဖြစ်နေသည်။ ထိုစဉ် အိမ်ထဲကထွက်လာသည့် အဆင်းနှင့် အလင်းမျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွား၏။

"မမ.."

အလင်းက အရင်ပြုံးပြသည်။ ပြီးတော့ ကုတ်အင်္ကျီထဲက ဖဲပြားလှလှလေးစည်းထားသည့် ကတ္တီပါဘူး အပြာရောင်လေးကို ထုတ်ပြကာ.. ।

"ကလေးမွေးနေ့အတွက် လက်ဆောင်လာပေးတာ.."

'မလိုဘူး..မင်းပြန်သွားလိုက်စမ်း'ဟု ရင်ထဲမှာ လက်ညှိုးထိုးနှင်လွှတ်ပစ်လိုက်သည်။ လူတွေရှေ့မှာမို့ အဆင်း ပါးစပ်ပိတ်နေလိုက်၍.. ။

"ငါ့သမီးအတွက် လက်ဆောင်မလိုဘူးအလင်း..ဒီလူတွေက လက်ဆောင်ပေးနိုင်တဲ့လူတွေလည်း မဟုတ်ဘူး၊ ငါ့အင်အားနဲ့ ငါနိုင်သလောက်ငါ့သမီးလေးအတွက် ကုသိုလ်ကောင်း မှုလုပ်ပေးတာ.."

"ဒါဆိုလည်း မုန့်စားပြီးပြန်မှာပေါ့..ရတယ်.."

"အို အဆင်းရယ်..ညီမကလည်း ကြားထဲက ကလေးဝမ်းနည်းနေရှာပြီ၊ ကလေးက သူ့အတွက် မွေးနေ့လက်ဆောင်လေးကို လိုချင်မှာပေါ့ကွယ်.."

ဒေါ်မြတ်စုက ဝင်ပြောသည်။ ထိုအခါကျမှ လူကြီးနှစ်ယောက်အလယ်မှာ ဟိုမော့ဒီမော့နှင့် မျက်ရည်လေးတွေ လည်နေသည့် ပန်းကလေးကို အဆင်း ငုံ့ကြည့်မိ၏။ အလင်းကတော့ ကလေးရှေ့မှာ ဖျတ်ခနဲထိုင်ချလိုက်ပြီး.. ။

"အလကားစတာ...မီးမီးကို ပေးမှာပေါ့၊ ပေးဖို့ယူလာတာပဲဟာ..မီးမီးမေမေက အမြဲတမ်းဦးကို ဒီလိုပဲ အမိန့်ပေးနေကျ..အရမ်းနိုင်တာ.."

"အလင်း.."

ကလေးကို နောက်ထပ်မဆိုင်တောတွေ ထပ်ပြောမှာစိုးသဖြင့် အဆင်းကနှုတ်ခမ်းလေးကိုကၡ ကြိတ်အော်သည်။ အော်လိုက်မှ ပိုဆိုးသွား၏။

"မမက ဘာဖြစ်တာလဲ..ကျွန်တော်တို့ပြဿနာတွေကို ကလေးကဘာမှသိတာမဟုတ်ဘူး၊ ရှင်းစရာရှိတာ နောက်မှရှင်းတာပေါ့.."

"ဟုတ်ပါတယ်သမီးရယ်..ကလေးမွေးနေ့မှာတော့ ပျော်ပျော်ရွှင်ရွှင်နေပါစေကွယ်၊ ဒီလိုနေ့မျိုးမှာ အဖေ အမေ စုံတာ ကလေးရဲ့ကံပဲ.."

"ရှင်.."

အဆင်း မျက်ခုံလေးနှစ်ဖက်မြင့်တက်သွားသည်။ သူတို့ ဘယ်လိုထင်သွားကြတာလဲ.. ။

"အန်တီမြတ် သူက ကလေးနဲ့.."

"ကလေးရဲ့အဖေဆိုတာ ပြောဖို့ကိုမလိုပါဘူးအဆင်းရယ်..အိမ်ပေါ်တက်လာကတည်းက အန်တီတို့က သိပြီးသား၊ ကြည့်ပါဦး..ဒီမျက်နှာနဲ့ ဒီမျက်နှာ တကယ့်ကိုခွတ်စွပ်ကြီးတူနေတာ၊ ဒါနဲ့များ ကလေးအဖေက ဆုံးပြီလို့ ပြောထားသေးတယ်.."

"အို..အမေကလည်း သူများအိမ်ထောင်ရေးကို.."

အဆင်း မျက်လုံးပြူး၊ ပါးစပ်လေးဟနေသဖြင့် စုစုလှိုင်က ဒေါ်မြတ်စုကိုဝင်တားသည်။ ဒေါ်မြတ်စုက သူမထင်တာပဲ အမှန်ဟုတွက်ပြီးသာဖြစ်ပုံရကာ.. ။

"မဟုတ်ပါဘူး..သူတို့က လူငယ်လေးတွေမို့လို့ ငါကမိဘအနေနဲ့တည့်မတ် ဆုံးမတဲ့သဘောပါ၊ ကလေးရဲ့နှလုံးသားနုနုနယ်နယ်လေးမှာ မိဘတွေရဲ့ပဋိပက္ခတွေ မရိုက်ခတ်သင့်ဘူးလေ..ဘယ်လောက်ပဲ နာကြည်းစရာတွေရှိခဲ့ရှိခဲ့ ဖအေတစ်ယောက်လုံးကို သေပြီလို့ပြောထားတာတော့ မကောင်းဘူး.."

"ကိုင်း..မမြတ်လည်း ဝေဖနမနေပါနဲ့..သူတိုတွေလည်း ကလေးတွေမှ မဟုတ်တော့တာ၊ သူတို့မိသားစု လွတ်လွတ်လပ်လပ်ဆွေးနွေးကြပါစေ..လာ လာ သွားရအောင်.."

"အို..မဟုတ်ဘူး၊ မရှိပါဘူး ထိုင်ကြပါ.."

တစ်ယောက်ပြီးတစ်ယောက် အလျှိုအလျှိုပြန်သွားကြတာ အဆင်းတားတာကို ဘယ်သူကမှ ပြန်မကြည့်တော့ပေ။

"အလင်း.."

ဒေါသက အလင်းထံသို့ အားပြင်းစွာထိုးဆင်းကျသွားလေသည်။ အလင်းက ဘူးထဲက ထုတ်ယူလိုက်သည့် ဆွဲကြိုးလေးကိုပန်းကလေး၏လည်ပင်းမှာ သေချာဆွဲပေးနေရင်း သူမကို တစ်ချက်မှ မော့မကြည့်ပေ..၊

"အလင်း..မင်း အဲ့ဒီလိုဖြစ်အောင် တမင်တကာလုပ်နေတာလား..ဟင်.."

ဒေါသကြီးပြီဆိုမှ တွန်းအားပေးသလမျိုး မိုးကမြည်သံလေးပေး၍ အော်ချလာ၏။ အဆင်းကလည်း လက်သီးနှစ်ဖက်ဆုပ်၍ တအားအော်လိုက်တာဖြစ်ကာ အလင်းက အေးဆေးစွာထရပ်လိုက်သည်။

"ကျွန်တော် ဘာပြောတာကြားလို့လဲ..မမရှေ့မှာပဲ ဝင်လာတာ၊ ဒီမှာပဲ ရပ်နေတာမဟုတ်ဘူးလား..သူတို့ မြင်သလို ထင်သလိုပြောသွားတာ သိရက်သားနဲ့၊ ကလေးပေါက်စလေးလို ဒေါသထွက်နေတာ မမဘာသာ ပြန်ကြည့်ဦး.."

"သူတို့မြင်သလို ထင်သလိုပြောတာမဟုတ်ဘူး..မင်းရဲ့ဘာလိုလို စကားတွေကြောင့် ဒီလိုတွေထင်ကုန်တာ၊ အခု အခုကလေးရှေ့မှာ.."

ဟု ပါးစပ်တလုံးကြီးပြောချလိုက်တော့မည့်စကားက ကလေးဆီမျက်လုံးဝေ့သွားမိပြီး ရပ်တန့်ကုန်သည်။ အဖြူရောင် ဂါဝန်ရှည်လေးနှင့် ပန်းကလေး၏ရင်ဘက်ပေါ်မှာ နီရဲရွှဲမှည့်နေသည့် ပတ္တမြားလော့ကတ် နှင့် ဆွဲကြိုးလေးက တဖျတ်ဖျတ်လက်နေ၏။

အဆင်းမျက်နှာလေး ရှုပ်ပျက်ဆင်းပျက် ဖြစ်သွားလေသည်။ ဒါကိုကြည့်၍ အလင်းက လက်ပိုက်လိုက်ရင်း ခပ်မိန့်မိန့်ပြုံးသည်။ မျက်လုံးချင်းဆုံစဉ် ကိုယ်သာနားလည်သော ကြေကွဲခြင်းများနှင့်.. ၊

"မမလည်ပင်းကဆွဲကြိုးက ဟိုလူကြီးပေးတာပေါ့.."

"ဟုတ်တယ်..ဆွဲကြိုးလေးမဟုတ်ဘူးနော်၊ ပတ္တမြားလော့ကတ်တပ်ထားတာ..ဘယ်လိုအရည်အသွေးဆိုတာတော့ မင်းသိမှာမဟုတ်ပါဘူး..ရတနာစိန်ကျောက်အကြောင်းမပြောနဲ့၊ စီးပွားရေးဆိုတာကိုတောင် မင်း ဘာမှန်းသသေးတာမှတ်လို့..ဦးဇင်လင်းက ငါ့ကိုလက်ထပ်ခွင့်တောင်းတာလေ၊ ဒီဆွဲကြိုးကိုလက်ခံလိုက်တာဟာ ငါသူ့ကိုလက်ထပ်ဖို့ သဘောတူလိုက်တာပဲ..အဲ့ဒီတော့ မင်းနောက်ထပ် ငါ့ဆီကိုမလာနဲ့၊ မင်းနဲ့ယုန်ထင် ကြောင်ထင်တွေဖြစ်ပြီး သူဌေးတစ်ယောက်ကို ငါအဆုံးရှုံးမခံနိုင်ဘူး.."

"ဟား ဟား ဟား.."

နှစ်ယောက်စလုံး၏ရင်ထဲမှာ အတိတ်၏မြူခိုးတွေ ရစ်သိုင်းဝေ့သီနေဆဲတွင် အလင်း၏

ဟားတိုက်ရယ်သံက မိုးသံကိုထွင်းဖောက်၍ ထွက်ပေါ်လာ၏။ သို့သော် အလင်း၏မျက်ဝန်းမှာ မျက်ရည်ရောင်တို့ဖြင့် တလက်လက်ဖြာနေကြသည်။

"အဲ့ဒါဆွဲကြိုးလေး မဟုတ်ဘူးနော်..ပတ္တမြားလော့ကက်တပ်ထားတာ၊ ဘယ်လိုအရည်အသွေးဆိုတာတော့ မမသိမှာမဟုတ်ပါဘူး..ဒါမျိုးက ရတနာစိန်ကျောက်တွေနဲ့ အမြဲတမ်းရင်းနှီးနေတဲ့လူမှ သိမှာ၊ ဒီနေ့ဒီမှာ ကြွေးပေးစရာရှိလို့ အတိအကျပြန်ပေးဖို့ ကျွန်တော်လာခဲ့တာ.."

"မင်း.."

အဆင်း မျက်ဝန်းမှာ မျက်ရည်တွေပြည့်သိပ်လာ၏။ ပြီးတော့ နှုတ်ခမ်းသားလေးကို ပြတလုမတတ် ဖိကိုက်ထိန်းချုပ်ထားသည့်ကြားမှ ပါးပြင်ထက်သို့ တလိမ့်လိမ့်ဖြတ်ဆင်းသွားကြ၏။ ရင်ထဲမှာ စူးအောင့် နေအောင် နာကျင်လာသည်။ ကိုယ်ပြောခဲ့တာ ကိုယ်သိသည်။ ဘာဖြစ်လို့ပြောခဲ့ရတာလည်းဆိုတာလည်း ကိုယ်ပဲသိသည်။ နှစ်ခါကွဲသည့်အသည်းမို့ ခံနိုင်စွမ်းမဲ့နေပြီထင်သည်။

အလင်းကိုငေးကြည့်ရင်း မျက်ဝန်းတွေ တရိပ်ရိပ်ပြာဝေလာခဲ့ပြီး.. ၊

"မမ.."

ခွေကျပြိုလဲသွားသည့် အဆင်းကိုအလင်း ကမန်းကတန်း ဆွဲပွေ့လိုက်၏။

"မမ.."

မျက်ရည်တွေ စိုလူးနေသည့်အဆင်း၏ မေးဖျားလေးကိုဆွဲလှုပ်ခေါ်ရင်း အလင်းမျက်ဝန်းမှ မျက်ရည်တို့ကြောင့် ဝေဝါးသွားခဲ့၏။ ဒီလို ပျော့ဝင်သွားမှာကို သူမလိုချင်ဆုံး။ ထို့ကြောင့် အံကြိတ်သံကျိခနဲမြည် သွားပေမယ့် မျက်ရည်တစ်စက်က သစ္စာမဲ့၏။ အဆင်း၏ မျက်နှာလေးကို ငုံ့ကြည့်စဉ်မှာ လှိုက်ခါပူလောင်ခြင်းက ရှိခဲ့ဖူးသည့် သံယောဇဉ်နှောင်ကြိုးတင်းခဲ့ခြင်းပဲလား.. ၊

မုန်းဖို့ကြိုးစားရင်းနှင့် ချစ်ပြီးရင း ချစ်နေသည်။ ကလဲ့စားချေမည်။ လက်တုံ့ပြန်မည်ဟု ကြိမ်းဝါးရင်း ကိုယ်သာလျှင် ဒူးတုပ်လဲနေခဲ့၏။

'မမကို ကျွန်တော်သိပ်ချစ်တာပဲမမရယ်.."

## အခန်း(၃၁)

"မေမေ..မေမေ့.."

"ဟင်.."

မိုးစက်သံတွေ တဖြောက်ဖြောက်ကျသံကို ကြားရဆဲဖြစ်၏။ ကိုယ့်ကိုလှုပ်နှိုးသဖြင့် မျက်လုံးတွေဖွင့်လိုက်တော့ မိုးလင်းနေပါပြီ.. ၊

"မီးမီး.."

အဆင်း အိပ်ရာထက်ကနေ ထထိုင်လိုက်မိစဉ် ဒေါ်မြတ်စုပန်းကန်လေးကိုင်၍ ဝင်လာ၏။

"ဟော..နိုးနေပြီလား၊ ဒီမှာ အဆင်သင့်စားရအောင် မုန့်ဟင်းခါးထည့်လာခဲ့တယ်.."

"အန်တီမြတ်.."

"ဟင် ဘာလဲ..ပြောစရာရှိတာ နောက်မှပြော၊ မျက်နှာသွားသစ်လိုက်ဦး..အလုပ်ချိန်တော့မီသေးတယ်၊ နေကောင်းရင်သွားပေါ့..မကောင်းရင်လည်း မသွားနဲ့လေ၊ ညတုန်းကညည်းခေါင်းမူးနေမှန ကောင်လေးလာပြောမှသိတယ်.. စိတ်ကလည်းကြီးလိုက်တာအေ၊ မူးအောင်မော်အောင်များ ဖြစ်ရတယ်လို့.."

အဆင်းဘာမှပြောမရအောင် သူမပဲပြော သူမပဲမှတ်ချက်တွေချကာ ဘေးမှာဝင်ထိုင်ရင်း မုန့်ပန်းကန်ကို စားပွဲပေါ်လှမ်းတင်၏။

"ညည်းယောက်ျားလည်း ညကဆယ့်တစ်နာရီမှ ပြန်သွားတာ..ဒါတောင် ငါတို့ကို လာခေါ်ပြီး သူ့ခမျာ ထိုင်နေသေးတာ၊ မိုးတိတ်တုန်းပြန်လို့ ငါကပြောလို့..ပြီးတော့ သူ့သမီးကသူ့လက်ပေါ်မှာ အိပ်ပျော်နေတာလေ၊ သူ့မှာ မချရက်ချရက်ဖြစ်နေရှာတာ.."

"မေမေ..ဖေဖေ့ကို ဘာဖြစ်လို့စိတ်ဆိုးနေတာလဲဟင်၊ ဖေဖေ ရှိရက်သားနဲ့ မရှိတော့ဘူးလို့ ဘာဖြစ်လို့ ညာပြောတာလဲ.."

"မီးမီး.."

"မီးမီး.ဖေဖေနဲ့ တူတူနေချင်တယ်.."

"အို.."

"အဲ့ဒါပေါ့ အဆင်းရယ်..မသိရင် အကြောင်းမဟုတ်ပေမယ့် သိသွားရင်တော့ ကလေးကဘယ်နေတော့မလဲ၊ ပြီးတော့ သူ့အဖေကချမ်းချမ်းသာသာမဟုတ်ဘူးလား..ဟိုကလည်းညည်းတို့သားအမိကို ပြတ်ပုံမပေါ်ပါဘူး၊ ဘာအကြောင်းတွေပဲ ရှိခဲ့ရှိခဲ့ ကလေးမျက်နှာလေးကိုငဲ့ပါကွယ်.."

ကလေးက စွဲမိစွဲရာစွဲသည်။ လူကြီးတွေက ဖြေရှင်းလို့မရ။ အဆင်းခေါင်းတွေပို၍ကိုက်ခဲလာတော့ ၏။ အခြေအနေတွေက ရှင်းမရအောင်ဘာဖြစ်လို့ ဒီလောက် တိုက်ဆိုင်ကုန်ရတာလဲ။ အလင်းရောက်လာတာ ဒီလိုထင်ကုန်အောင် တမင်ရည်ရွယ်တာမဟုတ်မှန်း အဆင်း ခံစားမိသည်။

ညကလည်း ချော်လဲရောထိုင်လုပ်သွားတာ မဖြစ်နိုင်မှန်းတွေးမိသည်။ ကလေးရှေ့မှာ ဒီလိုထင်ကြ၊ ပြောကြတာတွေကို မရှင်းဘဲနေလိုက်တာပဲ ဖြစ်မှာပါ။ မကျေနပ်ချက်တွေနှင့် ပြည့်နှက်နေသောအလင်း၏ မဲ့ပြုံးများထဲမှာ ကိုယ့်ကိုအလဲထိုးချင်သည့် ပြိုင်ဘက်ရန်သူတစ်ဦး၏ နာကြည်းမှုတွေသာ ရှိနေခဲ့သည်။

ဒါကို သူမမြင်ပါသည်။ ကျေကျေနပ်နပ်လည်း ခံယူနိုင်၏။ ဒါပေမယ့် တကယ်တမ်းလွဲချော်မှားယွင်းကုန်တာကို ဘယ်လိုပြန်လည်၍ တည့်မတ်ယူရမည်နည်း.. ၊

"မေမေ..မေမေ.."

အဆင်းငေးနေတာကို ပန်းကလေး မရမကလှုပ်ခေါ်သည်။ ဒေါ်မြတ်စုက အလိုက်တ

သိပခုံးလေးကို သိမ်းဖက်လိုက်ကာ.. ။

"မေမေသိပ်နေမကောင်းဘူး ကလေးရဲ့..ကဲ အဆင်းလည်း ဒီနေ့တော့နားလိုက်ပါ၊ ကလေးကို စုစုပဲ ကျောင်းလိုက်ပို့လိမ့်မယ်..ဒီနားတင်ပဲဟာ.."

ထိုအခါကျမှ ပန်းကလေးကိုယ်မှာ မူကြိုဝတ်စုံလေး အဆင်သင့်ဝတ်ထားပြီး ဖြစ်တာကိုသတိထားမိသည်။ ကိုယ့်အိမ်ငှားဆိုပေမယ့် ဒေါ်မြတ်စုတို့က အထည်သည်တွေပါ။ ပြေပြေလည်လည်နေနိုင်ကြသည်။ ကိုယ်ကအိမ်ရှင်ဆိုပေမယ့်လည်း သားအမိနှစ်ယောက်တည်းမို့ သူတို့ဆီကအကူအညီနှင့် မကင်းတာကိုယ်ပဲ ဖြစ်သည်။

နှုတ်၏စောင်မခြင်း၊ လက်၏စောင်မဖြင်းအပြင် ခုလိုအချိန်တွေမှာ အားကိုးခဲ့ရတာတွေလည်း ရှိသည်။ ထို့ကြောင့် ခြေရင်းခေါင်းရင်းနေပေမယ့် တစ်မိသားစုတည်းလိုပင်.. ။

"အန်တီမြတ် ညက မီးမီးရဲ့မွေးနေ့ ဘယ်လိုဖြစ်သွားလဲဟင်.."

အဆင်း မျက်စိမျက်နှာပျက်နေတော့ ဒေါ်မြတ်စုက ပေါ့ပါးစွာရယ်မောလျက်.. ။

"အမယ်လေး..မွေးနေ့က ပျက်စရာလားအဆင်းရဲ့၊ သူ့အဖေရှိနေတာပဲဥစ္စာ.. စားမယ့်သူလည်း တို့ပဲရှိတာလေ၊ ပြင်ဆင်ထားပြီးသားကို ဆက်လုပ်ပြီး ဝိုင်းကူသိမ်းရင်း ဝိုင်းကူစားပေးကြတာပေါ့..ဟဲ ဟဲ ညည်း တစ်ယောက်ကလွဲရင် အားလုံးစုံပြည်ပါတယ်.."

အဆင်း မယံနိုင်ပါ။ ဘာပဲဖြစ်ဖြစ် သူမသတိလစ်နေတဲ့အတွက် အလင်းလည်း အနားမှာပဲထိုင်နေမှာ ဖြစ်ကာ အားလုံးကရော ရယ်နိုင်ကြပါ့မလား.. ။

"မီးမီး.."

သမီးလေး ဘယ်လိုနေရှာမလဲလို့ စိုးရိမ်ကာ လက်ဖျားလေးကိုလှမ်းဆုပ်လိုက်မိ၏။ ပန်းကလေးက သူမရင်ခွင်ထဲ တန်းရောက်လာပြီး.. ။

"ဖေဖေကပြောသွားတယ်..မေမေ့ကို ဘာမှသွားမမေးရဘူး မေမေစိတ်ဆိုးလိမ့်မယ်တဲ့.. ဖေဖေလို့လည်း မေမေရှေ့မှာ မခေါ်နဲ့တဲ့.."

အဆင်းမျက်နှာလေးငုံ့သွားတော့ အကဲခတ်နေသည့် ဒေါ်မြတ်စုက သဘောကျစွာပြုံးသည်။

"မေမေ..ဘာဖြစ်လို့လဲဟင်၊ မီးမီးက ဖေဖေ့ကိုမခေါ်ရဘူးလား..မေမေ့လက်ကိုကိုင်ထားပြီး ဖေဖေငိုနေတယ် မေမေရဲ့၊ ဖေဖေ့ကို သနားပါတယ်..မေမေက ဘာဖြစ်လို့ စိတ်ဆိုးနေတာလဲ၊ ဖေဖေ့ကို မီးမီးခေါ်ချင်တယ် ..ခေါ်မယ်နော် ခေါ်ရမယ်မဟုတ်လားဟင်.."

"မီးမီး..မီးမီးတော်တော့.."

အော်ငေါက်တာမဟုတ်ပေမယ့် လေသံကတော့ နည်းနည်းမာသွားမှာပါ။ ပန်းကလေးအသံ တိခနဲ တိတ်ကျသွားသည်။ ဒေါ်မြတ်စုက ဘာမှမပြောတော့ဘဲ ကလေးလက်ကလေးကို ဆွဲ၍ ချော့မော့ခေါ်သွားလေ သည်။ ဒါပေမယ့် ပြောသွားတာတွေက.. ။

"မေမေက နေမကောင်းလို့ပါ မီးလေးရယ်..ကိုယ့်အဖေပဲဟာ ဖေဖေလို့ခေါ်တာ မေမေဘာပြောမှာလဲ၊ လာရင်ခေါ်ပေါ့..တိတ်နော် ကျောင်းသွားခါနီး မျက်ရည်မကျရဘူး.."တဲ့.. ။

အပြင်က စကားသံတွေကို အတိုင်းသားကြားနေရသည်။ အဆင်းပင့်သက်မောကိုချရင်း ခုတင်ပေါ်က ဆင်းလိုက်၏။ ခေါင်းထဲမှာ မူးနောက်နောက်ဖြစ်နေဆဲပါ။ ဒါပေမယ့် အလုပ်

သွားဖို့ဆုံးဖြတ်ကာ မျက်နှာသစ် ၍ သနပ်ခါးရေကျဲလေးလိမ်းလိုက်တော့ သနပ်ခါးသံကြောင့် စိတ်ထဲမှာကြည်လင်သွား၏။

ရှစ်နာရီခွဲပြီးတာနှင့် ဟိုဘက်ဒီဘက် နှစ်ခြမ်းစလုံးမှာ လူတွေမရှိကြတော့တာ ထုံးစံပင်။ မိုးလင်းတာနှင့် ကိုယ်ကျွမ်းကျင်ရာ ဝမ်းစာရှာဖွေကြရသည့်လူတွေမို့ ညဘက်ကျမှ ပြန်ဆုံကြတာဖြစ်၏။ ဒီနေ့တော့ အဆင်းနောက်အကျဆုံးဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် အလုပ်ပျက်လို့ မဖြစ်ပါ။ ရာထူးတိုးထားတာ မကြာသေး။ ပြောစရာမဖြစ်ချင်ပါ.. ၊

ပန်းနုရောင် ပိတ်ဇာကျဲလေးနှင့် မာဘယ်လ်အပျော့သားထမီလေးကိုလဲပြီး ခေါင်းဖီးတာတောင် ခါတိုင်းလို မှန်ရှေ့မှာ ကျကျနနထိုင်မဖြီးဖြစ်။ စိတ်က အလုပ်နောက်ကျမှာကိုရော သမီးလေးကို ဝင်တွေ့ပြီး မုန့်ဝယ်ကျွေးဖို့ ချော့မော့နှစ်သိမ့်ဖို့ အားလုံးပဲ အစီအရီတွေးနေမိ၏။ ထိုစဉ်.. ၊

"မမ.."

"ဟင်.."

အဆင်း ဆတ်ခနဲတုန်သွားစဉ် စေ့ထားသည့်တံခါးက အဆုံးထိဟဲခနဲ ပွင့်သွား၏။ ပြီးတော့ အပြာရောင် ခန်းဆီးရှည်ကို သိမ်းဖယ်ကာ အလင်းကဝင်လာသည်။

"မင်း..မင်းဒီထိ ဘာဝင်လုပ်တာလဲ၊ သွား..ထွက်သွား.."

"သွားမှာပါ..မမကို မေးစရာရှိလို့.."

"မမေးနဲ့..ငါဘာမှပြောစရာမရှိဘူး.."

"ပြောစရာမရှိရင် ဆက်ရေးထားတဲ့ ဒိုင်ယာရီစာအုပ်တော့ ရှိမှာပေါ့..ကျွန်တော် ဖတ်ကြည့်ချင်တယ်.."

"ဘာ.."

အလင်းက ရှေ့ထပ်တိုးသည်။ အဆင်းက စူးစူးရဲရဲကြည့်နေသည်။

"နှစ်လပိုင်း နှစ်ထောင့်သုံးခုနှစ်က နေ့စွဲနဲ့ဒိုင်ယာရီစာအုပ်တစ်အုပ်မှာ ဆုံးသွားတယ်.. ဒါပေမယ့် ခုနှစ်တွေက ခရီးဆက်လာခဲ့တာ ဒီဘက်မှာ အများကြီးပဲရှိသေးတယ်၊ ဒါကို ကျွန်တော်သိရမှဖြစ်မယ်မမ..မမပြောမပြနိုင်ရင် စာအုပ်ပေးပါ.."

"ဘာမှမရှိဘူး..ငါဘာမှ ဆက်မရေးခဲ့လို့ ဘာမှမရှိတာ၊ မင်းပြန်ကွာ..သွားပါ.."

အလင်း မျက်နှာကနီရဲနေသည်။ သူတစညလုံး ဘယ်လိုမှအိပ်လို့မပျော်နိုင်။

......မင်း ရမ်းကားတယ် အလင်းရယ်............

.......မသိတာပဲ ကောင်းပါတယ်..........

........မင်း ဘယ်တော့မှသိခွင့်မရှိတော့ဘူးဆိုတာလည်း ငါတစ်ယောက်ပဲသိတယ်.....

........လောကကို ရင်ဆိုင်ဖို့ ငါသတ္တိရှိတယ်၊ ဒါပေမယ့်.............

........နောက်ထပ် မိဘမဲ့တဲ့ ဘဝလေးတစ်ခုကို ဖန်တီးပေးရမယ့် ငါ့ရင်ထဲမှာ.........

စာက ဒီမှာပဲဆုံးသွားသည်။ မင်နီသားထားပြီး စာစု(၂)သို့ဟု မြားထိုးရေးထား၏။ ထိုစာတစ်ပိုဒ်ကြောင့် သူအကြီးအကျယ် ဗျာများခဲ့ရသည်။ မမနဲ့သူ့ရဲ့ ညတစ်ညအကြောင်းကို

ရေးထားသည့်စာမျက်နှာ၊ ပြီးတော့ ထိုနောက်ဆုံးက စာမျက်နှာရယ်။ သူ့ရင်တစ်ခုလုံးဖြောင်း ဆန်အောင် လှုပ်ခါသွားခဲ့၏။

နောက်စာစု(၂)မှာ ဘာတွေရှိနေမလဲ မကြည့်ပေမယ့် သိနေသလိုပင်.. ။

"မမ.."

ဒါကို မရမကမေးဖို့ ဆုံးဖြတ်လာခဲ့သည့်အတိုင်း.. ။

"ဦးဇင်လင်းအောင်က မင်္ဂလာဦးညမှာပဲ ဆုံးသွားတာ.. ဒေါ်ဖြူဖြူဇင်တို့နဲ့ မမ အဆင်မပြေတဲ့အကြောင်း တွေကိုလည်း ပတ်ဝန်းကျင်မှာ ဟိုပြောဒီပြောပြောနေကြတယ်..မမပြောစမ်းပါ ပန်းကလေးက.."

"မင်း ပါးစပ်ပိတ်ထား.."

"မပိတ်နိုင်ဘူး..ဒါကျွန်တော်နဲ့ သက်ဆိုင်နေတယ်ဆိုတာ ကျွန်တော်သိတယ်၊ ပန်းကလေးက ဘယ်သူ့ရင်သွေးလဲ.."

"ငါမွေးတာ ငါရင်သွေး.."

"ကျွန်တော်နဲ့ချွတ်စွတ်တူနေတာက ကျွန်တော့်ကို စွဲလမ်းလွန်းလို့ပေါ့.."

"ဟုတ်တယ်..မုန်းလို့လေ၊ မင်းပဲ ပြောတာလေ မုန်းဖို့မေ့သွားမှာဆိုးလို့ အမြဲတမ်းမုန်းနေလို့ရအောင် ရုပ်တူလေးမွေးထားတာ..မင်းလို လူရမ်းကားကို ငါ့အတွက်က မုန်းနေဖို့ပဲရှိတာ.."

"မဟုတ်ဘူး..မမညာတာ.."

"မင်း ရှေ့မတိုးနဲ့နော်.."

အလင်း ဖျတ်ခနဲတိုးလိုက်သဖြင့် အဆင်းကယောင်ကတမ်း ဆုတ်ပစ်လိုက်သည်။ ခြေထောက်တစ်ဖက်က မှန်တင်ခုံရှေ့ခုံနှင့် တိုက်မိကာ လူကယိုင်သွားသည်။ ကိုယ်ကိုပြန်မတ်လိုက်ချိန်မှာ အလင်းက သူမရှေ့မှာ ထိကပ်တော့မတတ်.. ။

"ဒီအချိန်ထိ မမအတွေတွေကြီးနေတုန်းပဲလား..မမနဲ့ ကျွန်တော်မောင်နှမမဟုတ်ဘူးဆိုတဲ့ ပြဿနာနဲ့ ဒေါ်ဖြူဖြူဇင်တို့ကလည်း မကြည်ဖြူခဲ့ကြဘူး၊ အားလုံးကဲ့ရဲ့ကြလို့ ရန်ကုန်ကနေတောင် ထွက်သွားခဲ့ရပြီးပြီ.. တကယ်ဆို အဲ့ဒီမှာကတည်းက မဟုတ်တာကို မဟုတ်တဲ့အတိုင်း နေပစ်လိုက်ကြရင် မမနဲ့ကျွန်တော်ခလောက်ဆို.."

"လျှောက်ပြောမနေနဲ့.."

အဆင်း ခေါင်းခါပစ်သည်။ ဖိကိုက်ထားခြင်းကြောင့် နှုတ်ခမ်းသားလေးတွေ ရဲတွတ်နေပြီဖြစ်၏။

"မင်း အဲ့ဒီအဖြစ်တွေကို မေ့လိုက်ပါ..ငါ့ကိုထပ်ဒုက္ခမပေးပါနဲ့တော့၊ ငါတောင်းပန်ပါတယ်.."

"ဘာဒုက္ခလဲမမရာ..အဓိပ္ပာယ်မရှိ မမအခု ဘယ်လောက်ပင်ပန်းနေသလဲ၊ မရှိတာကို အရှိလုပ်ပြီး ရှိနေတာကို ဖျောက်ဖျက်ဖို့ကြိုးစားတယ်..မမ ဝန်မခံပေမယ့် ကျွန်တော်သိတယ်၊ မမနဲ့ဦးဇင်လင်းအောင် မပေါင်းခဲ့ရဘူးမဟုတ်လား..ပန်းကလေးက ကျွန်တော်နဲ့.."

"မဟုတ်ဘူး.."

“ဟုတ်တယ်..”

“အို..ဖယ်နော်..”

“မမ စိတ်ထဲမှာ ကျွန်တော်ကမမရဲ့မောင်လေးဆိုတဲ့ အတ္တစွဲကြီးကို ခွာချလိုက်ပါ.. ဘာမှမှမဆိုင်ကြတာ မမရယ်.”

“အို..ဟင့်အင်း..”

အလင်းက အတင်းအကျပ်သိမ်းဖက်လိုက်သည်။ တမ်းတမေ့မူးခဲ့သော အနမ်းများဖြင့် အဆင်းတစ်ကိုယ်လုံးကို စက္ကန့်များစွာ သိမ်းပိုက်ထားခဲ့လေသည်။

“အလင်း..အလင်းနော်..”

ရုန်းနေရင်း မလတ်မြောက်ရင်းနှင့် အလင်းရင်ခွင်ထဲမှာ အဆင်းမျက်ရည်များနှင့်ပဲ ပျော့နွဲ့ငြိမ်သက် သွားခဲ့၏။

“မမကို ကျွန်တော်သိပ်ချစ်တယ်..မမျှော်လင့်ဘဲ ပြန်လည်ရှင်သန်လာခဲ့တဲ့ ကျွန်တော့် မျှော်လင့်ချက်တွေ ကို ရိုက်ချိုးမပစ်လိုက်ပါနဲ့၊ မမလိုပဲ ကျွန်တော်တောင်းပန်တာပါ.. ဆုံးရှုံးရဖိတွေ ဘယ်လောက်ပဲရှိရှိ မမကို နောက်ထပ် ဆုံးရှုံးရဦးမယ့်အဖြစ်ကလွဲရင် အားလုံးကိုရင်ဆိုင်နိုင်တယ်..စွန့်လွှတ်နိုင်တယ်၊ မမကို ကျွန်တော် ပိုင်ဆိုင်ပါရစေ..ပိုင်ဆိုင်ခွင့်ပေးပါ..”

အဆင်း၏မေးဖျားလေးကို မော့ယူ၍ တမ်းတငေးမောရင်း တတွတ်တွတ် တောင်းဆိုသည်။ လှပသည့် နှုတ်ခမ်းလွှာလေးတွေမှာ အကြည့်တို့ခိုနားရင်း တုံ့ပြန်ပြောလာမည့် အဖြေစကားကို ရင်ခုန်ခဲ့သည်။ သို့သော် အဆင်းသည် မျက်ရည်ပြည့်လျှံသော မျက်ဝန်းများဖြင့် သူ့ကိုမော့ငေးနေလျက်.. ၊

“မဖြစ်နိုင်ဘူး..”

“မမ..”

အဆင်း၏ နှုတ်ဖျားမှ ပြတ်သားစွာငြင်းပယ်လိုက်ခြင်းက မယုံနိုင်စွာခိုင်မာပြတ်သား နေခဲ့သည်။ မျက် တောင်ဖျားတို့သည့် ဖျတ်ခနဲခတ်ပစ်လိုက်တာမျိုးမဟုတ်ဘဲ လူပ်လီလူပ်လဲ့ မျက် လွှာစင်းချလိုက်ခြင်းဖြင့် မျက်ရည်တို့ကို တွန်းထိုးရိုက်ပုတ်ပစ်ချလိုက်သည့်နှယ်.. ၊

နွေးသည်ထက်ပိုမိုသော မျက်ရည်တို့က ပူလောင်နေကြ၏။ ဒါပေမယ့် ပူခြင်းအေးခြင်း စသော ခံစားချက်အပေါင်းတို့သည် ဂုဏ်သိက္ခာဆိုသော စည်းမျဉ်းတစ်ကြောင်း၏ အပြင်ဘက်မှာ တိုးမပေါက်နိုင်ဘဲ ရှိခဲ့၏။ တစ်ချိန်သောအခါက သူပေးဆပ်ခဲ့ရသမျှ မျက်ရည်တို့သည်.. ၊

“မင်း ဘာမှဖုံးဖိဘူးကွယ်ဖို့ မကြိုးစားနဲ့တော့ အဆင်း..ပတ်ဝန်းကျင်စကားဆိုတာ ကားတတ်တယ် ဆိုပေမယ့် ဝမရှိဘဲ ဝိမဖြစ်ဘူး၊ ကိုဇင်ဆုံးသွားတာ ညခုနှစ်နာရီဆယ်မိနစ်.. အက်ဆီးဒင့်ဖြစ်သွားတဲ့ နေရာမှာပဲ ပွဲချင်းပြီးဆုံးခဲ့တာ၊ မင်းတို့ မင်္ဂလာခန်းထဲတောင် မရောက်ကြသေးဘူး..ဒီကိုယ်ဝန်ရှိတာဖို့အကြောင်းက ဘာလဲ၊ ချက်တော်ကို လက်တော်နဲ့ရစ်ခဲ့တာမျိုးလား..မစ္စဒေဝီမင်းသမီး ရှင်ဥပဂုတ္တမထေရ်လောင်းတော်ကို ပဋိသန္ဓေရတဲ့ပုံမျိုး ရင်ဘက်တော်ကို လက်တော်နဲ့တွန်းလိုက်ရုံလေးနဲ့ ရသွားတာမျိုးလား..အဟွန်း ရယ်စရာပဲ၊ ကိုဇင်နဲ့မင်း ဘယ်လိုနားလည်မှုတွေနဲ့ လက်ထပ်ဖို့ဖြစ်ကြတာဆိုတာ တို့မသိပေမယ့် မင်းသိပ်ယုတ်မာတယ်အဆင်း..တစ်သက်လုံး တစ်အိမ်တည်းမှာလွတ်လွတ်လပ်လပ်ကြီး နေချင်သလို

နေခဲ့ကြပြီးမှ အိမ်ထောင်ကိုရှာတော့ တကယ့်ဂုဏ်သရေရှိသူဌေး လူပျိုပျိုစစ်စစ်ကိုမှ ရအောင် ယူတယ်.."

"ပြောမနေနဲ့မမ..လင်းတို့က သူ့ကိုအထင်ကြီး ကိုးကွယ်ခဲ့ကြတာကို၊ မိန်းမချင်း တောင်မှ မျက်စိမှားလောက်အောင် မာယာကောင်းခဲ့တာ ယောကျ်ားလေးက နွားဖြစ်တာ ကိုဇင်မက်တာမဟုတ်ဘူး..အားလုံး သူ့ရဲ့မာယာ ပရိယာယ်တွေအောက်မှာ မင်တက်မိကုန်ကြ တာ.. သိပ်ကိုလည်တဲ့ မိန်းကလေး.."

ညီအစ်မနှစ်ယောက် နာကြည်းစက်ဆုပ်သော မျက်လုံးတွေ စကားသံတွေအောက်မှာ အဆင်းဘာမှ မချေပနိုင်ခဲ့ပေ။ သူမကိုယ်တိုင် ယုတ်ယုတ်မာမာ ဖန်တီးခဲ့တာမဟုတ်ပါ။ ကိုယ့်အမှားအတွက် ကိုယ့်ဘာသာ ကြိတ်မှိတ်ရင်းဖို့ ကြိုးစားနေချိန်မှာ ဦးဇင်လင်းအောင်က ဗွတ်တရွတ်ကြားဝင်ခဲ့သည်။

သူဖြေရှင်းမှဖြစ်မည့်အကြောင်းကို အကျယ်တဝင့်နားချရင်း လက်ထပ်ခွင့်တောင်းခဲ့၏။ အဆင်းမှာ ကိုယ်ဝန်ရှိနေသည့်အကြောင်းက သူနှင့်အတူ အလုပ်ကိစ္စနှင့်သွားရင်း လမ်းမှာမူး လဲတော့ ဆေးခန်းဝင်ပြရင်း ပေါ်သွားခဲ့သည်။ နီးစပ်ရာဆေးခန်းမှာ ဝင်ပြရတာမို့ ဆရာဝန်က လည်း ရင်းနှီးသည့်ဆရာဝန်မဟုတ်ပေ.. ।

"ခင်ဗျားအမျိုးသမီးမှာ ကိုယ်ဝန်နှစ်လရှိနေပြီ.."တဲ့.. ।

ဆရာဝန်မေးသမျှကိုဖြေရင်း မေးခွန်းတွေက ဒီဘက်ကိုဦးတည်လာတော့ ဦးဇင်လင်း အောင် မသိရအောင် တားဆီးဖို့အဆင်း ကြိုးစားသည်။ ဒါပေမယ့် ဆရာဝန်က ပြောလိုက်ပြီဖြစ် ရာ.. ।

"ဗျာ.."

ဦးဇင်လင်းအောင်သည် ရုတ်တရက် တအံ့တသြကြီးဖြစ်ကာ အဆင်းကိုဖျတ်ခနဲလှမ်း ကြည့်၍ ငြိမ်ကျသွား၏။ ထိုမျက်လုံးတို့နှင့် ခဏလေးဆုံမိလိုက်စဉ်တွင် အဆင်းဆိုသည့် သူမ၏ကိုယ်ခန္ဓာဟာ လေအသုတ် မှာ ဝေ့ခနဲမြောက်တက်လွင့်ပါသွားသည့် သစ်ရွက်ခြောက် လေး တစ်ခုလိုပင်။ ရှက်ရွံ့တုန်လှုပ်ခြင်းကြောင့် စက္ကန့်များစွာ သတိမဲ့စွာ တောင့်တင်းနေ ခဲ့လေသည်။ ဦးဇင်လင်းအောင်ကို အံ့သြဝမ်းသာသွားသည်ဟု ထင်ပုံရသော ဆရာဝန်က ပြုံးပြုံးကြီးရှိကာ.. ।

"နည်းသေးတယ်နော်..ဒီလောက်အရွယ်ဆို အနည်းဆုံးနှစ်ယောက် သုံးယောက်တော့ ရှိသင့်နေပြီ.."

ဟုနောက်ထပ် စနေသေး၏။ ဦးဇင်လင်းအောင် အံ့သြခြင်းများအစား လှိုက်လှဲနွေးထွေး သော အပြုံးဖြင့် အဆင်းဘေးမှာလာရပ်ပြီး လက်ဖဝါးလေးကို ခပ်ဖိဖိဆုပ်ညှစ်သည်။

"ဟုတ်တယ်ဗျာ..ကျွန်တော်က လိုချင်တာကြာပြီ၊ မိန်းမက မလိုချင်သေးလို့လေ.. ခုကြည့်ပါလား၊ ကလေးရတာကို သူလန့်နေတာ၊ နည်းနည်းပါးပါးပြောပြပေးပါဦး..ဒါက ဝမ်းသာစရာပဲဟာ.."

ဦးဇင်လင်းအောင်က အမူအရာတွေကောင်းနေသည်။ ဒါပေမယ့် ကိုယ့်ကိုလှောင်နေသလို ပါပဲ။ လက် ဖဝါးကို တယုတယဆုပ်ကိုင်အားပေးနေသည်ဟု ဆရာဝန်ကတော့ ထင်နေမည်။

ခပ်ဖိဖိ ဆုပ်ကိုင်ထားခြင်း ဟာ ဘယ်လိုသက်ရောက်မှုတွေလည်းဆိုတာတော့ သူနဲ့အဆင်းနဲ့ပဲ သိကြတာပါ။ ကားပေါ်ပြန်ရောက်ကြတော့ အဆင်း ရှိုက်ကြီးတငင်ငိုသည်။

သူဘာပြောပြော ပြန်မပြောနိုင်အောင် ဆိုနင့်နာကျင်နေခဲ့၏။ နောက်နေ့ကစပြီး အလုပ်လည်းမဆင်း ဖြစ်တော့ပါ။ နောက်ဆုံးမှာ ဦးဇင်လင်းအောင် အားလုံးသိသွားခဲ့သည်။

"မင်းရဲ့စာရိတ္တ ပျက်ယွင်းနေတာမှမဟုတ်ဘဲအဆင်းရယ်..ကိုယ် နားလည်ပါတယ်၊ မင်းကို ကိုယ်ချစ် တဲ့အချစ်က ပျိုတာ အိုတာ နိမ့်တာ မြင့်တာ ဘာအဆင့်အတနးမှ မပါဘူး..အဲ့ဒါကို အခုသက်သေပြချင်တယ်၊ မင်း ကိုယ့်ကိုလက်ထပ်ခွင့်ပြုပါ.."

"အလင်းကို မင်းလက်မထပ်နိုင်ဘူးမဟုတ်လား..သူ့ရဲ့ဇွတ်တရွတ်ဆန်မှုကြောင့် မှားယွင်းခဲ့ကြတယ် ဆိုတာ ကိုယ်ယုံသလို မင်းသက်သေပြဖို့မလိုဘူးလား၊ မောင်နှမဆို တဲ့အဖြစ်ကနေ အကြင်လင်မယားအဖြစ်ကို ပြောင်းလဲဖို့ မင်းဘယ်လိုမှ လက်မခံနိုင်ဘူးဆိုရင် ဒီကိုယ်ဝန်ကို မင်းဘယ်လိုရှင်းမလဲ.."

မေးခွန်းတွေအထပ်ထပ်မေး၍ ဦးတည်ချက်က သူ့ကိုလက်ထပ်ခွင့်ပေးဖို့ပဲ ဖြစ်နေသည်။

"မင်းနဲ့ကိုယ်နားလည်နေကြဖို့ပဲ လိုတာပါ..ဒါကို ဘယ်သူမှသိဖို့မလိုဘူး၊ အမြန်ဆုံး လက်ထပ်ပြီး ကလေးရဲ့အဖေက ကိုယ်ပဲဖြစ်ပါရစေ..ဒါအလင်းဘက်ကို မစာနာရာကျချင်ကျမယ်၊ လောလောဆယ် အလင်းအနေနဲ့မင်းနဲ့ ဒီကလေးကို လုံခြုံမှုပေးနိုင်တဲ့အရည်အချင်း သူ့မှာမရှိသေးဘူး..အဲ့ဒါသေချာတယ်၊ သူ့ဘက် က ဖြစ်နိုင်သည်ဖြစ်စေ မဖြစ်နိုင်ဘူး ဖြစ်စေ..မဖွယ်ရတဲ့ကိစ္စမို့လို့ မင်းသူ့ကိုထည့်မစဉ်းစားပါနဲ့၊ ကိုယ်ကတိပေးတယ်..ဒီကလေးကို ကိုယ့်ရင်သွေးလိုပဲ ရာသက်ပန်စောင့်ရှောက် သွားမယ်..အဲ့ဒါကို ယုံကြည်ပေးပါ၊ ကိုယ့်ကို လက်ထပ်ပါ.."

လက်ထပ်ဖြစ်ခဲ့ကြတာက သူ့ဘက်တောင်းဆိုမှုတွေ အများကြီးရယ်ပါ။ ဒါပေမယ့် သူသေဆုံးသွားတဲ့ အချိန်မှာ ကိုယ့်ဘက်က ယုတ်မာခြင်းတွေပဲဖြစ်ခဲ့၏။ မဟုတ်ပါဘူးလို့ ဘယ်လိုရှင်းပြမလဲ။ ရှင်းပြလို့လည်း မရခဲ့ပါ။ နားလည်းမထောင်၊ လက်လည်းမခံခဲ့ကြပါ.. ၊

"ပြောရရင်တော့ သေသွားတာကပဲ ကောင်းပါတယ်..မိန်းမတစ်ယောက်ရဲ့ ယုတ်မာမှုအောက်မှာ တစ် သက်လုံး နွားဖြစ်သွားရမယ့် ဒုက္ခထက်စာရင် အများကြီးကောင်းသေးတယ်.. ဒီမှာ မင်းရဲ့အတင်းအဖျင်းကို တို့က လျှောက်ပြောမှာတော့ လုံးဝမပူနဲ့၊ မင်းမပြောဖို့ဘဲ လိုတယ်..မင်းနဲ့တို့ရဲ့မောင် လက်ထပ်ခဲ့တာကို သိထားပြီးတဲ့ လူတွေကလွဲရင် နောက်ထပ်ပြီး ကျွန်မကဦးဇင်လင်းအောင်ရဲ့ဇနီးပါလို့ သစ်ပင်တစ်ပင်ရှေ့မှာတောင် သွားရပ်မပြောမိစေနဲ့.."

ဒေါ်ဖြူဖြူဇင်က အဆိုးဆုံးဖြစ်သည်။ ပြောရင်း အံကြိတ်သည်။ မျက်ရည်ကျ၍မဲ့၏။

"ဒီကလေးနဲ့ပတ်သက်ပြီး ငါတို့မိသားစုနဲ့ လေသံတောင်မပတ်သက်ပါနဲ့..ဒါပဲ.."

ဒေါ်ဖြူဖြူလင်းက ခါးနှစ်ဖက်ထောက်၍ နှင်ချသည်။ ဦးဇင်လင်းအောင် ဆုံးသွားပေမယ့် အဆင်းကို ချစခင်ကြည်ဖြူစွာပဲ ထားခဲ့ကြသည်။ တစ်နေ့ဒီလိုဖြစ်လာမှာကို သိသော ကြောင့် အဆင်းကအိမ်မှာပြန်နေခဲ့တာကိုလည်း လက်မခံခဲ့ပေ။

"အို..မပေါင်းကြရပေမယ့် ငါတို့မောင်နဲ့လက်ထပ်ပြီးပြီဆိုတော့ တယောက်မပဲပေါ့၊ မင်းလည်း တစ်ခုလပ်အဖြစ်က အဖတ်တင်ကျန်ခဲ့ရတယ်..ဒီမှာပဲနေပါ၊ ကိုဇင်ရထိုင်တဲ့အမွေအနှစ် မင်းခံစားခွင့်ရှိတယ်.."တဲ့..၊

သူတို့တွေက စိတ်ထားမှန်ကြပါသည်။ မမှန်ခဲ့တာက ကိုယ်။ ဒါ့ကြောင့် လက်ညှိုးငေါက်ငေါက်ထိုး၍ နှင်ချခဲ့ကြတော့ အဆင်းကျတဲ့မျက်ရည်ဟာ မုန်းတီးနာကြည်းလို့မဟုတ်။ မျက်ရည်ခံထိုးခဲ့တာလည်း မဟုတ်ပါ။ ရှက်၍ပဲ ဖြစ်သည်။

ထိုအခါ နောက်ထပ် ဤသို့သောအရှက်ရကြေကွဲခြင်းမျိုး ဘယ်တော့မှမခံစားရအောင် ဘယ်တော့မှ မမှားယွင်းဖို့ အထပ်ထပ်ဆုံးဖြတ်သည်။ ဆုံးဖြတ်ချက်တိုင်းမှာ အလင်းနဲ့ဝေးဝေးနေဖို့ပဲဖြစ်နေခဲ့၏။ ဒါကို အတ္တလို့ ခေါ်သလား။ မချစ်လို့တော့ မဟုတ်ပါ။ မဖြစ်နိုင်ဘူးဆိုသည့်အသိက နှစ်ပေါင်းများစွာ နှလုံးသား ထဲမှာ သပ်စွဲနေခဲ့ပြီမို့ ပြင်ဆင်ဖို့မလွယ်.. ၊

"ဟွန်း..ဒါပါပဲ.."

ဟု ရှုံ့ရှာစွာပြောလာမည့် ဒေါ်ဖြူဖြူဇင်တို့၏ မျက်နှာတွေကို နောက်ထပ်မမြင်ရဲ။ ဒီကမ္ဘာလောကမှာ ဒေါ်ဖြူဖြူဇင် ဒေါ်ဖြူဖြူလင်းသည်လည်းကောင်း နေသဏ္ဍာန်အလင်းဆိုသည့်ယောကျ်ားသည့်လည်းကောင်း တစ်ဖက်ဖက်မရှိမှ ပန်းကလေး၏ 'အဖေ ဘယ်သူလဲ' ဆိုသော နာကျင်ဖွယ်မေးခွန်းလည်း ပျောက်ကွယ်သွားမှာဖြစ်သည်။

သို့တည်းမဟုတ် သူမ မရှိတော့လျှင်ကောင်းမည်။ နောက်ထပ် 'လသဏ္ဍာန်အဆင်း' ဆိုသော သူမကို ဘယ်သူမှမသိသော နေရာဒေသတစ်ခုခုသို့ ပြေးထွက်ရှောင်ပုန်းဖို့သာ ထပ်ရှိလာဦးမည်ဆိုလျှင်.. ၊



## အခန်း(၃၂)

"ဘယ်လိုလုပ်ကြမလဲ.."

တစ်ယောက်နှင့်တစ်ယောက် ဖုန်းတွေဆက်၍ ဆက်သွယ်မေးမြန်းကြ တိုင်ပင်ကြနှင့် ပြီးတော့လည်း ဘာမှဖြစ်မလာဘဲ လူချင်းတွေ့ဖို့ပဲ ချိန်းကြရသည်။ အားလုံးထဲမှာ ဦးဇော်နိုင်နဲ့ဒေါ်တရုတ်မတို့က ခေါင်းဆောင်လိုဖြစ်နေကြ၏။

"နေသဏ္ဍာန်အလင်းက ကိုယ့်လက်ထွက်ပဲကိုဇော်နိုင်..အလုပ်ကစ္စမပါဝင်ခင်ကတောင်မှ သူကခင်ဗျားရဲ့ ဒရိုင်ဘာဖြစ်ခဲ့သေးတာ.."

"အဲ့ဒါတွေက မှန်တယ်လေ..ကိုယ်ပေးတဲ့လခကို ယူပြီး ကိုယ်ခိုင်းတာလုပ်နေတဲ့ ကာလက ကိုယ့်အလုပ်သမားပဲပေါ့၊ မလုပ်တဲ့နေ့က မဟုတ်တော့ဘူး.."

အားလုံး မျက်နှာတွေမဲ့သွားသည်။ ဒေါ်တရုတ်မက အများထဲမှာထက်ထက်မြက်မြက် အရှိဆုံးမို့ ဘယ်သူ ဘာပြောမလဲ ဝေ့ကြည့်ပြီး ဘာသံမှာ ထွက်မလာဘဲတိတ်ကျသွားသည်နှင့်.. ၊

"ကျွန်မကလည်း မစ္စရော်နိုနဲ့ပတသက်ပြီး သူနဲ့လုပ်ငန်းမကင်းတဲ့သူလို့ ပြောလို့ရပါတယ်..စင်ကာပူကနေ ဂျပန်အထိ တစ်နှစ်ကျော်ကျော်ဟိုမှာ အတူတူအလုပ်လုပ်ခဲ့ကြတာပဲ၊ ဒါပေမယ့် အခုဒါတွေနဲ့ ဘာမှချည်နှောင်လို့ မရဘူး..သူ့မှာ ရင်းနှီးမှု လူမှုဆက်ဆံရေးဆိုတာ ဘာမှမရှိသလိုပဲ၊ 'ဒီနေ့ကိစ္စ မနက်ဖြန်မှာ မပါတော့ဘူး' ဆိုတဲ့စကားက သူရဲ့လက်သုံးစကားပဲ.."

စကား ခဏရပ်ပြီး ဒေါ်တရုတ်မက အားလုံးကိုဝေ့ကြည့်သည်။ ပြီးမှ.. ၊

"ပြောချင်တာက ဒီလိုပါ..သူက ကျွန်မတို့လို စီးပွားရေးလုပ်ငန်းကြီးဖောက်ချ လုပ်နေတဲ့သူ မဟုတ်ဘူး..ဒါပေမယ့် လုပ်ငန်းတိုင်းက သူနဲ့မကင်းဘူးဖြစ်နေတယ်၊ အိတ်စ်ပို့ အင်ပိုအားလုံးကို သူကိုင်ထားနိုင်တာကိုက တကယ့်ပြဿနာ..ကိုယ်စကားလှယ်တွေကလည်း ဟိုမှာပဲ သူနပြီးနေကြတော့ ကျွန်မတို့က သူတစ်ယောက်တည်းနဲ့ ရပ်တည်နေကြရသလိုပဲ.. ရှင်းမရတဲ့ ပြဿအစစ်က အဲ့ဒါ.."

"ဒါဆို ဒေါ်တရုတ်မကလည်း ဒီပြဿနာကို မတက်နိုင်ဘူးလို့ ဆိုချင်တာလား.."

ဦးဇင်ယော်က ဝင်မေးတော့ ဒေါ်တရုတ်မက ဆတ်ခနဲခေါင်းညိတ်ကာ.. ၊

"ဘယ်လိုလုပ်မလဲလို့ အမျိုးမျိုးတွေးကြည့်တယ်လေ..ဘယ်ဘက်ကမှ ကိုင်တွယ်ဖို့မလွယ်ဘူး၊ ဦးဇော်နိုင်လိုလူမျိုးတောင်မှ မတတ်နိုင်ဘူးမဟုတ်လား..နေသဏ္ဍာန်အလင်းက လုပ်ငန်းအခြေမရှိဘူး၊ သူကကုမ္ပဏီ ကြော်ငြာပန်းလိုပန်းမျိုး..သူ့အတွက် အောက်ဒိုးအင်ဒိုးက အရေးပါတာမှမဟုတ်တာ၊ ဘယ်သူနဲ့ပဲမိတ်ပျက်ပျက် လူမှုရေး ရှိရှိမရှိရှိ ဘာမှဂရုမစိုက်ဘူး..ဘယ်ရှိမလဲ၊ အားလုံးရဲ့နှာခေါင်းပေါက်ဆိုတော့ လေရှိရင်ငွေရှိတယ်လေ..ကျွန်မတို့လို ဝါးမျိုစားသုံးမှ အသက်ရှင်ရမှာမဟုတ်ဘူး၊ ဒိလိုလူမျိုးကို ဘယ်လိုစည်းရုံးမလဲ..စဉ်းစားကြည့်ပါဦး.."

"ဟုတ်တော့ဟုတ်တယ်ဗျ..လူကယေ်ယေ်ရယ် ကြောက်လည်းမကြောက်တတ်ဘူး၊ စွန့်လည်း စွန့်ရဲတယ်..စကားပြောတော့ ဂရုမစိုက်တတ်တာတွေက ရိုင်းချင်သေးတယ်၊ ဒါကို ဘယ်သူမှလည်း စိတ်ဆိုးလို့မရပြန်ဘူး..နိုင်ငံခြားကိုယ်စားလှယ်အားလုံးက သူ့ကိုမှ မကျော်နိုင်တာ၊ အရင်းစစ်တော့ အမြစ်ကဆိုသလို ပြောရရင်တော့ အရှူးဘုံမြောက်လိုက်တာနဲ့ တူနေသလားပဲ..ဦးဇော်နိုင် ဒီလိုကောင်ကိုနေရာပေးလိုက်တာကိုက မှားခဲ့တာဖြစ်မယ်ဗျ.."

"ဟင်..ကျုပ်ကြောင့် ဟုတ်လား.."

ဦးဇော်နိုင် မျက်လုံးကြီးပြူးသွားတော့ ဦးဇင်ယော်က ရယ်လိုက်သည်။ အားနာပေမယ့် ပြောရမှာပဲဆို ပြီး မျက်ဝန်းများနှင့်ကြည့်ကာ.. ၊

"ဟုတ်တယ်လေ..ဒီကောင်လေးမှာ ပါရမီ ရှိတယ်လို့ ခင်ဗျားပဲတဖွဖွပြောခဲ့တာ မဟုတ်လား.."

"အေးလေ..ပါရမီဆိုတာက ကြီးပွားတိုးတက်အောင် ဖွဲ့ကြီးခဲ့ကြတဲ့ လူရည်ချွန်တို့ရဲ့ နဖူးရေဒူးရေနဲ့ ယှဉ်ပြီးပြောတာပဲ..ဒီလိုဖြစ်လာရင် ဒီလိုခေါင်းကြောမာမယ်လို့ ကျုပ်လည်း ဘယ်ထင်မလဲ၊ ပြီးတော့ သူခုလို ကြားကရပ်တည်နေလိုက်လို့ ကျုပ်တို့ဒုက္ခများနေကြတာ.. အလုပ်ဆို အလုပ်ပဲလုပ်တာမဟုတ်ဘူး၊ အိုးကို မ.ပါဆို မမဘဲနဲ့ အဖုံးဖွင့်ပြီး နှုတ်ခမ်းက

ကောက်ဆွဲတာမျိုး လက်ကိုင်ရိုက်ချရင် အိုးကွဲမယ်..ပြန်လုရင်လည်း အဖုံးမပါဘဲ ပြန်ရမှာ၊ အဲဒီတော့ ကျုပ်တို့လမ်းကြောင်းနဲ့ ရှင်းဖို့အကြောင်းတွေကို ခဏထားလိုက်ဗျာ..ကိုဝေ ပြောတဲ့ကိစ္စ အဆင်ပြေမပြေ ပြောပါဦး.."

ဦးဇော်နိုင်ပြောလိုက်ကာမှ အားလုံးထဲမှာ အငယ်ဆုံးဖြစ်သည့် ကိုလွမ်းဆီကို အာရုံတွေ ရောက်သွားကြ၏။

"ကျွန်တော် ကြိုးစားကြည့်ပါမယ်."

"မရဘူးလို့ ပြောမှာလား.."

ငေါ့တာလိုလို စိတ်ပျက်သံလိုလို ဦးဇင်ယော်က သက်ပြင်းချ၍ ဝင်မေးသည်။

"ဒီလိုပဲဖြစ်နေပြီ.."

ဟု လွမ်းဝေက မသက်သာစွာပြောလိုက်ပြီး.. ၊

"မင်းဆက်ဆိုတဲ့ကောင်လေးက မိုးကုတ်ကို ပြန်တော့မှာလေ..နေသဏ္ဍာန်အလင်း အတွင်းရေးကိစ္စ အတော်များများကို သိထားတာမှန်ပေမယ့် လုံးဝမေးလို့မရဘူး..နောက်မှ နေသဏ္ဍာန်အလင်း ဂျပန်ပြန်တော့မယ့်အကြောင်း အမှတ်တမဲ့ပြောလိုက်မိလို့ အဆင်ပြေသွားတာ.."

"ဘယ်လို..အဆင်ပြေသွားတယ် ဟုတ်လား.."

ဦးဇင်ယော်က အားတက်သရော ဝင်မေး၏။ ကိုလွမ်းဝေက ခေါင်းခါလိုက်ပြီး.. ၊

"ပြောတာက သပ်သပ်..မပြောတာက သပ်သပ်.."

"ဘာမပြောတာလဲ.."

"နေသဏ္ဍာန်အလင်း ချက်ချင်းကြီးပြန်ဖို့ထဖြစ်တဲ့အကြောင်းကို သိရပေမယ့် မပြန်ဖြစ်အောင် စွမ်းဆောင်နိုင်မယ့်အကြောင်းက မလွယ်ဘူး.."

"ဘာဖြစ်လို့လဲ.."

အားလုံး၏ သိချင်စိတ်ပြင်းပြနေကြသည့် မျက်နှာတွေကို အားနာစွာငေ့ကြည့်ပြီး ကိုလွမ်းဝေက မသိမသာ လည်ပင်းလေးပွတ်သည်။ သူ့လေသံသည် မပြောချင်သလိုလို နိမ့်ကျသွားကာ.. ၊

"သူပြောတာတွေ အများကြီးပဲ..ဒါပေမယ့် အဆုံးသတ်ကျတော့ နောက်ဆုံးခြေလှမ်းက အသူရာချောက် ကမ်းပါးစွန်းကို ခြေလှမ်းလိုကမိသလိုပဲ.."

"ဘာမို့လို့လဲပြောပါ..ကျုပ်တို့မှာ ခေါင်းတွေအများကြီးရှိပါတယ်၊ တစ်ခေါင်းခေါင်းမှာ အဖြေရှိမှာပေါ့.."

ကိုလွမ်းဝေက မျက်နှာခပ်ငုံ့ငုံ့နှင့်.. ၊

"မလွယ်ဘူးဗျ..တကယ့်ဒါရိုက်တာက ဒေါ်ဖြူဖြူဇင်တို့ ညီအစ်မဖြစ်နေတယ်.."

"ဟင်.."

"မဟုတ်သေးပါဘူး..ဒေါ်ဖြူဖြူက white color ပွဲရုံကြီးကညီအစ်မ မဟုတ်လား၊ ဒေါ်ဖြူဖြူဇင် ဒေါ်ဖြူဖြူလင်းဆိုတာ.."

"ဟုတ်တယ်..နာမည်သိပ်မကြီးတဲ့ လုပ်ငန်းကြီးတွေ ပွထနေအောင်တိုးချဲ့ပြီး အကြီးအ

အောင်မြင်နေကြတာ၊ အစက ဦးဇင်လင်းအောင်ဆိုတာ သူတို့ရဲ့မောင်..သူ့နာမည်နဲ့ လုပ်ငန်းတွေတောင် ထူထောင်လိုက်သေးတယ်.."

"သူနဲ့သက်ဆိုင်တာ ဘာလဲ.."

"သူနဲ့သက်ဆိုင်တာက လသဏ္ဍာန်အဆင်းလေ..လသဏ္ဍာန်အဆင်းဆိုတာ နေသဏ္ဍာန်အလင်းရဲ့ နှလုံးသည်းပွတ်၊ အသက်သွေးကြော..သူမရှိနေမှဖြစ်မယ့် နေသဏ္ဍာန်အလင်းရဲ့ချစ်သူ..."

"အင်း.."

"အဲဒီမိန်းကလေးက ဦးဇင်လင်းအောင်နဲ့ လက်ထပ်လိုက်လို့ အနက်ကယ်လ်ဇော်လွှတ်တဲ့ နိုင်ငံခြားကို နေသဏ္ဍာန်အလင်းက ကွဲအက်နေတဲ့ နှလုံးသားကြီးပိုက်ပြီး ထွက်သွားခဲ့တာ.."

"သြော်.."

"ဒါဆို ဒေါ်ဖြူဖြူဇင်တို့ယောက်မပေါ့.."

"မှန်တာပေါ့..ပြောချင်တဲ့လိုရင်းက အဲဒါပဲ၊ အခု နေသဏ္ဍာန်အလင်းဂျပန်ကို မပြန်ဖြစ်ဘူးဆိုပြီးမှ ချက်ချင်း ထပြန်ဖို့ဖြစ်တဲ့အကြောင်းက လသဏ္ဍာန်အဆင်းကြောင့်.."

"ကောင်လေးက ဦးဇင်လင်းအောင်မရှိတော့လို့ ဒုတိယအကြိမ်ပြန်ကြိုးစားတာကို ဒုတိယအကြိမ ငြင်းပစ်လိုက်လို့ ဒီလိုဖြစ်သွားတယ်ပေါ့.."

"ဟုတ်တယ်.."

နားထောင်ရင်း တချို့က နားရှုပ်သွားသလိုရှုံ့မဲ့ကုန်ကြ၏။ တချို့ကတော့ နားလည်သွားကြသည်။ ပြောရင်း ပြောရင်းနှင့် သူသိသမျှကို ကိုလွမ်းဝေက သေချာရှင်းပြလိုက်သည်။ ပြီးတော့.. ၊

"မင်းဆက်က သူ့သူငယ်ချင်းကို ဂျပန်သွားမယ်ဆိုတာ လုံးဝမသိဘူး..အဲဒါကြောင့် သူမိုးကုတ်တက်ဖို့ စီစဉ်နေတာလေ၊ ခုသိလိုက်တော့ နေသဏ္ဍာန်အလင်း ဂျပန်ပြန်မသွားအောင် သူလည်း ကြိုးစားမယ်တဲ့.. ကျွန်တော်လည်း တတ်နိုင်သမျှ ကြိုးစားခဲ့တာ ဒါအကုန်ပဲ၊ ဖြစ်နိုင်မဖြစ်နိုင်မှာ မဖြစ်နိုင်ဖို့ကတော့ ဟန်ဒရပ် ပါစန့်ပဲ.."

'ဒါဆိုလည်း ဘာလို့ကြိုးစားနေသေးလဲ'ဟု ပြောလိုက်သလို မျက်လုံးတွေက ကိုလွမ်းဝေဆီ ရောက်လာကြသည်။ အားလုံးရင်ဆိုင်နေကြရသည်က 'သရီးပွိုင့်'ကုမ္ပဏီကြီးကို ဖျက်သိမ်းပစ်မည်ဆိုလျှင် တစ်နှယ်ငင် တစဉ်ပါမည့် လက်ခွဲစီးပွားရေးလုပ်ငန်းတွေက အများကြီးရှိနေသည်။ အတုံးအရုံး နစ်နာကုန်ကြမည့်အရေး ဒုက္ခမှာ ကိုယ်တော်လေးက 'သူရစရာရှိတာကို ယူမှာပဲ'ဟု မညှာမတာ ကျေညာ၏။

ပြီးတော့ ဒီကဖြုတ်ချပြီး ဟိုမှာတည်ထောင်မှာမျိုးလည်း မဟုတ်.. ၊

"ကျွန်တော် အဲ့ဒါတွေကို ဝါသနာမပါဘူး.." တဲ့.. ၊

သီချင်းနားထောင်တာကို ဝါသနာပါသည်။ အဆိုတော်တွေကို ကြည့်လမရဟုပြောသော ဝွကျကျလူ စားမျိုးလား။ ပြီးတော့ ပြောသေးသည်.. ၊

"ကုမ္ပဏီကို စိတ်ဝင်စားတာ မဟုတ်ဘူး..ဒီထဲမှာ ကျွန်တော်ရမယ့် ငွေ့အမောင့်ကိုပဲ ဆွဲထုတ်မှာ၊ ခင်ဗျားတို့ကိစ္စတွေ ရှင်းပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေဆီမှာ လှမ်းရှင်းပေါဗျာ..သတ်မှတ်ရက်

ထက် တစ်ရက်မှကျွန်တော် ပိုမစောင့်ဘူး၊ နောက်ထပ် ဖုန်းမဆက်ပါနဲ့.."တဲ့.. ။
မျှော်လင့်ချက်က မင်းဆက်ဆိုသည့် လူငယ်တစ်ယောက်ပဲရှိတော့ရာ.. ။

အခန်း(၃၃)

"မင်းငါ့ကိုတော့ သူများတွေကိုပြောတဲ့ စကားလုံးတွေနဲ့ အလဲမထိုးပါနဲ့..ငါကလည်း မင်းနားမထောင်လောက်ဘူးဆိုတာသိရက်နဲ့ အမုန်းခံပြီးတော့ကို ပြောချင်တာ..အဲ့ဒါက မင်းဂျပန်ကို ပြန်မထွက်သွားဖို့ဘဲ.."

"နားမထောင်ဘူးထင်ရင်လည်း မပြောနဲ့ပေါ့ကွာ..ငါလည်း ဒီစကားကို မင်းပြောတာသာ မဟုတ်ဘူးဆိုရင် မေးနဲ့လက်သီး ပေးတွေ့ပစ်လိုက်မှာ..ပေါက်ကွနေတာ ရင်ထဲမှာ အဲ့လောက်ထိပဲ.."

သူငယ်ချင်းနှစ်ယောက်မှာလည်း စကားပြောရတာ အဆင်မပြေ။ လေယာဉ်ထွက်ချိန်မနီးသေးတာကိုပဲ ဒေါသဖြစ်နေသလိုလို။ အလင်းက နာရီကြည့်လိုက် လမ်းလျှောက်လိုက်သူသွားနေသမျှမှာ လိုက်ပါရင်း မင်းဆက်က ဖွဲမလျှော့ပေ။

"ဂျပန်ကိုက်တတ်တာ ကောင်းတဲ့နေရာတွေရှိပါတယ်..ဒါပေမယ့် သိပ်ကိုအဆင်ဆိုးတာတွေလည်း ရှိတယ်ကွ၊ အခု မင်းရဲ့လုပ်ရပ်ကြောင့် လူတွေအများကြီးနစ်နာရဖို့ရှိတယ်..မင်းရောဘာကောင်းဖို့ရှိသလဲ၊ သူများ တစ်ပြည်တစ်ရွာမှာ သေတာတောင် ငိုမယ့်သူမရှိဘူး.."

"ဟား ဟား ဟား.."

လှောင်ရယ်လိုက်မှန်းသိသာလှသည့် အလင်း၏ခြောက်ကပ်ကပ်အသံကြီးကြောင့် မင်းဆက်က မျက်မှောင်ကြုတ်ကြည့်၏။

"တကယ်ရယ်စရာကောင်းတာကွ..မြန်မာပြည်မှာကျတော့ ငါသေရင် မင်းငိုမှာပဲ၊ ဟုတ်တယ်နော်.. ဒါကို ငါမေ့နေတာ၊ ဟား ဟား .."

"ငါကမငိုပါဘူး..မင်းကြောင့် ဘ၀တစ်လျှောက်လုံးငိုလာရတဲ့ မမအဆင်းကပဲ မကုန်ခမ်းနိုင်တဲ့ မျက်ရည်တွေနဲ့ ငိုရဦးမှာ..ဒီမှာ အလင်း တရော်လိုချွဲနေတိုင်း ချစ်တတ်တာမဟုတ်သလို ရက်စက်တယ်ထင်ရပြီး သူတကာထက် ချစ်တတ်တဲ့လူတွေ အများကြီးရှိတယ်.."

"နေဦးမင်းဆက်..မင်းကို သရီးပွိုင့်ကအုပ်စုက ကိုယ်စားလှယ်လွှတ်လိုက်တာလား၊ မမနဲ့ငါ့ကြားမှာ စေတနာ အကျိုးဆောင်လုပ်ဖို့လာတာလား.."

"ဘယ်သူ့အတွက်မှမဟုတ်ဘူး..ငါမင်းအတွက်ပြောတာ၊ မင်း ဒီတစ်ခါပြန်ထွက်သွားရင် ပြန်ရောက်လာမှာ မဟုတ်တော့ဘူးဆိုတာ ငါသိလို့..သူများတွေ မင်းထွက်သွားမှာစိုးတာက မင်းနောက်ပါသွားမယ့် ငွေတုံး ငွေခဲကြောင့်၊ ငါကမင်းတို့ချစ်ခြင်းကို ကွဲမှာစိုးတာ..မင်းကို ဆုံးရှုံးမခံနိုင်တာ၊ ပြီးတော့ မင်းထွက်သွားခြင်းဟာ အမိမြန်မာပြည်က ကြယ်တစ်ပွင့်ကြွေသွားရသလို ဖြစ်မယ်..ကလေးငယ်တစ်ယောက်အတွက် ဘ၀တစ် လျှောက်လုံး ဖခင်မဲ့မယ်၊

နောက်ပြီး မပြည့်စုံတဲ့မိန်းမတစ်ယောက်ရဲ့ ဆင်းရဲခြင်းဟာ သူ့ဘဝတစ်လျှောက်လုံး ဖြစ်သွားတော့မယ်..မင်းစဉ်းစားစမ်းပါအလင်းရာ၊ မမအဆင်း မင်းကို ဘယ်လောက်ချစ်ခဲ့သလဲ.."

"ချစ်ခဲ့တာတွေကို ငါမလိုချင်ဘူး..ငါလိုချင်တာ အဲဒီအချစ်မဟုတ်ဘူး၊ ငါ့အတွက် ငါလိုချင်တာကို ဘယ်တော့မှ မပေးနိုင်ဘူးလို့ သူကိုယ်တိုင်ပြောခဲ့ပြီးပြီ.."

အလင်းမေးရိုးနှစ်ဖက်မှာ တင်းခနဲဖြစ်သွား၏။

"ငါ့ကိုခွင့်လွှတ်ပါ..မင်းကိုငါ့ရဲ့ မောင်လေးအဖြစ်ထက် ဘယ်တော့မှမပိုနိုင်တော့တဲ့အတွက် နောက်ထပ် မမျှော်လင့်ပါနဲ့၊ ဒီကလေးကလည်း မင်းရဲ့ကလေးမဟုတ်ဘူး..ဦးဇင်လင်းအောင်ကို ငါလက်မထပ်ချင်ဘဲ ယူခဲ့ရတာ ဒီကလေး ရှိခဲ့လို့ပါ၊ အဲဒါ သူ့ကလေးပါ..ယုံပြီးပြန်ပါတော့.."

"တောက်.."

ကိုယ့်အတွေးကြောင့်ပဲ တစ်ယောက်တည်းတက်ခေါက်သလိုဖြစ်သွားခဲ့၏။ သူမင်းဆက်ကို နာကျင်ကြေကွဲသည့်အကြည့်များနှင့် စူးစိုက်ငေးကာ.. ၊

"အဆိပ့်သင့်မြားနဲ့ပဲပစ်ပစ်..လက်ပစ်ဗုံးတွေ ပါးစပ်ထဲထည့်သွားသွား ငါကျရှုံးမသွားအောင် ကြိုးစားမိဦးမှာ၊ ခုတော့ ငါ့ကိုပန်းနဲ့ပေါက်ပြီး သေစေခဲ့တာ..သူငါရဲ့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်သက်သက်လေးအရှုံးပေးပြီး ရှုံရှုံရှာရှာငြင်းပယ်ခဲ့တာ၊ သူပြောတဲ့စကားတွေကို ငါဘယ်တော့မှ မေလို့ရမှာမဟုတ်ဘူး မင်းဆက်..ဒီစကား တွေကို မင်းကိုမပြောဘဲ တမင်ချန်ခဲ့လိုက်တာလည်း ငါသိမ်းထားချင်လို့ပဲ၊ ဘယ်တော့မှ မမေ့အောင် ဘယ်သူ့ကိုမှ မပြောတော့ဘူး..မြန်မာပြည်က အဖြစ်တွေအားလုံးကို ထာဝရထားခဲ့တော့မယ်.."

"ဒါဆို မင်းမှားမှာပဲ.."

မင်းဆက်က နည်းနည်းလေးမှ တွေဝေမကျန်ခဲ့ပေ။ ဘာကြောင့် ဒီလိုတွေလာပြောနေသည်ကို အံ့သြကာ အလင်းက ဘာမှမပြောတော့ဘဲ စိုက်ကြည့်နေ၏။

"သူက မချစ်ခဲ့ဘူးဆိုရင်တောင်မှ မင်းဓွတ်တရွတ်ရမ်းကားခဲ့လို့ ကိုယ်ဝန်လွယ်ရ..ဒီကလေးကိုမွေးရနဲ့ တစ်လောကလုံးကို ရင်ဆိုင်ခဲ့ရတဲ့ဒုက္ခတွေအတွက် မင်းဘက်ကဖြစ်သလိုကြံ့သလို တစ်လှည့်ပြန်ပြီး ပေးဆပ်သွားသင့်တယ်..""

"ဘာပြောတယ် မင်းဆက်..မင်း ဘာပြောလိုက်တာလဲ၊ ငါဒီလောက်ပြောပြနေတာတောင် ဒီကလေးကို ငါ့ရဲ့ကလေးပါလို့ မင်းပြောနေသေးတယ်ဟုတ်လား.."

"ပြောတယ်..ဟုတ်လို့ပြောတာ.."

အလင်းမျက်လုံးတွေ စူးစိုက်လာ၏။ မင်းဆက်သိရှိပြီးဖြစ်နေသော တစ်စုံတစ်ရာကိုလည်း စိတဝင်စားခြင်း ဖြစ်လာခဲ့သည်။

"မင်းက မြန်မာပြည်မှာပဲ နေတော့မယ်ဆိုတာကိုပဲ ငါ့ကိုပြောတယ်..ပြန်ဖို့ကျတော့ မပြောခဲ့ဘူး၊ ငါ့မှာ မိုးကုတ်ကိုပြန်ရမှာတောင် မင်းရဲ့အသည်းကွဲဝေဒနာကိုကြည့်ပြီး နောက်ဆံတင်းနေခဲ့တယ်..ဖြစ်နိုင်ရင် မင်း ရဲ့ အချစ်နဲ့သံယောဇဉ်တွေကို မမအဆင်းနားလည်လက်ခံအောင် ခြေသလုံးဖက်ပြီး တောင်းပန်ပေးချင်သေးတာ..ဒါပေမယ့် ခဏတော့ ပြန်လိုက်ဦးမယ်လို့ ဆုံးဖြတ်လိုက်တယ်..သရိုးပွဲငွင့်က ပြူးပြူးပျာပျာဖြစ်ပြီး မင်း နဲ့ အရင်းနှီးဆုံးဖြစ်တဲ့ ငါ့ဆီကို

ရောက်လာကာမှ မင်းချက်ချင်း ဂျပန်ပြန်တော့မယ်ဆိုတာကို သိတာ..”

မင်းဆက်က သရီးပွိုင့်ပါလာသဖြင့် အလင်းအထင်လွဲမှာလည်း စိုးကာ တံတွေးတစ်ချက်မျိုလိုက်ပြီး ဆက်တိုက် ပြောပြသွား၏။

“ဒီကိုရောက်လာတာ သူတို့နဲ့ပတ်သက်ပေမယ့် သူတို့အတွက် အကျိုးဆောင်ဖို့ လုံးဝမဟုတ်ဘူး..ငါ ငါ ဒေါ်ဖြူဖြူဇင်တို့ဆီကို ရောက်ခဲ့တယ်..”

“ဘာသွားလုပ်တာလဲ..”

“မင်းနဲ့ မမအဆင်း ညိုလို့မရတာ သူတို့ကြောင့်လို့ထင်လို့လေ..ပြီးတော့ သူတို့နဲ့ မင်းရဲ့မမ တစ်လျှောက်လုံး အဆင်မပြေခဲ့ကြတာ လူတိုင်းသိတယ်၊ အဲ့ဒါကြောင့် သူ့ခမျာ အရှက်တကွဲတွေဖြစ်ခဲ့တာပဲ..ဘာပဲဖြစ်ဖြစ်ကွာ ဦးဇင်လင်းအောင်ရယ် မင်းရယ် မမအဆင်းရယ် သုံးပွင့်ဆိုင်ဖြေရှင်းမရတဲ့ပဟေဠိမှာ အဖြေဆိုတဲ့ချည်ငင် တစ်စတော့ ရှိနေမှာပဲလို့ထင်ခဲ့လို့..”

မင်းဆက်က အသက်တစ်အောင့်လောက်ပဲနားပြီး ဆက်ပြော၏။

“သူတို့က အများကြီးမပြောဘူးကွ..ဒီကလေးက သူမောင်နဲ့ဘာမှမဆိုင်ဘူးတဲ့..”

အလင်းမျက်နှာ အရောင်တစ်မျိုး ဖျတ်ခနဲပြေးသွား၏။

“မင်းကနေသဏ္ဍာန်အလင်းဆိုတဲ့ ကျေးဇူးရှင်လေးနဲ့ပတ်သက်နေလို့ နည်းနည်းတော့ ပြောပြချင်တယ်.. လသဏ္ဍာန်အဆင်းဆိုတဲ့ မိန်းကလေးက မိုးကိုဒူးနဲ့ပဲတက်တိုက်ရတိုကရ ကြောက်မယ့်သူမဟုတ်ဘူး၊ သူ့လိုကျပ်မပြည့်တဲ့ ဘဝမျိုးနဲ့ သူက ငါ့တို့လိုအဆင့်အတန်း အသိုင်းအဝိုင်းကို အသုံးချဖို့ကြံစည်ခဲ့တယ်၊ ကိုဇင် ဆုံးသွားပြီးတဲ့အထိ တို့ကဘာမှမသိခဲ့သေးဘူး..ကိုယ်ဝန်ပြဿနာပေါ်လာတောတောင် ကိုယ့်မောင်ကိုယ်တိုင်က လက်ထပ်ထားခဲ့တယ် ဆိုတော့ လူမသိ သူမသိဖြေရှင်းပေးလိုက်ဖို့ စဉ်းစားသေးတာ..”

“သူကတော့ ဘယ်မှာဟုတ်လို့လဲ..ငါ့မောင်က ကလေးအဖေပြယုဂ်ပ၊ သူကိုယ်ဝန်လွယ်ထားတဲ့အချိန်လေးမှာ အရှက်ပြေဖို့အတွက်လေ..ကလေးရဲ့ မွေးစာရင်းမှာ အဖေကဘယ်သူထင်လို့လဲ..”

သူမတို့ပြောပြာသည့်အတိုင်း ဒီနားအရောက်မှာ မင်းဆက်ကရပ်ပစ်လိုက်တော့ အလင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ဘောင်းဘီအိတ်နှစ်ဖက်ထမှာထည့်ထားသည့် လက်တွေက သူ့အလိုလို အိတ်ထဲကနေ ခုန်ထွက်လာတာနှင့်တူသည်။

ပြီးတော့ လက်ဖဝါးနှစ်ဖက်ကို ကျစ်နေအောင် ဖိဆုပ်ပစ်လိုက်ပြီး.. ၊

“ဘယ်သူတဲ့လဲ..”

ဟု တုန်ယင်စွာမေးသည်။

“ငါလည်းမသိဘူး..”

မင်းဆက်က ပြန်ဖြေပြီး ဒေါ်ဖြူဖြူစင်ပြောသည့်အတိုင်းပဲ ဆက်ပြောပြ၏။

“သိချင်ရင် မင်းတို့စောင့်ကြည့်လိုက်ပါ..ငါတို့ကတော့ သူ့ကိုရော သူ့ကလေးကိုရော စိတ်မဝင်စားဘူး၊ ဘယ်ယောကျ်ားနဲ့ဖြစ်ဖြစ် သူတစ်ယောက်ယောက်နဲ့လက်ထပ်သွားရင် ပိုတောင်ကောင်းသေးတယ်..ငါ့မောင် နာမည်မပျက်တော့ဘူးပေါ့၊ ဟွန်း..သူ့ကို ငါတို့ရွံခဲ့တာ အဲ့ဒီအကျင့်ကြောင့်ပဲ၊ သိပလည်တဲ့မိန်းမ..ကလေး အဖေကျတော့ မမှားမယွင်း ဖြည့်စွက်ထား

တယ်၊ အမည်ခံတော့ သူဌေးကြီးရဲ့သမီးပေါ့..ကမ်းကုန်အောင်ကို ယုတ်မာတာ..”

သေချာပြောပြပြီး မင်းဆက်က သက်ပြင်းချသည်။

“သူတို့က အဲဒီမွေးစာရင်းကိုတွေ့ပြီးမှ မမအဆင်းကို လုံးဝအဆက်အသွယ်ဖြတ်လိုက ကြတာပဲ..အစကတည်းကလည်း ဦးဇင်လင်းအောင်မရှိတည်းက မမအဆင်းက မင်းတို့အိမ် လေးမှာ ပြန်နေခဲ့တာဆိုပဲ၊ သူတို့ကသာ တာဝန်မကင်းဘူးထင်ပြီး သွားတွေ့ သွားခေါ်နဲ့စောင့် ရှောက်ခကြတာတဲ့..သူတို့ဘက်က ကြည့်တော့လည်း မလွန်ပါဘူးကွာ၊ ဒီထိတော့ ဘယ်သူ သည်းခံနိုင်မှာလဲ..မမအဆင်းက တကယ်တော့သိပ်ကိုရဲရင့်တဲ့ မိန်းမပါ၊ ကလေးရဲ့အဖေဟာ မင်းပဲမို့လို့ မင်းကိုပဲအကွချရာတင်ခဲ့တာ..”

“အဲ့ဒါ မင်းသေချာတယ်ထင်လား..”

“ဟာ ပြဿနာပဲ အလင်းရာ..မင်းတို့ငြိခဲ့ကြတာ မင်းနဲ့သူပဲသိပေမယ့် ဒီကိုယ်ဝန်ကနေ ကလေးလေး ဖြစ်တဲ့အထိ ဒေါ်ဖြူဖြူဇင်တို့နဲ့မမပဲ အသိဆုံးပေါ့..မင်းက မြန်မာပြည်မှာ ရှိလို့လား၊ မင်းက လူငယ်ပီပီလို ချင်ရင် ယူမယ်..မရရင် လှည့်ပြန်မယ် ဒါပဲ၊ အကြီးလည်းဖြစ် မိန်းမသားလည်း ဖြစ်တဲ့ မမအဆင်းကျတော့ ဘယ်လောက်နစ်နာသလဲ..ငါပြောတာကို မင်းနည်းနည်းခေါင်းထဲထည့်ကြည့်စမ်းပါ၊ မမဆီက တုံ့ပြန်မှုတစ်ခုခုကို မျှော်လင့်နေမယ့်အ စား သူဘယ်လိုပဲငြင်းငြင်း နာကျင်အောင် ဘယ်လောက်ပဲပြောပြော..မင်းသည်းခံ ပါ၊ သူ့ဘေး မှာပဲနေပြီး အရိပ်မိုးပေးပါ..မင်းလုပ်သင့်တာဒါပဲ၊ သူ့အချစ် သူရဲ့နူးညံ့တုံ့ပြန်မှုကိုမရလို့ ထား ခဲ့လိုက်မယ်ဆိုရင် မင်းကတစ်ကိုယ်ကောင်းသမားဖြစ်သွားဖို့ ကျိန်းသေတယ်..ကိုယ်လိုချင်တဲ့ သာယာမှုကိုပဲ မင်းကြည့်တာ..”

အလင်း မျက်လွှာချရင်း တိတ်ဆိတ်နေခဲ့၏။

“ကလေးက မင်းရုပ်အတိုင်းလေ ဖြစ်နေတာတောင် မင်းနည်းနည်းမှသံသယဇဥ် မပိုခဲ့ ဘူးလား..”

ဟု ထပ်မေးတော့ သူဖျတ်ခနဲတွေးမိ၏။ ပန်းကလေးကို ချီပွေ့လိုက်ရသည့်အချိန်မှာ ခံစားမိသော ခံစားမှုဟာ သွေးကြောင့်လား။ သူအိမ်မက်မက်နေသည်လား။ ဒါတွေဟာ တကယ် ပဲလား။ အမှန်တရားပဲဆိုတာကို သိနေလျက်နှင့် ဝမ်းသာလွန်းလို့မယုံနိုင်။

ထိုစဥ် လေယာဥ်ထွက်တော့မည်ဖြစ်ကြောင်း ကြားလိုက်ရလေသည်။ ခရီးသည်တွေ ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်ကြလျှင်.. ။

“အလင်း..”

ဘယ်လိုလဲဟု ထပ်မမေးရဲဘဲ မင်းဆက်စိတ်လှုပ်ရှားသည့်မျက်နှာကြီးနှင့် ခေါ်သည်။ အလင်းမျက်နှာက အပေါ်ထပ်တက်သော လှေကားဆီသို့ ရောက်သွား၏။

ထိုအခါ.. ။

အခန်း(၃၄)

"ဟဲ့..အို တော်ပါတော့.."

"ဖယ်..ဖယ်ပေးပါ စုစုရယ်၊ အန်တီမြတ် ဖယ်ပါ..မရနိုင်တာကို ဇွတ်တရွတ်ဖြစ်နေတာ ကျွန်မအရမ်း စိတ်ဆိုးတယ်.."

"မဟုတ်သေးပါဘူး အဆင်းရယ်..ကလေးဆိုတာ စွဲမိစွဲရာ စွဲကြတာပဲ၊ ဖအေကို မြင်လိုက်ကာမှတော့ မိဘမေတ္တာကို တမ်းတနေတဲ့အရွယ်လေးပဲဟာ ဒီလိုဖြစ်တာ ကလေး မလွန်ဘူး.."

"မဟုတ်ဘူး..ဟုတ်မှ မဟုတ်တာ.."

"ဩော်..ခက်ရချည်ရဲ့ကွယ်.."

ဒေါ်မြတ်စုတို့ကတော့ အဆင်းမဟုတ်ပါဘူးလို့ ဘယ်လိုပပြောပြော စိတ်နာစရာရှိလို့ ပြောသည်လို့ပဲ တစ်ထစ်ချ တွက်ထားပြီးဖြစ်၏။ ထို့ကြောင့် ကလေးကိုပဲ ချော့မော့ခေါ်ပြီး ပွေ့ပိုက်ချော့သည်။

"အင်.ဟင့်..ဟီး.ဟီး.."

ပန်းကလေးက ချွေးတွေရော မျက်ရည်တွေရော ရွှဲနစ်လျက်ဒေါ်မြတ်စုထံမှာနေပြီး တုတ်ကိုင်ထားသည့် မအေကိုပဲ လှမ်းကြည့်နေသည်။ အဆင်းမျက်ရည်ဝေ့ချင်တာကို ထိန်းချုပ်တားဆီးရင်း သမီးလေး ကြောက်လန့်သွားလောက်အောင် မျက်နှာကို အတင်းမာဆုံး ပြင်ဆင်ထားခဲ့သည်။ ပြီးတော့ တစ်ယောက်သောသူ၏ ပြောစကားများက နားထဲမှာအစီအရီ..၊

"အဲဒီလောက် ကျွန်တော်မရူးဘူး.."

"ပန်းကလေးက ကျွန်တော့်သမီးမဟုတ်လား..မမဝန်ခံစမ်းပါ.."

"ပြီးတာပါပဲ..မမ အတ္တကြီးကြီးနဲ့ တမင်တကာဖုံးကွယ်လိုက်တာဆိုရင်လည်း ရှိပါစေတော့၊ အသည်း ကွဲလို့တော့ မသေနိုင်ဘူးထင်ပါတယ်..ဒါပေမယ့် မမကျွန်တော့်ကို နောက်ထပ်မမြင်မတွေ့စေရဘူး၊ ဒီတစ်ခါ မမသုံးသွားတဲ့ လက်နက်က အဆိပ်ပြင်းပါတယ်.. မမသိပ်တော်တယ်ဗျာ.."

မျက်ရည်တွေကို စိုက်ကြည့်ပြီး တံခါးဝအထိနောက်ပြန် တစ်လှမ်းချင်းဆုတ်သွားခဲ့၏။ နောက်ထပ် ရောက်လာတော့ သူမဟုတ်ဘဲ သူ့သူငယ်ချင်း မင်းဆက်ဖြစ်နေသည်။

"အလင်း အရက်တွေတအားသောက်နေတယ်မမ..သူ မြန်မာပြည်မှာ ပြန်နေဖို့ဖြစ်လာတာ မမရဲ့သံယောဇဉ်ကြောင့်ပါ၊ မမနည်းနည်းတော့ ငဲ့ညှာပေးပါဗျာ..ဒီတိုင်းဆို သူထွက်သွားမှာ သေချာတယ်.."

"သွားပါစေ..သူ ကလေးမှမဟုတ်ဘဲ.."

အဆင်း ဒီတိုင်းပြော၍ ခွင့်ပြုပေးလိုက်သည်။ နောက်မကြာခင် သတင်းတစ်ခုထပ် ရောက်လာ၏။

"မမ သူဂျပန်ကို ထွက်တော့မယ်တဲ့..မနက်ဖြန်ပဲ၊ ကျွန်တော်ခုမှ သိရတာ.."တဲ့.. ၊

မင်းဆက်ပဲ ဖုန်းဆက်သည်။ သွားတော့လည်း သွားပါစေပေါ့။ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်လာ၏။ အလျင်အမြန်ခေါင်းငုံ့ပစ်လိုက်တာတောင် ခြေဦးထိပ်မှာ ပိုးပိုးပေါက်ပေါက် ပြေးဆင်းကုန်ကြ၏။

"မေမေ.."

မအေငိုတာမြင်တော့ ပန်းကလေးက ဒေါ်မြတ်စု ချီထားသည့် ကိုယ်ပေါ်ကနေ အတင်းဆင်းသည်။ ဒေါ်မြတ်စု မနိုင်တော့။ စုစုလှိုင်ကပါ ပန်းကလေးကို ဝင်ဖက်ထားကာ.. ။

"မေမေရိုက်လိမ့်ဦးမယ်..အန်တီစုစုနဲ့ ဟိုဘက်မှာ ပန်းတွေသွားရှုးရအောင်၊ အပျိုကြီး ဒေါ်သူဇာတို့ ခုလောက်ဆို ပန်းခြံဖွင့်ပြီသိလား.."

"ဟင့်အင်း.."

ပန်းကလေးက မရပါ။ ရှိကင်ငိုလက်စနှင့် မအေဆီကိုပဲ သွားဖို့ရုန်းနေသည်။ ထိုစဉ် ခြံကလေးရှေ့မှာ အနီရောင်ရဲနေသည့် ကားလေးတစ်စီး ငြိမ့်ခနဲရပ်သွားသည်။ အားလုံး လှမ်းကြည့်မိစဉ် အလင်းကားပေါ်က ဆင်းလာ၏။

"ဖေဖေ..ဖေဖေ လာပြီ.."

ပန်းကလေး အားရပါးရခေါ်သည်။ ဒေါ်မြတ်စုလည်း ကမန်းကတန်းချပေးလိုက်၏။ ပန်းကလေးသည် ပြေးသွားမလိုပြင်ပြီးမှ အဆင်းကိုဖျတ်ခနဲပြန်ကြည့်သည်။ သို့သော် ဆွဲအားက တစ်ဖက်မှာပဲ ပိုပိုသာသာဖြစ်နေခဲ့ရာ.. ။

"ဖေဖေ.."

"သမီး.."

လှိုက်လှဲတုန်ယင်နေသည့် ခေါ်သံကမကျယ်ပေမယ့် ကိုယ့်ရင်ထဲမှာ တုန်ခါသွားသလို ပင်။ အဝါနုရောင် ဂါဝန်လေးနှင့်ပြေးဝင်လာသည့် သမီးလေးကို ဆီးပွေ့ကာတင်းကျပ်စွာ ဖက်ထားလိုက်မိသည်။

"သမီးရယ်.."

"ဖေဖေ..ဖေဖေ မေမေ့ကိုချော့ပေးပါ၊ မေမေငိုနေတယ်သိလား..မီးမီးကြောင့်ငိုတာ.."

"ဟုတ်လား..ဖေဖေသွားချော့ပါမယ်၊ မီးမီးကရော ဘာဖြစ်လို့ငိုနေတာလဲ..ချွေးတွေ ရွှဲနေတာပဲ.."

"ဖေဖေဆီ လာချင်လို့ငိုတာ.."

ဟု ပြောပြီး သူ့လည်ပင်းသိမ်းကျုံးဖက်သည်။ ပြီးတော့ ပြန်လွှတ်ပြီးမျက်နှာလေး နောက်ပြန်ဆုတ်၍ စေ့စေ့စပ်စပ်ကြည့်၏။

"ဖေဖေ့ကို မီးမီးချစ်တယ်.."

ဟု အားရပါးရပြောကာ ပါးကိုဘယ်ပြန်ညာပြန် နမ်းလိုက်သည်။

"ဖေဖေ ပြန်မသွားနဲ့နော်..မီးမီးတို့နဲ့နေနော်၊ မေမေ စိတ်ဆိုးနေလည်း မပြန်ရဘူး.."

"မပြန်ပါဘူးသမီးရယ်..မီးမီးရဲ့မေမေ လက်ခံချင်ချင် မခံချင်ချင် ဖေဖေနေမယ်၊ နောက် ထပ် ဘယ်မှ မသွားတော့ဘူး..'

သားအဖပြောနေတာကို အားလးကြားသည်။ အဆင်းချာခနဲလှည့်၍ အခန်းထဲဝင်သွား၏။ တံခါးပိတ် ပစ်လိုက်သံကြောင့် ဒေါ်မြတ်စုတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ စုစုလှိုင်က အခြေအနေကိုတွက်ကာ ပန်းကလေးကို ပြေးချော့သည်။

"ဖေဖေနဲ့မေမေ စကားပြောပါစေမီးမီး..လာ မီးမီးက အန်တီစုစုဆီ ခဏလာနော်၊ ဒါမှ မးမီးဖေဖေမပြန်တော့မှာ.."

စကားသံတွေ ကြားနေရကာ အဆင်းတံခါးကိုသေချာဂျက်ချပိတ်လိုက်၏။ မျက်ရည်တွေကိုခြောက်သွေ့သွားအောင် သုတ်ပစ်လိုက်ပြီး ကရင်မ်ပတ်စ်ရိုက်လိုက်သည်။ ခေါင်းမဖြီးတော့ဘဲ လက်ကိုင်ပဝါနှင့် နောက်မှာဖြစ်သလို စုစည်းလိုက်ကာ လက်ကိုင်အိတ်လေးကို ကောက်ယူ၏။

အလင်းနဲ့သူမ ရင်မဆိုင်ချင်တော့ပါ။ နောက်ထပ် ခနဲ့တာရွဲ့တာတွေနဲ့ စော်ကားတာလည်း မခံနိုင်တော့ပေ။ ဒီလိုပဲ ဖြစ်သင့်လို့ ဒီလိုဆုံးဖြတ်ခဲ့ပြီးပြီပဲ။ အဆင်း နောက်ဖေးတခါးကနေ ထွက်ဖို့တံခါးဖွင့်လိုက်လျှင်.. ၊

"ဟင်..မင်း.."

"ဒါ ကျွန်တော်နေခဲ့တဲ့အိမ်ပဲ..မမ ဘယ်ကနေထွက်တော့မယ်ဆိုတာ ကျွန်တော်သိတယ်.."

အဆင်း လှုပ်ရှားမှုကင်းသည့် မျက်ဝန်းလေးတွေနှင့် စိုက်ခနဲကြည့်၍ မျက်လွှာချပစ်၏။

"ဖယ်ပေးပါ.."

"မပေးနိုင်ဘူး.."

အလင်းက အထဲကိုဝင်ပစ်လိုက်ပြီး တံခါးကိုနောက်ပြန်ပိတ်သည်။

"ကျွန်တော် မြန်မာပြည်ကနေ ဘယ်ကိုမှမသွားတော့ဘူး..ကျွန်တော့်သမီးနဲ့ဇနီးရဲ့ဘေးမှာပဲ နေမယ်၊ မမရဲ့ ဥပေက္ခာတွေကို ခါးစည်းခံပါ့မယ်..ကလေးရဲ့အဖေအဖြစ် မွေးစာရင်းထဲမှာ ရှိနေခွင့်ကနေ မမနဲ့အတူ အုံးစက်ရာအတူ နှဲခွင့်ရတဲ့အထိ.."

အဆင်း ဖျတ်ခနဲမော့လာ၏။ ဟန်ဆောင်မရတော့သော မျက်ဝန်းလေးများက ဒီအကြောင်းတွေ အလင်း ဘယ်လိုသိလာတာလဲဟု မေးနေသလိုပင်။ 'ပက်လက်လှန်ပြီး တံတွေးမထွေးဘူး'ဟု ပြောခဲ့သော ဒေါ်ဖြူဖြူ စင်တို့ဘက်က တကယ်ပဲစကားတည်ခဲ့ကြတာ သူမသိသည်။

ဒါဆို အလင်းကိုဘယ်သူပြောလိုက်တာလဲ။ အဆင်း၏ မေးချင်သိချင်နေသော နှုတ်ခမ်းလေးတွေနဲ့ မျက်ဝန်းတို့ကို ကြည့်ကာ အလင်းကအံကြိတ်၏။

"မမ ဝန်မခံခင်တည်းက ကျွန်တော်သိတယ်..ဒါပေမယ့် ယုံလောက်အောင် မမညာတတ်တယ်၊ ရှက်ရွံ့ သိမ်ငယ်သွားလောက်အောင်လည်း မမပြောတတ်တယ်..တကယ်တော့ သိပ်ကိုသနားစရာကောင်းတဲ့ သမီးလေးရဲ့ဘဝနဲ့ ကျွန်တော့်ရဲ့အချစ်ကို မမသစ်စိမ်းချိုးချိုးတာ၊ လုပ်ရက်တာ.."

"မင်း.."

အဆင်း ထိန်းချုပ်နေခဲ့သမျှ တစ်ကိုယ်လုံးဆတ်ဆတ်တုန်မှုဖြစ်ကာ လက်ကိုင်အိတ်လေးလည်း လွတ် ကျသွား၏။ ထိုမျက်ရည်မြစ်ထဲမှာ သူမဟန်ဆောင်ဖုံးကွယ်ထားခဲ့သမျှတို့သည် အမှိုက်သရိုက်တို့ မျောကြသလို အားလုံးပျက်စီး မျောပါကုန်ကြပြီဖြစ်လေသည်။

သမီးလေး သူ့အဖေကိုတမ်းတငိုယိုနေတာကို တုတ်နဲ့ခြောက်လှန့်ရိုက်နှက်နေစဉ်က တည်းက တုတ်ချက် တစ်ချက်ကျသွားတိုင်း ကိုယ့်နှလုံးသားမှာလည်း အရာထင်ခဲ့ပါ၏။

"အဆင်း..နင်တကယ်ပဲ အတ္တကြီးနေသလား.."

"ကလေးကို နင့်အတ္တတွေနဲ့ တစ်ကိုယ်ကောင်းဆန်ဆန် ပိတ်လှောင်ထားတော့မှာလား.. ဒီလိုမေးတိုင်း နင်ရိုက်နှက်နေရမှာကို သိရက်နဲ့.."

မေးခွန်းပေါင်းများစွာ နှိပ်စက်ကာ သမီးလေးနှင့်ပတ်သက်ကာမှ ကိုယ့်အတ္တက ဒုတိယ ဖြစ်ခဲ့မှန်းသိသည်။ 'ငါမှားပြီလား'ဟု နောင်တကို ကယောင်ကတမ်း ဆုပ်ကိုင်မိချိန်ဟာ အားလုံးနောက်ကျခဲ့ပြီဆိုတာ သိနေခဲ့၏။ ခုလို ကိုယ့်ရှေ့မှာ ပြန်ရောက်နေပြီဆိုတော့လည်း အတ္တအဆိပ်က မပြယ်သေးဘဲရှိနေသည်။ ရက်မိတာလား။ နောက်ထပ် ပြေးခွာချင်သေးလို့လား.. ၊

"မမ.."

အလင်းက သူမလက်ကိုလှမ်းဆွဲသည်။ ထိတ်ခနဲဖြစ်သွားပြီး ရှောင်လိုက်တော့မလို ဖြစ်သွား၏။ အလင်းက ရှေ့ဆက်မတိုးပါ.. ၊

"မမဆီက သံယောဇဉ်နဲ့ ငဲ့ညှာခြင်းကို ပြန်ရဖို့ဒီလောက်ထိ ခက်ခဲမယ်လို့ ကျွန်တော်မထင်ခဲ့ဘူး..ဒါပေမယ့် ရပါတယ်၊ သမီးလေးနားမှာ ကျွန်တော်နေပါရစေ..ဖေဖေ ထောင်ထဲမှာပဲ ဆုံးသွားခဲ့တဲ့အဖြစ်ကို ကျွန်တော့်ကြောင့်လို့ ပုံချပြီး အမုန်းတွေတိုးသွားတာလား..ဒါမှမဟုတ် ကျွန်တော် ရမ်းကားခဲ့လို့ ခွင့်မလွှတ်နိုင်တာလား.."

မေးပြီး ခဏစောင့်သည်။ ပြီးမှ ဆက်၍.. ၊

"ဘာဖြစ်ဖြစ်ရှိပါစေ..မမကို ကျွန်တော်ချစ်တယ်၊ မမကို ချစ်ခွင့်မရသေးရင်လည်း သမီးလေးကို ချစ်နေပါရစေ.."

အဆင်းမျက်ဝန်းလေးတွေ သူ့မျက်နှာဆီရောက်လာခဲ့၏။ ဖြူဝင်းသည့်မျက်နှာသွယ်သွယ်သည် ဆံပင် ပုံပြောင်းသွားလို့လား။ တကယ်ပဲ လူကြီးပီသလာတာလား။ မခွဲခြားတတ်ပေမယ့် မေးရိုးကားလာသလိုလို ပို၍တည်ကြည်နေသလိုလို အလင်းမျက်နှာမှာ ရင့်ကျက်မှုတွေ ရှိနေပါပြီ.. ၊

ထို့ပြင်နက်စွေးသော ရှားစေးရောင်ဘောင်းဘီရှည်နှင့် မိတ်ကပ်ရောင်ရှပ်လက်တိုက လူကို ရှင်းသန့်နေစေ၏။ ဟိုတုန်းက နေသဏ္ဌာန်အလင်းဆိုတဲ့ကောင်လေး၏ အသွင် သဏ္ဌာန်တို့ ပျောက်ကွယ်နေခဲ့ပြီဖြစ်၏။ သည်ယောကျ်ားဟာ သူမကိုမှ မဖောက်မပြား စွဲစွဲလမ်းလမ်းချစ်နေပါသည်ဆိုတာ တကယ်ပဲလား..၊

မျက်လုံးချင်းငြိတွယ်နေခဲ့သော စက္ကန့်များစွာအတွင်းမှာ အလင်းက ရှေ့ကိုတိုးလျှောက် လာ၏။ အဆင်း ၏ လက်ဖဝါးလေးတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ မျက်ရည်စိုနေသည့် ပါးပြင်လေးကို လက်ခုံနှင့် သာသာလေးပွတ်တိုက်ဖျက်သည်။

အဆင်း မျက်နှာလွှဲပစ်လိုက်သည်နှင့် အလင်းမချင့်မရဲဖြစ်ကာ တစ်ကိုယ်လုံးကို ပွေ့ပိုက်ပစ်လိုက်သည်။ တင်းတင်းကျပ်ကျပ်ဖက်ထားမိခြင်းနောက်မှာ အရှုံးပေးဖို့တွေ၊ အညှဲခံဖို့တွေကို မေ့လျော့သွားခဲ့သည်ထင်၏။

"သိပ်ချစ်တာပဲ မမရယ်.."

အမြဲတမ်း ဖွတ်တရွတ်သိမ်းပိုက်ရမ်းကားခဲ့သည်သာဖြစ်သော သူ့ရဲ့အနမ်းများမှာ အဆင်း၏ ကိုယ်လေး နူးညံ့စွာမှီနွဲ့နေတာကို သတိထားလိုက်မိ၏။ ရင်ထဲမှာ အတိုင်းမဆ မရှိပျော်သွားသည်။ ကြည်နူးခြင်းကြောင့် ကိုယ်သည် လေဟုန်စီးနေရသလို အလုပ်လုပ်လိုက်ခါ၍ တသိမ့်သိမ့်နွေးနေခဲ့၏။ သူသည် အဆင်း၏ပါးပြင်ထက်မှာ ပါးခြင်းဖိကပ်ထားမိရင်း.. ၊

"သမီးလေးနဲ့မမအတွက် ကျွန်တော် ဒီထက်ပိုကြိုးစားမယ်..ဒီထက် ပိုချစ်မယ်၊ မမကြည်ဖြူမယ် မဟုတ်လားဟင်.."

အဆင်း မဖြေပါ.. ၊

"မမ.."

သူ အဆင်းမေးဖျားလေးကို မော့ယူလိုက်၏။

"နည်းနည်းတော့ဖြေပါမမရယ်..သမီးလေးက ကျွန်တော့သမီးလေးပါလို့ မမပါးစပ်က ပြောစမ်းပါ၊ အဲဒီစကားတစ်ခွန်းကို ကျွန်တော်အရမ်းကြားချင်တယ်..ကျွန်တော့်ရဲ့ရင်သွေးကို မမမွေးဖွားပေးထားခဲ့တယ်ဆိုတဲ့ ပီတိကို ခံစားချင်လို့ပါ..ပြီးတော့ မမဖွင့်မပြောလည်း ဒီအဖြစ်ထဲကနေ မမရဲ့မေတ္တာကို ဆွဲထုတ်ကြည့်ခွင့် ရချင်တယ်.."

အဆင်း နောက်ထပ်မျက်ရည်တွေ ပြည့်အိုင်လာပေမယ့် နှုတ်ခမ်းလေးတွေမှာ ပြုံးရိပ်သမ်းလာခဲ့၏။ ပြီးတော့ အလင်း၏ရင်ခွင်ထဲမှာ ပါးကလေးတစ်ဖက် ဖေးတင်သည်။ ခါးကို ဖွဖွလေး ပြန်ဖက်ထားလိုက်ရင်း..၊

"ပန်းကလေးက မင်းရဲ့ရင်သွေးလေးပါ..တို့မြတ်မြတ်နိုးနိုး တယုတယမွေးမြူလာခဲ့ရတဲ့ မင်းရဲ့သမီးလေးလေ၊ ချစ်ခြင်းမေတ္တာဆိုတာ တိုင်းတာသတ်မှတ်ချက်ရှိတာမျိုးမှ မဟုတ်တာ အလင်းရယ်.. သမီးလေး ရယ် မင်းနဲ့တို့ရယ် ဒီသုံးယောက်ရဲ့မေတ္တာကွန်ချာ သေသပ်ခိုင်မာခဲလို့ အနှောက်အယှက် အဟန့်အတားတွေထဲကနေ ဒီနေရာမှာလာပြီး စုစည်းမိကြတာပေါ့.."

အဆင်း မျက်နှာလေးမော့လာတော့ မျက်ရည်တို့က ပါးပြင်တစ်ဖက်မှာ ဖြတ်ဆင်းသွားကြ၏။

"သမီးလေးရဲ့အဖေက မင်းပါပဲ..ဟိုတုန်းကရော ခုရော အမြဲတမ်းမင်းပဲ."

"ဝမ်းသာလိုက်တာမမရယ်.. အစတည်းက အဲ့ဒီလိုဝန်ခံခဲ့ရင် မမနောက်ထပ်မျက်ရည်ကျရမှာ မဟုတ်ဘူး၊ ကျွန်တော်လေ မမကိုနောက်ထပ် ဘယ်တော့မှမျက်ရည်ကျအောင် မလုပ်ဘူး.. စိတ်မဆင်းရဲစေရဘူး၊ သမီးလေးနဲ့မမကို အားလုံးရဲ့ထိပ်ဆုံးမှာ အမြဲတမ်းနေနိုင်အောင်ကြိုးစားမယ်.."

ကတိတွေပေးပြီး ရင်ခွင်ထဲမှာ တင်းခနဲဖက်သည်။ ပြီးတော့ ပါးချင်းတိုက်ကာ မျက်နှာလေးကို သူ့ ဘက်ပါသွားအောင် ဆွဲယူ၍.. ၊

"ဟင့်အင်း..သွား.."

အဆင်းက ရှောင်ပစ်လိုက်ပြီး သူ့ရင်ဘက်ကို ထုသည်။ အလင်းက လက်သီးဆုပ်လေးတွေကို ဆုပ် ကိုင်ဖမ်းပစ်လိုက်၏။

"နေဦး သမီးလေး..သမီးလေး သွားခေါ်ရအောင်လွှတ်ကွာ.."

"မမ ကျွန်တော့်ကို မသနားဘူးလား.."

"ဘာလဲ.."

"ရက်စက်ခဲ့တာတွေ.."

"မင်းက ပိုရက်စက်တာ..အစမဖော်နဲ့နော်၊ ရန်ဖြစ်ဖို့တွေ ရှိလာလိမ့်မယ်.."

"ကောင်းတယ်..ရန်ဖြစ်တော့ ခဏခဏချော့ရတာပေါ့၊ အဲဒါမှ အတင်းဆွဲချုပ်ပြီး ဒီကောင်ရမ်းကားလို့ရမှာ..မဟုတ်ရင် လက်နက်ချစည်းရုံးတတ်လွန်းလို့ ငုတ်တုတ်မေ့နေရဖို့များတယ်.."

"အလင်းနော်.."

"မမကကွာ..ခုထိ မကြည်မဖြူမျက်နှာကြီးလုပ်နေတုန်း.."

"ကြည်ဖြူရင် ဘယ်လိုနေကြလဲမသိဘူး..ရင်ထဲမှာတော့ ခုမှဖြစ်လာတာတွေ စုံနေတာပဲ.."

"ဘာတွေလဲ..ကျွန်တော့်ကို ချစ်တာလေးနည်းနည်းတောင် မပါဘူးလား.."

အဆင်းက ပြုံးတာတည်တာမရှိဘဲ အလင်းကိုသေချာစိုက်ကြည့်သည်။ အလင်းက ဖယ်ချဖိပြင်နေသည့် သူမ လက်တွေကိုပါ သိမ်းဖက်ထားလိုက်ကာ.. ၊

"မပါဘူးလို့ပြောလည်း ဒီတစ်ခါလှည့်ပြန်သွားမှာ မဟုတ်ဘူး.ချစ်ချစ် မချစ်ချစ် ကျွန်တော်ကခင်ဗျား ယောကျ်ားပဲ.."

"လူကို ခင်ဗျားလေး ဘာလေးနဲ့.."

"အချစ်လေးလို့ ခေါ်စေချင်ရင် ချစ်တယ်လို့ပြောလိုက်လေ..ပြောကြည့်.."

"မပြောပါဘူး.."

"ဖြစ်ပါတယ်.."

"အလင်းနော်..ဘာလုပ်တာလဲ.."

အဆင်းမျက်နှာလေးကို ရှောင်ထွက်မရအောင် ဖမ်းကိုင်ထားလိုက်ပြီး အလင်းက ရယ်နေလျက်.. ၊

"ခင်ဗျားမောင် အစတည်းကဆိုးတာ သိတယ်မလား..အခု အရင်ကထက် ပိုဆိုးနေပြီ.."

"သွားပါ.."

အဆင်းက မရုန်းတော့ဘဲရယ်လိုက်လျှင် မြတ်နိုးသောအနမ်းတို့ နွေးသိမ့်စွာကြဲဖြန့်လာခဲ့လျက်.. ၊

'ဆိုးတယ်ဆိုတာ ဆိုးရဲမှ..'